www.free4readers.com

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daydaily.com

TRI
LIVES BRILLIANTLY

အတွဲ(၁၇)၊ အမှတ်(၃၂) ၂၀၀၂ ခုနှစ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် ၊ ဗုဒ္ဓဟူး ၊ (အောက်တိုဘာ ၁၇ ၊ ၂၀၁၈)



# ဖိအားများနှင့် ရန်ကုန်တိုင်းဝန်ကြီးချုပ်

- နန္ဒ -

ဖေ့စ်ဘွတ်ခ်ပေါ်တွင် အငြင်းပွားဖွယ်ရာများဖြင့်
တစ်နေ့တစ်မျိုး မရိုးနိုင်သည့် နိုင်ငံရေးသမားတစ်ဦးကို ရန်ကုန်ပရိသတ်က "ကွီးဖြိုး"ဟုခေါ်သည်။
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တိုက်စစ်မှူးဟု တင်စားနိုင်သည့် ကွီးဖြိုးသည်
မြန်မာနိုင်ငံ၏ ရှေ့တန်းမျက်နှာစာဖြစ်သော ရန်ကုန်ကို အုပ်စိုးရခြင်းကြောင့်လည်း
အခြားဝန်ကြီးချုပ်များထက် ထင်ပေါ်ကျော်ကြားနေခြင်းဖြစ်သည်။

စာမျက်နှာ ၂၆ »

## ရန်ကုန်တိုင်းအစိုးရနှင့် စီမံကိန်းများ

စာမျက်နှာ ၂၅ »

*စီးပွားရေးမြို့တော် ရန်ကုန်သည် မြန်မာနိုင်ငံတွင် လူဦးရေအများဆုံး၊ စီးပွားရေးလုပ်ငန်းအားလုံး၏ ဗဟိုချက်မဖြစ်၍ အုပ်ချုပ်စီမံရသူများအတွက်လည်း အခြားဒေသထက် စိန်ခေါ်မှုပိုမိုများပြားသည်။*

ဓာတ်ပုံ-ဖြိုးမင်းသိန်းဖေ့စ်ဘွတ်ခ်

# အမေ့သားကြီး အိမ်ပြန်မရောက်နိုင်တော့ပါ

ညီညီဇော်

ထိုအကြောင်းကို ဒေါ်စန်း ခုပြန်တွေး ခုမျက်ရည် ပိုးပိုးပေါက်ပေါက် ကျရသည်။ ဘယ်လိုမှထင်မထား။ ဆယ်စုနှစ်တစ်စုစာ ကိုယ်နှင့် ခွဲခွာနေသည့် သား မကြာမီကာလတွင် သူ့ဆီပြန်ရောက်လာတော့မည်ဟုသာ မျှော်လင့်ရင်းပျော်နေခဲ့တာဖြစ်သည်။ သားနှင့်ပြန် တွေ့ရမည့်ရက်တွေ သိပ်မလိုတော့။ အလွန်ဆုံး တစ်နှစ်ပါပဲလေဟု အားတင်းထားတာ ဖြစ်သည်။ နောက်နှစ် သားတော်မောင် ပြန်လာသည့်အချိန်ဆိုလျှင် ရွာက သီတင်းကျွတ် ရွှေလုံပုံဘုရားပွဲတော်ကာလနှင့် ကြုံကြိုက်ပေတော့မည်။ ငယ်စဉ်ကတည်းက ဘုရားပွဲမှာ အပျော်ကြီးပျော်ခဲ့ဖူးသည့် သားလေး အတိုးချ ပျော်မြူးပေတော့မည်။ စသည် စသည် ... ဒေါ်စန်း စိတ်ကူးယဉ်ခဲ့မိတာဖြစ်သည်။ အခုတော့...။

တစ်ချိန်ကတော့ ဒေါ်စန်း မျက်ရည်ကျဖို့ဝေးစွ၊ စိတ်ချမ်းသာစွာဖြင့် ဘဝကို ဖြတ်သန်းခွင့်ရခဲ့ဖူးပါသည်။

စာမျက်နှာ ၅ »

## သတင်းလွတ်လပ်ခွင့် အမှောင်ခေတ် ရောက်ပြီလား ၄ »



ဓာတ်ပုံ-နစ်ကီ

# အမှောင်ကာလ၏ စိတ်ဖိစီးခြင်းများ

လင်းလင်း

ယနေ့ခေတ်ကာလကို အမှောင်ကာလဟု တချို့က တင်စားခေါ်ကြသည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းလူတိုင်းအတွက် စိတ်ဖိစီးသောကများ ကြုံရသော ခေတ်ကာလအပိုင်းအခြားဖြစ်သောကြောင့်ပင်။ ထိုသို့ဆိုလျှင် လူသားသမိုင်းရာဇဝင်မှာ သည့်ထက်ပိုဆိုးသော စစ်ပွဲကြီးများ၊ ခေတ်ပျက်များ၊ ကပ်ဆိုက်သော ကာလများ ခေတ်အဆက်ဆက် ရှိခဲ့သည်ချည်းဖြစ်သည်။ ဘာကြောင့် ယခုခေတ်ကာလကိုမှ အမှောင်ကာလဟု ခေါ်ရပါသနည်း။ မှန်သည်။ လူသားရာဇဝင်မှာ ခေတ်ပျက်၊ ခေတ်ဆိုး များစွာရှိခဲ့သည်။ သို့သော်လည်း ယနေ့ခေတ်ကမူ စိတ်ဖိစီးအားပုံစံအစုံဆုံး။

စာမျက်နှာ ၃ »

## ကမ္ဘာကြီးကိုကယ်တင်ရန် နောက်ဆုံးသတိပေးချက်

ဇွဲရဲဝင့်

တကယ်လို့ ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်မှုကို ၁ ဒသမ ၅ ရာခိုင်နှုန်းအောက်မှာ ထိန်းမထားနိုင်ရင် ကမ္ဘာကြီးတစ်ခုလုံးကြီးမားတဲ့အန္တရာယ်တချို့ကျရောက်လာစေမယ်လို့ ပညာရှင်တွေက ပြောပါတယ်။ ကမ္ဘာ့ပျမ်းမျှ အပူချိန် ၂ ဒီဂရီဆဲလ်ဆီးရပ်စ်လောက် တက်လာရင် သန္တာကျောက်တန်းတွေ အားလုံးနီးပါး ပျက်စီးကုန်မယ်။ အဲဒီကျောက်တန်းတွေနဲ့ ဆက်စပ်နေတဲ့ ဂေဟာစနစ် တည်ငြိမ်မှုနဲ့ ငါးသယံဇာတတွေကို ထိခိုက်ပါမယ်။ အဲဒီလောက် အပူချိန်မြင့်တက်မှုနဲ့အတူ ပင်လယ်ရေမျက်နှာပြင် အမြင့်က ၁၀ စင်တီမီတာ မြင့်တက်လာပါမယ်။ ဒါဆို တစ်ကမ္ဘာလုံးမှာ ရေလွှမ်းမိုးမှု အန္တရာယ်ကို နှစ်စဉ်ကြုံတွေ့ရမယ့် လူဦးရေ ပျမ်းမျှ ၁၀ သန်းလောက် ပိုများလာမယ်။ ပင်လယ်သမုဒ္ဒရာရေထုရဲ့ အပူချိန်နဲ့ အက်စစ်ပါဝင်မှုမှာလည်း သက်ရောက်မှုတွေ ရှိလာမယ်။ စပါး၊ ပြောင်းနဲ့ ဂျုံတို့လို ကောက်ပဲသီးနှံတွေ အထွက်နှုန်းကျသွားပါမယ်။

စာ ၂၄ »

## ကလေးမည်မျှယူမည်ကို ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်သည် အမျိုးသမီးများနှင့် မိသားစုတိုင်းတွင် ရှိရမည်

စာမျက်နှာ ၂၀ »

## စောင့်ကြည့်ရမည့် အမတ်လောင်းများ

စာမျက်နှာ ၁၇ »

www.free4readers.com



SOJEN

# SOJEN·F350

## အဆင့်မြင့်နည်းပညာ သက်တောင့်သာယာ SOJEN ပါ။



SOJEN ကုမ္ပဏီ၏ F350 Light truck ကားအမျိုးအစားသည် ဈေးနှုန်းချိုသာစွာဖြင့်အများပြည်သူလက်ဝယ်ရောက်အောင် အဓိက မြို့ပြနှင့် ကျေးလက်ဒေသမကျန် ရှိသော Customerကိုစရိုးတိုစရိုးဝေးလုပ်ငန်းသုံးကားအဖြစ်အသုံးပြုရာတွင်စိတ်ကျေနပ်မှုရရှိနိုင်ရေးအတွက်အဓိကပထားလုပ်ဆောင်ထားပါသည်။SOJEN ကုမ္ပဏီ၏ F350 ကားအမျိုးအစားကို အဓိကမြို့ပြနေရာများတွင်သာမက ကျေးလက်ဒေသပါမကျန်နေရာအနှံ့အပြားတွင်ရောင်းချပေးလျက်ရှိပါသည်။F350ကားအမျိုးအစားသည် Customer များမောင်းနှင့်ရာတွင်လည်းကောင်း၊ စီးနင်းရာတွင်လည်းကောင်း၊သက်တောင့်သက်သာဖြင့်လိုရာစရီးသို့ရောက်အောင် အသုံးပြုနိုင်မည်ဖြစ်သည်။F350ကားအမျိုးအစားဇိမ်ခံ saloon ကား၏အရည်အသွေးကဲ့သို့ပင် သက်တောင့်သက်သာရှိပြီး Customer မှာစိတ်ကျေနပ်မှု အပြည့်အဝခံစားရရှိနိုင်မည်ဖြစ်သည်။ F350 ကားသည် saloon များကဲ့သို့အရည်အသွေး နှင့်ကားဒီဇိုင်းလှပသေသပ်သည့်စံပြလုပ်ငန်းသုံးဇိမ်ခံကားအမျိုးအစားပင်ဖြစ်သည်။ ထို့ကြောင့် SOJENကုမ္ပဏီ၏ F350 Light truck ကားသည် Customer များ၏စိတ်ကျေနပ်မှုကို အပြည့်အဝပေးစွမ်းနိုင်သည့်အပြင်ဆီစားအလွန်သက်သာသောစံပြကားပင်ဖြစ်သည်။

F350 ကား၏အားသာချက်များ

၁။ကားbodyလှပသေသပ်ခြင်း

၂။မောင်းနှင်ရာတွင်saloonကားကဲ့သို့ပင်သက်တောင့်သက်သာရှိခြင်း

၃။ကားbodyတောင့်တင်းခြင်း၊မြင်ကွင်းရှင်းလင်းပြီးလုံခြုံရေးမြင့်မားခြင်း

၄။ကား၏ခံနိုင်ရေဝန်များခြင်း၊ကား၏အင်ဂျင် power စွမ်းဆောင်မှုမြင့်မားခြင်း









### ကားနှင့်ပတ်သက်သည့် အကြောင်းအရာ (၄)ချက်များ



ကားနိုလောင်းခြင်း-SOJENကားပုံစံဒီဇိုင်းသွန်းလုပ်ရာတွင်လည်းခေတ်မှီနောက်ဆုံးပေါ်နည်းပညာများဖြင့်အသုံးပြုပြီးသံတန်ပေါင်း၃သောင်း၁ထောင်ဖြင့်အမျိုးစားပေါင်း၂၃၀၀ကိုဒီဇိုင်းလှပသေသပ်စွာထုတ်လုပ်ထားပါသည်။



ဂဟေဆော်ခြင်း-ဂဟေဆော်ရာတွင်လည်းအခြားသောနည်းပညာများထက်သာလွန်သော AUTO ဂဟေဆော်ရုံးစနစ်များတွင် ABB Robot စက်ကိုအသုံးပြုကာ စနစ်တကျလုပ်ဆောင်ထားပါသည်။



ဆေးမှုတ်ခြင်း- ကားဆေးမှုတ်ရာတွင် ခေတ်မှီအလိုအလျောက် ဆေးမှုတ်စက်များကိုအသုံးပြုထားသောကြောင့်အလျှင်အမြန်လုပ်ဆောင်နိုင်ပြီးအရည်အသွေးကောင်းသောဆေးသားအရောင်တို့ကိုရရှိမည့်အပြင် နှစ်၂၀ကျော်အထိဆေးသားများပျက်ဆီးခြင်းကိုကာကွယ်နိုင်ပါသည်။ထို့ပြင် ABB Robot စက်ကိုအသုံးပြု သဖြင့်အပြစ်အနာအဆာကင်းသောအရည်အသွေးကောင်းသောဆေးရောင်ကိုရရှိမည်ဖြစ်ပါသည်။



ထုတ်လုပ်ပုံအဆင့်-
ကားထုတ်လုပ်ပုံအဆင့်ဆင့်ပြုလုပ်ရန်အတွက်အကျယ်အဝန်း၁သောင်း၂ထောင်စတုရန်းမီတာကျယ်ဝန်းသော အဆောင်အဝန်းတွင်နိုင်ငံတကာခေတ်မှီနောက်ဆုံးပေါ် AUTO Robot များကိုအသုံးပြုကာနောက်ဆုံးပေါ်နည်းပညာဖြင့်စနစ်တကျ သေသပ်လှပနိုင်စွာထုတ်လုပ်ထားပါသည်။

### SOJENကုမ္ပဏီအတွက်ကိုယ်စားလှယ်များဖိတ်ခေါ်ခြင်း .....

**PH :** 09-256502220 09-4484700098, 09-259294920

**Adress :** အမှတ်(၄၆)၊အမှတ်(၃)လမ်းမကြီး၊ရခိုင်ကျောင်းမှတ်တိုင်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့

**Website:** www.sojen-global.com

ဈေးနှုန်း
အနည်းဆုံးဖြင့်
ရောင်းချပေးလျက်ရှိပါသည်။





SOJEN ကားများကို နောက်ဆုံးပေါ်ခေတ်မှီနည်းပညာအသစ်အဆန်းများဖြင့်အရည်အသွေးမြင့်မားစွာတီထွင်ထုတ်လုပ်ထားပါသည်။ခေတ်နှင့်အညီနောက်ဆုံးပေါ်နည်းပညာသစ်များအတိုင်းအစဉ်မပြတ်လေ့လာကာအဆင့်အတန်းမြင့်မားစွာထုတ်လုပ်လျက်ရှိသည်။SOJEN ကားများကိုနိုင်ငံခြားစက်ကိရိယာများဖြစ်သော ABB robot၊ Large stamping equipment၊ Intelligent material handing system၊MES.ERP.WMS များဖြင့် AUTO ဂဟေဆော်ခြင်း၊AUTO ဆေးမှုတ်ခြင်းစသည့်ထုတ်လုပ်မှုအဆင့်ဆင့်အားအဆင့်အတန်းမြင့်မားစွာထုတ်လုပ်လျက်ရှိပါသည်။ခေတ်မှီနည်းပညာများဖြင့်ထုတ်လုပ်ထားသော SOJEN ကားများကိုမြန်မာနိုင်ငံဒေသ အနှံ့အပြားတွင်လည်း ရုံးခွဲပေါင်းများစွာတည်ထောင်ကာရောင်းချလျက်ရှိပါသည်။ SOJEN မှ F150, F350, F530, F550, D260, D510, D530, D550, D750 ကားများကိုအရည်အသွေးကောင်းသောကုန်ကြမ်းပစ္စည်းများဖြင့်ထုတ်လုပ်ထားပြီးလိုအပ်သောကြံ့ခိုင်မှု၊သက်တောင့်သက်သာရှိမှု၊လုံခြုံစိတ်ချမှုများ စသောအားသာ ချက်များရှိပြီးအရှေ့တောင်အာရှတိုက်တွင်စံပြကားအဖြစ်နည်းပညာမြင့်မားစွာကျွမ်း ကျင်သောပညာရှင်များဖြင့်ထုတ်လုပ်ထားသည်။နောင်တွင်လည်းတိုးတက်နေသောနည်းပညာများနှင့်အညီခေတ်မှီသောထုတ်လုပ်မှု၊တီထွင်မှုများနှင့်အကောင်းဆုံးဝန်ဆောင်မှုများဖြင့်ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**NEW SOJEN · NEW START**

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018



# အမှောင်ကာလ၏ စိတ်ဖိစီးခြင်းများ

■ လင်းလင်း



နည်းပညာခေတ်တွင် ရှပ်ပိုင်းဆိုင်ရာ ပိုမိုဖွံ့ဖြိုးတိုးတက်လာသော်လည်း လုပ်ငန်းခွင်ဖိအားများမှာ ပိုမိုများပြားလာသည်။ ဓာတ်ပုံ – နစ်ကီ

ယနေ့ ခေတ်ကာလကို အမှောင်ကာလဟု တချို့က တင်စားခေါ်ကြသည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းလူတိုင်းအတွက် စိတ်ဖိစီးသောကများ ကြုံရသော ခေတ်ကာလအပိုင်းအခြား ဖြစ်သောကြောင့်ပင်။ ထိုသို့ဆိုလျှင် လူသားသမိုင်းရာဇဝင်မှာ သည့်ထက်ပိုဆိုးသော စစ်ပွဲကြီးများ၊ ခေတ်ပျက်များ၊ ကပ်ဆိုက်သောကာလများ ခေတ်အဆက်ဆက်ရှိခဲ့သည်ချည်းဖြစ်သည်။ ဘာကြောင့် ယခုခေတ်ကာလကိုမှ အမှောင်ကာလဟု ခေါ်ရပါသနည်း။ မှန်သည်။ လူသားရာဇဝင်မှာ ခေတ်ပျက်၊ ခေတ်ဆိုး များစွာရှိခဲ့သည်။ သို့သော်လည်း ယနေ့ခေတ်ကမူ စိတ်ဖိစီးအား ပုံစံအစုံဆုံး။ ထို့အပြင် ဟိုယခင်ကဲ့သို့ ကိုယ့်ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ နိုင်ငံတစ်ခုမှာသာမဟုတ်၊ နယ်နိမိတ်ကာလကလည်းစုံ၊ ကပ်ဘေးများကလည်း ပုံစံစုံ၊ စစ်ပွဲများကလည်းမျိုးစုံ၊ နည်းပညာမျိုးစုံ၊ စိတ်ဖိစီးမှုများကလည်းပုံစံမျိုးစုံ၊ရောဂါများကလည်းပုံစံစုံ၊ နိုင်ငံရေး လူမှုပြဿနာများကလည်း ပုံစံစုံရှိသော ခေတ်ကာလကြီးဖြစ်သည်။

၂၀၁၇ ခုနှစ်က ထုတ်ပြန်ခဲ့သော အမေရိကန်စိတ်ပညာအဖွဲ့ကြီး၏ လေ့လာဆန်းစစ်မှုအရ အမေရိကန်များသည် လွန်ခဲ့သော ဆယ်နှစ်ကထက်စာလျှင် သိသိသာသာ ပိုပြီးစိတ်ဖိစီးလာကြသည်ဟုဆိုသည်။ သူတို့၏ အဓိက စိတ်ဖိစီးမှုပြဿနာသည် သမ္မတထရန့် အာဏာရလာကတည်းက နိုင်ငံ၏အနာဂတ်မရေရာ မသေချာမှုကြောင့်ဖြစ်သည်ဟုဆိုသည်။ ထို့အတူ ဗြိတိန်မှာဆိုလျှင်လည်း ဥရောပကနေ ဗြိတိန်နိုင်ငံ ခွဲထွက်မည့်အရေး အနာဂတ် မရေရာမသေချာသော အနေအထားသည် နိုင်ငံသားများကို စိတ်ဖိစီးစေသည်ဟုဆိုသည်။

မြန်မာနိုင်ငံမှာ တခြားနိုင်ငံများကဲ့သို့ စိတ်ဖိစီးမှုစစ်တမ်းများ မရှိ။ ထို့ကြောင့် နိုင်ငံသားများ စိတ်ဖိစီးမှု တက်လာသလား၊ ကျလာသလား အတိအကျတော့ မပြောနိုင်။ သို့သော် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေက လူအတော်များများကို စိတ်ဖိစီးနိုင်သည့်အကြောင်းရင်းများစွာ ရှိနေ၏။ မရေရာသောစီးပွားရေး၊ လူမှုရေးအနေအထားက လူတွေကို စိုးရိမ်ပူပန်မှုများစေသည်၊ စိတ်ဖိစီးမှု တိုးစေသည်။

"စိတ်ဖိစီးပါတယ်။ အခုတစ်လောနှစ်တွေ အတော်ဖိစီးပါတယ်။ တကယ်သိသာတယ်။ လူကအမြဲညစ်နေတာပဲ။အကြောင်းရင်းကတော့အများကြီးပဲ၊ မိသားစုကြောင့်လည်းပါတယ်။ ဆွေမျိုးမောင်နှမကြောင့်လည်းပါတယ်။ အလုပ်ကြောင့်လည်း ပါတယ်။ ဒေါ်လာဈေးတက်တာလည်း ပါတယ်။ကျန်းမာရေးကြောင့်လည်း ပါတယ်။ မြန်မာပြည်ရဲ့အနေအထားမတည်ငြိမ်လို့ကိုယ့်နောင်ရေး စိတ်မအေးရတာလည်းပါတယ်"ဟုအသက်(၃၇)နှစ်အရွယ် ဂရပ်ဖစ်ဒီဇိုင်နာ ကိုမျိုးက ပြောသည်။

သူသည် ယခင်က မိတ်ဆွေအပေါင်းအသင်းတွေ ကြားမှာ ပျော်ပျော်နေတတ်သူ တစ်ဦးဖြစ်ပြီး လူချစ်လူခင်များသူဖြစ်၏။ သို့သော် သည်နှစ်တွေအတွင်းမှာ အကြောင်းများစွာကြောင့် သူ မပျော်ဟုဆိုသည်။ သူ့အတွက် အရာအားလုံးက စိတ်ညစ်စရာများကြီးဖြစ်နေသည်။ ထို့ကြောင့် သူ့အမြင်များကလည်း မကောင်းမြင်မှုတွေပိုများနေသည်ဟု ဆိုသည်။

နေ့တိုင်း သနပ်ခါးအဖွေးသားနှင့် တွေ့နေရသော်လည်းသူမှာ စိတ်ဖိစီးမှုများ အတော်များနေသည်ဟု အသက် (၄၅) နှစ်အရွယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်သူ ဒေါ်နီလာကဆိုသည်။အရောင်းအဝယ်မကောင်းသောကြောင့်လည်း စိတ်ညစ်သည်။ မိခင်၊ ဖခင် ကျန်းမာရေးမကောင်းသောကြောင့်လည်း စိတ်ညစ်သည်။ ပညာရေးမှာ မထူးချွန်သော သားသမီးများကြောင့်လည်း စိတ်ညစ်သည်။ အရက်ကြိုက်သော ခင်ပွန်းသည်ကြောင့်လည်း စိတ်မပျော်။ တိုင်းရေး၊ ပြည်ရေးကြောင့်လည်း စိတ်မချမ်းသာဟုဆိုသည်။

"ဘာရာသီ၊ ဘာပွဲတော်ဖြစ်ဖြစ် စိတ်ကိုမဝင်စားတာ ကြာပေါ့။ အရမ်းလည်း မေ့တတ်ပါတယ်။ လူကလည်းအပူတွေချည်းပဲ။ အခုတစ်လော ဈေးရောင်းမကောင်းဘူး။ လူတွေကလည်း မရှိမဖြစ်ဟာပဲ ဝယ်ကြတာ။ လူ့လောကကလည်း စိတ်ဒုက္ခခံဖို့ မွေးလာသလားပဲ မှတ်တော့တယ်"

စိတ်ဖိစီးမှုများကို ဖြေရှင်းရာမှာ နားလည်သိကျွမ်းသူများက စိတ်ပညာရှင်များဆီမှာ ဆွေးနွေးတိုင်ပင်မှုများ လုပ်လေ့ရှိသည်။ တချို့က စိတ်ပိုင်းဆိုင်ရာ စာအုပ်တွေ လေ့လာဖတ်ရှုကြသည်။ ဒေါ်နီလာက ဘုရားသွားသည်။ တရားထိုင်သည်။ ဒီဇိုင်နာ ကိုမျိုးက စိတ်ဖိစီးမှုဆိုင်ရာ စာအုပ်များနှင့် ဆရာတော်အချို့၏ ဓမ္မအတွေးအခေါ် စာအုပ်များကို ဖတ်သည်ဟုဆိုသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် စိတ်ပညာကျောင်းမှ ပါမောက္ခဟောင်း မိလာနီဂရင်းဘတ်က ယနေ့ခေတ်မှာ ကြုံတွေ့နေရသော စိတ်ဖိစီးခြင်းများကို မည်သို့ကိုင်တွယ်ဖြေရှင်းရမလဲဆိုတာနှင့် ပတ်သက်ပြီး အကြံဉာဏ်အချို့ကို ရေးသားတင်ပြခဲ့သည်။

**(၁) သတင်းကြည့်ခြင်း၊ နားထောင်ခြင်းကို ကန့်သတ်ပါ**

သတင်းများကိုသိရန် အရေးကြီးသည်။ သို့သော် လိုအပ်သော သတင်းအချက်အလက် ရယူခြင်းနှင့် သတင်းများမှာ စွဲလမ်းနစ်မျောခြင်းကမတူပါ။ သတင်းဆိုသည်မှာ ကြည့်သူကို ဆွဲဆောင်အောင် ရင်နာစဖွယ် သိုင်းသိုင်းဝိုင်းဝိုင်း တင်ဆက်ကြသည့်အတွက် လိုက်ပါခံစားရင်း စိတ်ထိခိုက်ကြရသည်။ ပူပန်စိုးရိမ်မှုများ တိုးစေသည်။ ထို့ကြောင့် တစ်နေ့တာ ဘာဖြစ်သလဲ သတင်းအကြမ်းဖျင်းသိရလျှင် တော်ပြီဖြစ်သည်။

**(၂) စိတ်တည်ငြိမ်အောင် လေ့ကျင့်ပါ**

လက်ရှိကာလမှာ ဖြစ်ပျက်နေသည်ကိုသာ အာရုံစိုက်ပြီး စိတ်ငြိမ်မှု သမာဓိအားကောင်းအောင်လုပ်ပါ။ အသက်ရှူထုတ်၊ သွင်းခြင်းကို အာရုံစိုက်လေ့ကျင့်သော တရားထိုင်ခြင်းကနေ စိတ်တည်ငြိမ်မှုကို ရနိုင်သည်။ ထို့ကြောင့် လိုအပ်လျှင် တရားထိုင်ကြည့်ပါ။

**(၃) ကိုယ်ထိန်းချုပ်နိုင်သည့် အရာများကိုသာ အလေးပေးပါ**

တစ်တိုင်းပြည်လုံး ဖြစ်ပျက်နေသည်များကို ကိုယ်မထိန်းချုပ်နိုင်ပါ။ သို့သော် မိမိကိုယ်ပိုင်ဘဝက အရေးကြီးသောအရာများကို ထိန်းချုပ်နိုင်သည်။ မိမိအလုပ်၊ ကျန်းမာရေး၊ မိဘ ဘဝ (သို့မဟုတ်) ကိုယ့်အသိုင်းအဝိုင်းအပေါ်မှာသာ အားထည့်လုပ်ကိုင်ပါ။နိုင်ငံရေးသတင်းများကိုစောင့်ကြည့်ခြင်းဖြင့် ကိုယ့်အင်အားစွမ်းအင်တွေကို ဖြုန်းတီးမပစ်ပါနှင့်။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ။ ကိုယ့်မိသားစုကို အလေးထားပါ။

**(၄) လိုအပ်လျှင်မိတ်ဆွေများ၏ အကူအညီရယူပါ**

တစ်ခါတလေ ကိုယ့်ရင်ထဲက စိတ်ပူပန်မှုများကို မိတ်ဆွေအပေါင်းအသင်းများကို ပြောပြလိုက်ခြင်းဖြင့် စိတ်သက်သာရာရစေသည်။ ယခုကဲ့သို့ ပြောပြခြင်းအားဖြင့် ကိုယ်တစ်ယောက်တည်းမဟုတ်ကြောင်း၊ တခြားသူများမှာလည်း စိတ်ဖိစီးမှုတွေရှိသည်ဆိုတာကို နားလည်လာလိမ့်မည်။ တစ်ယောက်တည်း ကူရာမဲ့သကဲ့သို့ ခံစားနေတာထက်စာလျှင် နားလည်ခံစားပေးနိုင်သူများကို ဖွင့်ဟပြောဆိုခြင်းကလည်း စိတ်ဖိစီးမှုကို သက်သာစေသည်။

**ကိုးကား - အမေရိကန်စိတ်ပညာအဖွဲ့ဂျာနယ်**

7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018

www.free4readers.com

# သတင်းလွတ်လပ်ခွင့် အမှောင်ခေတ်ရောက်ပြီလား

ငြိမ်းချမ်း၊ ဝဏ္ဏအောင်

"သတင်းစာတွေ မရှိတဲ့ အစိုးရ ယူမလား၊ အစိုးရမရှိတဲ့ သတင်းစာတွေ ယူမလားဆိုတာကို ကျွန်တော်သာ ဆုံးဖြတ်ရမယ်ဆိုရင် ဒုတိယအမျိုးအစားကိုပဲ ရွေးချယ်ဖို့ နည်းနည်းလေးမှ တွန့်ဆုတ်နေမှာ မဟုတ်ဘူး"။ ယင်းစကားရပ်ကို ပြောကြားခဲ့သူမှာ အမေရိကန်ပြည်ထောင်စု၏ တတိယမြောက် သမ္မတ တောမတ်စ်ဂျက်ဖာဆန် ဖြစ်သည်။

မြန်မာနိုင်ငံတွင် စာနယ်ဇင်းလွတ်လပ်ခွင့် များစွာရှိကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂျပန်နိုင်ငံခရီးစဉ်၌ NHK သတင်းဌာနနှင့် တွေ့ဆုံပြောကြားပြီး သုံးရက်အကြာတွင် ရန်ကုန်တိုင်းအစိုးရက သတင်းသမားသုံးဦးကို ဖမ်းဆီးခဲ့သည်။

ရန်ကုန်တိုင်းစာရင်းစစ်ချုပ် အစီရင်ခံစာပါ ရန်ကုန်တိုင်းအစိုးရအဖွဲ့ ဆောင်ရွက်ချက်များအပေါ် သုံးသပ် သတင်းဆောင်းပါးရေးသားမှုကြောင့် Weekly Eleven ဂျာနယ် အယ်ဒီတာသုံးဦးကို နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မဖြင့် အောက်တိုဘာ ၉ ရက်တွင် အမှုဖွင့်ဖမ်းဆီးခဲ့သည်။

ထို့အပြင် ထောင်ချောက်ဆင် ဖမ်းဆီးခဲ့သည်ဟု အများက ယုံကြည်ထားသော ရိုက်တာ သတင်းထောက်နှစ်ဦးကို နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေဖြင့် ထောင်ဒဏ်ခုနစ်နှစ်ချမှတ်ပြီး တစ်လအကြာတွင် အစိုးရက သတင်းသမားသုံးဦးကို ထပ်မံဖမ်းဆီးခြင်းဖြစ်၏။

လူထုက တစ်ခဲနက် ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရဟု သတ်မှတ်ထားသည့် ဒီချုပ်အစိုးရသက်တမ်း ၂ နှစ်ခွဲတွင်ပင် Weekly Eleven ဂျာနယ်မှ အယ်ဒီတာသုံးဦး အပါအဝင် တရားစွဲခံရသော သတင်းထောက် ၄၄ ဦးရှိပြီဖြစ်သည်။

ထို့ကြောင့် စစ်အစိုးရတစ်ပိုင်း၊ အရပ်သားတစ်ပိုင်းဟု ခေါ်ဝေါ်ခဲ့သည့် သမ္မတ ဦးသိန်းစိန် အစိုးရထက် ဒီချုပ်အစိုးရက သတင်းသမားများကို ဖမ်းဆီးတရားစွဲဆိုမှုနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အခြေအနေ ပိုမိုဆိုးရွားနေကြောင်း သတင်းမီဒီယာသမားများက ပြောသည်။




သတင်းအချက်အလက်ရရှိရေး၊ မီဒီယာလွတ်လပ်ခွင့်ရရှိရေးတို့အတွက် စက်တင်ဘာ ၁၆ ရက်က ရန်ကုန်မြို့တွင် ဆန္ဒထုတ်ဖော်နေစဉ်　ဓာတ်ပုံ – စိုင်းဇော်

"ဦးသိန်းစိန်အစိုးရရဲ့ အခုအစိုးရ ဘာကွာလဲဆိုတော့ အခုအစိုးရကတော့ ဒေါ်အောင်ဆန်းစုကြည် အရှိန်အဝါရှိတဲ့အတွက် မီဒီယာနဲ့ ထိပ်တိုက်တွေ့ဖို့လည်း လက်မတွန့်ဘူးပေါ့"ဟု ပြန်ကြားရေးဝန်ကြီးဟောင်း ဦးရဲထွဋ်က ပြောသည်။ ဦးရဲထွဋ်သည် သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တွင် ပြန်ကြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

လက်ရှိအစိုးရလက်ထက်တွင် သတင်းသမားများအပေါ် တရားစွဲဆိုထားသော အမှု ၂၈ မှုရှိပြီး သတင်းသမား ၄၄ ဦး တရားရင်ဆိုင်နေရကြောင်း အသံ(လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့)က အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်သည်။

တရားစွဲဆိုသူများတွင် အစိုးရအဖွဲ့ဝန်ထမ်းများက တရားစွဲဆိုထားသော အမှု ၁၇ မှု၊ တပ်မတော်က စွဲဆိုထားသော အမှုသုံးမှုနှင့် အခြားသူများက စွဲဆိုထားသော အမှုရှစ်မှု စုစုပေါင်း ၂၈ မှုဖြစ်ကြောင်း ထုတ်ပြန်ချက်ကဆိုသည်။

သမ္မတဦးသိန်းစိန်၏ ပြည်ခိုင်ဖြိုးအစိုးရလက်ထက် ငါးနှစ်အတွင်း တရားစွဲဆိုခံရသော သတင်းထောက် ၄၇ ဦးရှိခဲ့သည်။ ထို့ကြောင့် ဒီချုပ်အစိုးရသက်တမ်းထက်ဝက်တွင် သတင်းသမား ၄၄ ဦးကို စွဲဆိုမှုသည် သမ္မတ ဦးသိန်းစိန်၏ ၅ နှစ်သက်တမ်းအတွင်း စွဲဆိုခံရသော သတင်းသမားအရေအတွက်ကို ပြည့်မီရန် သုံးဦးလိုတော့သည်။

မီဒီယာများ၏ ဝေဖန်ထောက်ပြသည်များကို တုံ့ပြန်ရန် နည်းလမ်းများစွာ ရှိသည့်အနက် ယင်းကိုမရွေးချယ်ဘဲ တရားစွဲဆိုဖမ်းဆီးထောင်ချခြင်းသည် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ သတင်းထောက်အားလုံး၊ မီဒီယာအားလုံးကို ခြိမ်းခြောက်ခြင်းဖြစ်ကြောင်း၊ မီဒီယာလောကသားများက ဦးသိန်းစိန်အစိုးရလက်ထက်က သတင်းမီဒီယာဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ဖွဲ့စည်းခြင်းတို့ ပြုလုပ်ခဲ့သော်လည်း ယခုအစိုးရလက်ထက်တွင် မီဒီယာအရေးနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဆောင်ရွက်ခြင်းမတွေ့ရကြောင်း The Voice Weekly ဂျာနယ် အယ်ဒီတာချုပ် ဦးကျော်မင်းဆွေက ပြောသည်။

"လက်ရှိအစိုးရလက်ထက်မှာ သတင်းမီဒီယာဥပဒေ လိုအပ်ချက်ရှိတာတွေ ပြင်ဆင်ဖို့အတွက် အစိုးရဘက်က အားကြိုးမာန်တက်မရှိဘူး။ နောက်တစ်ခုက သတင်းရယူခွင့်နဲ့ ပတ်သက်တာတွေလည်း အခုအချိန်အထိ အခက်အခဲတွေရှိတယ်။ နောက်တစ်ခုက အစိုးရရဲ့ မီဒီယာပေါ်မှာရှိတဲ့ သဘောထားမှာ နိုင်ငံပိုင်အစိုးရအာဘော်တွေ ဆက်ပြီးတော့သွားနေသေးတယ်။ ဒါတွေကို အရင်အစိုးရလက်ထက်တုန်းက ပြုပြင်ပြောင်းလဲမယ်ဆိုပြီး သဘောတူညီမှုတွေရှိခဲ့တယ်။ သူတို့အဆင့်လိုက်ပြောင်းလဲမယ်၊ NLD အစိုးရတက်လာတဲ့အခါမှာလည်း ပြန်ကြားရေးဝန်ကြီးဌာနကို ပြုပြင်ပြောင်းလဲရေး လုပ်မယ်ဆိုတာတွေပါတယ်။ ဒါပေမဲ့ အဲဒါတွေ အခုချိန်ထိ ဘာမှမလုပ်နိုင်ဘူး"ဟု ဦးကျော်မင်းဆွေကဆိုသည်။

သတင်းမီဒီယာ လွတ်လပ်ခွင့်ကို ဦးသိန်းစိန်အစိုးရလက်ထက်ကထက် ဒီမိုကရေစီအစိုးရခေတ်လက်ထက်တွင် ပိုမိုရရှိမည်ဟု မျှော်လင့်ခဲ့သော်လည်း လက်တွေ့တွင် အထင်နှင့်အမြင် တက်တက်စင်အောင် လွဲခဲ့သည်။

"ဦးသိန်းစိန် လက်ထက်မှာတော့ ပွင့်ပွင့်လင်းလင်းပြောရရင် မီဒီယာသမားအများစုရဲ့ ယုံကြည်မှုကိုမရတော့ မီဒီယာနဲ့ပတ်သက်တဲ့ကိစ္စတွေ (ကိုင်တွယ်မှု)မှာ ပိုပြီးချင့်ချိန်ခဲ့ရပါတယ်"ဟု ပြန်ကြားရေးဝန်ကြီးဟောင်း ဦးရဲထွဋ်က ယခင်အစိုးရလက်ထက်က မီဒီယာများနှင့်ပတ်သက်ပြီး ဆောင်ရွက်မှုကို ရှင်းပြသည်။

ဒီမိုကရေစီခရီး လျှောက်လှမ်းနေသော အစိုးရအနေဖြင့် အင်္ဂလိပ်ခေတ်က ထားရှိခဲ့သော ဥပဒေပုဒ်မများဖြင့် သတင်းမီဒီယာသမားများကို တရားစွဲဆိုနေခြင်းက မဖြစ်သင့်ကြောင်း သတင်းမီဒီယာသမားများက ဝေဖန်ထောက်ပြသည်။

"ဒီမိုကရေစီအစိုးရအနေနဲ့ အရေခွံထူဖို့လိုတာပေါ့။ အင်္ဂလိပ်ခေတ်ကတည်းကရှိတဲ့ဥပဒေတွေနဲ့ဆွဲလို့ရရင် ရလိမ့်မယ်။ ဒါပေမဲ့ အခုခေတ်က ဒီမိုကရေစီခေတ်ကို ရောက်နေပြီ။ တက်လာတဲ့အစိုးရကလည်း ဒီမိုကရေစီအစိုးရ။ အစိုးရ အရေခွံထူတယ်ဆိုရင် သတင်းစာလွတ်လပ်ခွင့်၊ နောက်ပြီးတော့ လွတ်လပ်စွာပြောရေးဆိုခွင့်ရှိတာတွေက ပိုတိုးတက်လာရမှာ။ အဲဒါတွေက အစိုးရအရေခွံထူဖို့လိုတယ်"ဟု မြန်မာနိုင်ငံသတင်းပညာသိပ္ပံ ဒုတိယဥက္ကဋ္ဌ ဦးဇေယျာသူကပြောသည်။

ထို့အပြင် သတင်းမီဒီယာလောကထဲမှ ဝါရင့်စာရေးဆရာ၊ သတင်းထောက်များ ဖြစ်သော ဦးဖေမြင့်နှင့် ဦးအောင်လှထွန်းတို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုဝန်ကြီးအဖြစ် ခန့်အပ်ခံရသည့်တိုင် ပုဂ္ဂလိကမီဒီယာများ ရှင်သန်ရပ်တည်ရေး၊ သတင်းမီဒီယာလွတ်လပ်ခွင့်၊ သတင်းအချက်အလက်ရယူခွင့် အခြေအနေ တိုးတက်လာမှုမရှိသဖြင့် သတင်းသမားများကို ဖမ်းဆီးတရားစွဲဆိုထောင်ချမှုများက မီဒီယာလွတ်လပ်ခွင့် ညွှန်းကိန်းကို ကျဆင်းလာစေနိုင်သည်။

"အစိုးရရဲ့ ပုဂ္ဂလိကမီဒီယာပေါ်မှာရှိတဲ့ သဘောထားကိုက အရင်အစိုးရထက် ပိုဆိုးတယ်လို့ မြင်တယ်။ နိုင်ငံပိုင်မီဒီယာကို အခုအချိန်အထိ ပြုပြင်ပြောင်းလဲရေး တစ်စက်မှ မလုပ်ဘူး။ အစိုးရက ပုဂ္ဂလိကမီဒီယာကို မယုံကြည်တဲ့ သဘောသက်ရောက်တယ်"ဟု ဦးကျော်မင်းဆွေက သုံးသပ်သည်။

ယခင် အာဏာရှင်အဆက်ဆက်က အာဏာရှိသူများသည် အတိုက်အခံနှင့် ပြည်သူများအပေါ် ဖိနှိပ်လိုပါက မတရားသော ဥပဒေပုဒ်မများနှင့် တရားစွဲဆိုကာ ထောင်ဒဏ်နှစ်ရှည်များ ချမှတ်လေ့ရှိခဲ့သည်။ ထို့အတူ ဒီမိုကရေစီအစိုးရဟု ခေါ်ဆိုနေသော ဒီချုပ်အစိုးရလက်ထက်တွင် အာဏာရှင်များ ကျင့်သုံးလေ့ရှိသည့် ဥပဒေကိုင်စွဲခြင်းသည် သင့်လျော်မှုမရှိသောကြောင့် နိုင်ငံ့ပုံရိပ် မထိခိုက်စေရန် အစိုးရအနေဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သင့်သည်ဟု အကြံပြုမှုများရှိသည်။

"ကျွန်တော့်အမြင်မှာတော့ ဒီလိုဒီကိစ္စတွေမှာ ကောင်စီကနေ တစ်ဆင့် ပြေပြေလည်လည်ဖြေရှင်းလို့ရပါတယ်။ တိုင်ကြားလို့ရတယ်။ အခုလို ၅၀၅ (ခ)နဲ့ဖမ်းတယ်ဆိုတာက လက်စားချေတယ်ဆိုတာမျိုး (သို့မဟုတ်) အစိုးရရဲ့ လုပ်ဆောင်မှုတွေကို ထောက်ပြမရေးရဲအောင်၊ ကြောက်လန့်အောင်လုပ်တာ။ ဒီလိုဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး ကမ္ဘာက မြင်လို့ရှိရင် မီဒီယာလွတ်လပ်ခွင့်နဲ့ပတ်သက်ပြီး ဖယ်ကြည့်ခံရရင် နိုင်ငံထိခိုက်နစ်နာနိုင်ပါတယ်။ ဒါလေးကို သဘောပေါက်ဖို့လိုပါတယ်။ နားလည်ဖို့လိုပါတယ်။ ဒီလိုကိစ္စမျိုး နောက်ထပ် ထပ်ပေါ်လာမှာကို စိုးရိမ်တယ်"ဟု မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင် ဦးမြင့်ကျော်က ပြောသည်။

ယခု Eleven အယ်ဒီတာသုံးဦးအမှုတွင် ပြန်ကြားရေးဒုဝန်ကြီး ဦးအောင်လှထွန်းက ပုဒ်မ ၅၀၅ (ခ) နှင့် တရားစွဲဆိုမှုသည် နိုင်ငံအတွက် များစွာထိခိုက်နစ်နာစေခဲ့သည်ဟု RFA သို့ ဖြေကြားသည်။

သတင်းသမားများကိုတရားစွဲဆိုရာတွင် ဆက်သွယ်ရေးဥပဒေပုဒ်မကို အသုံးပြုမှု အများဆုံးဖြစ်ပြီး မတရားအသင်းဥပဒေ၊ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်အက်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၀ နှင့် ၅၀၅ (ခ)၊ သတင်းမီဒီယာဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေ၊ လေကြောင်းပျံသန်းမှုဥပဒေ၊ ပို့ကုန်၊ သွင်းကုန်ဥပဒေအပြင် လူဝင်မှုကြီးကြပ်ရေး ဥပဒေတို့ဖြင့်လည်း တရားစွဲလေ့ရှိသည်ဟု အသံအဖွဲ့ ထုတ်ပြန်ချက်တွင်ပါရှိသည်။

စာမျက်နှာ ၁၈ »

Life
7DAY NEWS JOURNAL

ဒေါ်စန်းနှင့် သူ့သမီးငယ်လေး အိမ်ထဲရှိနေတုန်း မီးဖိုထဲက ဖွန်းတွေ တချင်ချင် ကျယ်လောင်စွာမြည်လာခဲ့သည်။ မီးဖိုထဲလည်း ဘယ်သူမှမရှိ။ သားအမိနှစ်ယောက် စလုံး ကြားလိုက်ရ၍ ဘာများဖြစ်တာပါလိမ့် တွေးခဲ့မိသည်။



Vol.17, No.32 • OCTOBER 17 , 2018

ညီညီဇော်




အရက်တုကြောင့် သေဆုံးခဲ့သည့် ကိုနိုင်လင်းကို ရည်စူး၍ မလေးရှားနိုင်ငံတွင် ပြင်ဆင်ထားစဉ်

ဓာတ်ပုံ - မြန်မာလူမှုကူညီရေးအသင်း (မလေးရှား)

# အမေ့သားကြီး အိမ်ပြန်မရောက်နိုင်တော့ပါ

ထို အကြောင်းကို ဒေါ်စန်း ခုပြန်တွေး ခုမျက်ရည် ပိုးပိုးပေါက်ပေါက် ကျရသည်။ ဘယ်လိုမှ ထင်မထား။ ဆယ်စုနှစ်တစ်စုစာ ကိုယ်နှင့် ခွဲခွာနေသည့် သား မကြာမီကာလတွင် သူ့ဆီပြန်ရောက်လာတော့မည်ဟုသာ မျှော်လင့်ရင်း ပျော်နေခဲ့တာဖြစ်သည်။ သားနှင့် ပြန်တွေ့ရမည့်ရက်တွေ သိပ်မလိုတော့။ အလွန်ဆုံး တစ်နှစ်ပါပဲလေဟု အားတင်းထားတာ ဖြစ်သည်။ နောက်နှစ် သားတော်မောင် ပြန်လာသည့်အချိန်ဆိုလျှင် ရွာက သီတင်းကျွတ် ရွှေလုံ့ပျံဘုရားပွဲတော်ကာလနှင့် ကြုံကြိုက်ပေတော့မည်။ ငယ်စဉ်ကတည်းက ဘုရားပွဲမှာ အပျော်ကြီး ပျော်ခဲ့ဖူးသည့် သားလေး အတိုးချပျော်မြူးပေတော့မည်။ စသည် စသည် ... ဒေါ်စန်း စိတ်ကူးယဉ်ခဲ့မိတာဖြစ်သည်။ အခုတော့...။

တစ်ချိန်ကတော့ ဒေါ်စန်း မျက်ရည်ကျဖို့ဝေးစွ စိတ်ချမ်းသာစွာဖြင့် ဘဝကို ဖြတ်သန်းခွင့်ရခဲ့ဖူးပါသည်။ လိမ္မာသိတတ်ကြသည့် သားသမီးလေးဦးနှင့်အတူ ဘဝကို ရိုးရှင်းစွာဖြတ်သန်းခဲ့သည်။ ဒေါ်စန်းတို့က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်နယ်က ရွှေလက်ပြန်ရွာမှာ နေထိုင်သည်။ ငါ့သရောက်နယ်က ထန်းတောင်သူများတာမို့ သူတို့မိသားစုလည်း မိရိုးဖလာ ထန်းတောင်သူအလုပ် လုပ်ခဲ့ကြသည်။ လင်သားဖြစ်သူ ဦးခင်မောင်ရွှေ၏ ဦးဆောင်မှုနောက် ဒေါ်စန်းနှင့် သားသမီးလေးယောက် ညီညွတ်စွာ လိုက်ခဲ့ကြသည်။

ဒုတိယနှင့် တတိယသား တစ်နှစ်ကြီးတစ်နှစ်ငယ် မောင်နိုင်လင်းနှင့် မောင်ခိုင်လင်းတို့ကလည်း သားများပီပီ မိဘအမွေအနှစ် မိရိုးဖလာထန်းတောင်သူအလုပ်ကိုသာ ဖိဖိစီးစီးလုပ်ခဲ့သည်။ ထန်းတောင်သူအလုပ်မို့ သိသည့်အတိုင်း ဆင်းရဲရှာသည်။ တစ်မိသားစုလုံး ပင်ပင်ပန်းပန်း ချွေးဒီးဒီးကျအောင်လုပ်မှ မသေထမင်း မသေဟင်း စားကြရသည်။ တစ်ရွာလုံး၊ တစ်နယ်လုံး ထန်းတောင်သူများမှာလည်း ထိုအတိုင်း၊ မည်သူမျှ ပြောင်ပြောင်ရောင်ရောင်မရှိ။ ထန်းလက်ကာ ထန်းရွက်မိုး တဲစုစုလေးတွေက သူတို့ရွာဖြစ်သည်။ သာ၍ဆိုးသည်က ဒေါ်စန်းတို့သည် ထန်းပင်အပိုင်မရှိ၍ အငှားတက်ရသည့် ဘဝ။

ထိုသို့ ဆင်းရဲသည့်အနေအထားတွေကြောင့်(၂၀)ကျော်လေး သာရှိသေးသည့် သားအငယ်

စာမျက်နှာ ၆ »




www.free4readers.com

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018

စာမျက်နှာ ၅ မှ

## အမေ့သားကြီး အိမ်ပြန်မရောက်နိုင်တော့ပါ

မောင်ခိုင်လင်းက မလေးရှားသွား အလုပ်လုပ်ဖို့ ပြင်သည်။ သူတို့ သွားသည့်အချိန် ၂၀၀၄ က သူတို့ နယ်မှာ မလေးရှားသွားအလုပ် လုပ်တာ တအားကြီးခေတ်မစားသေး။ အစပျိုးချိန်ဖြစ်သည်။ မိခင်ကြီး ဒေါ်စန်း ကိုယ့်သားလေးကို မိဝေးဖဝေး တိုင်းတစ်ပါးလွှတ်ရမှာ စိတ်မချ။ သို့သော် အဖော်အပေါင်းတွေပါနေတာရယ်၊ သားက လိမ္မာတာရယ်ကြောင့် သွားခွင့်ပြုခဲ့သည်။

သားငယ်က မလေးရှားက ရော်ဘာစက်ရုံတစ်ခုမှာ အလုပ်ရသည်။ သားအငယ်သွားပြီး သိပ်မကြာ အဆင်ပြေသံကြားကြတာကြောင့် ရွာထဲတော်တော်များများ မလေးရှားထွက်ကုန်ကြသည်။ သူတို့ရွာတင်မက ငါ့သရောက်တစ်နယ်လုံးလိုလို ရှိသမျှ ယောကျ်ားသား မလေးရှားထွက်ကြသည်။ ရှိတာလေး ပေါင်နှံရောင်းချ၊ မရှိလည်း အတိုးနဲ့ချေးယူပြီး မလေးရှားသွားကြသည်။ ထန်းတောတွေကို ကျောခိုင်းရင်း လေယာဉ်ပျံစီး၊ ထန်းတောတွေကို ကျော်ကာ မလေးရှားထွက်သွားခဲ့ကြသည်။

သားအငယ်သွားပြီး ငါးနှစ်လောက်နေတော့ အိမ်မှာ ထန်းတောင်သူလုပ်ကာ ကျန်နေခဲ့သည့် သားအကြီး မောင်နိုင်လင်းကလည်း သူ မလေးရှားထွက်ချင်လာသည်ဟု ပြောလာသည်။ ဟုတ်မည်။ ရွာထဲမှာ သူနှင့်ပေါင်းစရာသင်းစရာ ကာလသား မည်မည်ရရမကျန်တော့။ အားလုံး မလေးရှားမှာ။ နောက်ပြီး သူတို့ရသည့်ဝင်ငွေတွေကြားရတာကိုက ဒီက ထန်းတောင်သူဝင်ငွေနှင့် ဘာမှမဆိုင်။ ထို့ကြောင့် မောင်နိုင်လင်း ထန်းမတက်လိုတော့။ မလေးရှားသွားချင်ပြီ။ ဒေါ်စန်းမှာလည်း သားနှစ်ယောက်ရှိတာ နှစ်ယောက်စလုံး မလေးရှားရောက်တော့မည်မို့ စိတ်တော့မကောင်း။ သို့သော် အချိန်တန် အိမ်ပြန်လာမှာပဲလေဟု တွေးပြီး လွှတ်လိုက်ရတော့သည်။

ဒေါ်စန်းသားတွေက သိတတ်ပါသည်။ မလေးရှားသို့ အရင်ရောက်နေသည့် သားငယ်က အစောကတည်းက မိသားစုကို စောင့်ရှောက်ခဲ့သလို ထပ်ရောက်သည့် သားအကြီးကလည်း ပြန်ကြည့်ပါသည်။ ထို့အတွက် ဒေါ်စန်းတို့ မိသားစုတွေ လူနေမှုဘဝ တဖြည်းဖြည်း အဆင့်မြင့်တက်ခဲ့သည်။ ကဲလားကာ သွပ်မိုးအိမ်ကလေးအဆင့်မှသည် တစ်ထပ်တိုက်ကလေးအဖြစ် အသွင်ကူးပြောင်းလာနိုင်ခဲ့သည်။ သူတို့ မိသားစုတင်မကသေး တစ်ရွာလုံး မလေးရှားထွက်သည့် လူရှိသည့် အိမ်တွေ နံကပ်တိုက်တွေ၊ အိမ်ကြီး အိမ်ကောင်းတွေ ဖြစ်ကုန်သည်။ ရေနံဆီမီးအိမ် လှုပ်တုပ်လှုပ်တုပ် ဘဝမှသည် ခလုတ်ကလေးနှိပ်ရုံဖြင့် မီးလင်းသည့် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးတွေ သွယ်တန်းနိုင်ခဲ့သည်။

သူတို့သွားသည့်အချိန်က အခုလို ဖုန်းကတ်တွေ မပေါ်သေးတာကြောင့် ပီစီအိုကနေတစ်ဆင့် သူတို့နှင့် ဆက်သွယ်ရသည်။ ဒေါ်စန်း သမီးကြီးက ရွာထဲမှာ ပီစီအို ထောင်ထားတာကြောင့် အဆင်ပြေသည်။ ညီအစ်ကိုတစ်တွေက မိခင်ကြီးဒေါ်စန်းဆီ မကြာခဏအဆက်သွယ်ပြုသည်။ အခုလိုသီတင်းကျွတ်ကာလ ရွာဘုရားပွဲရှိချိန်ဆိုလျှင် မလေးရောက် သူတို့ရွာသားတွေ အတော်လေး လွမ်းကြသည်။ ရွာဘုရားပွဲက အတော်စည်ပြီး ပျော်စရာအတော်ကောင်းတာကိုး။ ဒေါ်စန်းသားတွေဆို ငယ်တုန်းက ရွာဘုရားပွဲလှည့်ပြီဆို ရှိုးစမိုးအပြည့်ဖြင့် လိုက်တတ်သူတွေ။ ဖုန်းထဲကနေပြောတာ "ဘုရားပွဲကို လွမ်းလိုက်တာ အမေရေ"တဲ့။



ကွယ်လွန်သူ ကိုနိုင်လင်း၏ စိတ်နလုံးညှိုးနွမ်းနေသော မိဘနှစ်ပါး

ဓာတ်ပုံ – ညီညီဇော်

(၁၀)နှစ်ပြည့်တော့ သားအငယ် မောင်ခိုင်လင်းက မလေးရှားကနေပြန်လာခဲ့သည်။ သားအကြီး မောင်နိုင်လင်းကတော့ ကိုးနှစ်အတွင်း တစ်ခေါက်မှ ပြန်မလာနိုင်သေး။ ပြန်လာလျှင် စရိတ်စက မနည်းကုန်ကျမည်ဖြစ်၍ ချင့်ချိန်ကာ ပြန်မလာခြင်းဖြစ်မည်။ ဒေါ်စန်းကတော့ လွမ်းလှပြီ။ ကိုးနှစ်ကျော်၊ (၁၀)နှစ်ခန့် မမြင်ရသဖြင့် မြင်ချင်လှပြီဖြစ်သည်။ သားတွေ ပို့ပေးသည့် ပိုက်ဆံတွေ ဒေါ်စန်း စုထားသည်။ "ဩော်..သူတို့ခမျာ မိဝေးဖဝေး တိုင်းတစ်ပါးမှာ ပင်ပင်ပန်းပန်းအဆင်းရဲခံပြီး ရှာထားရတာ"ဟု တွေးမိတိုင်း ထမင်းပင် မျိုမကျလှ။

မလေးရှားမှာ ဘာသာရေး အဓိကရုဏ်းတွေဖြစ်ပြီး ရိုက်ကြနှက်ကြသံကြားတော့ သားကြီးကို စိတ်ပူရသည်။ ဖုန်းအဆက်အသွယ်မျှော်ရသည်။ "အမေရေ၊ စိတ်မပူနဲ့။ စက်ရုံထဲပဲနေတာ။ ဘယ်မှမထွက်ဘူး"ဟု ပြောမှ ဒေါ်စန်း သက်ပြင်းချရသည်။

ဒေါ်စန်းမှာ စိတ်ကူးလေးတွေရှိသည်။ သားတွေပို့ထားသည့် ငွေတွေ ခြိုးခြံချွေတာ စားသုံးကာ စုဆောင်းထားခဲ့ပြီဖြစ်သည်။ သားကြီးပြန်လာလျှင်

စာမျက်နှာ ၇ »






စာမျက်နှာ ၆ မှ

မိသားစုတွေ ဥမကွဲသိုက်မပျက် အရင်လို ထန်းတောင်သူအလုပ်ပဲ ပြန်လုပ်ချင်သည်။ "ဟိုတုန်းက ထန်းပင်အပိုင်မရှိလို့သူများအပင် တက်ခဲ့ရတာ ခုထန်းတောင်အပိုင် ဝယ်နိုင်ပြီ။ ထန်းပဲ ပြန်တက်စားတော့မယ်"ဟုတွေးကာ ဒေါ်စန်း အကျေနပ်ကြီးကျေနပ်ခဲ့တာ ဖြစ်သည်။ သို့သော် သူ့စိတ်ကူးတွေ၊ ရည်မှန်းထားတာတွေ ပျက်စီးဖို့ အကြောင်းက ဖန်လာသည်။

၂၀၁၈ စက်တင်ဘာလကုန် ပိုင်းရက်တွေမှာ ဘယ်လိုရယ်မသိ ဒေါ်စန်း နေလို့ထိုင်လို့ သိပ်မကောင်း။ ခေါင်းထဲသိပ်မကြည်။ တစ်ရက် ဒေါ်စန်းနှင့် သူ့သမီးငယ်လေး အိမ်ထဲရှိနေတုန်း မီးဖိုကဲက ဖွန်းတွေ တချွင်ချွင် ကျယ်လောင်စွာမြည်လာခဲ့သည်။ အိမ်ထဲလည်းဘယ်သူမှမရှိ။ သားအမိနှစ်ယောက်စလုံး ကြားလိုက်ရ၍ ဘာများဖြစ်တာပါလိမ့် တွေးခဲ့မိသည်။ နောက်ပြီး အိမ်ရှေ့က ညောင်ပင်ကြီးပေါ်ကနေ တစ်တီတူးငှက်အော်သံ မကြားစဖူးကြားရသည်။ ရှေးအယူအဆက ငှက်သံမျိုး ကိုယ့်အိမ်အနီးနား ကြားလိုက်ရလျှင် လူသေတတ်သတဲ့။



*ကိုနိုင်လင်း၏ဓာတ်ပုံများကို ပြသနေသည့် ၎င်း၏မိခင် ဒေါ်စန်း*

ဓာတ်ပုံ – ညီညီဇော်

ဒေါ်စန်းထိတ်ခနဲဖြစ်သွားခဲ့သည်။

ဒီကြားထဲမှာ မလေးရှားက သားကြီး မောင်နိုင်လင်းနှင့် လအနည်းငယ်အကြာ အဆက်အသွယ်ပြတ်နေခဲ့သည်။ သူတို့ရွာဘက်က ဖုန်းလိုင်းက မကြာခဏ ခေါ်မရ။ သူ့ဆီဆက်သွယ်ဖို့က သူတို့က ဖုန်းကတ်တွေကို တစ်ကတ်ဝယ်၊ တစ်ကတ်ကုန်၊ တစ်ကတ်ပြောင်းသုံးတာကြောင့် ဆက်သွယ်လို့ကမလွယ်။ ထိုအချိန်မှာပဲ ရွာအနီးက မလေးရှားရောက် လူငယ်တစ်ဦး၏ မိသားစုဝင်တစ်ယောက်က သူတို့အိမ်ကို ရောက်လာသည်။ ဒေါ်စန်းသား ဆေးရုံတင်ထားရသည်မှာ လေးရက်ရှိနေပြီတဲ့။ ဒေါ်စန်း ချာချာလည်သွားလေတော့သည်။

သူ့သူငယ်ချင်းတွေပို့ပေးတဲ့ ဗီဒီယိုဖိုင် အတိုလေးတစ်ခုနှင့် ဓာတ်ပုံတွေ ဒေါ်စန်းတို့ ကြည့်ရသည်။ သားက နဂိုအတိုင်း ဝဝပြည့်ပြည့်ဖြိုးဖြိုးလေး။ အသက်ကို ဖြည်းညင်းစွာရှူနေသည်ကို တွေ့ရသည်။ ဖြစ်စဉ်မေးမြန်းကြည့်တော့ မနက်ရေချိုးဖို့အဆင်း လဲကျသွားသည်တဲ့။ ဒေါ်စန်း စိတ်တွေ ယောက်ယက်ခတ်တော့သည်။ ဘာလုပ်လို့ ဘာကိုင်ရမလဲမသိ။ အိမ်ကဘုရားမှာ တတွတ်တွတ် ဆုတောင်းရသည်။ သားအမြန်သက်သာစေဖို့။ မသက်သာဘူးဆိုလျှင် ဒီကိုပြန်ပို့ခိုင်းပြီး ဒီမှာဆေးကုမည်ဟု ဒေါ်စန်း စဉ်းစားထားသည်။ သို့သော် ဒေါ်စန်း ဆုတောင်းမပြည့်ခဲ့။

စက်တင်ဘာ ၂၈ ရက်တွင် ဒေါ်စန်းတို့ဆီ သတင်းဆိုးတစ်ခုဝင်လာသည်။ မောင်နိုင်လင်း ဆုံးပြီတဲ့။ ဒေါ်စန်း ပဋာမြေလူးဖြစ်တော့သည်။ ကိုးနှစ်ကျော်ခွဲခွာနေခဲ့ရသည့်သား၊ မကြာမီပြန်လာတော့မည်ဟု အမျှော်ကြီးမျှော်နေခဲ့ရသည့် သား ခုတော့ဆုံးပြီတဲ့။ သားကြီးနာရေးကိစ္စကူညီပေးနေသည့် မလေးရှားက မြန်မာလူမှုကူညီရေးအသင်းကနေတစ်ဆင့် သိရသည်က သားကြီးသည် မလေးရှားနိုင်ငံထုတ် မအိုဆေး

စာမျက်နှာ ၈ »



www.free4readers.com



Vol.17, No.32 • OCTOBER 17 , 2018

# ရန်ကုန်ဆေးရုံကြီးတွင် နာကျင်မှုဝေဒနာသက်သာစေရေးစင်တာ တိုးချဲ့ရန် စီစဉ်

**ယမင်း**

**ရန်ကုန်၊ အောက်တိုဘာ ၁၃**

နာကျင်မှုဝေဒနာခံစားနေရသော လူနာများကို ဆေးကုသမှု ပိုမိုပေးနိုင်ရေး နာကျင်မှုဝေဒနာသက်သာစေရေးစင်တာကိုတိုးချဲ့ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်း အရိုး၊ အကြောအဆစ်ဆေးပညာဘာသာရပ်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ချစ်စိုးက ပြောသည်။

ရန်ကုန်ဆေးရုံကြီးဦးနှောက်နှင့် အာရုံကြောကုသဆောင် အနောက်ဘက်တွင် ဖွင့်လှစ်ထားသည့် ယင်းစင်တာကို လူနာပိုမိုကုသပေးနိုင်ရေး တိုးချဲ့ဆောက်လုပ်မည် ဖြစ်သည်။

အဆိုပါစင်တာတွင် ကင်ဆာရောဂါခံစားနေရသည့်လူနာများ၊ ခွဲစိတ်ပြီး လူနာများ၊ ထိခိုက်ဒဏ်ရာရရှိသူများနှင့် အရိုးအကြောအဆစ်လူနာများစသဖြင့် နာကျင်မှုခံစားရသောလူနာများကို နာကျင်မှုသက်သာအောင် အခမဲ့ ဆေးကုသပေးမည်ဖြစ်သည်။



*နာကျင်မှုဝေဒနာ သက်သာစေရေးစင်တာတွင် နာကျင်မှုခံစားရသော လူနာများကို အခမဲ့ဆေးကုသပေးလျက်ရှိသည်။*

ဓာတ်ပုံ – နစ်ကီ

"တိုးချဲ့တာကတော့ ဒီနှစ်၊ ဒါမှမဟုတ် နောက်နှစ်မှာ ပြီးစီးပြီး Function (လုပ်ငန်း)စနိုင်မှာ ဖြစ်တယ်။ လက်ရှိမှာတော့ တစ်ပတ်ကို တစ်ရက်ပဲဖွင့်ပြီး ကုပေးနေတယ်။ တိုးချဲ့ပြီးရင်တော့ လူနာတစ်နေ့ကို ၄၀ လောက်ကုဖို့ လျာထားတယ်။ တစ်ပတ်ကို ငါးရက်တိုးဖွင့်သွားမယ်။အဲဒီတော့ အရင်ကထက် ငါးဆတိုးပြီး ကုနိုင်မှာ ဖြစ်ပါတယ်"ဟု ပါမောက္ခ ဒေါက်တာ ချစ်စိုးက ပြောသည်။

မြန်မာနိုင်ငံတွင် အဖြစ်များသောအရိုး၊အကြော၊အဆစ်ရောဂါများသည် သွေးလေးဖက်နာရောဂါ၊ အရေပြားလေးဖက်နာရောဂါ၊ ခါးဆစ်ရောင် လေးဖက်နာရောဂါ၊ အရိုးကျီးပေါင်းရောဂါနှင့် အရိုးပွရောဂါများ ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၀၁၇ တွင် အရိုး၊ အဆစ်လူနာများနှင့် ပတ်သက်၍ လက်ပံတန်းမြို့နယ်၌ ကောက်ယူခဲ့သော စစ်တမ်းအရ သွေးလေးဖက်နာရောဂါ ဖြစ်ပွားသူ ၁ ဒသမ ၃ ရာခိုင်နှုန်း၊ အရိုးကျီးပေါင်းတက် ရောဂါဖြစ်ပွားသူ ၂ ဒသမ ၄ ရာခိုင်နှုန်း၊ အရိုးပွပြီးကျိုးသည့်ရောဂါဖြစ်ပွားသူ ၁ ဒသမ၄ ရာခိုင်နှုန်း၊ ခါးနာရောဂါဖြစ်ပွားသူ ၅ဒသမ၉ ရာခိုင်နှုန်းနှင့် ခြေ၊ လက်ထိခိုက်ဒဏ်ရာရရှိမှု ၂ ရာခိုင်နှုန်းရှိသည်။

# ယခုနှစ်အတွင်း စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားမှုနှစ်ဆမြင့်တက်

**ယမင်း**

**ရန်ကုန်၊ အောက်တိုဘာ ၁၃**

ယခုနှစ်တွင် စားသုံးသူရေးရာဦးစီးဌာနသို့ စားသုံးသူများက တိုင်ကြားမှု နှစ်ဆခန့်တက်လာပြီး တိုင်ကြားမှုအများစုသည် ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဖြစ်ကြောင်း ယင်းဌာနညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက ပြောသည်။

၂၀၁၇ က တိုင် ကြားမှု ၁၀၄ မှုရှိခဲ့ပြီး ယခုနှစ်ဆန်းကစ၍ လက်ရှိအထိ အမှု ၂၀၀ ခန့်ရှိသဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ဆခန့်တက်လာသည်။

တိုင်ကြားမှုအများစုမှာ မိုဘိုင်းဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှုနှင့် အရောင်းဝန်ဆောင်မှုများဖြစ်သည်။ တိုင်ကြားမှုများကို ကြည့်မည်ဆိုပါက ယခင်နှစ်များက အစားအသောက်နှင့် ပတ်သက်သည့် တိုင်ကြားမှု ၈၀ ရာခိုင်နှုန်းရှိပြီး ကျန် ၂၀ ရာခိုင်နှုန်းက ဝန်ဆောင်မှုများဖြစ်သည်။ ယခု ၂၀၁၈ တွင်မူ ဝန်ဆောင်မှုနှင့် ပတ်သက်သည့် တိုင်ကြားမှု ၈၀ ရာခိုင်နှုန်းအထိရှိလာပြီး ကျန် ၂၀ ရာခိုင်နှုန်းမှာ အစားအသောက်နှင့် ပတ်သက်သည့်တိုင်ကြားမှု ဖြစ်သည်။

"ကျွန်တော်တို့ဆီကို တိုင်ကြားလာမှုတွေက တဖြည်းဖြည်း မြင့်တက်လာတယ်။ အဲဒီထဲမှာ ခရီးသွားဝန်ဆောင်မှုတွေ၊ Sale Service နဲ့ ပတ်သက်ပြီး အာမခံပေးမှုတွေမှာ အရောင်းအဝယ်လုပ်တုန်းကလို မလုပ်ပေးတာတွေပေါ့။အဲဒါတွေတိုင်ကြားတာများတယ်။ နောက်မိုဘိုင်းဝန်ဆောင်မှုတွေလည်း တိုင်တာများပါတယ်။ အရင်ကဆို လူကိုယ်တိုင် တိုင်စာလာပေးရတာပေါ့။ အခုတော့ Web ကတစ်ဆင့် တိုင်ကြားနိုင်တော့ အမှုတွေက မြင့်တက်လာတာပါ"ဟု ဦးဆွေတင့်ကြူးက ပြောသည်။

ပြည်သူများအနေဖြင့် မိမိတို့ဝယ်ယူသုံးစွဲခဲ့သော ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ စိတ်ကျေနပ်မှုမရှိ၍သော်လည်းကောင်း၊ နစ်နာမှုရှိ၍သော်လည်းကောင်းတိုင်ကြားလိုပါက စားသုံးသူရေးရာဦးစီးဌာနသို့ ဖုန်းနှင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ တိုင်ကြားနိုင်သည်။ ယင်းအပြင် စားသုံးသူရေးရာဦးစီးဌာန Website ဖြစ်သော www.doca.gov.mm သို့ အွန်လိုင်းမှတစ်ဆင့် တိုင်ကြားနိုင်သည်။

"ဒီလထဲမှာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ ဆက်သွယ်ရေးအော်ပရေတာသုံးခုတွေ့ဆုံခဲ့ပြီး စားသုံးသူအခွင့်အရေးတွေကို လေးစားဖို့နဲ့ အငြင်းပွားမှုတွေကို ဖြေရှင်းပေးဖို့အသိပေးခဲ့ပါတယ်"ဟုဦးဆွေတင့်ကြူးက ပြောသည်။



7 DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018

www.free4readers.com

# မန္တလေး၊ မွန်နှင့် ကရင်ပြည်နယ်ရှိ အခြေခံပညာကျောင်းများတွင် ရှေးဦးပြုစုခြင်း လက်တွေ့သင်ကြားမည်

**ယမင်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၃**

ပြည်နယ်နှင့် တိုင်း သုံးခုရှိ အခြေခံပညာကျောင်းများတွင် မြန်မာနိုင်ငံကြက်ခြေနီနှင့် MPT တို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း လက်တွေ့သင်ကြားမည်ဖြစ်သည်။

မန္တလေးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ကျောင်းငါးကျောင်းစီကို ရွေးချယ်၍စုစုပေါင်း အခြေခံပညာကျောင်း ၁၅ ခုတွင် ကျောင်းသားများကို သင်တန်းပေးမည် ဖြစ်သည်။

"ကျောင်းတွေမှာလက်တွေ့သင်တန်းပေးတဲ့အစီအစဉ်ကို သီတင်းကျွတ်ပိတ်ရက်အပြီးမှာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု MPT ဥပဒေနှင့် ညှိနှိုင်းရေးရာဌာန ဒါရိုက်တာဦးမျိုးသန်းက ပြောသည်။

သင်တန်းပေးရာတွင် ခေါင်းစဉ် ၁၄ ခုရှိပြီး ထိခိုက်ဒဏ်ရာရသူများကို ဆန်းစစ်ခြင်း၊ ဒဏ်ရာနှင့် သွေးထွက်ခြင်း၊ ရုတ်တရက်ထိခိုက်မိခြင်း၊ မီးလောင်၊အရေပြားလောင်ခြင်းနှင့် အဆိပ်သင့်ခြင်း၊ တိရစ္ဆာန်အကိုက်ခံရခြင်း၊ မြွေကိုက်ခံရခြင်း၊ အဆစ်အမြစ်နှင့် ကြွက်သားဒဏ်ရာရရှိခြင်း၊ အရေးပေါ် အသက်ရှူအား ကူနည်းပညာ၊ ဒဏ်ရာကိုဆေးကြောခြင်းနှင့် ပတ်တီးစည်းခြင်း၊ ဦးခေါင်း၊ ကျောရိုးထိခိုက်မိခြင်း၊ သတိမေ့ခြင်း၊ လူနာကို သယ်ယူခြင်းတို့ အပြင် အခြေခံအသက်ကယ်နည်းစသော ခေါင်းစဉ်များဖြင့် သင်ကြားပေးမည် ဖြစ်သည်။

ထိုကဲ့သို့ ကလေးများကို လက်တွေ့သင်တန်းပေးခြင်းအပြင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ရှေးဦးပြုစုခြင်း ပြိုင်ပွဲများ ကျင်းပမည် ဖြစ်သည်။

ယင်းပြိုင်ပွဲများကို အဆိုပါ တိုင်းနှင့်ပြည်နယ် သုံးခုရှိ မြို့ကြီးများတွင်သာမက နီးစပ်ရာမြို့များတွင်ပါ ပြုလုပ်မည် ဖြစ်သည်။

# မကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှုစစ်တမ်း ငါးနှစ်အကြာတွင် ပြန်လည်ကောက်ယူမည်




*မြန်မာနိုင်ငံတွင် လူ ၁၀၀ လျှင် ၂၅ ဦးသည် သွေးတိုးရောဂါခံစားနေရသည်။*

ဓာတ်ပုံ – ကျော်ဇင်သန်း

**ယမင်း**

**ရန်ကုန်၊ အောက်တိုဘာ ၁၃**

မကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှုနှင့် ဖြစ်ပွားစေနိုင်သော အကြောင်းရင်းများ ဆန်းစစ်လေ့လာခြင်း စစ်တမ်းကို ငါးနှစ်အကြာတွင် ပြန်လည်ကောက်ယူမည် ဖြစ်သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိမကူးစက်နိုင်သော ရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲက ၂၀၁၄ တွင် ယင်းစစ်တမ်း(STEP Survey)ကို ကောက်ယူခဲ့ပြီးနောက် ငါးနှစ်အကြာ ၂၀၁၉ နှစ်ဆန်းပိုင်း၌ ပြန်လည်ကောက်ယူမည်ဖြစ်သည်။

စစ်တမ်းကောက်ယူရာတွင် ပထမတစ်ကြိမ်ကဲ့သို့ အသက် (၂၅)နှစ်မှ (၆၄)နှစ်ကြားအရွယ်များကို ကောက်ယူမည်ဖြစ်ပြီး နေရာဒေသစုံလင်စွာကောက်ယူနိုင်ရန်ရည်မှန်းထားကြောင်း မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနညွှန်ကြားရေးမှူးဒေါက်တာကျော်ကံကောင်းက ပြောသည်။

"လေးလပိုင်းလောက်ဖြစ်မယ်ထင်တယ်။ ဆောင်ရွက်မယ့်ဟာက ဒေတာကောက်ယူမှုတွေ၊ နောက်မိုးတွင်း ဘာညာဒါမျိုးတွေ ရှောင်ရမယ်ဆိုရင်တော့ နှစ်ကုန်ပိုင်းလောက်မှာပြီးမှာပေါ့။ ပြီးလို့ရှိရင် ဒေတာတွေစုစည်းတာတို့ ဘာတို့ဆက်လုပ်သွားမယ်။ ရလဒ်တွေအပေါ်မှာ ဘယ်ဇရိယာကို စတင်ကိုင်တွယ်ရင် ကောင်းမလဲ ဆိုတာသိလာမယ်။ ဆာဗေးတွေကြောင့်မို့ကျွမ်းကျင်ပညာရှင်တွေ တိုက်တွန်းလို့ NCD ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်လာနိုင်တဲ့သာကေတွေလည်းရှိပါတယ်"ဟု ၎င်းက ပြောသည်။

ဆီးချို၊သွေးတိုးစသောမကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှု၊ ဖြစ်ပွားစေသောအကြောင်းအရင်းများကို ကောက်ယူမည် ဖြစ်သည်။

"ဒီငါးနှစ်ကြာပြီးတော့ ဘယ်လောက်များပြောင်းလဲသွားပြီလဲဆိုတာမျိုးသိချင်ပါတယ်။ အဓိကကပေါ့နော် ရောဂါရဲ့ဖြစ်ပွားမှုနှုန်းကိုလည်း လေ့လာမယ်။ နောက်တစ်ခါ ဒီရောဂါဖြစ်ပွားစေနိုင်မယ့်ဟာမျိုးပေါ့။ ဥပမာဆေးလိပ်ဘယ်လောက်သောက်လဲ၊ ဆားဘယ်လောက်စားသလဲ။ နောက်တစ်ခါ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါတွေဖြစ်စေတဲ့ လေထုညစ်ညမ်းမှုတွေပေါ့။ တော်တော်များများ ကျေးရွာတွေမှာ မီးဖိုချောင်တို့၊ဘာတို့ဆိုတာက သီးခြားမရှိဘူးလေ။ အိမ်ထဲမှာပဲချက်တယ် ပြုတ်တယ်။ ချက်ပြုတ်လိုက်လို့ရှိရင် ထင်းတွေလည်း သုံးကြတာရှိတယ်။ ဘယ်လိုမျိုးသုံးလဲ၊ အဲဒါတွေပေါ့နော်။ ဖြစ်နိုင်ခြေရှိတဲ့ အကြောင်းရင်းတွေသိရှိမှ ဒါတွေကို ဖယ်ရှားနိုင်မှာပေါ့"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ က ကောက်ယူထားသော စစ်တမ်းအရ လူ ၁၀၀ လျှင် ၁၀ ဦးသည် ဆီးချိုရောဂါရှိနေပြီး လေးပုံတစ်ပုံသည် သွေးတိုးရောဂါရှိနေသည်။




# စားသောက်ကုန်များကို စစ်ဆေးနိုင်မည့် နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းတည်ဆောက်မည်

**ယမင်း**

**ရန်ကုန်၊ အောက်တိုဘာ ၁၃**

ပြည်တွင်း၊ ပြည်ပစားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးကို စစ်ဆေးနိုင်မည့် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်အတွင်း တည်ဆောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးအေးဝင်းကပြောသည်။

အဆိုပါဓာတ်ခွဲခန်းအသစ်ကို ကန်တော်ကြီးပတ်လမ်းအနီး ဗိုလ်ချုပ်လမ်းရှိ စက်မှုဝန်ကြီးဌာနပိုင်မြေပေါ်တွင် တည်ဆောက်မည်ဖြစ်သည်။

ယင်းဓာတ်ခွဲခန်း၌ စားသောက်ကုန်များတွင်ပါဝင်သော ပစ္စည်း၊ အာဟာရဆိုင်ရာတန်ဖိုးနှင့် မည်သည့် အဏုဇီဝပိုးမွှားများပါဝင်နေခြင်းစသဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်မည်ဖြစ်ပြီး မည်သူမဆို အခကြေးငွေဖြင့် လာရောက်စစ်ဆေးနိုင်ကြောင်း မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်း တွဲဖက်အတွင်းရေးမှူးဒေါက်တာကျော်ငြိမ်းအေးကပြောသည်။

ဂျပန်အဖွဲ့အစည်းတစ်ခုနှင့် ဓာတ်ခွဲခန်းဒီဇိုင်းရေးဆွဲရန် MoU ရေးထိုးပြီးဖြစ်ကာတစ်နှစ်အတွင်း တည်ဆောက်မည်ဖြစ်သည်။

လက်ရှိတွင်ယင်းအသင်းအနေဖြင့် ရန်ကုန်မြို့မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ဖွင့်လှစ်ထားသည့် ဓာတ်ခွဲခန်းတစ်ခုရှိပြီး အဆိုပါဓာတ်ခွဲခန်းသည် ကျဉ်းမြောင်းသဖြင့် ယခုကဲ့သို့ ဗဟန်းမြို့နယ်၌ နိုင်ငံတကာ အဆင့်မီဓာတ်ခွဲခန်းတည်ဆောက်ကာ ပြောင်းရွှေ့ ဖွင့်လှစ်ခြင်းဖြစ်သည်။

"အစိုးရဌာနတွေဓာတ်ခွဲခန်းတွေရှိဖို့မဟုတ်ဘဲနဲ့ ဒီလိုအသင်းအဖွဲ့တွေကလည်း ဓာတ်ခွဲခန်းတွေလိုအပ်တယ်။ နည်းပညာရှင်တွေ၊ အတတ်ပညာရှင်တွေ နည်းပါးနေတဲ့သဘောလည်းရှိပါတယ်။ အဲဒါကြောင့်မို့ တက္ကသိုလ်တွေမှာ စားသောက်ကုန်နဲ့ပတ်သက်တဲ့ အသိပညာရှင်တွေ၊ ဓာတ်ခွဲစမ်းသပ်တဲ့ ကျွမ်းကျင်သူတွေပိုမိုပြီးတော့ ထွက်ရှိလာရေးနဲ့ တက္ကသိုလ်တွေမှာ အစားအသောက်တွေနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေ ဖွံ့ဖြိုးလာရေးအတွက်လည်း တက္ကသိုလ်တွေကို တိုက်တွန်းပါတယ်"ဟု ဒေါက်တာကျော်ငြိမ်းအေးကပြောသည်။

www.free4readers.com

The Brief 7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018



*ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီတစ်ဆူကို မွမ်းမံထိန်းသိမ်းနေစဉ်*
ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

## ငလျင်ဒဏ်သင့် ပုဂံစေတီပုထိုးများပြုပြင်ထိန်းသိမ်းရန် အလှူငွေကျပ်လေးဘီလီယံကျော်နှင့် ဒေါ်လာ ၁၁ သိန်းရရှိ

ငလျင်ဒဏ်သင့် ပုဂံစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေး ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသည့် အလှူငွေကျပ် ၄၆,၀၅၉ သိန်း (၄ ဒသမ ၅ ဘီလီယံကျော်)နှင့် ကန်ဒေါ်လာ ၁၁ သိန်းရရှိထားကြောင်း အောက်တိုဘာ ၁၀ရက်က ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်၌ ပြုလုပ်သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးသည့် ပုဂံ–ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီအစည်းအဝေးသတင်းတွင် ဖော်ပြထားသည်။ ထို့အပြင် ထိုင်းဘတ် ၁၀,၈၂၀၊ စင်ကာပူဒေါ်လာ ၇,၂၅၀၊ ဂျပန်ယန်း ၃၀,၀၀၀ နှင့် တရုတ်ယွမ်၊ မလေးရှား ရင်းဂစ်၊ ကိုရီးယားဝမ်၊ ဥရောပသုံးငွေယူရိုတို့လည်း ရရှိထားသည်။ ၂၀၁၆ ဩဂုတ် ၂၄ ရက် တွင် အင်အားရစ်ခ်ျတာစကေး ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုး ၃၈၉ ဆူထိခိုက်ပျက်စီးခဲ့ရာ ၂ နှစ်အတွင်း စေတီပုထိုး စုစုပေါင်း ၃၂၅ ဆူကို ပြုပြင်ထိန်းသိမ်းပြီးဖြစ်ကြောင်း ယင်းအစည်းအဝေးတွင် ဒုသမ္မတဦးမြင့်ဆွေက ပြောသည်။

## ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလအထူးကိုယ်စားလှယ်တို့ ငြိမ်းချမ်းရေးနှင့် ရခိုင်အရေးဆွေးနွေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စစ်ခရစ္စတင်းရှယန်နာဘာဂီနာတို့ အောက်တိုဘာ ၁၂ရက်က နေပြည်တော်၌တွေ့ဆုံပြီး မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နောက်ဆုံးအခြေအနေနှင့် ရခိုင်ပြည်နယ်တွင် လူမှုအသိုင်းအဝိုင်းများအကြား သဟဇာတရှိစွာနေထိုင်ရေး ဆွေးနွေးခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ရခိုင်ပြည်နယ်အရေးအပါအဝင် မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများဖြေရှင်းရေးဆောင်ရွက်နေသည့်ကိစ္စ၊ မြန်မာအစိုးရနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကိုလည်းဆွေးနွေးခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်။

## မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှုဖော်ဆောင်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့ များ၏ အကူအညီလိုဟုသမ္မတဦးဝင်းမြင့်ပြော

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍတိုးတက်စေခြင်း၊ စိုက်ပျိုးရေးထုတ်ကုန် တိုးမြှင့်စေခြင်းအားဖြင့် ဒေသတွင်းစားနပ်ရိက္ခာလုံခြုံရေးအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၁ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ပြုလုပ်သည့် အာဆီယံခေါင်းဆောင်များစုဝေးပွဲတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်ကပြောသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းများ၏ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း သမ္မတကဆိုသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသနှင့် တောင်အာရှဒေသအကြား ပထဝီအနေအထားအရ မဟာဗျူဟာမြောက်စွာတည်ရှိနေခြင်းကြောင့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ပါက ဒေသတွင်းပေါင်းစပ်ဆက်သွယ်မှုကို များစွာအထောက်အကူဖြစ်စေမည်ဟု သမ္မတက ပြောသည်။

## အရည်အသွေးမပြည့်သည့် လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီများကို အစိုးရအရေးမယူပါက အဂတိတိုက်ဖျက်ရေးကော်မရှင်ထံ တိုင်ကြားမည်

ကယားပြည်နယ်အစိုးရအဖွဲ့သည် အရည်အသွေးမပြည့်မီသော လုပ်ငန်းများဆောင်ရွက်သည့် ကုမ္ပဏီနှင့်လုပ်ငန်းရှင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းမရှိပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ထံတိုင်ကြားမည်ဟု ပြည်နယ်လွှတ်တော်ပြည်သူ့ငွေစာရင်းစောင့်ကြည့်စစ်ဆေးရေးကော်မတီအတွင်းရေးမှူး ဦးအောင်နိုင်ဦးကပြောသည်။ ပြည်နယ်အစိုးရခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့် Global Good Pure Group ကုမ္ပဏီ၊ ညွန့်ကြည်သာလမ်းတည်ဆောက်ရေးလုပ်ငန်း၊ Ocean Wave Comm – unication ကုမ္ပဏီက ဆောက်ရွက်သည့် တယ်လီဖုန်းတိုင်ထောင်ခြင်း လုပ်ငန်းနှင့် နန်းအေးရိပ်ကုမ္ပဏီက ဆောင်ရွက်သည့် ဒေါ်ဥခူအားကစားရုံတည်ဆောက်ခြင်းလုပ်ငန်းတို့ကို စစ်ဆေးရာအရည်အသွေးမပြည့်မီကြောင်း ကော်မတီက စစ်ဆေးတွေ့ရှိခဲ့သည်။

## လူမြင်ကွင်း ဓားခုတ်မှုစွပ်စွဲခံရသူ ၁၅ ဦးကို ပုဒ်မသုံးခုဖြင့် တရားစွဲဆို

တာမွေဈေးရှေ့လူ မြင်ကွင်းတွင်ဖြစ်ပွားခဲ့သည့် ဓားခုတ်မှုမှ စွပ်စွဲခံထားရသူ ၁၅ ဦးကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ အောက်တိုဘာ ၁၁ ရက်က တရားစွဲဆိုတင်ပို့ခဲ့ကြောင်း ယင်းတရားရုံးမှတာဝန်ရှိသူတစ်ဦးကပြောသည်။ တာမွေမြို့နယ် မလ္လကုန်းဒွေးကြွယ်(က)ရပ်ကွက် ကားလမ်းမပေါ်တွင် စက်တင်ဘာ ၁၁ ရက်က ကလေးချင်းဖြစ်ပွားသည့်ပြဿနာမှအစပြုကာ လူမြင်ကွင်း၌ အုပ်စုဖွဲ့ဓားခုတ်မှုဖြစ်ပွားပြီး ဝင်းထွဋ်ဝင်းအပါအဝင် လူ ၁၅ ဦးကို လူသတ်မှုပုဒ်မ၊ ဘေးဖြစ်စေသောလက်နက်ဖြင့် အပြင်းအထန်နာကျင်စေမှုပုဒ်မ၊ အားပေးကူညီမှုပုဒ်မတို့ဖြင့် တရားစွဲဆိုခဲ့သည်။ အဆိုပါအမှုကို ရန်ကုန် အရှေ့ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး(၁၅)က တရားခွင်တွင် လက်ခံစစ်ဆေးမည်ဖြစ်ပြီးအောက်တိုဘာ ၁၉ ရက်သို့ ရုံးချိန်းပြန်လည်ချိန်းဆိုခဲ့သည်။ ဓားခုတ်မှုတွင် ရဲတပ်ဖွဲ့က ဖမ်းမိသည့်စွပ်စွဲခံထားရသူ ၁၅ ဦးကို တရားစွဲဆိုတင်ပို့ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူရှစ်ဦးရှိသေးကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတာဝန်ရှိသူတစ်ဦးက ပြောသည်။



*ရန်ကုန်မြို့ ကမ်းနားလမ်းတွင် အောက်တိုဘာ ၁၁ ရက်က ကွန်တိန်နာယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များက ယာဉ်များရပ်ကာ ဆန္ဒထုတ်ဖော်သဖြင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားနေစဉ်*
ဓာတ်ပုံ – MPA

## ကွန်တိန်နာယာဉ်မောင်းများ ညလုံးပေါက်ဆန္ဒပြပြီးနောက် ညပိုင်းဖြတ်သန်းချိန် မူလအတိုင်းပြန်လည်ထားရှိ၊ နေ့ပိုင်းအချိန်တိုးပေးရန်တောင်းဆိုချက် လက်မခံ

ကုန်သေတ္တာတင်ယာဉ်များ (ကွန်တိန်နာယာဉ်များ)ကို ကမ်းနားလမ်းတွင် ယာဉ်မောင်းချိန်တစ်နာရီလျှော့ချသဖြင့် အချိန်တိုးပေးရန် အောက်တိုဘာ ၁၀ ရက်က ညလုံးပေါက်ဆန္ဒထုတ်ဖော်ခဲ့ပြီးနောက် ရန်ကုန်တိုင်းအစိုးရနှင့် မြန်မာနိုင်ငံ ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းကာ ညပိုင်းအချိန် မောင်းနှင်မှုကို မူလအတိုင်းထားရှိပြီး နေ့လယ်ပိုင်းမောင်းနှင်ခွင့်အချိန် ပြောင်းလဲဖြေလျှော့ပေးရန် တောင်းဆိုချက်ကို လက်မခံရန်သဘောတူခဲ့ကြောင်း အထက်ပါ အသင်းတာဝန်ရှိသူအချို့က ပြောကြားသည်။ ကုန်သေတ္တာတင်ယာဉ်များ မောင်းနှင်ချိန်ကို ဆန္ဒပြယာဉ်မောင်းများက မူလအတိုင်း ည ၈ နာရီမှ နံနက် ၆ နာရီအထိ မောင်းနှင်ခွင့်ပြုပေးရန်နှင့် နေ့လယ်ပိုင်းတွင် လက်ရှိသတ်မှတ်ထားသည့် ၁၁ နာရီမှ ၁၂ နာရီအထိ နှင့် ၁ နာရီမှ ၂ နာရီ အထိမောင်းနှင်ခွင့်အစား ၁၁ နာရီမှ ညနေ ၃ နာရီ အထိထားပေးရန် တောင်းဆိုခဲ့ကြသည်။ ဆန္ဒထုတ်ဖော်မှုသည် ၁၅ နာရီခန့် ကြာမြင့်ပြီး အောက်တိုဘာ ၁၁ ရက်နံနက်က အကြိုညှိနှိုင်း သဘောတူညီချက်ရရှိပြီးနောက် ကုန်သေတ္တာတင်ယာဉ်မောင်းများက ယာဉ်များကို ပြန်လည်မောင်းနှင်ခဲ့သည်။

## ရက် ၁၀၀ အတွင်း တောဆင်ရိုင်းများ အသတ်မခံရသဖြင့် ကင်းလှည့်ထိန်းသိမ်းရေး ဝန်ထမ်း ၃၀ ဦးကို ဂုဏ်ပြု

တောဆင်ရိုင်း အများဆုံးကျက်စားရာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ ရက် ၁၀၀ အတွင်း တောဆင်ရိုင်းသတ်ဖြတ်ခံရမှုမရှိသဖြင့် ကင်းလှည့်ထိန်းသိမ်းရေး ဆောင်ရွက်ခဲ့သည့်ဝန်ထမ်း ၃၀ ကို သစ်တောဦးစီးဌာနက အောက်တိုဘာ ၁၂ ရက်တွင် ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ အဆိုပါ တိုင်းဒေသကြီးသုံးခုတွင် သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်ကျေးအဖွဲ့ဝင်များ ပူးပေါင်း၍ ကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် မေလ ၁၃ ရက်မှ ဩဂုတ် ၂၁ ရက်အထိရက် ၁၀၀ အတွင်း တောဆင်ရိုင်းသတ်ဖြတ်ခံရမှုမရှိခဲ့ပေ။

## သတ်မှတ်ချိန်ကျော်လွန်သည့် မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်များ ဖြုတ်သိမ်းခ သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်း ပေးချေရမည်

ကြားဖြတ်ရွေးကောက်ပွဲအတွက် စိုက်ထူထားသည့် မဲဆွယ်စည်းရုံးရေးဆိုင်ရာဆိုင်းဘုတ်များကို သတ်မှတ်ချိန်အတွင်း ဖြုတ်သိမ်းခြင်းမပြုပါက ရွေးကောက်ပွဲကော်မရှင်အစီအစဉ်ဖြင့် ဖြုတ်သိမ်းမည်ဖြစ်ပြီး ကုန်ကျငွေကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းက ပေးချေရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာ ၁၂ ရက်တွင် ထုတ်ပြန်သည်။ ကော်မရှင်သည် နိုဝင်ဘာ ၃ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲမဲဆွယ်စည်းရုံးကာလကို စက်တင်ဘာ ၃ ရက် မှ နိုဝင်ဘာ ၁ ရက်အထိ ရက် ၆၀ သတ်မှတ်ထားပြီး နိုဝင်ဘာ ၁ ရက် ည ၁၂ နာရီ၌ မဲဆွယ်ကာလကုန်ဆုံးမည်ဖြစ်သည်။ မဲဆွယ်ကာလအတွင်း စိုက်ထူထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကြော်ငြာနှင့် ပိုစတာများကို နိုဝင်ဘာ ၁ ရက် ည ၁၂ နာရီ နောက်ဆုံးထား၍ ဖြုတ်သိမ်းရန်နှင့် ဖြုတ်သိမ်းခြင်းမရှိပါက သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စည်ပင်သာယာရေးကော်မတီများနှင့်ညှိနှိုင်းကာ ဖြုတ်သိမ်းမည်ဟု ကော်မရှင်ကဆိုသည်။ ထိုသို့ကြော်ငြာ၊ ပိုစတာများဖြုတ်သိမ်းခြင်းကုန်ကျစရိတ်ကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းက ပြန်လည်ပေးချေရမည်ဖြစ်ကြောင်း ကော်မရှင်ထုတ်ပြန်ချက်၌ပါရှိသည်။

စာမျက်နှာ ၁၂ သို့

www.free4readers.com

7DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018




စာမျက်နှာ ၁၁ မှ


ဒေါ်အောင်ဆန်းစုကြည်နှင့် ရှင်ဇိုအာဘေးတို့ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ် ဓာတ်ပုံ – Myanmar State Counsellor Office

## မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ ဆက်လက်ကူညီမည်ဟု ဂျပန်ဝန်ကြီးချုပ်ပြော

ဂျပန်အစိုးရသည် မြန်မာနိုင်ငံဒီမိုကရေစီအပြောင်းအလဲအတွက် ကူညီထောက်ပံ့မှု ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တိုကျိုမြို့၌ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခြင်းဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ်သည် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သည့် မြန်မာအစိုးရ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံတော်တည်ငြိမ်ရေးကြိုးပမ်းမှုနှင့် ရခိုင်ပြည်နယ်အရေးဆောင်ရွက်ချက်များကို ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းပြောကြားသည်။ သို့ရာတွင် ရခိုင်ပြည်နယ်ဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဖော်ထုတ်မှုများသည် ယုံကြည်စိတ်ချရန်လိုအပ်ကြောင်းနှင့် နေရပ်စွန့်ခွာသူများကောင်းမွန်သည့် အခြေအနေဖန်တီးပေးရေး အရှိန်မြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက တိုက်တွန်းပြောကြားသည်။

## ရန်ကုန်တိုင်း၏ နစ်နာမှုများအတွက်ဒေါက်တာညိုညိုသင်းက အဂတိတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြား

ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြထားသည့် နိုင်ငံတော်ဘဏ္ဍာငွေနစ်နာဆုံးရှုံးမှုများကို ကျော်စောသတင်းအဖြစ် စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် ရန်ကုန်စောင့်ကြည့်အဖွဲ့ တည်ထောင်သူ ဒေါက်တာညိုညိုသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။ ရန်ကုန်တိုင်းလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဒေါက်တာညိုညိုသင်းက ၂၀၁၆ – ၁၇ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြထားသည့် နိုင်ငံတော်နစ်နာဆုံးရှုံးနေသည့် အချက်များကို ထောက်ပြကာ တိုင်ကြားခြင်းဖြစ်သည်။ တိုင်စာပါ အချက်အလက်များအရ အစိုးရဟောင်းလက်ထက်ရော အစိုးရသစ်လက်ထက်၌ပါဖြစ်ပွားသော နစ်နာမှုများကို တိုင်ကြားခြင်းဖြစ်ပြီး ကျပ်ဘီလီယံ ၆၀ ခန့်နစ်နာသည်ဟုဆိုသည်။

## မြိုင်ကြီးငူဆရာတော် ပျံလွန်တော်မူ

ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ဆေးဝါးကုသမှုခံယူနေသည့် သက်တော် (၇၀)၊ ဝါတော် (၅၀) ရှိ မြိုင်ကြီးငူဆရာတော်သည် အောက်တိုဘာ ၁၃ ရက်ည ၉ နာရီ ၁ မိနစ်တွင် အဆုတ်ရောဂါဖြင့် ပျံလွန်တော်မူရာ ရုပ်ကလာပ်ကို မြိုင်ကြီးငူဒေသသို့ ပြန်လည်ပင့်ဆောင်လာကာ ဈာပနာအခမ်းအနားကို မြိုင်ကြီးငူဒေသ၌ ကျင်းပမည်ဖြစ်သည်။ ဆရာတော်ဘဒ္ဒန္တသုဇနသည် ၁၉၉၄ တွင် ကေအင်န်ယူ (ကရင်အမျိုးသားအစည်းအရုံး)မှ ခွဲထွက်သည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) ကို ဦးဆောင်လမ်းညွှန်သူဖြစ်ကြောင်း ဒေသတွင်း KIC သတင်းဌာနကဖော်ပြသည်။

## အင်းစိန်ထောင်အတွင်း အချုပ်ကျမဲဆန္ဒရှင် ၄၀ ဦး ကြားဖြတ်ရွေးကောက်ပွဲ ကြိုတင်မဲပေး

ရန်ကုန်တိုင်းတွင် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးသူ ၄၉ ဦး၌ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အချုပ်ကျမဲဆန္ဒရှင် ၄၀ ဦး ပါဝင်ကြောင်း ရန်ကုန်တိုင်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်မောင်အေးကပြောသည်။ အောက်တိုဘာ ၅ ရက်မှ ၁၂ ရက်အထိ အဆိုပါအချုပ်ကျ ၄၀ ဦး အပါအဝင် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်မှ မဲဆန္ဒရှင်သုံးဦးနှင့် ဒဂုံမြို့နယ်ရှိ ဗဟိုသားဖွားသင်တန်းကျောင်းမှ မဲဆန္ဒရှင်ခြောက်ဦး စုစုပေါင်း ၄၉ ဦး ကြိုတင်မဲပေးခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင်ကျင်းပမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲပေးနိုင်မည့်လူဦးရေ ကိုးသိန်းကျော်အနက် ရန်ကုန်တိုင်း၌ မဲပေးနိုင်သည့်လူဦးရေ တစ်သိန်းခန့်ရှိသည်။

www.free4readers.com

Education

7DAY NEWS JOURNAL

Vol.17, No.32 • OCTOBER 17 , 2018

# ပညာရေး ဝိဇ္ဇာ၊ သိပ္ပံစာပေးစာယူ သင်တန်းများသို့ ဆရာအတတ်ပညာ ဒီပလိုမာရသူအားလုံး တက်ခွင့်ရမည်ဟုဆို

ဆုဆက်
ရန်ကုန်၊ အောက်တိုဘာ-၁၃



၂၀၁၉-၂၀ ပညာသင်နှစ်တွင် ပညာရေးစာပေးစာယူသင်တန်းများ ဖွင့်လှစ်မည်၊

ဓာတ်ပုံ - ကျော်ဇင်သန်း

ပညာရေးကောလိပ်များမှ လုပ်ငန်းခွင်ကြို ဆရာအတတ်ပညာဒီပလိုမာ (D.TEd) ရရှိထားသူအားလုံးကို ၂၀၁၉ ဒီဇင်ဘာတွင်ဖွင့်မည့် B.A (Education), B.Sc (Education) စာပေးစာယူသင်တန်းများတက်ခွင့်ပြုမည်ဟုပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

ယခု ၂၀၁၇–၁၈ ပညာသင်နှစ်အထိ D.TEd သင်တန်းကို အပတ်စဉ်(၁၂)ထိ ဖွင့်လှစ်ပြီးဖြစ်ရာ သင်တန်းဆင်းဆရာ၊ဆရာမအားလုံး ထိုသင်တန်းတက်ခွင့်ရ၊မရ ဝေဖန်မေးခွန်းထုတ်မှုများရှိနေချိန် ထိုသို့ ပြောကြားခြင်းဖြစ်သည်။

“၂၀၁၉ ဆိုရင် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်တွေ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အကယ်၍ D.TEd ရပြီးတော့မှ ဘွဲ့တစ်ခု မရသေးတဲ့ ဆရာ၊ ဆရာမများရှိရင်လည်းစိုးရိမ်စရာ မလိုပါဘူး။ ကျွန်တော်တို့ ဒီပလိုမာရတဲ့သူတွေအားလုံးကို သူ့ရဲ့ဘာသာရပ် လိုက်လျောညီထွေဖြစ်မယ်ဆိုရင် ဆရာ၊ ဆရာမပြုစုပျိုးထောင်ရေး အစီအစဉ်ဖြစ်တဲ့ ပညာရေးတက္ကသိုလ်နဲ့ ပညာရေးဒီဂရီကောလိပ်တွေက ဖွင့်လှစ်ပေးမယ့် တတိယနှစ်၊ စတုတ္ထနှစ်စာပေးစာယူ သင်တန်းတွေကို ဆက်လက်ပြီးတော့ တက်လို့ရမယ်။ တတိယနှစ်၊ စတုတ္ထနှစ်တက်ပြီးသွားရင် B.A(Education), B.Sc (Education) ဘွဲ့ ရနိုင်တယ်။ ရပြီး Qualified ဖြစ်ရင် B.Ed တစ်နှစ်ဆက်တက်မဖြစ်ရင် ယှဉ်ပြိုင်စနစ်နဲ့ စာမေးပွဲဖြေပြီး ဆက်တက်လို့ရအောင် စီစဉ်ထားပါတယ်”ဟု ဒေါက်တာမျိုးသိမ်းကြီးက အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အလက (၉)အင်းစိန်၌ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

လက်ရှိတွင် ရန်ကုန်နှင့် စစ်ကိုင်း ပညာရေးတက္ကသိုလ် နှစ်ခု၌ B.Ed (Bachelor of Education) ငါးနှစ် သင်တန်းများ ဖွင့်လှစ်နေပြီး ၂၀၁၉–၂၀ ပညာသင်နှစ်က စတင်ကာ B.A (Education), B.Sc (Education) စာပေးစာယူသင်တန်းများ ထပ်မံဖွင့်ရန် ပညာရေးဝန်ကြီးဌာနက စီစဉ်နေသည်။

B.A (Education), B.Sc (Education)စာပေးစာယူ စတုတ္ထနှစ်တွင် အရည်အချင်းပြည့်ပါက B.Ed ပဉ္စမနှစ်သင်တန်းတက်၍ B.Ed (Bachelor of Education) ကို ရယူနိုင်မည့်အပြင် သတ်မှတ်အရည်အချင်း မပြည့်သူများအတွက် B.Ed ပဉ္စမနှစ်သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုပြီး အောင်မြင်ပါက B.Ed (Bachelor of Education) ဆက်တက်ခွင့်ရမည် ဖြစ်သည်။ ပညာရေးကောလိပ်ဒီပလိုမာရရှိထားသူများကို အဝေးသင်တက္ကသိုလ် တတိယနှစ်မှ စတက်ခွင့်ပြုရေး၊ ဆရာအတတ်ပညာ ဆက်လက်သင်ယူရာတွင် အကန့်အသတ်များ ဖြေလျှော့ပေးရေး အချက်နှစ်ချက်ကို ပြီးခဲ့သည့်စက်တင်ဘာက နိုင်ငံအနှံ့ရှိ ပညာရေးကောလိပ်များတွင် ကျောင်းသား၊ ကျောင်းသူများက ကျောင်းတွင်း ဆန္ဒထုတ်ဖော်မှုများဖြင့် တောင်းဆိုခဲ့သည်။

ထိုတောင်းဆိုချက်များကို ပညာရေးဝန်ကြီးဌာနက ဖြည့်ဆည်းပေးရာတွင် B.A (Education), B.Sc (Education) စာပေးစာယူသင်တန်းများ ထပ်မံဖွင့်လှစ်မည့် အစီအစဉ်ပါဝင်လာခြင်းဖြစ်သည်။

ပညာရေးကောလိပ်ကျောင်းသားသမဂ္ဂများ ကိုယ်စားပြုကော်မတီနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့ တွေ့ဆုံညှိနှိုင်းမှုအပြီးတွင် D.TEd သင်တန်းဆင်းများအတွက် ပညာရေးစာပေးစာယူ သင်တန်းများ ဖွင့်လှစ်ပေးမည်ဟု ပညာရေးဝန်ကြီးဌာနဘက်က ကတိပြုခဲ့သည်။ ထို့ပြင် D.TEd ရရှိသူများသည် ပညာရေးကောလိပ်တွင် အထူးပြုယူခဲ့သော ဘာသာတွဲနှင့် အဝေးသင်တက္ကသိုလ်၌ ဆက်လက်တက်ရောက်မည့် ဘာသာတွဲ လိုက်လျောညီထွေဖြစ်ပါက ၂၀၁၈ ဒီဇင်ဘာကစ၍ အဝေးသင်တက္ကသိုလ်ကို ဒုတိယနှစ်မှ စတင်တက်ရောက်နိုင်မည်ဟုပညာရေးပြည်ထောင်စုဝန်ကြီးက ဆိုသည်။

“အဝေးသင် တက္ကသိုလ်သည် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့တွေပေးတာဖြစ်ပါတယ်။ ဆရာ၊ ဆရာမ ပြုစုပျိုးထောင်ပေးတဲ့ ဘွဲ့အစီအစဉ် မဟုတ်ပါဘူး။ မဟုတ်တဲ့အတွက် လိုက်လျောညီထွေဖြစ်ရင် ဒုတိယနှစ်က တက်လို့ရတယ်။ လိုက်လျောညီထွေမဖြစ်ရင်တော့ ပထမနှစ်ကနေ တက်ရမှာပါ” ဟု ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

လက်ရှိ စနစ်အရ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးပါက ပညာရေးကောလိပ်တွင် D.TEd ၂ နှစ်သင်တန်းကို ရွေးချယ်တက်ရောက်နိုင်ပြီးသင်တန်းပြီးဆုံးပါက သတ်မှတ်အရည်အချင်းပြည့်မီလျှင် ပညာရေးတက္ကသိုလ်တွင် B.Ed သင်တန်းဆက်လက်တက်ခွင့်ရှိသည်။ ပညာရေးကောလိပ်မှ B.Ed သို့ ဆက်တက်ခွင့်သတ်မှတ်ချက်များ တင်းကျပ်နေခြင်းကြောင့် လူအနည်းငယ်သာ B.Ed တက်ခွင့်ရသည်ဟု မုံရွာပညာရေးကောလိပ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုမြင့်ထွေးက ဆိုသည်။ B.Ed ဆက်လက် တက်ခွင့်မရသူများကို အခြေခံပညာကျောင်းများတွင် မူလတန်းပြအဖြစ်ခန့်ထားသော်လည်းပညာရေးဝန်ကြီးဌာန ရာထူးတိုးမူဝါဒအရ တက္ကသိုလ်မှ ဘွဲ့တစ်ခုရရှိထားရန် လိုအပ်သဖြင့် အဝေးသင်တက္ကသိုလ် ဆက်လက်တက်ရောက်ခြင်း ဖြစ်သည်။

တစ်နိုင်ငံလုံးတွင် ပညာရေးကောလိပ် ၂၅ ခုရှိပြီး ထိုကောလိပ်များအနက် မည်သည့်ပညာရေးကောလိပ်၌ ပညာရေး စာပေးစာယူ သင်တန်းများ ဖွင့်လှစ်နိုင်ခြင်း ရှိ၊မရှိ စီစဉ်ဆောင်ရွက်နေသည်။

# ကိုယ်ပိုင်ကျောင်းများကို အခြေခံပညာဦးစီးဌာနရုံးချုပ်က စစ်ဆေးရန်ရှိ

## ဥပဒေ၊ နည်းဥပဒေနှင့် မညီပါက အရေးယူမည်

ဆုဆက်
ရန်ကုန်၊ အောက်တိုဘာ-၁၃

ကိုယ်ပိုင်ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်ခြင်းရှိ၊ မရှိနှင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ထားခြင်း ရှိ၊ မရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများမှ အရာရှိများက အချိန်နှင့် တစ်ပြေးညီစစ်ဆေးရန် အခြေခံပညာဦးစီးဌာနက အောက်တိုဘာ ပထမပတ်တွင် ညွှန်ကြားထားသည်။

ပညာရေးအရာရှိများနှင့် ကိုယ်ပိုင်ကျောင်းများကို အခြေခံပညာဦးစီးဌာန ရုံးချုပ်က အခါအားလျော်စွာ စစ်ဆေးမည်ဟု ထိုညွှန်ကြားစာတွင် ထည့်သွင်းဖော်ပြထားသည်။

“ဖွင့်ခွင့် ရထားပြီးသားကျောင်းတွေ သတ်မှတ်ချက်ညီ၊ မညီ အမြဲစစ်နေဖို့ပေါ့။ နေပြည်တော်ကနေလည်း ဆင်းစစ်မယ်လို့တော့ စာဝင်ထားတယ်”ဟု မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကိုယ်ပိုင်ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်သည့် နေရာထိုင်ခင်းရှိ၊ မရှိ၊ သင်ထောက်ကူပစ္စည်းပြည့်စုံလုံလောက်မှု၊ သတ်မှတ်အရည်အချင်းပြည့်မီသည့် ဆရာ၊ ဆရာမများနှင့် သင်ကြားပို့ချမှု၊ ဆရာနှင့် ကျောင်းသားအချိုးတို့ကို စစ်ဆေးရန် ညွှန်ကြားထားကြောင်း ဆိုသည်။

၂၀၁၈–၁၉ ပညာသင်နှစ်အတွက် ကိုယ်ပိုင်ကျောင်းများ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပညာရေးဆိုင်ရာ မူဝါဒများနှင့် ပတ်သက်၍ ကိုယ်ပိုင်ကျောင်းတည်ထောင်သူ၊ ကြီးကြပ်အုပ်ချုပ်သူများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများက ဇူလိုင်ပထမပတ်တွင် စတင်ကာ ရှင်းလင်းပြောကြားခဲ့သည်။

သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်လုပ်ကိုင်မှု ရှိ၊ မရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးရုံးများက ကွင်းဆင်းစစ်ဆေးမည်ဟု အဆိုပါ ရှင်းလင်းပွဲများတွင် ကြိုတင်အသိပေးခဲ့သည်။

“ကိုယ်ပိုင်ကျောင်းတော်တော်များများက ကျောင်းဖွင့်ခွင့် လျှောက်တဲ့အချိန်မှာ သတ်မှတ်ချက်နဲ့ ကိုက်ညီအောင် ဆောင်ရွက်ထားပေမယ့် နောက်ပိုင်းမှာ စာသင်ခန်းတစ်ခန်းမှာ သတ်မှတ်ကျောင်းသားထက် ပိုသင်နေတာမျိုး၊ ကိုယ်ပိုင်ကျောင်းဆရာ လက်မှတ်မရှိသူတွေ သင်နေတာမျိုးတွေ ရှိတယ်။ ဒါမျိုးတွေကို တိုင်းပညာရေးမှူးတွေက စစ်ဆေးကြီးကြပ်ဖို့ပြောထားတာပါ”ဟုအခြေခံပညာဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများကို ၂၀၁၁ တွင် စတင်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေအရ ပြည်ပနိုင်ငံ အကူအညီဖြင့် ဖွင့်လှစ်ခြင်း၊ နိုင်ငံခြားအဖွဲ့အစည်းက ဦးစီးတည်ထောင်ဖွင့်လှစ်ခြင်း၊ သာသနာပြုကျောင်းအဖြစ် ဖွင့်လှစ်ခြင်းတို့ခွင့်မပြုဘဲ မြန်မာနိုင်ငံသားများသာ ခွင့်ပြုထားသည်။

ကိုယ်ပိုင်ကျောင်းများတွင် သင်ကြားမည့် ဆရာများသည် ပညာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသည့် ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်ရှိရမည်ဟု ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ၌ ဖော်ပြထားသည်။

သို့သော် သင်ကြားရေးလုပ်သက်ငါးနှစ်ပြည့်မှသာ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည့် သတ်မှတ်ချက်ကြောင့် ကိုယ်ပိုင်ကျောင်း သင်ဆရာအချို့ အခက်အခဲများ ကြုံနေကြောင်း ကိုယ်ပိုင်ကျောင်းဆရာများက ဆိုသည်။ ၂၀၁၈–၁၉ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၌ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း ၇၀၀ ကျော် ရှိနေသည်။

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018

## တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်မည့် ဆရာ၊ ဆရာမများကို ပညာရေးဝန်ကြီးဌာနက သင်တန်းပို့ချမည်

**ဆုဆက်**

**ရန်ကုန်၊ အောက်တိုဘာ-၁၄**

၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပမည့် စာစစ်ဌာနများတွင် ကြီးကြပ်မည့် ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများကို နိုဝင်ဘာ၊ ဒီဇင်ဘာအတွင်း သင်တန်းပို့ချမည်ဟု မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

ယမန်နှစ်က ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တွင် သင်တန်းသုံးကြိမ်ခွဲပေးပြီး ယခုနှစ်၌ အလားတူ သင်တန်းပို့ချနိုင်ရန်စီစဉ်နေသည်ဟုဆိုသည်။ သင်တန်းပေးမည့်နေရာတစ်ခု စုရပ်ပြုလုပ်ကာ အနီးရှိတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်မည့်ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာများကို သင်တန်းပေးရန် စီစဉ်နေသည်။

"စာစစ်ဌာနကြီးကြပ်ရေးမှူးတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲပုံစံ သင်တန်းပေးမှာပေါ့။ ကိုယ်တာဝန်ယူရတဲ့ စာစစ်ဌာနမှာ အကြောင်းတစ်ခုခု ကြုံလာရင် စာမေးပွဲစည်းကမ်းနဲ့အညီ ဘယ်လိုဖြေရှင်းရမယ်ဆိုတာမျိုးတွေ ပါမှာပါ"ဟု အဆိုပါ ညွှန်ကြားရေးမှူးက ပြောသည်။

ယခုနှစ်တက္ကသိုလ်စာမေးပွဲတွင် စိတ်ကြိုက်မြန်မာစာဘာသာရပ်ကလွဲ၍ ကျန်ဘာသာရပ်များကို မေးခွန်းပုံစံပြောင်းလဲမေးမြန်းမည်ဟု ပညာရေးဝန်ကြီးဌာနက ကြေညာထားပြီး ပြောင်းလဲမည့် မေးခွန်းပုံစံ နမူနာများ၊ ရှင်းလင်းချက်များကို နိုင်ငံပိုင်သတင်းစာများ၌ ၄နှစ်လကတည်းက ကြိုတင်အသိပေးထားသည်။

အခြေခံပညာကျောင်းများမှ အထက်တန်းပြဆရာ၊ ဆရာမများကိုဘာသာရပ်အလိုက်တက္ကသိုလ်ပါမောက္ခများက မေး ခွန်းပုံစံသစ်ဆိုင်ရာရှင်းလင်းဟောပြောမှုများ ကွင်းဆင်းပြုလုပ်ပေးနေသည်။

ပြီးခဲ့သည့် ၂၀၁၈ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန် လျှောက်ထားသည့်ကျောင်းသား၊ ကျောင်းသူ ၈၄၀,၀၀၀ ကျော်ရှိပြီး ၇၅၀,၀၀၀ ခန့် ဝင်ရောက်ဖြေဆိုခဲ့သည်။




## အထက်တန်းအဆင့်သင်ကျောင်းများအတွက် ယခုဘဏ္ဍာနှစ် ပညာရေးဘတ်ဂျက်မှ ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ ကျပ်လေးဘီလီယံကျော်ချထား

**ဆုဆက်**

**ရန်ကုန်၊ အောက်တိုဘာ ၁၃**

တစ်နိုင်ငံလုံးရှိ အထက်တန်းအဆင့်သင် ကျောင်းများအတွက် ယခု ၂၀၁၈–၁၉ ဘဏ္ဍာနှစ် ပညာရေးဘတ်ဂျက်မှ ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ ကျပ်လေးဘီလီယံကျော်ကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက အောက်တိုဘာ ဒုတိယပတ်က ချထားပေးခဲ့သည်။

ကမ္ဘာ့ဘဏ် ချေးငွေဖြင့် ဆောင်ရွက်သည့် ကျောင်းဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုရန်ပုံငွေများကို ပညာရေးဝန်ကြီးဌာနက တစ်နှစ်လျှင် နှစ်ကြိမ်အခြေခံပညာကျောင်းများသို့ ခွဲဝေချထားပေးသည်။ ဘဏ္ဍာရေးနှစ် အပြောင်းအလဲကြောင့် ယခုပညာသင်နှစ်တွင် အခြေခံပညာမူလတန်းအဆင့်သင်၊ အလယ်တန်းအဆင့်သင်ကျောင်းများကို ပထမအကြိမ်ခွဲဝေပေးရမည့် ရန်ပုံငွေအပြည့်ချထားပေးနိုင်သော်လည်း အထက်တန်းအဆင့်သင်ကျောင်းများကို အပြည့်မချထားနိုင်ခြင်းကြောင့်ယခုဘဏ္ဍာရေးနှစ်စတက်ချိန်တွင် ကျပ်လေးဘီလီယံကျော် ထပ်မံခွဲဝေပေးခြင်းဖြစ်သည်။

"အရင်တစ်ခေါက် ဘတ်ဂျက်မှာ ကျန်တဲ့ထက်ဆင့်သင်ကျောင်းတွေအတွက်ပါ။ အခု ဘတ်ဂျက်ပြန်စတော့ ဒီငွေနဲ့ ထပ်ချပေးတာပေါ့"ဟု အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးတစ်ဦးက ဆိုသည်။

ထိုငွေများအသုံးပြုရာတွင် ကျောင်းဖွံ့ဖြိုးရေးအကျိုးရှိမည့် လုပ်ငန်းများကိုသာ သတ်မှတ်ချက်နှင့်အညီသုံးစွဲရန် အခြေခံပညာဦးစီးဌာနက ညွှန်ကြားထားသည်။

ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအနေဖြင့် မူလတန်း၊ မူလတန်းကျောင်းခွဲ၊ အလယ်တန်း၊ အလယ်တန်းကျောင်းခွဲများအတွက် ကျောင်းသားဦးရေပေါ် မူတည်ကာကျပ် လေးသိန်းမှ ၄၂ သိန်းအထိလည်းကောင်း၊ အထက်တန်းနှင့်အထက်တန်းကျောင်းခွဲများအတွက် တစ်ကျောင်းလျှင် ကျပ်ငါးသိန်းအပြင် ကျောင်းသားတစ်ဦးလျှင် ကျပ်ငါးထောင်ဖြင့် ကျောင်းသားအရေအတွက်ပေါ် မူတည်ကာထောက်ပံ့ပေးခြင်းဖြစ်သည်။

ကျောင်းအုပ်ကြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ ကျောင်းသားမိဘ၊ ကျောင်းအကျိုးဆောင်အဖွဲ့ဝင်၊ ဆရာ၊ ဆရာမများဖြင့် ပါဝင်ဖွဲ့စည်းထားသော ကျောင်းအဆင့်ကျောင်းဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဖွဲ့စည်းကာ ယင်းကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေများကို အသုံးပြုရမည် ဖြစ်သည်။

ယင်းကော်မတီသည် ရန်ပုံငွေသုံးစွဲမည့် ဘတ်ဂျက်အစီအစဉ်နှင့် ရရှိမည့်ရန်ပုံငွေကို ကျောင်းရုံးခန်းနှင့် မြင်သာသောနေရာတွင် ကပ်ထားရမည်ဖြစ်ပြီး ယင်းငွေကြေးသုံးစွဲမှုနှင့်ပတ်သက်ပြီး တစ်စုံတစ်ဦးက တိုင်ကြားပါက မြို့နယ်၊ ခရိုင်ပညာရေးမှူးရုံးများအနေဖြင့် ချက်ချင်းအရေးယူဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည်။

"ကျောင်းဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ဆောင်ရွက်မှုနဲ့ပတ်သက်ပြီးမကျေနပ်ချက်တွေ၊ အလွဲသုံးစားမှုတွေရှိနေရင် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးတွေကို တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားမှုလက်ခံရရှိတာနဲ့ ခရိုင်ကဆင်းစစ်တာမျိုးလုပ်ပေးတယ်"ဟု ရှမ်းပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်ဝင်းကြည်က ၂၀၁၇–၁၈ ပညာသင်နှစ် ဘတ်ဂျက်ခွဲဝေပေးစဉ်က 7Day News ဂျာနယ်၏မေးမြန်းမှုကို ဖြေကြားထားသည်။

ပညာရေးဝန်ကြီးဌာနဘတ်ဂျက်နှင့် ကမ္ဘာ့ဘဏ်ချေးငွေတို့ဖြင့် အခြေခံပညာကျောင်းများသို့ ၂၀၁၄–၁၅ ပညာသင်နှစ်က ကျောင်းထောက်ပံ့ကြေး စတင်ပေးအပ်ပြီး ၂၀၁၇–၁၈ပညာသင်နှစ်တွင် ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေဟု အမည်ပြောင်းကာ ငွေကြေးသုံးစွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းအချို့ကို ပြောင်းလဲသတ်မှတ်ခဲ့သည်။

အခြေခံပညာ အရည်အသွေးပိုမိုမြင့်မားလာစေရန်၊ ပြည်သူလူထုထံမှ ထည့်ဝင်နေရသည့် ထောက်ပံ့ငွေပမာဏကို လျှော့ချရန်နှင့် အခြေခံပညာကျောင်းများ၏အရည်အသွေးမီသင်ကြား၊ သင်ယူမှုပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ကာကျောင်းထောက်ပံ့ကြေးပေးအပ်သည့် အစီအစဉ်ကို ဆောင်ရွက်ကြောင်းပညာရေးဝန်ကြီးဌာနကကြေညာသည်။

www.free4readers.com

Technology
7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018

# ဒီဂျစ်တယ်ငွေပေးချေ ဝန်ဆောင်မှုဆောင်ရွက်ရန် အနန္တနှင့် Wave Money ပူးပေါင်း

**နိုင်လင်းအောင်**

**မန္တလေး၊ အောက်တိုဘာ-၁၄**

ပြည်တွင်း၌ 4G Broadband အင်တာနက်ဝန်ဆောင်မှုများ ပေးနေသည့် အနန္တသည် ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေပေးချေသည့် ဝန်ဆောင်မှုပေးရန် Wave Money နှင့် ပူးပေါင်းခဲ့ကြောင်း အောက်တိုဘာ ဒုတိယအပတ်တွင် သတင်းထုတ်ပြန်သည်။

“ကျွန်တော်တို့ဟာ ပိုမိုကောင်းမွန်တဲ့ အင်တာနက်ကို ပေးစွမ်းပြီးသုံးစွဲသူတွေကိုပြီးပြည့်စုံတဲ့ဘဝပိုင်ဆိုင်နိုင်စေဖို့အတွက် မိတ်ဖက်ပါတနာဖြစ်လာတဲ့ Wave Money ရဲ့ ဆန်းသစ်တီထွင်မှုတွေနဲ့အတူ နောက်ထပ်ခြေတစ်လှမ်းဆက်တိုးသွားနိုင်ဖို့ မျှော်လင့်ပါတယ်” ဟု ananda (အနန္တ) ၏ အမှုဆောင်အရာရှိချုပ် Alan Sinfield က ပြောသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အနန္တ၏ 4G Broadband အင်တာနက်အသုံးပြုသူများသည် မိမိတို့ဝယ်ယူအသုံးပြုလိုသော အင်တာနက် Plan များကို နီးစပ်ရာ Wave Money ဆိုင်များတွင် ငွေဖြည့်သွင်းကာ အလွယ်တကူဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ထို့အပြင် Wave Money ၏ ဝန်ဆောင်မှုများဖြစ်သည့် မိုဘိုင်းဖုန်းပေါ်မှ ငွေလွှဲနိုင်ခြင်း၊ အွန်လိုင်းပေါ်မှ ပစ္စည်းများဝယ်ယူရောင်းချနိုင်ခြင်း စသည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုဆိုင်ရာ ဝန်ဆောင်မှုများကိုပါ အသုံးပြုနိုင်မည်ဖြစ်သည်။

ananda (အနန္တ) သည် ၎င်းတို့၏ အင်တာနက်ဝန်ဆောင်မှုများကို ၂၀၁၈ မေလတွင် ရန်ကုန်၌ စတင်မိတ်ဆက်ခဲ့ပြီး မကြာမီ မန္တလေး၌ ဆက်လက်မိတ်ဆက်ပေးရန် စီစဉ်နေကြောင်း Alan Sinfield ကပြောသည်။

“ananda (အနန္တ) လို နည်းပညာဝန်ဆောင်မှုကုမ္ပဏီမျိုးကို ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ကို ထောက်ပံ့ပေးခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးကဏ္ဍမှာ အားလုံးပါဝင်မှုနဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု ရည်မှန်းချက်ကို ပိုပြီးမြန်မြန်ဆန်ဆန်ရောက်ရှိအောင် လုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်” ဟု Wave Money ၏ အမှုဆောင်အရာရှိချုပ် Brad Jones က ပြောသည်။

Wave Money သည် မြန်မာနိုင်ငံတစ်ဝန်း အေးဂျင့်ပေါင်း ၃၄,၀၀၀ ကျော်ထားရှိကာ ဒစ်ဂျစ်တယ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး လက်ရှိတွင် အသုံးပြုသူလေးသန်းကျော် ရှိပြီဖြစ်ကြောင်း Brad Jones ကပြောသည်။

# မှတ်ဉာဏ်တုနည်းပညာ ဒုတိယအဆင့်တွင် နည်းပညာသစ်များ ရှိလာကြောင်း ဟွာဝေးအလှည့်ကျ ဥက္ကဋ္ဌပြော

**မြင့်ကျော်လှိုင်**

**ရန်ကုန်၊ အောက်တိုဘာ-၁၄**

မှတ်ဉာဏ်တုနည်းပညာ (AI) တွင် ပြောင်းလဲမှုအဆင့်လေးခုရှိသည့်အနက် ၂၀၁၈ ၏ အဆင့်သည် နံပါတ် (၂) နေရာ၌ရှိကြောင်း ဟွာဝေးအလှည့်ကျဥက္ကဋ္ဌ Mr. Eric Xu က ပြောသည်။



*ဟွာဝေး၏ တတိယအကြိမ်တစ်ကမ္ဘာလုံးဆိုင်ရာ နည်းပညာညီလာခံကျင်းပနေစဉ်* ဓာတ်ပုံ – မြင့်ကျော်လှိုင်

အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပသော ဟွာဝေး၏ တတိယအကြိမ် တစ်ကမ္ဘာလုံးဆိုင်ရာ နည်းပညာညီလာခံ၌ ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့သည်။

မှတ်ဉာဏ်တုနည်းပညာ၏ ပထမအဆင့်တွင် အနည်းငယ်သော လေ့လာစူးစမ်းမှုကိုသာ လုပ်ဆောင်နိုင်ကြောင်း၊ လက်ရှိဒုတိယအဆင့်၌ နည်းပညာအသစ်များရှိလာပြီး လူမှုအဖွဲ့အစည်း၏ သဘောထားကွဲလွဲမှုများ ရှိလာကြောင်း Mr.Eric Xu က ပြောသည်။

ဆက်လက်ကြုံတွေ့ရမည့် မှတ်ဉာဏ်တုနည်းပညာ ပြောင်းလဲမှုအဆင့် (၃) တွင် နည်းပညာနှင့် လူမှုအဖွဲ့အစည်းသည် အချင်းချင်း လွှမ်းမိုးမှုရှိလာမည်ဖြစ်ပြီး ပြောင်းလဲမှုအဆင့် (၄) ၌ မှတ်ဉာဏ်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု တည်ငြိမ်လာမည်ဖြစ်သည်။

ထို့အပြင်မှတ်ဉာဏ်တုနည်းပညာက အနာဂတ်ကို ပြောင်းလဲမှု၁၀ခုနှင့်အတူပုံဖော်လာမည်ဟု Mr. Eric Xu က ပြောသည်။ ဥပမာ လေ့ကျင့်သင်ကြားခြင်းဆိုင်ရာ အချိန်ကုန်ဆုံးမှုများတွင် လအလိုက်ကြာမြင့်နေသည်များကို မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း ဆောင်ရွက်လာမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မှတ်ဉာဏ်တုနည်းပညာအပေါ် ဖေ့စ်ဘွတ်ခ်အပါအဝင် နည်းပညာကုမ္ပဏီကြီးများက ရင်းနှီးမြှုပ်နှံမှုစိုက်ထုတ်ကာ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်နေသည်ဟု ထုတ်ပြန်ထားသည်။

တရုတ်ဆက်သွယ်ရေး ကုမ္ပဏီ ဟွာဝေးသည် ၎င်းတို့အနေဖြင့် မှတ်ဉာဏ်တုနည်းပညာ ဖွံ့ဖြိုးရေး စွမ်းဆောင်ရည်မြင့် Chipset ထုတ်လုပ်ခြင်း၊ Big Data နည်းပညာနှင့် Cloud နည်းပညာကို ပူးတွဲရင်းနှီးမြှုပ်နှံနေသည်ဟု ထုတ်ပြန်ထားသည်။

# ဒေါ်လာဈေးမတည်ငြိမ်မှုကြောင့် မန္တလေး၌ ပြုလုပ်မည့်နည်းပညာပြပွဲ ရွှေ့ဆိုင်း

**နိုင်လင်းအောင်**

**မန္တလေး၊ အောက်တိုဘာ-၁၄**

မန္တလေး၌ နိုဝင်ဘာလဆန်းတွင် ကျင်းပမည့်နည်းပညာပြပွဲ တစ်ခုကို ဒေါ်လာဈေးနှင့်နိုင်ငံခြားငွေလဲနှုန်း မတည်ငြိမ်မှုကြောင့် ရွှေ့ဆိုင်းခဲ့ကြောင်း မန္တလေးတိုင်းကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးဥက္ကာကျော်က ပြောသည်။

“ပြပွဲပြမယ့်လုပ်ငန်းရှင်တွေအနေနဲ့ ငွေဈေးမတည်ငြိမ်မှုတွေဖြစ်နေတဲ့အတွက် ဒါကိုထည့်တွက်စဉ်းစားပြီးတော့ တောင်းဆိုလာတဲ့အတွက် အခုလိုစီစဉ်လိုက်တာဖြစ်ပါတယ်။ ပြပွဲမှာဝင်ပြီး ပြရင်ဈေးနှုန်းတွေလျှော့ပြီး ပရိုမိုးရှင်းနဲ့ရောင်းချပေးရမှာဖြစ်တဲ့အတွက် ပြဖို့ဝန်လေးနေကြတဲ့အတွက်လည်း ပါတာပေါ့” ဟု ၎င်းက ပြောသည်။

အဆိုပါကွန်ပျူတာနှင့် မိုဘိုင်းနည်းပညာပြပွဲကို မန္တလေးမြို့တွင် ယခုနှစ်နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာကျင်းပရန်စီစဉ်ထားသော်လည်း စီးပွားရေးလုပ်ငန်းများအနေဖြင့် ကန်ဒေါ်လာအပါအဝင် နိုင်ငံခြားငွေလဲနှုန်းများမြင့်တက်နေသဖြင့် ၎င်းတို့၏ထုတ်ကုန်များကို ဈေးနှုန်းလျှော့ချကာ ပြပွဲတွင်ပြသရန် အဆင်မပြေသောကြောင့် ယခုလိုတောင်းဆိုခြင်းဖြစ်ကြောင်း ဦးဥက္ကာကျော်က ပြောသည်။

“တော်တော်များများက ပြပွဲမှာ ဝင်ပြဖို့စီစဉ်ပြီးကာမှ ပုံမှန်ပြနေကျလူတွေကတောင်ဝင်ပြီး မပြနိုင်တော့ဘူးဆိုပြီး ဖြစ်လာကြတာပေါ့။ ဒါကြောင့် ပြခန်းပြည့်မီတဲ့အနေအထားမဟုတ်တဲ့အတွက် လာမယ့် ၂၀၁၉ မတ်လမှာ များများစားစားပြနိုင်အောင် ရက်ရွှေ့ဆိုင်းပေးလိုက်တာပါ” ဟု ဦးဥက္ကာကျော်က ပြောသည်။

အဆိုပါပြပွဲတွင် ကဏ္ဍပေါင်းစုံမှ နည်းပညာလုပ်ငန်းများ လာရောက်ပြသမည့်အပြင် ဆက်သွယ်ရေးအော်ပရေတာများနှင့် ဘဏ်လုပ်ငန်းများပါဝင်ပြသနိုင်ရန်လည်း စီစဉ်ထားကြောင်း ၎င်းက ပြောသည်။



7DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018

www.free4readers.com

# တယ်လီနောက အခွန်၊ လိုင်စင်ကြေးနှင့် လူမှုအကျိုးပြုလုပ်ငန်းများအတွက် ကျပ်ဘီလီယံ ၃၀၀ ကျော်အသုံးပြုဟုဆို

**နိုင်လင်းအောင်**

**မန္တလေး၊ အောက်တိုဘာ-၁၄**

ဆက်သွယ်ရေးဝန်ဆောင်မှု စတင်ပေးအပ်သည့်အချိန်ကစ၍ လက်ရှိအချိန်ထိ အခွန်၊ လိုင်စင်ကြေးနှင့် လူမှုအကျိုးပြုဆောင်ရွက်မှုများအတွက် ကျပ် ၃၇၈ ဘီလီယံအသုံးပြုထားကြောင်းတယ်လီနောမြန်မာအမှုဆောင်အရာရှိချုပ်ရှာရက်ဒ်မက်ရှိထရာက ပြောသည်။တယ်လီနောအနေဖြင့် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကွန်ရက်များ တိုးချဲ့ရန်နှင့်အရည်အသွေးမြှင့်တင်ရန် ကန်ဒေါ်လာ နှစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားပြီး မြန်မာနိုင်ငံရှိမိုဘိုင်းဖုန်းအသုံးပြုသူများထံမှ ဝန်ဆောင်ခအနေဖြင့် ရရှိသည့်ငွေများကို လက်ရှိအချိန်ထိ နိုင်ငံပြင်ပသို့ယူဆောင်ခြင်းမျိုးမရှိသေးဘဲ လုပ်ငန်းလည်ပတ်ရန် ပြန်လည်ရင်းနှီးမြှုပ်နှံနေကြောင်း ၎င်းကပြောသည်။

"တယ်လီနောက ကွန်ရက်ချဲ့ထွင်မှုတွေကို မြန်မာနိုင်ငံမှာ လုပ်ငန်းစတင်လည်ပတ်တဲ့အချိန် (၂၀၁၄ ခုနှစ်)ကနေ ငါးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်သွားဖို့ ရည်မှန်းချက်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ တည်ဆောက်ပြီးသား ကွန်ရက်ကိုပိုမိုအဆင့်မြှင့်တင်လာဖို့ အမြဲရင်းနှီးမြှုပ်နှံဆောင်ရွက်နေပါတယ်" ဟု ရှာရက်ဒ်မက်ရှိထရာက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံတစ်ဝန်း မြို့နယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်ဖြစ်သော မြို့ ၂၅၀ ကျော်ကို 4G ကွန်ရက်ဖြန့်ကြက်ထားပြီး နှစ်ကုန်၌ မြို့နယ် ၃၀၀ ခန့်အထိ လွှမ်းခြုံနိုင်ရန်ဆောင်ရွက်နေကြောင်း ၎င်းကပြောသည်။

# ဆမ်ဆောင်းက ခေါက်သိမ်းနိုင်သော သင်ပုန်းကွန်ပျူတာတစ်မျိုးကို ယခုနှစ်အတွင်း မိတ်ဆက်မည်

**ဆန်ဖရန်စစ္စကို၊**
**အောက်တိုဘာ-၁၄**

ဆမ်ဆောင်းကုမ္ပဏီ၏ မိုဘိုင်းဖုန်းလုပ်ငန်းအမှုဆောင်အရာရှိချုပ် ဒီဂျေခိုက အစုံလုပ်ဆောင်နိုင်စွမ်းရှိသော ခေါက်သိမ်းနိုင်သည့် သင်ပုန်းကွန်ပျူတာတစ်မျိုးကို ယခုနှစ်အတွင်း မိတ်ဆက်မည်ဟု ပြောကြားသည်။



ဆမ်ဆောင်းက ခေါက်သိမ်းနိုင်သော ဖုန်းတစ်မျိုးကို မိတ်ဆက်မည်ဆိုသော ကောလာဟလများ ထွက်ပေါ်နေသည်မှာ ကြာပြီဖြစ်ကာ ဆမ်ဆောင်းစီအီးအိုဒီဂျေခိုက ဆမ်ဆောင်း Galaxy A9 မိတ်ဆက်ပွဲပြင်ပတွင် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှု၌ အထက်ပါအတိုင်း ပြောကြားသည်။

မိမိတို့အနေဖြင့် ခေါက်၍ရသော ဖုန်းတစ်မျိုးကို မိတ်ဆက်ချိန်တွင် ယင်းဖုန်းသည် မိမိတို့ဖောက်သည်များအတွက် အမှန်တကယ်အဓိပ္ပာယ်ပြည့်ဝစေရမည်ဟု ပြောပြီး ခြောက်လမှကိုးလအထိ လူသိပြီး ပျောက်သွားသောဖုန်းမျိုးမဖြစ်စေရဟု ၎င်းက ပြောသည်။

ထို့အပြင်ယင်းခေါက်သိမ်းနိုင်သော သင်ပုန်းကွန်ပျူတာကို တောင်ကိုရီးယား၌သာ ဝယ်ယူနိုင်သော မျက်နှာပြင်အကွေး ပါဝင်သည့် Galaxy Round စမတ်ဖုန်းကဲ့သို့ မဟုတ်ဘဲ တစ်ကမ္ဘာလုံးသို့ ရောင်းချမည်ဟု မစ္စတာခိုက ပြောသည်။

ယင်းသင်ပုန်းကွန်ပျူတာကို ဆမ်ဆောင်း၏ဆော့ဖ်ဝဲရေးသူများ ညီလာခံတွင် လာမည့်လအစောဆုံး မိတ်ဆက်ရန်ရှိကြောင်း မစ္စတာခိုက ပြီးခဲ့သည့်လက အတည်ပြုသည်။

ခေါက်သိမ်းနိုင်သော ဖုန်းများထုတ်ရန် ကြိုးပမ်းနေသည်မှာ ဆမ်ဆောင်းကုမ္ပဏီတစ်ခုတည်း မဟုတ်ဘဲ ဟွာဝေးကုမ္ပဏီကလည်း ခေါက်သိမ်းနိုင်သော ဖုန်းတစ်မျိုးကို နိုဝင်ဘာအတွင်း မိတ်ဆက်ရန် ပြင်ဆင်ထားသည်။

ဟွာဝေးသည်ဈေးသက်သာပြီး စွမ်းဆောင်ရည်မြင့်သော ဖုန်းများဖြင့်ကမ္ဘာ့စမတ်ဖုန်းဈေးကွက်ကို ထိုးဖောက်နေပြီး ကမ္ဘာ့ဈေးကွက်တွင်ဒုတိယဦးဆောင်ကုမ္ပဏီဖြစ်လာစဉ် ဆမ်ဆောင်း၏ပထမနေရာကို ရယူရန်ရည်ရွယ်နေသည်။

ခေါက်သိမ်းနိုင်သော စမတ်ဖုန်းတစ်မျိုးကိုဦးစွာမိတ်ဆက်နိုင်ခြင်းက ၎င်းတို့ကုမ္ပဏီ၏ ဂုဏ်သတင်းကျော်စောမှုကို ပိုခိုင်မာစေမည်ဖြစ်ကာ ဈေးကွက်ဝေစုပိုရလာနိုင်သည်။ iPhone XS Max နှင့် Pixel 3XL ဖုန်းတို့ကို မျက်နှာပြင်အကျယ်ဖြင့် ထုတ်ထားရာ စမတ်ဖုန်းပရိသတ်များ မျက်နှာပြင်အကျယ်ကိုပိုသဘောကျမှုနှင့်အတူ ခေါက်သိမ်းနိုင်သောသင်ပုန်းကွန်ပျူတာတစ်လုံး၏ မျက်နှာပြင်သည် ၆ ဒသမ ၅ လက်မထက် ပိုကြီးလာနိုင်သည်။

–*Ref:CNet*

# အမ်ပီတီက အိမ်သုံးဖိုက်ဘာအင်တာနက်ကို မြန်နှုန်းငါးဆမြှင့်တင်မည်ဟု ဆို

**နိုင်လင်းအောင်**

**မန္တလေး၊ အောက်တိုဘာ - ၁၄**

ဒေတာအကန့်အသတ်မရှိ အသုံးပြုနိုင်သည့် အိမ်သုံးဖိုက်ဘာအင်တာနက် (FTTH) ဝန်ဆောင်မှုကို လက်ရှိအသုံးပြုနေသည့် မြန်နှုန်းထက်ငါးဆပိုမိုမြှင့်တင်ကာ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း MPT က ထုတ်ပြန်သည်။






"ကျွန်တော်တို့ MPT ရဲ့ FTTH ဝန်ဆောင်မှုကို အရင်ထက် ငါးဆပိုမြန်အောင်အဆင့်မြှင့်တင်ပြီးအသစ်ပြင်ဆင်ပြောင်းလဲလိုက်ပါပြီ။ ဒါပေမဲ့ ဈေးနှုန်းကတော့ အရင်အတိုင်းမပြောင်းလဲတဲ့နှုန်းထားတစ်ခုနဲ့ သုံးစွဲသူတွေကသုံးစွဲနိုင်မှာပါ" ဟု MPT – KSGM လုပ်ငန်းစု စီးပွားရေးဌာနအရာရှိချုပ် Mr.Reizo Umeda က ပြောသည်။

MPT ကအဆင့်မြှင့်တင်ပေးသည့် မြန်နှုန်းအရ အောက်တိုဘာ ၁၅ ရက်ကစ၍ ယခင် FTTH အင်တာနက်ကို 2 MB မြန်နှုန်းယူထားသူသည် 10 MB မြန်နှုန်းရရှိမည်ဖြစ်ပြီး မြန်နှုန်းမြှင့်တင်ပေးသဖြင့် ဈေးနှုန်းတိုးမြှင့်ကောက်ခံမည် မဟုတ်ကြောင်း ၎င်းကဆိုသည်။

"FTTH ဝန်ဆောင်မှုကို ရယူအသုံးပြုနေသူတွေတိုင်းက မြန်ဆန်ပြီး အရမ်းကောင်းတဲ့ နောက်ဆုံးပေါ် အင်တာနက်ကွန်ရက်ချိတ်ဆက်မှုကနေ ဖျော်ဖြေရေးအစီအစဉ်တွေကြည့်ရှုခံစားတာဖြစ်စေ၊ လုပ်ငန်းပိုင်းအတွက် အသုံးပြုရာမှာဖြစ်စေ၊ ဂိမ်းကစားတာနဲ့ ဆိုရှယ်မီဒီယာတွေအသုံးပြုရာမှာ ဖြစ်စေအရင်နဲ့မတူတဲ့အပြောင်းအလဲတွေကိုခံစားနိုင်မှာဖြစ်ပါတယ်" ဟု Mr. Reizo Umeda ကပြောသည်။

လက်ရှိတွင် အိမ်သုံးဖိုက်ဘာအင်တာနက် (FTTH) ဝန်ဆောင်မှုကို ရန်ကုန်မြို့၌ ပန်းဘဲတန်း၊ လမ်းမတော်၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ လသာ၊ စမ်းချောင်း၊ မင်္ဂလာတောင်ညွန့်၊ ကျောက်မြောင်းနှင့် ယုဇနပလာဇာအနီးတွင် အသုံးပြုနိုင်ပြီး မန္တလေးမြို့တွင် ချမ်းအေးသာစံမြို့နယ်တစ်ခုသာ အသုံးပြုနိုင်သေးပြီး ကွန်ရက်ဖြန့်ကြက်မှုများ ဆက်လက်ပြုလုပ်နေကြောင်း MPT က ဆိုသည်။

www.free4readers.com

**၁၀+၁၀**

အစိုးရ၊ တပ်မတော်ဘက်မှကိုယ်စားလှယ် ၁၀ဦးနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်၁၀ဦးတက်ရောက်သည့်သီးသန့်အစည်းအဝေးကိုနေပြည်တော်၌ အောက်တိုဘာ ၁၅ရက်ကကျင်းပခဲ့သည်။

# စောင့်ကြည့်ရမည့် အမတ်လောင်းများ



တာမွေမြို့နယ်တွင် ဒီချုပ်ပါတီ မဲဆွယ်နေစဉ် ဓာတ်ပုံ - နစ်ကီ



အုတ်တွင်းမြို့နယ်တွင် ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်ဟောပြောနေစဉ် ဓာတ်ပုံ - USDP

ကြားဖြတ်ရွေးကောက်ပွဲ မဲဆန္ဒနယ်အခြေအနေပြ Infographic စာမျက်နှာ ၂၇

နိုင်လင်း

ဒီချုပ် အစိုးရသက်တမ်းအတွင်း ဒုတိယမြောက် ကြားဖြတ်ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ အပြိုင်အဆိုင် မဲဆွယ်စည်းရုံးသံက ညံနေပြီဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲရလဒ်သည် လက်ရှိနိုင်ငံရေးအခြေအနေအပေါ် ကြီးမားသည့်သက်ရောက်မှုရှိမည်မဟုတ်ပေ။

သို့သော် အင်အားကြီးပါတီများအကြား အကြိုအားစမ်းပွဲဖြစ်၍စိတ်ဝင်စားဖွယ်ကောင်းဆဲဖြစ်သည်။

အဓိကအတိုက်အခံ ပြည်ခိုင်ဖြိုးပါတီကလည်း ယခုကြားဖြတ်ရွေးကောက်ပွဲ အနိုင်ရလဒ်ဖြင့် ၂၀၂၀ သို့ ချီတက်လိုသည်။ ထို့ကြောင့် ပါတီထိပ်ပိုင်းခေါင်းဆောင်များကိုယ်တိုင် မဲဆန္ဒနယ်အသီးသီးသို့ သွားရောက်စည်းရုံးနေသည်။

ထို့အတူအင်အားကြီးတိုင်းရင်းသားပါတီအချို့နှင့် ပါတီသစ်အချို့က ရည်မှန်းချက်အသီးသီးဖြင့် အားစမ်းကြပါဦးမည်။

ယခုကြားဖြတ်ရွေးကောက်ပွဲတွင် လွှတ်တော်သုံးရပ်၏ လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာဖြစ်ပြီး ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၆၉ ဦးရှိသည်။ နိုင်ငံရေးပါတီ ၂၄ ပါတီမှ ၆၂ ဦးနှင့် တစ်သီးပုဂ္ဂလ ခုနစ်ဦးဖြစ်သည်။ ၎င်းတို့အနက် စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည့်အမတ်လောင်းအချို့ကို ဖော်ပြလိုက်ပါသည်။

**ဒီချုပ်၏ တစ်ဦးတည်းသော အမျိုးသမီး ကိုယ်စားလှယ်လောင်း**

၂၀၁၅ ရွေးကောက်ပွဲကာလတွင် မြစ်ကြီးနားမြို့နယ် ဒီချုပ်အောင်နိုင်ရေး အဖွဲ့ဝင်အဖြစ် အခြားသူများ အောင်နိုင်ရေးပါဝင်ဆောင်ရွက်ခဲ့ဖူးသော ဒေါ်ယမ်ခေါန်သည် ယခုကြားဖြတ်တွင်မူ မိမိကိုယ်တိုင် အောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးနေသည်။

အသက် (၆၁) နှစ်အရွယ် ကချင်တိုင်းရင်းသူ ဒေါ်ယမ်ခေါန်သည် ယခုကြားဖြတ်အတွက် ဒီချုပ်၏ တစ်ဦးတည်းသော အမျိုးသမီး ကိုယ်စားလှယ်လောင်းဖြစ်သည်။

ကိုယ်တိုင်က ဝါရင့်ပါတီဝင်မဟုတ်သော်လည်း ဒီမိုကရေစီလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သောအိမ်ထောင်ဖက်ဖြစ်သူကြောင့် ဒီချုပ်ပါတီဝင်ဖြစ်လာကာ ထိုမှတစ်ဆင့် ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခံရသည်ဟု ဒေါ်ယမ်ခေါန်ကပြောသည်။ ၁၉၈၈ အရေးတော်ပုံကာလတွင် မြစ်ကြီးနားအထွေထွေသပိတ်ကော်မတီ၏ ဒုဥက္ကဋ္ဌတာဝန်ယူခဲ့သူ မရန်ဘောက်လာသည် ဒေါ်ယမ်ခေါန်၏ ခင်ပွန်းဖြစ်သည်။

မရန်ဘောက်လာသည် ကချင် တိုင်းရင်းသားခေါင်းဆောင် ဆမားဒူဝါးဆင်ဝါးနောင် အတ္ထုပ္ပတ္တိ စာအုပ်ကို ရေးသားပြုစုသူ၊ နိုင်ငံရေး အကျဉ်းသားဟောင်းနှင့် ကချင်ပြည်နယ် ဒီချုပ်ပါတီ တည်ထောင်ရာတွင် ဦးဆောင်ပါဝင်ခဲ့သူ ဖြစ်သည်။

၎င်းသည် ပညာရေးဝန်ထမ်းဖြစ်သော်လည်း ခင်ပွန်းဖြစ်သူ မရန်ဘောက်လာကြောင့် ဒီမိုကရေစီအရေး၊ နိုင်ငံရေးအကျဉ်းသား၊ ဒီချုပ်ပါတီစသည်တို့နှင့် လက်ပွန်းတတီး ထိတွေ့ခဲ့ရသူဖြစ်သည်။

၂၀၁၃ တွင် အထက်တန်းပြ ပညာရေးဝန်ထမ်းအဖြစ်မှ ပင်စင်ယူပြီးနောက် ဒီချုပ်ပါတီဝင်ဖြစ်လာကာ ၂၀၁၅ ရွေးကောက်ပွဲအောင်နိုင်ရေး ပါဝင်ဆောင်ရွက်ခဲ့သည်။ ယခု ၂၀၁၈ ကြားဖြတ်တွင်မူ၎င်းပါဝင်မဲဆွယ်ပေးခဲ့ဖူးသည့် ဒေါ်ရှီလာနန်တောင်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာကို အခြားပါတီလက်ထဲသို့ လွဲပြောင်းခြင်းမပြုရရေး ကြိုးပမ်းရမည်ဖြစ်သည်။

ဒေသခံတိုင်းရင်းသားအမျိုးသမီးဖြစ်ခြင်း၊ ယခင်ကတည်းက နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည့် ဒီချုပ်ပါတီဝင်မိသားစုဝင်ဖြစ်ခြင်းတို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါတီက ရွေးချယ်ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ ကိုယ်တိုင်လည်း အနိုင်ရမည်ဟု ယုံကြည်ချက်ရှိကြောင်း ဒေါ်ယမ်ခေါန်က ပြောသည်။

**ပြည်ခိုင်ဖြိုး**
**ကိုယ်စားလှယ်ဟောင်းများ**

ယခုကြားဖြတ် ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီဝင် ကိုယ်စားလှယ်လောင်း ၁၀ ဦး ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းကိုယ်စားလှယ်လောင်း ၁၀ ဦးအနက် ပြည်ခိုင်ဖြိုး ဦးဆောင်သည့် ပထမအကြိမ် လွှတ်တော်တွင် ကိုယ်စားလှယ်ဖြစ်ခဲ့သူ သုံးဦးပါဝင်သည်။

အုတ်တွင်း မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နေရာတွင် ယှဉ်ပြိုင်မည့် ဦးဝင်းမြင့်၊ ဆိပ်ကမ်းမဲဆန္ဒနယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နေရာတွင် ယှဉ်ပြိုင်မည့် ဦးနေမျိုးအောင်နှင့် ကန်ပက်လက်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ယှဉ်ပြိုင်မည့် ဦးမနားနိုင်တို့ ဖြစ်သည်။

ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် အုတ်တွင်း မဲဆန္ဒနယ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့သူ ဦးဝင်းမြင့်သည် ယခုကြားဖြတ်တွင် အုတ်တွင်းမဲဆန္ဒနယ် (၁) မှ ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၎င်းသည် ၂၀၁၅ ရွေးကောက်ပွဲတွင် ဒီချုပ်အမတ်လောင်းကို ဆန္ဒမဲ ၇,၀၀၀ ခန့် အကွာဖြင့် ရှုံးနိမ့်ခဲ့သည်။

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးအောင်သည် ၂၀၁၅ ရွေးကောက်ပွဲတွင် ဆိပ်ကမ်းအမှတ် (၂) မဲဆန္ဒနယ်တွင် ဒီချုပ်ပါတီဝင် ဦးမောင်မောင်သန်းနှင့် နှစ်ဦးတည်း ယှဉ်ပြိုင်ကာ ဆန္ဒမဲ ၁၄၄ မဲအကွာဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခုကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁,၄၀၀ ကျော် သာရှိသည့် အဆိုပါ မဲဆန္ဒနယ်၌ ကိုယ်စားလှယ်လောင်း ကိုးဦးအထိ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့အတူ ပထမအကြိမ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးမနားနိုင်သည်လည်း ၂၀၁၅ တွင်ကိုယ်စားလှယ်နေရာ စွန့်လွှတ်ခဲ့ရသူ ဖြစ်သည်။ ၎င်းသည် ကန်ပက်လက်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်းဖြစ်ပြီး ယခုကြားဖြတ်ရွေးကောက်ပွဲတွင် ယင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်လာသည်။

ဦးမနားနိုင်သည် ၂၀၁၅ တွင် ဒီချုပ်ကိုယ်စားလှယ်လောင်းနှင့် ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်လောင်းများနှင့် ယှဉ်ပြိုင်ခဲ့ရာ တတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ဦးမနားနိုင်ထက် ဆန္ဒမဲ၁၀၀ ကျော် အသာရခဲ့သည့် ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီမှ ဦးကီးထန်းလွန်းကလည်း ယခုရွေးကောက်ပွဲတွင် ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည့် အဆိုပါပြည်ခိုင်ဖြိုးအမတ်ဟောင်း သုံးဦးသည် ယခုကြားဖြတ်ရွေးကောက်ပွဲတွင် ထိုင်ခုံဟောင်းကို ပြန်လည်သိမ်းပိုက်နိုင်ရေး ကြိုးပမ်းမည်ဖြစ်သည်။ လွန်ခဲ့သည့် သုံးနှစ်အကြာက ခါးသီးသော အတွေ့အကြုံကို အသုံးချ၍ ခြသေ့်အမတ်ဟောင်းတို့ ပြန်လာနိုင်မည်လား စောင့်ကြည့်ရပါဦးမည်။

**ဇွဲမလျှော့သည့် တစ်သီးပုဂ္ဂလ**

၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ခုနစ်ဦးတွင် ရွေးကောက်ပွဲ ယှဉ်ပြိုင်ဖူးသည့် အတွေ့အကြုံအများဆုံး ကိုယ်စားလှယ်လောင်းကို ညွှန်ပြပါဆိုလျှင် ဇေတိက ဦးခင်လှိုင်ကို ပြရမည်ဖြစ်သည်။

ထို့အပြင် ကိုယ်စားလှယ်လောင်း ၆၉ ဦးထဲတွင် ၎င်းသည် ရွေးကောက်ပွဲ ယှဉ်ပြိုင်သည့် အတွေ့အကြုံအများဆုံးဖြစ်၏။ ၂၀၁၀အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ကြားဖြတ်၊ ၂၀၁၅ အထွေထွေရွေး ကောက်ပွဲ၊ ယခု ၂၀၁၈ ကြားဖြတ်။

ရွေးကောက်ပွဲသုံးကြိမ်စလုံး ရှုံးနိမ့်သော်လည်း ဦးခင်လှိုင်သည်ဇွဲမလျှော့သေး။ လွှတ်တော်အတွင်း ထိုင်ခုံတစ်နေရာရရေး ရှစ်နှစ်အတွင်း စတုတ္ထအကြိမ် ကြိုးပမ်းဦးမည်ဖြစ်သည်။

ဦးခင်လှိုင်သည် အစိုးရဝန်ထမ်းအဖြစ်မှ နုတ်ထွက်ကာ သာမန်ဈေးသည်၊ ထို့နောက် အရောင်းအဝယ်သမား၊ အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းရှင်အဖြစ်သို့ အဆင့်ဆင့်တက်လှမ်းပြီးနောက် ၂၀၁၀ တွင် နိုင်ငံရေးနယ်ပယ်သို့ ခြေလှမ်းခဲ့ သည်။

"တော်လှန်ရေးကာလက ကျွန်တော်မပါနိုင်ခဲ့ပေမယ့် ဒီနေ့ တည်ဆောက်ရေးကာလမှာ တစ်တပ်တစ်အား ပါဝင်ချင်တယ်"ဟု ၎င်းက ဆိုသည်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် မွေးရပ်မြေ လပွတ္တာမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ယှဉ်ပြိုင်ခဲ့သည်။

ထို့နောက် ၂၀၁၂တွင် မရမ်းကုန်းမြို့နယ်၊ ၂၀၁၅ တွင် ကြည့်မြင်တိုင်မြို့နယ်တို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ ယှဉ်ပြိုင်ခဲ့သမျှ ရွေးကောက်ပွဲတိုင်းတွင် ဦးခင်လှိုင်က တစ်သီးပုဂ္ဂလသာ ဖြစ်သည်။ ယခုကြားဖြတ် ရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအဖြစ် မြင်တွေ့ရဦးမည်။

၂၀၁၅ ရွေးကောက်ပွဲကျင်းပချိန်တွင်မူ ၎င်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်တစ်ဦးဖြစ်သည်။

သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၄ တွင် ပြန်လည်ကျင်းပသော စည်ပင်ကော်မတီဝင် ရွေးကောက်ပွဲတွင် ၎င်းအနိုင်ရခဲ့သည်။ ထို့ကြောင့် အထွေထွေရွေးကောက်ပွဲကို အာရုံမစိုက်ဖြစ်ခဲ့ဟု ဦးခင်လှိုင်က ပြောသည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင်မူ အကြောင်း အမျိုးမျိုးကြောင့် မပြိုင်ဖြစ်ခဲ့ဟုဆိုသည်။ လာမည့် ကြားဖြတ်ရွေးကောက်ပွဲကိုမူ အနိုင်ရရှိရန် ဆန္ဒပြင်းပြစွာဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ စည်ပင်သာယာရေးကော်မတီဝင်အဖြစ် တစ်နှစ်ကျော် ဆောင်ရွက်ခဲ့စဉ် အတွေ့အကြုံများကြောင့် တိုင်းလွှတ်တော်ကိုယ်စားလှယ်တာဝန်ကို အကောင်းမွန်ဆုံး ထမ်းဆောင်နိုင်မည်ဟု ၎င်းက ယုံကြည်နေသည်။

ထို့ကြောင့် ရွေးကောက်ပွဲဆောင်ပုဒ်ကိုပင် 'ဆိပ်ကမ်းကို ထိပ်တန်းအဆင့်ပြောင်းမည်' ဟု ကြေညာသည်။ ထိုဆောင်ပုဒ်အတိုင်း လက်တွေ့အကောင်အထည်ဖော်ရန် အသက်(၅၂)နှစ်အရွယ် ဦးခင်လှိုင်က ယုံကြည်

စာမျက်နှာ ၁၈ ››

7DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018

စာမျက်နှာ ၁၇ မှ

# စောင့်ကြည့်ရမည့် အမတ်လောင်းများ

ချက်အပြည့်ရှိသည်ဟု ဆိုသည်။

၎င်းသည် ပြည်ခိုင်ဖြိုးပါတီဝင် ဆိပ်ကမ်းမြို့နယ် အမတ်ဟောင်း ဦးနေမျိုးအောင်နှင့် ဒီချုပ်အမတ်လောင်း ဦးသန်းထိုက်အောင်တို့အပါအဝင် အခြားကိုယ်စားလှယ် ရှစ်ဦးနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ဖခင်၏ ပါတီဟောင်းကို ရင်ဆိုင်မည့်သူ**

ယခုကြားဖြတ်ရွေးကောက်ပွဲယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများတွင် ဦးခင်လှိုင်နှင့် ဆန့်ကျင်ဘက် အခြေအနေကို ပိုင်ဆိုင်ထားသည့် တစ်သီးပုဂ္ဂလ တစ်ဦးလည်း ပါဝင်သည်။ သို့သော် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲမှစိတ်ဝင်စားဖွယ်ကိုယ်စားလှယ်လောင်းစာရင်းတွင် ၎င်းကို ချန်လှပ်ထားရန်မသင့်ပေ။

ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌဟောင်း ဒေါက်တာအေးမောင်၏သား အသက် (၃၀) ကျော်အရွယ် ဦးတင်မောင်ဝင်း ဖြစ်သည်။ ရသေ့တောင်မဲ ဆန္ဒနယ်အမှတ် (၂) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်နေရာတွင် ယှဉ်ပြိုင်မည့် ဦးတင်မောင်ဝင်းက 'ပြည်သူ့မေတ္တာဖြင့်အရာရာကိုကျော်ဖြတ်မည်' ဆိုသည့် ဆောင်ပုဒ်ဖြင့် မဲဆွယ်စည်းရုံးနေသည်။

"ဖခင်၏ လမ်းညွှန်မှုဖြင့် ပြည်သူက ပေးအပ်သော တာဝန်များအား ဖြောင့်မတ်မှန်ကန်စွာ ထမ်းရွက်ပါမည်" ဟုလည်း ၎င်းကဆိုသည်။ ဦးတင်မောင်ဝင်းသည် နိုင်ငံရေးဖြတ်သန်းမှုအတွေ့အကြုံမရှိသော်လည်း ဖခင် ဒေါက်တာအေးမောင်နှင့်အတူ ရခိုင်အခြေစိုက် နိုင်ငံရေးပါတီတစ်ရပ်တည်ထောင်ရန် ပြင်ဆင်နေသူဖြစ်သည်။

လက်ရှိတွင် ယင်းပါတီကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တည်ထောင်ခွင့်ပြုထားသည်။ ဖခင်ဒေါက်တာအေးမောင် ဖမ်းဆီးခံရကာ တရားရင်ဆိုင်နေရသော်လည်း ပါတီတည်ထောင်ရာတွင် ပါဝင်သူများ က တစ်သီးပုဂ္ဂလအမတ်လောင်း ဦးတင်မောင်ဝင်းကို ဝန်းရံကာ မဲဆွယ်စည်းရုံးရာတွင် ကူညီနေသည်။ ၎င်းသည် နိုင်ငံရေးအစဉ်အလာမရှိသော်လည်း ဖခင်ဖြစ်သူ၏ ပုံရိပ်နှင့်လက်ရှိအခြေအနေကြောင့် ရခိုင်တိုင်းရင်းသားများအကြား စောင့်ကြည့်ခံရသူဖြစ်လာသည်ဟု စစ်တွေမြို့နေ ရခိုင်တိုင်းရင်းသားတစ်ဦးကဆိုသည်။

ရခိုင်နှစ်ပါတီနှင့် ဒေါက်တာအေးမောင်၏သားတို့ ယှဉ်ပြိုင်မည့် ရသေ့တောင်မှ ကြားဖြတ်ရွေးကောက်ပွဲသည် အကြိတ်အနယ် အနေအထား ဟု၎င်းကဆိုသည်။ ရခိုင်အမျိုးသားပါတီဝင် ရသေ့တောင် ပြည်သူ့လွှတ်တော်အမတ် ဒေါ်ခင်စောဝေက ဦးတင်မောင်ဝင်းကိုသာ အဓိကပြိုင်ဘက်အဖြစ် စောင့်ကြည့်ရမည်ဟု မှတ်ချက်ပြုသည်။

"ကိုယ့်ပါတီနိုင်ဖို့ကိုတော့ ယုံကြည်တယ်။ ဒေါက်တာအေးမောင်ကိုကျတော့လည်း ရခိုင်လူထုက တော်တော်လေးယုံကြည်ခဲ့တဲ့ သာဓကရှိတော့ ကျန်တဲ့လူတွေကို မပူရပေမယ့် သူ့ကိုတော့ နည်းနည်းဂရုစိုက်ရတာပေါ့" ဟု ဒေါ်ခင်စောဝေက ပြောသည်။ဦးတင်မောင်ဝင်းကိုမူ ယခုဆောင်းပါးရေးသားချိန်အထိ ဆက်သွယ်၍ မရပေ။

**ပြည်သူ့ပါတီက ဝန်းရံသူ**

ဦးကိုကိုကြီးဦးဆောင်သည့် ပြည်သူ့ပါတီသည် ပါတီတည်ထောင်ရေး လုပ်ငန်းစဉ်များကြောင့် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခွင့်မရခဲ့ပေ။ သို့သော် လက်ရှိမဲဆွယ်ကာလအတွင်း ဦးကိုကိုကြီး အပါအဝင် ပြည်သူ့ပါတီ တာဝန်ရှိသူများ မင်းဘူးမြို့နယ်တွင် မဲဆွယ်စည်းရုံးနေသည်။




*တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း မဲဆွယ်နေစဉ်* ဓာတ်ပုံ –U Thein Htet Wai

မင်းဘူးမဲဆန္ဒနယ် အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ ဦးသိန်းထက်ဝေကို ထောက်ခံဝန်းရံပေးနေခြင်းဖြစ်သည်။

"ကျွန်တော်တို့ဒေသမှာ ပြည်သူတောင်သူ အများအတွက် အမှန်တကယ် ဝန်ဆောင်မှုပေးနိုင်မယ့် ကိုယ်စားလှယ်လုပ်သားအကျိုးတော်ဆောင်တစ်ယောက် လိုအပ်နေပြီလို့ ယုံကြည်တဲ့အတွက် အခုလို ဝင်ရောက်အရွေးချယ်ခံခြင်း ဖြစ်ပါတယ်" ဟု အသက် (၃၂) နှစ်အရွယ် ဦးသိန်းထက်ဝေက ဆိုသည်။

ဦးသိန်းထက်ဝေသည် မန္တလေး ရတနာပုံတက္ကသိုလ်မှ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်ဖြင့် ဘွဲ့ရရှိပြီးနောက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၁၄ တွင် အငြိမ်းစားယူကာ ဒေသတွင်း လူမှုရေး၊ ကျန်းမာရေး ပရဟိတ လုပ်ငန်းများဆောင်ရွက်နေသူ ဖြစ်သည်။

"သူဟာ သူ့ဒေသအတွက် တကယ်ကိုအလုပ်လုပ်ပေးချင်သူ ဖြစ်တယ်။ တစ်ဖက်မှာလည်း တကယ်ကိုလုပ်နေတယ်။ နောက်တစ်ခုကတော့ လူငယ်လည်းဖြစ်တယ်၊ လုပ်လည်း လုပ်နိုင်တယ်၊ လုပ်နိုင်တဲ့ အရည်အချင်းလည်း ရှိတယ်လို့ကျွန်တော်တို့ယုံတယ်" ဟု ဦးကိုကိုကြီးက ဦးသိန်းထက်ဝေကို ထောက်ခံစကားဆိုသည်။ ပါတီမူဝါဒနှင့် ကိုက်ညီခြင်း၊ ဒေသကိုယ်စားပြုနိုင်သည့် ပရဟိတသမားဖြစ်ခြင်း စသည့် အချက်များကြောင့် ဦးသိန်းထက်ဝေကို ထောက်ခံရန် ဆုံးဖြတ်ခဲ့သည်ဟု ပြည်သူ့ပါတီ ဒုတိယခေါင်းဆောင် ဦးရဲနိုင်အောင်က ရှင်းပြသည်။

"နိုင်ငံ့အရေးကို အမျိုးမျိုးခေါင်းစဉ်တပ်၊ အမျိုးမျိုးအယောင်ပြပြီးတော့ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ တစ်ကိုယ်စာအကျိုးစီးပွားအတွက် ကိုယ်ကျိုးရှာအမြတ်ထုတ်မှု လုံးဝမလုပ်ဘူးဆို တာကို ဝန်ခံကတိပြုပါတယ်" ဟု ဦးသိန်းထက်ဝေက ၎င်း၏ အောင်နိုင်ရေးရုံးဖွင့်ပွဲတွင် ပြောကြားသည်။

ဒီချုပ်သည် ၂၀၁၅ ရွေးကောက်ပွဲတွင် မင်းဘူးမြို့နယ်အပါအဝင် မကွေးတိုင်းဒေသကြီးအတွင်း လွှတ်တော်အသီးသီးရှိ မဲဆန္ဒနယ်အားလုံးကို အနိုင်ရခဲ့သည်။ သို့ဖြစ်ရာ ဦးကိုကိုကြီး ဦးဆောင်သော ပြည်သူ့ပါတီ၏ ထောက်ခံဝန်းရံမှုကို ရရှိသူ ဦးသိန်းထက်ဝေသည် ယခုကြားဖြတ်ရွေးကောက်ပွဲတွင် ဒီချုပ်ကိုယ်စားလှယ်လောင်းကို အဓိကယှဉ်ပြိုင်ရဖွယ်ရှိသည်။

ဒီချုပ်အမတ်လောင်းမှာ (၆၅) နှစ်အရွယ် ဦးကျော်ငွေဖြစ်သည်။ မကွေးတက္ကသိုလ်မှသမိုင်းအဓိကဖြင့် ဘီအေဘွဲ့ရရှိခဲ့ပြီး လက်ရှိ မင်းဘူးခရိုင် ဒီချုပ်ပါတီအတွင်းရေးမှူးဖြစ်သည်။ ဦးကျော်ငွေသည် ၂၀၁၂ တွင် ဒီချုပ်ပါတီဝင်ဖြစ်လာပြီး ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မြို့နယ်အောင်နိုင်ရေး ကော်မတီ ဥက္ကဋ္ဌတာဝန်ယူကာ မြို့နယ်ကိုယ်စားပြု အမတ်သုံးဦး အောင်နိုင်ရေးအတွက်ဦးဆောင်ခဲ့သည်။

အဆိုပါ မဲဆန္ဒနယ်တွင် ဒီချုပ်၊ ပြည်ခိုင်ဖြိုး၊ ဒီချုပ်အမတ်ဟောင်း ဦးစိန်ဝင်းဦးဆောင်သော အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီနှင့် တစ်သီးပုဂ္ဂလနှစ်ဦး ယှဉ်ပြိုင်မည်ဖြစ်သည်။

**သမ္မတ၏ မဲဆန္ဒနယ်ကို ဆက်ခံမည့်သူ**

ကြားဖြတ် ရွေးကောက်ပွဲကျင်းပသည့် ၁၃ နေရာတွင် အာဏာရဒီချုပ်အတွက် နိုင်ငံရေးအရ အရေးအပါဆုံး မဲဆန္ဒနယ်မှာ တာမွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ဖြစ်သည်။ တာမွေသည် လက်ရှိသမ္မတ၊ဥက္ကဋ္ဌဦးဝင်းမြင့် အနိုင်ရခဲ့သော မဲဆန္ဒနယ်ဖြစ်သည်။

"သမ္မတကြီးရဲ့ နေရာဖြစ်တဲ့အတွက် ပိုပြီးတော့ အရေးကြီးပါတယ်။ နိုင်အောင်ပြိုင်ရမယ်လို့လည်း ခံယူထားပါတယ်" ဟု တာမွေမြို့နယ်မှ ယှဉ်ပြိုင်မည့် ဒီချုပ်အမတ်လောင်းဦးတိုးဝင်းကပြောသည်။ ၎င်းသည် လက်ရှိ တာမွေမြို့နယ် ဒီချုပ်ပါတီ အတွင်းရေးမှူးဖြစ်သည်။

ပြိုင်ဘက်အားလုံးကို အလေးထား ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ဦးတိုးဝင်းက ထုတ်ဖော်ပြောကြားသော်လည်း လက်ရှိ မဲဆွယ်စည်းရုံးမှု အခြေအနေများအရ အစဉ်အလာ ပြိုင်ဘက်နှစ်ပါတီသာ အကြိတ်အနယ်ယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

ဒီချုပ်သမ္မတ၏ မဲဆန္ဒနယ်မြေကို ပြည်ခိုင်ဖြိုးပါတီက အခွင့်အကျင်းအသစ်ဖြင့် သိမ်းသွင်းနိုင်ရန် ပြင်ဆင်ထားသည်။ လက်ရှိသမ္မတဦးဝင်းမြင့်ကို ဆန္ဒမဲ ငါးသောင်းကျော်အကွာဖြင့် အပြတ်အသတ်ရှုံးနိမ့်ခဲ့သော ပထမအကြိမ် လွှတ်တော်အမတ်ဟောင်း ဒေါ်လှဲ့လှဲ့ဝင်းဆွေ ထပ်မံယှဉ်ပြိုင်ခြင်းမပြုတော့။

ဒဂုံတက္ကသိုလ်မှ သတ္တဗေဒဘွဲ့ရရှိခဲ့သည့် တာမွေ အထက (၅) ကျောင်းသားဟောင်း (၄၂) နှစ်အရွယ် ဦးမျိုးဝင်းကျော်က ပြည်ခိုင်ဖြိုး အမတ်လောင်းဖြစ်လာသည်။ (၅၄) နှစ်အရွယ် ဒီချုပ်အမတ်လောင်း ဦးတိုးဝင်းကလည်း တာမွေမြို့နယ် ငယ်မွေးခြံပေါက်ဘီအေဘွဲ့ရဖြစ်သည်။

ဦးတိုးဝင်းမှာ ၁၉၈၈ အရေးတော်ပုံကာလတွင် ပါဝင်လှုပ်ရှားခဲ့ပြီး ဒီချုပ်ပါတီတည်ထောင်ချိန်၌ ပါတီဝင်ဖြစ်လာသည်။ မြို့နယ်ပါတီ လူငယ်လူငယ်တာဝန်ခံ၊ ဗဟိုလူငယ်စသဖြင့် လက်ရှိအချိန်အထိ ပါတီတွင်း တာဝန်အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်နေသည်။

၁၉၉၁ တွင် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးဆန္ဒပြပွဲများနှင့် ပတ်သက်၍ ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံခဲ့ရပြီး ၂၀၀၃ ဒီပဲယင်းအရေးအခင်းကို ကိုယ်တိုင်ပါဝင်ကြုံတွေ့ခဲ့သူ ဖြစ်သည်။

ထို့အပြင် ဦးတိုးဝင်းသည် အပ္ပမာဒေန သမ္မာဒေထသံချပ်အဖွဲ့ခေါင်းဆောင်လည်း ဖြစ်သည်။ ၎င်းကိုတာမွေကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခြင်းသည် မှန်ကန်သည့် ဆုံးဖြတ်ချက်ဟု ပါတီလူငယ်အဖွဲ့တွင် လက်တွဲဆောင်ရွက်ခဲ့ဖူးသူ တိုင်းဒေသကြီးလွှတ်တော်အမတ် ဦးရန်အောင်က မှတ်ချက်ပြုသည်။

"သူ့မှာ ခိုင်မာတဲ့ သမိုင်းကြောင်းရှိတယ်။ အခုလက်ရှိ အခြေအနေမှာလည်း ကောင်းမွန်တဲ့ လုပ်ဆောင်ချက်တွေရှိတယ်။ စိတ်ချက်လက်ချနဲ့ တာဝန်ပေးလို့ရတဲ့သူတစ်ယောက်ပါ" ဟု ၎င်းက ပြောသည်။

တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဒီချုပ်၊ ပြည်ခိုင်ဖြိုး၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ) တို့ အပါအဝင် နိုင်ငံရေးပါတီရှစ်ခုမှ ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်မည်ဖြစ်သည်။

---

စာမျက်နှာ ၄ မှ

# သတင်းလွတ်လပ်ခွင့် အမှောင်ခေတ်ရောက်ပြီလား

အစိုးရအနေဖြင့် မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သင့်သော အခြေအနေတစ်ခုကို ရောက်ရှိနေပြီး ဆက်လက်၍ လျစ်လျူရှုထားပါက ပုဂ္ဂလိကမီဒီယာများ၏ ရှေ့ရေး အဆိုးဘက်ကို ရောက်ရှိမည်ဖြစ်ကြောင်း ဦးကျော်မင်းဆွေက ပြောသည်။

"ရှေ့အလားအလာက ဒီအတိုင်းဆက်ပြောရင်မကောင်းဘူး။ ဒါကို နည်းနည်းပြုပြင်ပြောင်းလဲရေးလုပ်ဖို့လိုမယ်။ ပြုပြင်ပြောင်းလဲရေးလုပ်တယ်ဆိုတာကလည်း အစိုးရရဲ့ အခန်းကဏ္ဍကို ဒီထက်လျှော့ချဖို့လိုမယ်။ နောက်တစ်ခါ ပုဂ္ဂလိက မီဒီယာတွေနဲ့ သတင်းမီဒီယာကောင်စီနဲ့ စကားပြောဖို့လိုနေပြီ။ ဆွေးနွေးဖို့လိုနေပြီ။ အဖြေရှာဖို့လိုနေပြီ။ ဒါပေမဲ့ ခက်တာက ဒုဝန်ကြီးနဲ့ ဝန်ကြီးနှစ်ယောက်စလုံးက မီဒီယာအကြောင်းကို မသိတဲ့သူတွေမဟုတ်ဘူး။ မသိတဲ့သူတွေ မဟုတ်တဲ့အတွက် ခက်တဲ့ကိစ္စလို့ပြောလို့မရဘူး။ ဒါကသူတို့ စိတ်ဆန္ဒမရှိဘူးလို့ ပြောရမယ်။ အစိုးရကိုယ်တိုင်က စိတ်ဆန္ဒမရှိဘူးလို့ ပြောရမှာပေါ့" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က Eleven ဂျာနယ်တွင်ဖော်ပြခဲ့သောဆောင်းပါးနှင့်ပတ်သက်ပြီးသတင်းသမားသုံးဦးကို တရားစွဲဆိုခြင်းအပါအဝင် တရားစွဲခံရသော သတင်းသမားအရေအတွက်တိုးလာခြင်းသည်ဒီမိုကရေစီအစိုးရ၏ ရပ်တည်ချက်ကိုမေးခွန်းထုတ်စရာဖြစ်လာပြီးအမျိုးသားရင်ကြားစေ့ရေး လက်ကိုင်ထားသော လက်ရှိအစိုးရမူဝါဒနှင့် ဆန့်ကျင်နေသည်။

"မီဒီယာလွတ်လပ်ခွင့်လို့ ပြောရင် လူတွေက မီဒီယာနဲ့ပဲဆိုင်တယ်လို့ ပြောတယ်။ အမှန်က မီဒီယာဆိုတာက ပြည်သူလူထုကိုယ်စားရှိနေတာ။ မီဒီယာလွတ်လပ်ခွင့်ကို လျှော့ချရင် ဒီမိုကရေစီဆိုတာ နောက်ပြန်လျှောသွားမယ်"ဟုဦးဇေယျာသူက ပြောသည်။

ဒီမိုကရေစီစစ်စစ်ကိုလိုလားပါက စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာရပ်တည်မှုအားကောင်းရန် လိုအပ်မည်ဖြစ်သည်။ စတုတ္ထမဏ္ဍိုင်အားအင်ချည့်နဲ့ပါက သတင်းအမှောင်ဖုံးလွှမ်းမှုမြောက်မြားစွာပေါ်ပေါက်လာပြီးဒီမိုကရေစီရေစီးကြောင်း တိမ်မြုပ်ပျောက်ကွယ်နိုင်သည်ကို ကမ္ဘာ့ထိပ်တန်း သတင်းစာဖြစ်သော The Washington Post သတင်းစာ၏ အောက်ပါဆောင်ပုဒ်က ဖော်ညွှန်းနေပါသည်။

'Democracy Dies in Darkness' (သတင်းအမှောင်ချသောကာလဝယ် ဒီမိုကရေစီ ကျဆုံး၏)

www.free4readers.com


7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018



# ဂျပန်ရှိ သက်ကြီးဂေဟာများအတွက် အလုပ်ခေါ်စာများရဟုဆို

မိုးမင်း

**ရန်ကုန်၊ အောက်တိုဘာ ၁၅**

ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ဂေဟာများအတွက် လုပ်သားစေလွှတ်ခွင့်ပြုပြီးနောက် အလုပ်ခေါ်စာဝင်ရောက်မှု များပြားနေကြောင်း ပြည်ပ အလုပ်အကိုင်အေဂျင်စီအချို့က ပြောသည်။

ယင်းဂေဟာများတွင် လုပ်ကိုင်ရန်အလုပ်သမားလိုအပ်ချက်မြင့်မားနေပြီး မြန်မာအစိုးရက ယင်းလုပ်သားစေလွှတ်ခွင့်ကိုစက်တင်ဘာလလယ်ပိုင်းက ခွင့်ပြုစဉ် ဂျပန်နိုင်ငံဘက်မှ အလုပ်သမားခေါ်ယူလိုသည့် ကမ်းလှမ်းမှုများ ဆက်တိုက် ရရှိလာခြင်းဖြစ်သည်။

"ဒီလုပ်ငန်းအမျိုးအစားကတခြားလုပ်ငန်းအမျိုးအစားတွေထက်ကိုခေါ်ယူဖို့ ကမ်းလှမ်းတဲ့အရေအတွက်က အရမ်းများတယ်။ အဲဒီအတွက်လည်းအလုပ်သမားတွေကို အင်တာဗျူးဆက်တိုက်လုပ်နေရတယ်"ဟု ငွေကြိုးကြာပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းစည်သူက ပြောကြားသည်။

သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာအတွက် ခေါ်ယူလိုသည့် အလုပ်သမားဦးရေသည် အေဂျင်စီတစ်ခုနှင့် တစ်ခုမတူညီဘဲ ပျမ်းမျှအားဖြင့် အေဂျင်စီတစ်ခုလျှင် ရာဂဏန်းအထက်တွင်ရှိသည်ဟု အေဂျင်စီလုပ်ငန်းရှင်အချို့က ဆိုသည်။



*ဂျပန်နိုင်ငံရှိ လူအိုရုံတစ်ခု၏ စားသောက်ခန်းအတွင်း သက်ကြီးရွယ်အိုများစားသောက်နေစဉ်*

ဓာတ်ပုံ – Internet

"ဂျပန်ဘက်ကလည်းမြန်မာနိုင်ငံကအလုပ်သမားစေလွှတ်ခွင့်ကို စောင့်နေတာကြာပြီ။ ဒီဘက်ကခွင့်ပြုချက်မကျခင်ကတည်းက သူတို့က အဆင်သင့်ပြင်ထားကြတာ။ အခုခွင့်ပြုလိုက်ပြီဆိုတဲ့အခါကျတော့အလုံးအရင်းနဲ့Demand (အလုပ်ခေါ်စာ)တွေဝင်လာတဲ့သဘောပဲ"ဟု ယင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဂျပန်နိုင်ငံဘက်မှ အလုပ်သမားခေါ်ယူရန် စိတ်အားထက်သန်နေသော်လည်း မြန်မာနိုင်ငံဘက်က အလုပ်သမားစေလွှတ်ရေးနှင့် ပတ်သက်သည့် စိစစ်မှုလုပ်ငန်းစဉ်များ ကြန့်ကြာနေကြောင်း အေဂျင်စီအချို့က ဆိုသည်။

ယင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်မည်ဆိုပါက စိစစ်မှုလုပ်ငန်းစဉ်များအတွက် လေးလခန့်ကြာမြင့်လေ့ရှိသဖြင့် ပိုမိုမြန်ဆန်အောင် ဆောင်ရွက်ပေးသင့်ကြောင်း ၎င်းတို့က ပြောသည်။

ဂျပန်ရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများအတွက် အလုပ်သမားဦးရေ ၅၀,၀၀၀ မှ ၁၀၀,၀၀၀ အထိ လိုအပ်နေကြောင်းအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားထားသည်။

ယင်းလုပ်ငန်းသည် သူနာပြုအကူကဲ့သို့ အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးရခြင်းမဟုတ်ဘဲ သတ်မှတ်ဂေဟာအတွင်းသာ တာဝန်ချိန်အလိုက် လုပ်ကိုင်ရသည့်လုပ်ငန်း ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ဒေသအလိုက် လုပ်ခလစာနှုန်းထားကွာခြားလေ့ရှိပြီး ခန့်မှန်းခြေအားဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာလုပ်သားများသည် တစ်လလျှင် ကျပ်သိန်း ၂၀ ခန့်ရရှိကြောင်း အေဂျင်စီရှင်များက ဆိုသည်။

လက်ရှိတွင် အခြားလုပ်ငန်းအမျိုးအစားများအတွက် ဂျပန်နိုင်ငံသို့သွားရောက်လုပ်ကိုင်သည့် မြန်မာလုပ်သားဦးရေ တစ်လလျှင် ၁၀၀ မှ ၅၀၀ အကြားရှိကြောင်းအလုပ်သမားညွှန်ကြားရေးဦးစီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြသည်။


**Free Classified**

## ဝ န် ထ မ်း အ လို ရှိ သ ည်

### ဝန်ထမ်းအလိုရှိသည်

Winning Security Group Co., Ltd. လုံခြုံရေးဝန်ထမ်းနှင့် ယာဉ်မောင်း (၁) ဦးအလိုရှိသည်။ အသက် (၁၈) နှစ်မှ (၅၅) နှစ်အတွင်း၊ ကျန်းမာရေးကောင်းမွန်သူ၊ တိုက်အမှတ် (၈)၊ အခန်း (၁၀၂)၊ နေကြာသာယာကုန်းလမ်း၊ ပုလွန်တောင်မြို့နယ်။ Ph- 01-397638

---

### ဝန်ထမ်းအလိုရှိသည်

လှည်းတန်းအနီးရှိ IT & Media Company တစ်ခုမှ အောက်ပါရာထူးများလစ်လပ်လျက်ရှိပါသည်။ Receptionist Female (1) Post၊ အသက်(၁၈)နှစ်မှ (၂၃) နှစ်အတွင်း အခြေခံပညာအထက်တန်းအောင်မြင်ရမည်။ imhr005@gmail.com. Ph- 01-512887

### ဝန်ထမ်းအလိုရှိသည်

AEON Orange Supermarket Pastery Chef (ကျား၊ မ–၃)ဦး၊ Account (ကျား၊ မ–၂)ဦး၊ ဟင်းချက်ကျွမ်းကျင် (ကျား၊ မ –၅)ဦး။

Ph- 01-209451

---

### ဝန်ထမ်းအလိုရှိသည်

ကုက္ကိုင်းရေကူးအသင်းတွင် တာဝန်ထမ်းဆောင်ရန် စာရင်းကိုင် ကျား/မ(၁)ဦး၊ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ(သို့)LCCI I, II, Microsoft Office Word, Excel, Adobe PageMaker, ကျန်းမာရေးကောင်းမွန်၍ ဆက်ဆံရေးပြေပြစ်ရမည်။ လစာ+OT+ရက်မှန်ကြေး ခံစားခွင့်ရှိသည်။

Ph- 01- 401467

### ဝန်ထမ်းအလိုရှိသည်

သာကေတတွင် ဖွင့်လှစ်မည့် Cafe တွင် လုပ်ကိုင်ရန် Full Time, Part Time အလိုရှိသည်။ Ph- 09-786657624

---

### ဝန်ထမ်းအလိုရှိသည်

Sale & Cashier Staff (Convenience Store) ကျား/မ (၁၀)ဦး၊ Inventory Coordinator (သယ်နှင်းကျွန်းရုံးချုပ်တွင် တာဝန်ထမ်းဆောင်ရန်) ကျား/မ(၁)ဦး၊ Email: hradmin@dailyfunfun.com.

Ph- 09- 977218030

---

### ဝန်ထမ်းအလိုရှိသည်

စက်ချုပ်ဝန်ထမ်း (မ – ၂ ဦး) အမြန်အလိုရှိသည်။ နေစရာစီစဉ်ပေးမည် (စမ်းချောင်း)။ Ph- 09-797749777

### ဝန်ထမ်းအလိုရှိသည်

KMA Hotels Group Head Office နှင့် နယ်ဟိုတယ်တွင်တာဝန်ထမ်းဆောင်ရန် Reservation Executive IT Officer IT Assistant တစ်ဦးအလိုရှိသည်။

Ph- 09-977991918

---

### ဝန်ထမ်းအလိုရှိသည်

Protection Manager, Sittwe, Rakhine State (1), Senior Child Protection Officer, Sittwe, Rakhine State (1), Mobile Clinic Nurse, Sittwe(Rathaedaung), Rakhine State (1)International Rescue Committee, Myanmar Program, No.69/54 (B-4), Oak Tha Pha Yar Street, Kyaikkasan Quarter, Bahan, Yangon. Ph: + 95 (1) 860 4243

### ဝန်ထမ်းအလိုရှိသည်

Sales & Cashier (၁၀)ဦး၊ Inventory Coordinator (၃)ဦး၊ Security (၃)ဦး အလိုရှိပါသည်။ အမှတ်(၂၁)၊ (၁)လမ်းနှင့် (၄)လမ်းထောင့်၊ တောင်ဥက္ကလာပ စက်မှုဇုန်။

Ph- 09- 449222121

---

### ဝန်ထမ်းအလိုရှိသည်

သယ်နှင်းကျွန်းရုံးချုပ်တွင် တာဝန်ထမ်းဆောင်ရန် Office Cashier မ (၁)ဦး LCCI (Level I,II) ဖြစ်ရမည်။ Computer Excel & Cash Book ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။ အသက် (၂၀)နှစ်အထက်ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၂)နှစ်နှင့်အထက်ရှိရမည်။

Ph- 09-977218030

### ဝန်ထမ်းအလိုရှိသည်

ခေါင်းလျှော်၊ စက်ဆွဲ၊ ဘက်စုံ (ကျွမ်းကျင်) မ(၂)ဦး၊ လစာ–၁၅၀,၀၀၀/နှင့်အထက်၊ တစ်ပတ်တစ်ရက်ပိတ်၊ နေ/စားငြိမ်း။ Ph- 09-421086695

---

### အလိုရှိသည်

တရုတ်၊ ကိုရီးယား၊ အင်္ဂလိပ်၊ ဂျပန်၊ အီတလီ၊ ပြင်သစ်၊ ရုရှား၊ စပိန် စသောနိုင်ငံခြားဘာသာစကားသင်နိုင်သောဆရာ/မများ အလိုရှိသည်။ Ph- 09- 449021733

---

### ဝန်ထမ်းအလိုရှိသည်

ကိုဒေါင်မှူး ကျား(၂)ဦး၊ စက်ပြင် ကျား(၂)ဦး၊ အမှတ်(၂၉)၊ ပန်းတည်းဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာ။

Ph- 09- 421135205

**အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ တွန်ပျူတာစာရိုက်ပြီး (1.5"x2")ထက် မကြီးသော အရွယ်အစားဖြင့် လာရောက်ပေးပို့နိုင်ပါသည်။**
**အမှန်တကယ် ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကို အသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။**

www.free4readers.com



7DAY NEWS JOURNAL

Vol.17, No.32 · OCTOBER 17 , 2018

# ကမ္ဘာကြီးကိုကယ်တင်ရန် နောက်ဆုံးသတိပေးချက်



ကမ္ဘာကြီး ပိုမိုပူနွေးလာမှုကြောင့် ရေခဲတောင်များ အရည်ပျော်ကျပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည်။

ဓာတ်ပုံ – theconversation.com

■ ဖွဲ့ရဲဝင့်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနဲ့ အတူ အပူချိန် တရိပ်ရိပ်မြင့်တက်လာခြင်းက ရှောင်လွှဲလို့မရတဲ့ ဖြစ်စဉ်တစ်ခုပါပဲ။ ဒီတော့ သိပ္ပံပညာရှင်တွေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီတွေက အကောင်းဆုံးဖြစ်နိုင်ခြေအနေနဲ့ ကမ္ဘာကြီးရဲ့ ပျမ်းမျှအပူချိန်ကို ၁ ဒသမ ၅ ဒီဂရီဆဲလ်ဆီးရပ်စ်အောက်မှာသာ တိုးလာဖို့ မျှော်လင့်ခဲ့ကြပါတယ်။ ဒါပေမဲ့ လက်ရှိ အနေအထားအရတော့ အခြေအနေတိုင်းက ဆိုးဆိုးရွားရွား လွဲချော်နေပါပြီ။

ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်မှုကို ၁ ဒသမ ၅ ဒီဂရီဆဲလ်ဆီးရပ်စ်အောက်မှာသာ ထိန်းထားဖို့ ရည်မှန်းထားပေမယ့် အမှန်တကယ်မှာတော့ ၃ ဒီဂရီဆဲလ်ဆီးရပ်စ်လောက်ထိ တိုးလာမယ့်အခြေအနေမျိုး မျက်ဝါးထင်ထင် တွေ့နေရတာကြောင့်ပါ။ ကမ္ဘာ့ပျမ်းမျှ အပူချိန် ၃ ဒီဂရီ တိုးလာပြီဆိုရင် ပြောပြဖို့တောင် ခက်ခဲလောက်အောင် ကြီးမားတဲ့ အကျိုးဆက်တွေ ရင်ဆိုင်လာရမယ်လို့ ပညာရှင်တွေက သတိပေးခဲ့ပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနဲ့ ပတ်သက်လို့ နိုင်ငံတကာ ပညာရှင်တွေ၊ အစိုးရအဖွဲ့ဝင်တွေ စုပေါင်းပြီး တောင်ကိုရီးယားမှာ ဆွေးနွေးပွဲကြီးတစ်ခု ပြုလုပ်ခဲ့ပါတယ်။ အဲဒီ ဆွေးနွေးပွဲမှာတော့ ကမ္ဘာ့အပူချိန် မြင့်တက်မှုကို ၁ ဒသမ ၅ ဒီဂရီ ဆဲလ်ဆီးရပ်စ်အောက် ထိန်းထားနိုင်တာ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ သဘောတူခဲ့ကြတယ်။ ဆွေးနွေးပွဲက အရေးတကြီး ထုတ်ပြန်ခဲ့တဲ့ စာမျက်နှာ ၃၃ မျက်နှာပါ အစီရင်ခံစာမှာတော့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သုတေသီတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ၊ ရာသီဥတု ပြောင်းလဲမှုနဲ့အတူကြုံလာနိုင်တဲ့ ပြဿနာတွေကို အစီအစဉ်တကျ ဖော်ပြထားပါတယ်။

ပြက္ခဒိန်သုံးခုလောက်ကျော်လွန်လာပြီးတဲ့အခါမှာတော့ အဲဒီ အကြံပြုချက်တွေ ဘာမှ ရေရေရာရာ ဖြစ်မြောက်မလာသေးဘဲ အခုအတိုင်း ဆက်သွားနေရင် ကမ္ဘာ့ရာသီဥတု အပူချိန်ဟာ ပျမ်းမျှ ၃ ဒီဂရီ ဆဲလ်ဆီးရပ်စ်လောက် မြင့်တက်လာမယ့် ခြိမ်းခြောက်မှုနဲ့ပါကြုံနေရပါပြီ။ "ပြောရရင်တော့ သိပ္ပံပညာရှင်တွေက နိုင်ငံတကာ အစိုးရတွေကို အင်္ဂလိပ်စာလုံး အကြီးကြီးနဲ့ "တစ်ခုခုထလုပ်ကြပါဟ အရူးတွေရ"လို့ ပြောချင်နေပါပြီ"လို့ Greenpeace အဖွဲ့ကြီးရဲ့ သုတေသီကိုင်ဆာကိုဆိုနန်က ပြောပါတယ်။ ပညာရှင်တွေဘက်က လိုအပ်တဲ့ အချက်အလက်တွေနဲ့ တိတိကျကျ သတိပေးထားပေမယ့် အာဏာပိုင်တွေ၊ မူဝါဒဖော်ဆောင်သူတွေဘက်က လိုက်လာနိုင်စွမ်း နည်းလွန်းနေတယ်လို့လည်း သူက ညည်းညူပါတယ်။

ပျမ်းမျှကမ္ဘာ့အပူချိန် တိုးနှုန်း ၁ ဒသမ ၅ ဒီဂရီဆဲလ်ဆီးရပ်စ်အထက်ထိ ရောက်သွားရင် မြန်ဆန်လွန်းပြီး ပြုပြင်ဖို့ လက်လှမ်းမမီနိုင်အောင် ခက်ခဲလွန်းတဲ့ အပြောင်းအလဲတွေ၊ အကျိုးဆက်တွေ ရင်ဆိုင်ရလိမ့်မယ်လို့ သုတေသီတွေက ပြောပါတယ်။ သဘာဝရေစီးကြောင်း အပြောင်းအလဲတွေ၊ ငါးသယံဇာတ ပျက်စီးမှုတွေ ကြုံလာနိုင်သလို ဝင်ရိုးစွန်းဒေသက ရေခဲတွေ ပျော်ကျမှု မြန်ဆန်ပြီး ကမ္ဘာ့မြေပုံပေါ်က ကျွန်းတချို့ပါ ရေဖုံးလွှမ်း ပျောက်ကွယ်သွားနိုင်ပါတယ်။ လက်ရှိအနေအထားတွေက စိုးရိမ်စရာဖြစ်နေတာမှန်ပေမယ့် အချိန်မီပြုပြင်ဖို့ အခွင့်အလမ်းတွေတော့ ကျန်နေသေးတယ်လို့လည်း သုတေသီတွေက အကောင်းမြင်ယူဆနေပါတယ်။

ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်မှုကို ၁ ဒသမ ၅ ဒီဂရီဆဲလ်ဆီးရပ်စ်လောက် ပြန်လည်လျှော့ချဖို့ဟာ ရာသီဥတု ပြုပြင်ပြောင်းလဲမှုကို တွန်းလှန်ရာမှာ အရမ်းအရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်တယ်လို့ ညီလာခံမှာ ပူးတွဲသဘာပတိအဖြစ် တာဝန်ယူခဲ့တဲ့ ပရော်ဖက်ဆာ ဂျင်မ်ဆာကီယာက ရှင်းပြပါတယ်။ ဒီရည်မှန်းချက်ကို ရောက်ရှိဖို့ဆိုရင် လူသားတွေရဲ့ စွမ်းအင်လည်ပတ်အသုံးပြုမှုစနစ်တွေ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွေမှာ ကြီးမားတဲ့ အပြောင်းအလဲတွေလိုအပ်လိမ့်မယ်လို့လည်း သူက ဆိုတယ်။

သုတေသီတွေက ကမ္ဘာတစ်လွှားမှာလူတွေကြောင့်ဖြစ်ပွားနေတဲ့ အန္တရာယ်ရှိလောက်တဲ့ ရာသီဥတုအပြောင်းအလဲ ကားချပ်ကြီးကို ရှေ့မှာချရင်း သက်ပြင်းတွေ အကြိမ်ကြိမ် မှုတ်ထုတ်နေကြပါတယ်။ တစ်နှစ်ချင်းစီ တိုးလာတဲ့ ကမ္ဘာ့အပူချိန်ဟာ ရုတ်တရက် မသိသာသေးတာကြောင့် စီမံထိန်းသိမ်းနိုင်တဲ့အဆင့်မှာ ရှိနေဆဲလို့ လူတွေက အလွယ်တကူ ယူဆနေကြတယ်။ ဒါဟာ မှားပါတယ်။ လက်ရှိအတိုင်း ဆက်သွားနေရင် ၁ ဒသမ ၅ ဒီဂရီဆဲလ်ဆီးရပ်စ်ထက် ပျမ်းမျှအပူချိန် ပိုမတိုးဖို့ဆိုတဲ့ ရည်မှန်းကန့်သတ်ချက်ကို ၂၀၃၀ မှာတင် ကျော်လွန်သွားတော့မှာပါ။ ဒါဟာ လက်ရှိကာလကနေ ၁၂ နှစ်အတွင်းမှာ ဖြစ်ပျက်သွားမယ့် ကိစ္စမျိုးပါ။

## ကျွန်တော်တို့ ဘာလုပ်နိုင်မလဲ

ဒါကို ပြောင်းလဲဖို့ဆိုရင် တစ်ကမ္ဘာလုံး တက်ညီလက်ညီနဲ့ အရေးတကြီး တုံ့ပြန်ကိုင်တွယ်ကြဖို့ လိုပါတယ်။ အစိုးရတွေရဲ့ မူဝါဒတွေ ပြောင်းလဲပြင်ဆင်ရမှာဖြစ်သလို လူတစ်ဦးချင်းစီရဲ့ နေထိုင်ပြုမူမှုပုံစံမှာလည်း ဆင်ခြင်ရမှာတွေ ရှိပါတယ်။ ကာဗွန်ထုတ်လွှတ်မှုကို ထိန်းညှိဖို့အတွက် သစ်ပင်တွေ၊ သစ်တောတွေ မပြုန်းတီးအောင်လည်း ကြိုးစားဂရုစိုက်ကြရမှာပါ။ အစိုးရတွေအနေနဲ့ စွမ်းအင်၊ မြေယာအသုံးချမှု၊ မြို့ပြတည်ဆောက်မှုနဲ့ စက်မှုကဏ္ဍဆိုတဲ့ နယ်ပယ်လေးရပ်မှာ ရာသီဥတုဖောက်ပြန်မှုကို လျှော့ချမယ့် မူဝါဒတွေ ကြပ်မတ်ပြင်ဆင်ဖို့ လိုပါတယ်။

လူတစ်ဦးချင်းအနေနဲ့လည်း လိုက်နာရမှာတွေရှိပါတယ်။ ပြည်တွင်းဖြစ်၊ ဒါမှမဟုတ် ဒေသတွင်းမှာ အလွယ်တကူ ဝယ်ယူနိုင်တဲ့ အစားအသောက်တွေအပေါ် ပိုမိုမှီခိုဖို့ လိုပါတယ်။ အဝတ်အထည်တွေနဲ့ ပတ်သက်တဲ့ ရွေးချယ်မှုကလည်း အတူတူပါပဲ။ ဒေသတွင်းထုတ်ကုန်တွေကို ပိုမိုအသုံးပြုတာ၊ စားသောက်တာဟာ သယ်ယူပို့ဆောင်မှုကြောင့် ထွက်ပေါ်လာတဲ့ ညစ်ညမ်းမှုနဲ့ အပူချိန်တွေကို လျှော့ကျစေပါတယ်။ ရုတ်တရက်ဆို မသိသာပေမယ့် တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ လိုက်နာရင်တော့ ကြီးမားတဲ့ အကျိုးသက်ရောက်မှုမျိုး ကြုံရမှာပါ။

ခရီးတွေ သွားလာတဲ့အခါမှာလည်း ကာဗွန်အခြေပြု ဓာတ်ငွေ့တွေ ထုတ်လွှတ်ခြင်းမရှိတဲ့ လျှပ်စစ်ကားတွေကိုအသုံးပြုသင့်ပါတယ်။ ဒီအချက်က ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ လိုက်နာဖို့ အကန့်အသတ်တွေ အများကြီးကြုံနေရဆဲပါ။ ခရီးတိုဆိုရင် လမ်းလျှောက်တာ၊ စက်ဘီးစီးတာတွေ လုပ်သင့်ပါတယ်။ ဖြစ်နိုင်ရင် လေယာဉ်အစား ဘတ်စ်ကား၊ ရထားတွေနဲ့ ခရီးသွားတာ ပိုကောင်းပါတယ်။ စီးပွားရေး၊ အလုပ်နဲ့ ပတ်သက်လို့ရပ်ဝေးမှာ အစည်းအဝေးသွားတက်တာထက် ဗီဒီယိုကွန်ဖရင့်တွေ လုပ်တာမျိုးကို ရွေးချယ်ဖို့ ပညာရှင်တွေက တိုက်တွန်းထားပါတယ်။ ကိုယ့်ရဲ့ နေထိုင်စားသောက်မှု ကဏ္ဍအားလုံးမှာ လေထုညစ်ညမ်းစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့တွေ ထုတ်လွှတ်မှုကို အတတ်နိုင်ဆုံး လျှော့နည်းအောင် ဆင်ခြင်ရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့လေထုပူနွေးမှုကို မြင့်တက်စေတဲ့ အခြေခံ အကျဆုံး အကြောင်းရင်းတွေက စက်မှု လုပ်ငန်းတွေနဲ့ ခရီးသွား သယ်ယူပို့ဆောင်မှု လုပ်ငန်းတွေ ဖြစ်တယ်ဆိုတဲ့ အချက်ကလည်း သတိပြုသင့်တဲ့ ကိစ္စတွေပါပဲ။

## ၁ ဒသမ ၅ သို့ အဆင့်ငါးဆင့်

ပညာရှင်တွေရဲ့ အဆိုအရ ပျမ်းမျှ ကမ္ဘာ့အပူချိန် မြင့်တက်မှုကို ၁ ဒသမ ၅ ဒီဂရီဆဲလ်ဆီးရပ်စ်အောက်မှာ ထိန်းထားဖို့ဆိုရင်(၁) ၂၀၃၀မတိုင်ခင်ကမ္ဘာတစ်လွှားက ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို ၂၀၁၀ တုန်းက ပမာဏထက် ၄၅ ရာခိုင်နှုန်းလောက် လျှော့ချရပါမယ်။ (၂) ကမ္ဘာတစ်လွှားက လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုမှုအတွက် ပြန်လည်သန့်စင်အသုံးချနိုင်တဲ့ စွမ်းအင်ကဏ္ဍကို ၂၀၅၀ မတိုင်ခင် ၈၅ ရာခိုင်နှုန်း မြင့်တင်ဖို့ လိုပါတယ်။ (၃) ကျောက်မီးသွေး အသုံးပြုမှုကို သုညမှတ်နဲ့ အနီးစပ်ဆုံးထိ ဆွဲချရပါမယ်။ (၄) ကမ္ဘာတစ်လွှားမှာ စွမ်းအင်အသုံးချမှုနဲ့ စရိတ်စက နည်းပါးတဲ့ စိုက်ခင်းမြေနေရာပေါင်း စတုရန်းကီလိုမီတာ ခုနစ်သန်းလောက်ရှိနေရပါမယ်။ ဒါဟာ ဩစတြေးလျတိုက်ရဲ့ အကျယ်အဝန်းနီးပါးလောက်နဲ့ ညီမျှပါတယ်။ (၅) ၂၀၅၀ မှာ ကမ္ဘာတစ်လွှား ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုက မရှိရတော့ပါဘူး။

## ၁ ဒသမ ၅ ဒီဂရီဆဲလ်ဆီးရပ်စ် ကျော်ရင် ဘာဖြစ်မလဲ

တကယ်လို့ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်မှုကို ၁ ဒသမ ၅ ရာခိုင်နှုန်းအောက်မှာ ထိန်းမထားနိုင်ရင် ဘာဖြစ်မလဲဆိုတာကလည်း လက်တွေ့ကျတဲ့ မေးခွန်းတစ်ခုပါ။ ပညာရှင်တွေက အရိုးဆုံးနဲ့ အတိုဆုံး ဖြေထားတာကတော့ ကမ္ဘာကြီးတစ်ခုလုံးကို ထင်ရှားပြီး ခြိမ်းခြောက်မှုကြီးမားတဲ့ အန္တရာယ်အချို့ ကျရောက်လာစေမယ်လို့ ပြောပါတယ်။ ကမ္ဘာ့ပျမ်းမျှ အပူချိန် ၂ ဒီဂရီဆဲလ်ဆီးရပ်စ်လောက် တက်လာရင် သန္တာကျောက်တန်းတွေ အားလုံးနီးပါး ပျက်စီးကုန်မယ်။ အဲဒီ ကျောက်တန်းတွေနဲ့ ဆက်စပ်နေတဲ့ ဂေဟစနစ် တည်ငြိမ်မှုနဲ့ ငါးသယံဇာတတွေကို ထိခိုက်ပါမယ်။ အဲဒီလောက် အပူချိန်မြင့်တက်မှုနဲ့အတူ ပင်လယ်ရေမျက်နှာပြင် အမြင့်က ၁၀ စင်တီမီတာ မြင့်တက်လာပါမယ်။ ဒါဆို တစ်ကမ္ဘာလုံးမှာ ရေလွှမ်းမိုးမှု အန္တရာယ်ကို နှစ်စဉ်ကြုံတွေ့ရမယ့် လူဦးရေ ပျမ်းမျှ ၁၀ သန်းလောက် ပိုများလာမယ်။ ပင်လယ်သမုဒ္ဒရာ ရေထုရဲ့ အပူချိန်နဲ့ အက်စစ်ပါဝင်မှုမှာလည်း သက်ရောက်မှုတွေ ရှိလာမယ်။ စပါး၊ ပြောင်းနဲ့ ဂျုံတို့လို ကောက်ပဲသီးနှံတွေ အထွက်နှုန်းကျသွားပါမယ်။

လူတွေကတော့ မေ့မေ့ပျောက်ပျောက် ပေါ့ပေါ့ဆဆရှိနေဆဲပါ။ ဒါပေမဲ့ရာသီဥတုစောင့်ကြည့်ရေး ပညာရှင်တွေကတော့ အတော်လေး ရတက်မအေးနိုင်ဖြစ်နေကြပါပြီ။ "အခုက အပြောင်းအလဲတွေကို လက်တွေ့လုပ်ဖို့ ဆုံးဖြတ်ရမယ့် အချိန်ပါပဲ" လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူကိုင်ဆာကိုဆိုနန်က ပြောပါတယ်။ "ကျွန်မတို့ဟာ သန့်စင်စွမ်းအင်ကို ပိုအသုံးချရမယ်။ ကျွန်မတို့ရဲ့ သစ်တောတွေ၊ သဘာဝ သက်ရှိမျိုးစိတ်တွေကို ကာကွယ်ရမယ်။ ကျွန်မတို့ လုပ်နိုင်သမျှ အကောင်းဆုံး လုပ်ရပါမယ်။ လက်ရှိကာလဟာ ကမ္ဘာကြီးရဲ့ အနာဂတ်ကို ဖန်တီးမယ့် အလှည့်အပြောင်းတစ်ရပ်လို့ လေးလေးနက်နက် မှတ်ယူပြီး ကျွန်မတို့ ဆုံးဖြတ်ပြင်ဆင်ရပါတော့မယ်"လို့လည်း သူက သတိပေး တိုက်တွန်းခဲ့ပါတယ်။

(BBC မှ Matt McGrath **ရေးသားသည့်** Final call to save the world from 'climate catastrophe' **ဆောင်းပါးကို ဘာသာပြန်ဆိုသည်။**)

www.free4readers.com



# အတ္တလန္တိတ် တစ်ဖက်ကမ်းမှ ပစိဖိတ်ကမ်းသို့ (၆)

မြင့်မိုရ်ဆွေ

ကမ္ဘာကျော် နိုင်ရာဂရာ ရေတံခွန်ကြီးကို ကြည့်ရှုဖို့ အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း ကနေဒါနယ်စပ်ရှိ ဘတ်ဖဲလိုးမြို့ကို အရောက်သွားကြရမှာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဩဂုတ် ၄ ရက်နေ့ နံနက်မှာ စာရေးသူတို့ ငှားရမ်းထားတဲ့ ဗိုဒ်ကားလေးဟာ ဝါရှင်တန်ဒီစီမှ အဝေးပြေးလမ်းမကြီးအတိုင်း မိုင် ၄၅၀ ခန့်ကွာဝေးတဲ့ ဘတ်ဖဲလိုးမြို့ကို ဦးတည်ပြီး မောင်းနှင်နေပါတယ်။ ယမန်နေ့ညက ဝါရှင်တန်ဒီစီ Sterling North ရှိ စာရေးသူတို့ တည်းခိုတဲ့ Hyatt Place ဟိုတယ်အနီး ဈေးဆိုင်များဖွင့်လှစ်ရာ Neighbour–hood Centre မှာရှိတဲ့ Burma Food Centre ထမင်းဆိုင်မှ မြန်မာထမင်းကို ကြက်သားဟင်းနဲ့ အားရပါးရစားပြီး အိပ်ရာဝင်ခဲ့ရလို့ နံနက်ပိုင်း ခရီးထွက်ရာမှာ စိတ်တွေကြည်လင်လန်းဆန်းနေပါတယ်။ အလျဉ်းသင့်လို့အဲဒီထမင်းဆိုင်အကြောင်း ပြောလိုပါတယ်။ နာမည်ကျော် ၂၀၁၆ ခုနှစ် မေလ ၁၁ ရက်နေ့ထုတ် Washington Post သတင်းစာမှာ ဆောင်းပါးရှင် နန်စီလူးဝစ် (Nancy Lewis) က 'မြန်မာအစားအသောက်ကြယ်တစ်ပွင့်ကို မွေးဖွားခြင်း' (A Star in Burmese Cooking born) ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးသားထားတဲ့ ဆောင်းပါးကို ဘောင်သွင်းပြီး ဆိုင်အဝင်မှာ ပြသထားတာ တွေ့ရှိရပါတယ်။

ဆောင်းပါးမှာ အမေရိကန်တွေဟာ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်းနဲ့ လာအိုအစားအစာတွေကို လွန်ခဲ့တဲ့ ဆယ်စုနှစ်စုမှ စတင်ကျွမ်းဝင်ခဲ့ကြောင်း၊ မြန်မာအစားအစာက အဲဒီစာရင်းထဲမှာ မပါဝင်ဘဲ ကျန်ရှိခဲ့ကြောင်း၊ ကိုသီဟနဲ့ ဂျိုနာနီလာတို့ ဇနီးမောင်နှံဟာ ၁၉၈၈ ခုနှစ်မှစပြီး အမေရိကန်နိုင်ငံသို့ ရောက်ရှိခဲ့ကြကြောင်း၊ စားသောက်ဆိုင်လုပ်ငန်းနဲ့ ရပ်တည်ရန် ကြိုးပမ်းရင်း ယခုလိုနေရာအခြေတကျနဲ့ ယစ်မျိုးလိုင်စင်ရတဲ့ ဆိုင်ကြီးဖြစ်လာအောင် ဖန်တီးနိုင်ခဲ့ကြောင်း၊ ဆိုင်ရဲ့ မီနူးအရ သက်သတ်လွတ်အပါအဝင် ဟင်းလျာအမျိုး ၁၀၀ ခန့်ရှိတာကို အံ့သြစွာ တွေ့ရှိရကြောင်း၊ အပြင်အဆင်ကောင်းပြီး အရသာရှိတဲ့ မြန်မာဟင်းများမှာ တရုတ်၊ ထိုင်း၊ အိန္ဒိယ ဟင်းများနဲ့ သာမန်အားဖြင့် တူသယောင်ထင်မြင်ရပေမယ့် ထူးခြားသော အရသာရှိကြောင်း၊ အသုပ် ၁၅ မျိုးအထိရှိပြီး အမဲသားသုပ်၊ သရက်သီးသုပ်၊ လက်ဖက်သုပ်၊ သင်္ဘောသီးသုပ်၊ ချင်းသုပ်၊ တိုဟူးသုပ်၊ စမူဆာသုပ် စတာတွေကို ကြက်သွန်နီ၊ ဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်း၊ နံနံပင်၊ သံပရာသီးအစိတ်လေးတွေနဲ့ ပြင်ဆင်ထားပုံမှာ တရုတ်ဟင်းလျာလို ဖြူဖပ်ဖြူရော်မဟုတ်၊ အရောင်အသွေးစုံပြီး အနံ့ကပါ ဆွဲဆောင်မှုရှိကြောင်း၊ လက်ဖက်သုပ်မှာအထူးကောင်းမွန်ကြောင်း၊ မန္တလေးမုန့်တီသုပ်ကလည်း ခံတွင်းတွေ့ကြောင်း၊ မြန်မာဟာလဝါအချိုပွဲကလည်း ဆန်းပြားကြောင်း အစရှိတဲ့ အကြောင်းများကို ဝေဝေဆာဆာ ရေးသားဖော်ပြထားတာ မြင်ရပြီး မြန်မာတစ်ဦးအနေနဲ့ များစွာ ဂုဏ်ယူဝမ်းမြောက်ခဲ့မိပါတယ်။ ဆိုင်အတွင်းမှာလည်း မန္တလေးကျုံးရဲ့ နန်းတော်ရွှေချည်ထိုးပန်းချီကားကြီးသာမက ပုဂံယွန်းထည်မျိုးစုံနဲ့ အလှဆင်ထားတာတွေ့ရပါတယ်။ စာရေးသူဟာ ဆိုင်ရှင် ဒေါ်ဂျိုနာနီလာနဲ့ပါ တွေ့ဆုံစကားပြောခဲ့ပြီး သူက မြန်မာကြက်သားဟင်းကို စပယ်ရှယ်ချက်ပေးခဲ့တာဖြစ်လို့ အမိမြေဟင်းလျာနဲ့ ငါးရက်ကင်းကွာခဲ့သမျှ အတိုးချစားသောက်ခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး အဝေးပြေးလမ်းမကြီးအကြောင်းကို ပြောပြလိုပါတယ်။ ပထမ ထူးခြားချက်က လမ်းဘေးမှာ စိမ်းလန်းစိုပြည်လမ်းမကြီးဖြစ်အောင် တောအုပ်တွေ အမြောက်အမြားတည်ရှိနေတာတွေ့မြင်ရပါတယ်။ အဲဒါတွေဟာ သဘာဝတောအုပ်မဟုတ်ဘဲ လူဖန်တီးထားတဲ့ တောအုပ်များ (Men Made Forests) ဖြစ်ကြောင်း သိရှိရတော့ အလွန်အံ့သြမိပါတယ်။ ဒီနေရာမှာ စာရေးသူတို့နိုင်ငံရဲ့ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးနဲ့ နှိုင်းယှဉ်ကြည့်မိပါတယ်။ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးဟာ ပဲခူးရိုးမအရှေ့ဘက်မှ ယှဉ်ပြီး တောင်မှ မြောက်သို့ ဖောက်လုပ်ထားတာဖြစ်ပါတယ်။ လမ်းနယ်က ပေ၄၀၀ (လမ်းဗဟိုမှ တစ်ဖက် ပေ ၂၀၀ စီ) သာဖြစ်ပေမယ့် လမ်းနယ်နဲ့ ဆက်နေတဲ့ ပဲခူးရိုးမတောင်ခြေ မြေပြန့်ရှိတာတွေ ကုန်သလောက်ဖြစ်နေပြီး ရိုးမတောင်ပေါ်အထိပါ ပြုန်းတီး၊ ပြောင်တာတွေကို လှမ်းမြင်နိုင်ပါတယ်။ **သူများနိုင်ငံက လမ်းမကြီးဘေးရှိ မြေပြန့်ကို သစ်ပင်စိုက်ပြီး တောအုပ်ဖြစ်အောင် ဖန်တီးတယ်၊ ကိုယ့်နိုင်ငံမှာတော့ လမ်းဘေးရှိတဲ့ တောတွေကို ခုတ်ထွင်ပြီး ပြောင်အောင်ရှင်းပစ်ကြတယ်၊ ဆန့်ကျင်ဘက်တွေ ဖြစ်နေပါလားလို့ တွေးမိပါတယ်၊ ပိုပြီး ဆိုးရွားတာကတော့ အဲဒီ ပြောင်သွားတဲ့ မြေတွေကို နီးစပ်ရာ VIP တွေက ဧကရာနဲ့ချီပြီး ခွဲဝေယူထားကြပြန်တယ်ဆိုတဲ့ အချက်ပါပဲ၊ အနည်းငယ်သော နေရာအချို့မှာ ရော်ဘာ၊ ကျွန်းစိုက်ခင်းများ တွေ့ရပါသော်လည်း အများစုမှာ ကျောက်တိုင်စိုက်ပြီး ခြံခတ်ထားတာ၊ လက်ဖက်ရည်ဆိုင်တွေ၊ ထမင်းဆိုင်တွေ အလျှိုအလျှို ပေါ်ပေါက်လာတာတွေ့ရပါတယ်၊ လမ်းမကြီးကို လူနေဒေသနဲ့ ကင်းဝေးအောင် ဖောက်လုပ်တဲ့ အနှစ်သာရ ပျောက်နေပြီး လူတွေက လမ်းမကြီးတစ်လျှောက် မိုးပေါ်မှကျသလို အလျှိုအလျှိုရောက်ရှိကာ အဆောက်အအုံတွေဟာ လမ်းနယ်ရဲ့ မလှမ်းမကမ်းမှာ တိုးချင်တိုင်း တိုးနေတဲ့အဖြစ်ကို လျစ်လျူရှု မထားကြဖို့လိုပြီလို့ သတိပေး ပြောကြားလိုပါတယ်။**




ဒုတိယအချက်အနေနဲ့ အမေရိကန်အဝေးပြေးလမ်းမကြီးတွေမှာ ဆန့်ကျင်ဘက်ယာဉ်ကြောနှစ်ခုအကြား လမ်းလယ်ကျွန်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပိုင်းတန်း (Guard Rail) ပဲ ကာရံထားပါတယ်။ လမ်းလယ်ကျွန်းရှိရင်လည်း ကွန်ကရစ်တာပေါင် (Raised Medium) နဲ့ ပိတ်ကာမထားပါဘူး။ မြက်ခင်းပြင်အစပ်မှာ မြေသားပေါင်လေးနဲ့ အနားသတ်ခြင်းသာမက ပိုင်းတန်းနဲ့ပါ ကာရံတဲ့စနစ်ကို ကျင့်သုံးပါတယ်။ အဲဒီပိုင်းတန်းကို ဝင်မတိုက်မိအောင် ခြောက်ပေခန့် အနည်းဆုံးရှိတဲ့ လမ်းကြမ်း (Rumble Strip) ခင်းထားပြီး မျဉ်းအဝါနဲ့ လိုင်းသားထားပါတယ်။ **မျဉ်းဝါကျော်ပြီးလမ်းကြမ်းကိုတာယာထိမိတာနဲ့ ဒုတ်ဒုတ်ဆိုတဲ့အသံနဲ့အတူ မော်တော်ယာဉ်ပါတုန်ခါသွားတဲ့အတွက် ငိုက်နေတဲ့သူတောင် အထိတ်တလန့်ဖြစ်စေပါတယ်။ နောက်ပြီး လမ်းညာဘက်ခြမ်းအစွန်မှာလည်း ယာဉ်ပျက်ရင် ရပ်နားရန်အတွက် ယာဉ်တစ်စီးစာ ရှစ်ပေခန့်ကျယ်ဝန်းတဲ့လမ်းကြောတစ်ခု အလွတ်ထားပြီး မျဉ်းဖြူသားထားပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာလမ်းလယ်ကျွန်းကိုကာတဲ့ ကွန်ကရစ်ပေါင်အမြင့်ကို မတော်တဆ အရှိန်နဲ့ဝင်တိုက်မိလို့ ကားမှောက်ပြီး သေပွဲဝင်တဲ့သူတွေ အနန္တပါပဲ။ Rumble Strip လည်း လုံးဝမရှိပါဘူး။ ယခုအခါ နည်းပညာအရပြင်ပကုမ္ပဏီတွေပင် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရလို့ ပြန်ပြီးထည့်ပေးစေချင်ပါတယ်။ ကားပျက်ရင်လည်း လမ်းပေါ်မှာ ပဲရပ်ထားပြီး မကြာမီက အောက်တိုဘာလဆန်းမှာ နောက်ကားက ဝင်တိုက်တာ ခရီးသည် ၁၄ ဦး ပွဲချင်းပြီး ဇီဝိန်ကြွေခဲ့ရတဲ့ လမ်းကြီးဖြစ်လာပါတယ်။**

တတိယအချက်က ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးနဲ့ ဒေသတွင်း လမ်းတွေဆုံရင် အမြန်လမ်းမကြီးကို ပိုင်းဖြတ်တံတားထိုးခြင်း၊ ၎င်းတံတားအောက်မှ အောက်လျှိုလမ်း (Under pass) ဖောက်လုပ်ခြင်း စတာတွေကို တွေ့မြင်ရပါတယ်။ အမေရိကန်မှာ အမြန်လမ်းကို တောက်လျှောက် သဘာဝမြေကြောပေါ်မှာ ဖောက်လုပ်ပြီး ဒေသလမ်းတွေက အပေါ်မှ ကျော်သွားရပါတယ်။ အမြန်လမ်းအလယ်မှ တိုင်ထောက် ပေးထားပါတယ်။ အမြန်လမ်းက လမ်းအကျယ်၊ ဒေသလမ်းက လမ်းအကျဉ်းဖြစ်ပါတယ်။ လမ်းအကျယ်ကို မြေသားနှစ်ပိုင်းဖြတ်ပြီး တံတားမထိုးဘဲ လမ်းအကျဉ်းကိုပဲ အပေါ်မှ ဖြတ်သန်းစေတဲ့စနစ်ဟာ အမြန်လမ်းကြံ့ခိုင်မှုကို ပိုမိုကောင်းမွန်စေမယ်လို့ ယူဆပါတယ်။ **ဘာကြောင့် ယခုလို နည်းလမ်းနှစ်ရပ် ဆန့်ကျင်ဘက် ဖြစ်နေရသလဲဆိုတာကိုပါ လေ့လာဆန်းစစ်ပြီး နောင်အခါ ပြင်ဆင်သင့်တာတွေ ပြင်ဆင်တည်ဆောက်သင့်ပါတယ်။**

ဆက်လက်ပြီး အမေရိကန်ပြည်ရောက်မှဟိုတယ်ပေါ်မှဆင်းပြေးရတဲ့အဖြစ်ကို ဖော်ပြလိုပါတယ်။ စာရေးသူဟာညနေ၄နာရီခန့်မှာ ဘတ်ဖဲလိုးမြို့ကို ရောက်ရှိပြီး Days Hotel မှာ တည်းခိုကြပါတယ်။ ခရီးပန်းလို့ ညစာစားပြီးနောက် ဟိုတယ်ရဲ့ အပေါ်ဆုံးခြောက်ထပ်ရှိအခန်းမှာ စောစောအိပ်ရာဝင်ခဲ့ပါတယ်။ နံနက် ၅ နာရီကျော်မှာ ဟိုတယ်ရဲ့ မီးဘေးအန္တရာယ်အချက်ပြခေါင်းလောင်းသံတွေ အဆက်မပြတ်ထွက်ပေါ်လာပါတယ်။ လူတွေလန့်နိုးကြပြီး အခန်းတံခါးတွေ တဝုန်းဝုန်းဖွင့်ကြ၊ ဘာဖြစ်တာလဲဆိုတဲ့ မေးခွန်းတွေမေးကြ၊ ခေါင်းခါကြ၊ ဝရန်းသုန်းကားနဲ့အရေးပေါ်လှေကားမှ ပြေးဆင်းသူ ဆင်းကြနဲ့ ပွက်လောညံနေတာပါပဲ။ စာရေးသူလည်း မြေးနှစ်ယောက်ကိုဆွဲပြီး သမီးနဲ့သမက်တို့နဲ့အတူ ဓာတ်လှေကားမှ လူလွတ်ပြေးဆင်းကြပါတယ်။ ဟိုတယ်အပြင်ကို အရေးပေါ်ထွက်ပေါက်မှ ထွက်လာကြပါတယ်။ အပြင်မှာ လူအုပ်ကမနည်းပါဘူး။ လူ ၃၀၀ ခန့်ရှိမယ်ထင်ပါတယ်။ နောက်ထပ် ဆင်းပြေးသူက ပြေးလာတုန်း၊ အချက်ပေးအသံကလည်း တောက်လျှောက်မြည်ဟည်းတုန်းပါပဲ။ မီးသတ်ကားတွေ လည်းရောက်လာပြီး ရုတ်ရုတ်သဲသဲဖြစ်နေပါတယ်။ အားလုံးအ ထိတ်တလန့်မျက်နှာတွေနဲ့ ဟိုတယ်ကြီးကို ကြည့်နေကြပါတယ်။ မီးလောင်တာ မီးခိုးထွက်တာလည်း မတွေ့ရပါဘူး။ နာရီဝက်ခန့်အကြာမှ အချက်ပေးသံတွေရပ်ပြီး "ဘာမှမဖြစ်ဘူး။ အော်တို အချက်ပေးစနစ် ချွတ်ယွင်းတာပါ။ အားလုံး မိမိအခန်းပြန်ကြပါ"ဆိုပြီး အသံချဲ့စက်နဲ့ ပြောသံကြားရလို့ အားလုံးသက်ပြင်းချပြီး ဟိုတယ်ပေါ်ပြန်တက်နိုင်ကြပါတော့တယ်။ ခေတ်မီအလိုအလျောက် နည်းပညာတွေဟာ အလိုအလျောက် ဖောက်ပြန်တတ်ပါလားလို့ တွေးတောနေမိပါတယ်။

နံနက်စာစားအပြီး ဟိုတယ်မှာ ဘတ်ဖဲလိုး (Buffalo) ဆိုတဲ့ လက်ကမ်းစာစောင်ကို ဖတ်ကြည့်တော့ မျက်နှာဖုံးမှာ ကျွဲခေါင်းနဲ့ လူပုံ သရုပ်ဖော်ထားတာ တွေ့ရပါတယ်။ စာရေးသူလည်း အဲဒီစာစောင်ကြည့်ပြီး ဘတ်ဖဲလိုးဆိုတာ ကျွဲတွေမွေးတဲ့ မြို့လားလို့ ထင်မြင်နေမိပါတယ်။ **သေသေချာချာ စူးစမ်းလေ့လာကြည့်မှ ဘတ်ဖဲလိုးဆိုတာ မူလတိုင်းရင်းသားရက်ဒ်အင်ဒီးယန်းတွေရဲ့ ဘာသာစကားဖြစ်ပြီး 'လှပသောချောင်း' (Beautiful Creek) လို့ အဓိပ္ပာယ်ရကြောင်း၊ အမေရိကန်တွေက အင်္ဂလိပ်ဘာသာအရ ကျွဲဆိုပြီး အမှတ်သညာပြု သရုပ်ဖော်ကြ**

စာမျက်နှာ ၃၄ သို့

7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018

# ဒီနေ့

ထင်လင်းဦး (Wisdom Villa)




အမေရိကန် ကာတွန်းဆရာကြီး ဘီလ်ကိန်း (William Aloysius Keane) ဟာ The Family Circus ဆိုတဲ့ ရုပ်ပြဇာတ်လမ်းနဲ့ အလွန် ထင်ရှားကျော်ကြားတဲ့ ကာတွန်းဆရာကြီးပါ။ ဒီကာတွန်းတွေဟာ မိသားစုတို့ရဲ့ ပြုံးဖွယ်၊ ကြည်ဖွယ်၊ ရယ်ရွှင်ဖွယ်အကြောင်းအရာတွေကို စက်ဝိုင်းကလေးတစ်ခုအတွင်းမှာ ထည့်သွင်းရေးဆွဲပြတဲ့ကာတွန်းကွက်တွေဖြစ်ပါတယ်။ သူက အဲဒီကာတွန်းရုပ်ပြဇာတ်လမ်းကို ထင်ရှားတဲ့ အမေရိကန်မဂ္ဂဇင်းတစ်စောင်ဖြစ်တဲ့ Family Circle မှာရေးဆွဲဖော်ပြခဲ့တာဖြစ်ပါတယ်။

သူ့ရဲ့ထင်ရှားကျော်ကြားလှတဲ့ ကာတွန်းဇာတ်လမ်းလက်ရာတွေကြောင့် ဘီလ်ကိန်းဟာအမျိုးသားကာတွန်းအသင်းကြီးက ချီးမြှင့်တဲ့ Best Syndicated Panel ဆုကို လေးကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီအသင်းကြီးရဲ့ တစ်နှစ်တာအကောင်းဆုံး ကာတွန်းဆရာဆုနဲ့ အမြင့်ဆုံးဂုဏ်ထူးဆောင်ဆုဖြစ်တဲ့ Reuben Award ကိုလည်း ချီးမြှင့်ခံခဲ့ရပါတယ်။ ကာတွန်းပညာကို အသက်မွေးဝမ်းကျောင်းပညာတစ်ခုအဖြစ် ရောက်လာအောင်အားထုတ်ဆောင်ရွက်ခဲ့တဲ့ အတွက် Elzie Segar Award ၊ ၁၉၈၈ ခုနှစ်မှာ Arizona Heritage Award ကို လက်ခံရရှိခဲ့ပါတယ်။ ကာတွန်း ပညာမှာသာ သူ့ဘဝကို နှစ်မြှုပ်ပြီး ထူးချွန်ပြောင်မြောက်တဲ့ကာတွန်းတွေကို ပြည်သူများကို ပေးအပ်ခဲ့တဲ့အတွက် ၂၀၀၂ ခုနှစ်မှာ ကာတွန်းအသင်းကြီးရဲ့ Silver T–Square Award တို့ကို ချီးမြှင့်ခံခဲ့ရပါတယ်။

အဲဒီလိုမိသားစုတို့ရဲ့ ပြုံးဖွယ်၊ ကြည်ဖွယ်၊ ရယ်ရွှင်ဖွယ်အကြောင်းအရာတွေကို စိတ်ကူးလှလှနဲ့ ရေးဆွဲပြခဲ့တဲ့ကာတွန်းဆရာကြီးဟာ လူတိုင်းလူတိုင်းအတွက် ထားရမယ့်စိတ်ထားနဲ့ တကယ်လက်တွေ့ကျင့်သုံးရမယ့် အကြောင်းအရာတစ်ခုကို လမ်းညွှန်စကားပြောကြားခဲ့ပါတယ်။ အဲဒါကတော့ Yesterday is the past, tomorrow is the future, but today is a gift. That's why it's called the Present. **မနေ့က ဆိုတာကုန်လွန်သွားပြီ။ မနက်ဖြန်ဆိုတာ ရောက်မလာသေးဘူး။ ဒါပေမဲ့ ဒီနေ့ဆိုတာကတော့ လက်ဆောင်(Gift)တစ်ခုပါပဲ။ ဒါကြောင့် အဲဒါကိုလက်ဆောင် (Present)လို့ ခေါ်တာပေါ့** တဲ့။ လူ့ဘဝအတွက် ဘယ်လောက်လေးနက်၊ ဘယ်လောက်တန်ဖိုးရှိပြီး မှတ်သားဖွယ်၊ လိုက်နာကျင့်သုံးဖွယ်ကောင်းလိုက်တဲ့ စကားပါလဲ။

ဘာသာစကားတွေမှာ အဓိပ္ပာယ်တစ်မျိုးထက်ပိုတဲ့ စကားလုံးတွေများစွာရှိပါတယ်။ အဲဒီလိုစကားလုံးတွေဟာ အင်္ဂလိပ်စာမှာရှိသလို မြန်မာစာမှာလည်း များစွာရှိပါတယ်။ မြန်မာစကားမှာဆိုရင် 'စက်'ဆိုတဲ့ စကားလုံးတစ်လုံးဟာ အဓိပ္ပာယ် ၅၂ မျိုးထွက်တယ်လို့ မြန်မာစာလောကမှာ အကျော်ဇေယျဆရာကြီးတစ်ဦးဖြစ်တဲ့ ဂုဏ်ထူးဦးသိန်းနိုင်က ပြောဖူးပါတယ်။ သိမှတ်မိသလောက်တော့ 'စက်' ဆိုတာဟာ နာမ်အဖြစ်နဲ့သုံးရင် အဝန်းအဝိုင်းလို့ အဓိပ္ပာယ်ရပါတယ်။ သူရကန်စက်ဆိုတာ နေဝန်းကိုဆိုလိုတာဖြစ်ပါတယ်။ စက်တော်ရာဆိုတာ မြတ်စွာဘုရားရဲ့ ခြေတော်ရာလို့ အနက်အဓိပ္ပာယ်ထွက်ပြီး ကြိယာအဖြစ်နဲ့သုံးရင် အိပ်သည်လို့ အဓိပ္ပာယ်ရပါတယ်။ စက်ပါသော်ပျော်နိုင်ခဲ့ဆိုတဲ့ အရေးအဖွဲ့ကို အနက်ပြန်ကြည့်ပါ။ နောက်တစ်ခါ စက်ဆိုတာ ခြင်တွယ်သည်လို့လည်း အဓိပ္ပာယ်ထွက်ပါတယ်။ ခြင်သေ့ရုပ်အလေးဖြင့် စက်သည့်အခါဆိုတဲ့စကားက အလေးချိန်ကို ခြင်သေ့ရုပ်အလေးနဲ့ ချိန်တာကို ဆိုလိုတာပါ။ တန်ဖိုးဖြတ်သည်၊ တန်ဖိုးပေးသည်လို့လည်း အနက်အဓိပ္ပာယ်ထွက်ပါသေးတယ်။ ရွှေနှင့်စက်၍ဆိုတဲ့စကားဟာ အဲဒီအနက်အဓိပ္ပာယ်ပါ။

အဲဒီလိုပဲ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားမှာလည်းစကားလုံးတူ အဓိပ္ပာယ်ကွဲစကားတွေများစွာရှိပါတယ်။ ဘာသာဗေဒကျွမ်းကျင်သူတွေ (သို့မဟုတ်)စကားလုံးတွေရဲ့ အလှအပကို သတိထားမိသူတွေက အဲဒီစကားလုံးတွေကို လှပတဲ့ဝါကျတွေ၊ ခံ့ညားတဲ့ စကားတွေအဖြစ် သုံးစွဲရေးသားပြောဆိုတတ်ကြပါတယ်။

Present ဆိုတာက နာမ်အဖြစ်နဲ့သုံးရင် 'ပစ္စုပ္ပန်မျက်မှောက်အချိန်ကာလ' ဆိုတဲ့အဓိပ္ပာယ်နဲ့ 'လက်ဆောင်'ဆိုတဲ့ အဓိပ္ပာယ်နှစ်မျိုးရပါတယ်။ Gift ကတော့ လက်ဆောင်လို့ အဓိပ္ပာယ်ရပါတယ်။ ဘီလ်ကိန်းက လူတွေကို အသိတရားလက်ဆောင်ပေးဖို့ အဲဒီ Present ရဲ့ အဓိပ္ပာယ်နှစ်မျိုးကို Gift နဲ့တွဲပြီး လှလှပပသုံးလိုက်တဲ့အခါ ဒီစကားဟာ ဂန္ထဝင်မြောက်စကားတစ်ခွန်းဖြစ်သွားခဲ့ပါတော့တယ်။

ဘီလ်ကိန်းရဲ့ အဆိုအမိန့်ကို ဖတ်ရတော့ ဆရာတော်ကြီးများ ဟောပြောဆုံးမကြတဲ့ 'ပစ္စုပ္ပန်မှာတည့်တည့်နေ'ဆိုတဲ့အဆုံးအမစကားကို သတိရမိပါတယ်။ မှန်ပါတယ်။ မနေ့ကဆိုတာဟာ အတိတ်ဖြစ်သွားခဲ့ပါပြီ။ ပြီးဆုံးခဲ့ပါပြီ။ ပြန်လည်ပြင်ဆင်လို့မရတော့ပါဘူး။ ပြန်ရချင်လို့လည်း မရတော့ပါဘူး။ မနက်ဖြန်ဆိုတာက အနာဂတ်ပါ။ ရောက်လာမယ်၊ မရောက်လာဘူးဆိုတာ မသေချာပါဘူး။ ဘယ်အချိန်မှာ ကိုယ့်ရဲ့ဝင်သက်၊ ထွက်သက်ချုပ်ငြိမ်းမယ်ဆိုတာ မသိနိုင်တဲ့ လူသားတွေအဖို့မနက်ဖြန်ဆိုတာဟာ မသေချာ၊ မရေရာမှုတစ်ခုပါပဲ။

'ဒီနေ့' ဒီအချိန်ဆိုတာကတော့ လူသားတိုင်း တိတိကျကျ ပိုင်ဆိုင်ခွင့်ရထားတဲ့ ဆုလာဘ်တစ်ခုပါ။ 'ဒီနေ့' ဒီအချိန်ကို အကျိုးရှိရှိ၊ အသိတရားရှိရှိနဲ့လုပ်ဆောင်ဖွယ်များကို လုပ်ဆောင်ခြင်းဟာ ပြန်မရနိုင်တော့တဲ့ မနေ့က(အတိတ်က)လိုအပ်ချက်တွေကို ဆင်ခြင်ပြီးပြန်လည်ဖြည့်ဆည်းနိုင်ခြင်းဖြစ်သလို မသေချာတဲ့မနက်ဖြန်(အနာဂတ်)အတွက်လည်းကြိုတင်ပြင်ဆင်ရာရောက်ပါလိမ့်မယ်။ အတိတ်က မှားယွင်းမှုတွေကို သင်ခန်းစာယူပြီး ပြင်ဆင်မှုတွေလုပ်နိုင်တဲ့အချိန်ကာလဖြစ်ပါတယ်။ မနေ့က (အတိတ်က)အမှားအယွင်းတွေကို သင်ခန်းစာယူပြီး ဒီနေ့မှာအဲဒီလိုထပ်မမှားတော့အောင်အားထုတ်လုပ်ဆောင်ကြရပါလိမ့်မယ်။ ဒီနေ့ အမှားအယွင်းကင်းခြင်းဟာ မနက်ဖြန်(အနာဂတ်)အတွက် အမှားအယွင်းကင်းဖို့ပါပဲ။ ဒီနေ့ ကောင်းတဲ့အလုပ်တွေ လုပ်ဆောင်ခြင်းဟာ မနက်ဖြန်မှာ ကောင်းတဲ့ဖြစ်ရပ်တွေဖြစ်ထွန်းလာဖို့ပါ။

အဲဒီ 'ဒီနေ့'တွေကို အကျိုးရှိရှိအသုံးချခဲ့သူများ၊ အလုပ်လုပ်ခဲ့ကြသူများ၊ ကြိုးစားအားထုတ်ခဲ့သူများဟာ 'မနေ့'က များစွာ(အတိတ်)အတွက်လည်း ပူဆွေးဝမ်းနည်းနေစရာအကြောင်းမရှိကြပါဘူး။ အဲဒီအပြင် 'ဒီနေ့'တွေကို ကောင်းစွာစီမံခန့်ခွဲနိုင်ခဲ့ကြသူတွေဟာ 'မနက်ဖြန်'များစွာ(အနာဂတ်)အတွက်လည်း ကြိုတင်စဉ်းစားတွေးတောပြီး ပူပင်ကြောင့်ကြဖို့မရှိတာကို တွေ့ရပါလိမ့်မယ်။ ပညာရှာစဉ်အရွယ်မှာ 'ဒီနေ့'တိုင်းကို အကျိုးရှိရှိအသုံးချအလုပ်လုပ်ခဲ့တဲ့ ကျောင်းသားကျောင်းသူများဟာ 'မနေ့က'တွေကို ပြန်တွေးပြီး နောင်တရနေစရာမလိုသလို 'မနက်ဖြန်' အတွက်လည်း စိုးရိမ်ပူပန်ကြစရာမလိုတာကို ဆင်ခြင်ကြည့်ရင် သိနိုင်ပါလိမ့်မယ်။ စီးပွားရှာသူများအတွက်လည်း အလားတူပါပဲ။ တရားရှာသူများအတွက်လည်း ထိုနည်းလည်းကောင်းပါပဲ။

လူတိုင်းလူတိုင်းဟာ ဘဝမှာ လက်ဆောင်အဖြစ်နဲ့ 'ဒီနေ့'ပေါင်းများစွာကို ပိုင်ဆိုင်ခဲ့ကြပါတယ်။ ကုဋေရှစ်ဆယ်သူဌေးသားဟာ 'ဒီနေ့'တွေကိုပိုင်ဆိုင်ခဲ့သလို စူဠသူဌေးရဲ့သမက်ဖြစ်လာခဲ့တဲ့ ကြွက်သေတစ်ခုအရင်းပြုခဲ့သူ သူဆင်းရဲဟာလည်း 'ဒီနေ့'တွေကိုပိုင်ဆိုင်ခဲ့ပါတယ်။ ဟစ်တလာဟာလည်း 'ဒီနေ့'တွေကို ပိုင်ဆိုင်ခဲ့သလို ဒေါက်တာအဲလ်ဘတ်ရှိုင်ဇာဟာလည်း 'ဒီနေ့'တွေကို ပိုင်ဆိုင်ခဲ့ပါတယ်။ ကျွဲ၊ နွားတွေကို ထောင့်သန်းရောဂါ ဖြစ်စေတဲ့ အင်သရက်ပိုးမွှားကို ရှာဖွေတွေ့ရှိခဲ့ပြီး ကာကွယ်ဆေးကိုတီထွင်ပေးသူ၊ ခွေးရူးပြန်ကာကွယ်ဆေးကို တီထွင်ပေးခဲ့သူဆေးပညာရှင်ကြီး လူးဝစ်ပါစတာဟာလည်း 'ဒီနေ့'တွေကို ပိုင်ဆိုင်ခဲ့သလို ဂျူးတွေကို မျိုးတုံးသတ်ဖြတ်ခဲ့တဲ့ အော့ဇဝစ်ငရဲခန်း တည်ထောင်သူ အက်စ်အက်စ်အကြီးအကဲ အဒေါ့ဖ် အိုက်ခမန်းဟာလည်း 'ဒီနေ့' တွေကိုပိုင်ဆိုင်ခဲ့ပါတယ်။ အေဘရာဟမ်လင်ကွန်းဟာလည်း 'ဒီနေ့' တွေကိုပိုင်ဆိုင်ခဲ့သလို ဝါးတားဂိတ်အမှုရှုပ်ခဲ့တဲ့ နစ်ဆင်ဟာလည်း 'ဒီနေ့' တွေကိုပိုင်ဆိုင်ခဲ့တာပါပဲ။

သမ္မတသက်တမ်းကုန်ဆုံးချိန်မှာ လက်ဆွဲသေတ္တာလေးနှစ်လုံးဆွဲပြီး သမ္မတအိမ်တော်က ပြန်လည်ထွက်ခွာသွားခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့ (၁၁) ဆက်မြောက် သမ္မတကြီး အဗ္ဗဒူကလန်ဟာလည်း 'ဒီနေ့'တွေကို ပိုင်ဆိုင်ခဲ့သလို ဖိလစ်ပိုင်သမ္မတဖာဒီနန်မားကို့စ်ဟာလည်း 'ဒီနေ့'တွေကိုပိုင်ဆိုင်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာလည်း 'ဒီနေ့'တွေကိုပိုင်ဆိုင်ခဲ့သလိုမြန်မာစစ်အာဏာရှင်ကြီးတွေဟာလည်း 'ဒီနေ့'တွေကို ပိုင်ဆိုင်ခဲ့ပါတယ်။ ကမ္ဘာ့ကျေးဇူးရှင်ကြီးများဟာ 'ဒီနေ့'တွေကိုပိုင်ဆိုင်ခဲ့ကြသလို ကမ္ဘာ့အောကြောလန်ကြီးများဟာလည်း 'ဒီနေ့' တွေကိုပိုင်ဆိုင်ခဲ့ကြပါတယ်။ လူသားတို့အတွက် မဟာကရုဏာရှင်ကြီးများနဲ့ အများအကျိုးအတွက်ကိုယ်ကျိုးစွန့်သူများဟာ 'ဒီနေ့'တွေကို ပိုင်ဆိုင်ခဲ့ကြသလို အများပြည်သူတို့ကို မတရားအနိုင်ကျင့်ပြီး ကိုယ်ကျိုးစီးပွားရှာခဲ့ကြတဲ့ အာဏာရှင်တွေဟာလည်း 'ဒီနေ့'တွေကို ပိုင်ဆိုင်ခဲ့ကြတာပါပဲ။

အဲဒီလို 'ဒီနေ့'တွေကိုပိုင်ဆိုင်ခဲ့ကြသူတွေထဲမှာ တချို့သောသူတွေကတော့ ကွယ်လွန်အနိစ္စရောက်သွားပြီးကြပြီဖြစ်ပါတယ်။ သို့သော် သူတို့ရဲ့ 'ဒီနေ့' များကို ဖြတ်သန်းခဲ့ကြတဲ့ ဖြတ်သန်းမှုတွေ၊ လုပ်ဆောင်မှုတွေကို လူသားတွေက တန်ဖိုးထားကြ၊ ဂုဏ်ပြုချီးမွမ်းကြခြင်းတွေကို ခံယူပြီး အမည်ဂုဏ်သတင်းကျော်စောခြင်းနဲ့ လူ့သမိုင်းမှာဆက်လက်ရှင်သန်နေကြပါတယ်။ တချို့သောသူတွေကတော့ သေပြီးနောက်မှာ နာမည်ဆိုးနဲ့အထပ်ထပ်အခါခါသေနေကြပါတယ်။ တချို့တွေကတော့ လူမသေသေးခင် နာမည်ကအရင်ပုပ်နေတဲ့ဘဝတွေနဲ့ပါ။ ဒါဟာလည်း သူတို့ရဲ့ 'ဒီနေ့' များကို ဘယ်လိုဖြတ်သန်းခဲ့ကြသလဲဆိုတဲ့အပေါ် အများပြည်သူတွေက တန်ဖိုးသတ်မှတ်မှုပါပဲ။

အတွေ့အကြုံဆိုတာ အကောင်းဆုံးသင်ခန်းစာပါ။ ဒါပေမဲ့ ကိုယ်တိုင်တွေ့ကြုံရတဲ့အတွေ့အကြုံတွေကနေ ရယူရတဲ့သင်ခန်းစာတွေကတော့ တစ်ခါတစ်ရံ ခါးသီးတတ်ပါတယ်။ ပူစပ်ပူလောင်နိုင်တတ်ပါတယ်။ ပေးဆပ်မှုတွေကြီးမားတတ်ပါတယ်။ အဲဒီအတွက် ကမ္ဘာကြီးမှာ၊ မြန်မာနိုင်ငံမှာ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်ခဲ့ပြီးတဲ့ဖြစ်ရပ်တွေကို လေ့လာသုံးသပ်ပြီး အဲဒီဖြစ်ရပ်တွေကနေ သင်ခန်းစာယူတတ်ကြဖို့လိုပါတယ်။ မနေ့ကဆိုတာ ကုန်လွန်သွားပါပြီ။ ပြန်မရ နိုင်တော့ပါဘူး။ မနက်ဖြန်ဆိုတာ ရောက်မလာသေးဘူး။ မရေရာ၊ မသေချာတာကို မျှော်မနေပါနဲ့။ ဒါပေမဲ့ 'ဒီနေ့' ဆိုတာကတော့ လူ့ဘဝရဲ့လက်ဆောင်တစ်ခုပါပဲ။ အဲဒီလက်ဆောင်ကို အကျိုးရှိရှိ တန်ဖိုးထားအသုံးချပြီး လူ့ဘဝကို ကောင်းမြတ်စွာ ဖြတ်သန်းကြရအောင်လားဗျာ။ ။

**(ဆောင်းပါးရှင် ထင်လင်းဦး (Wisdom Villa)သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့်နိုင်ငံရေးဝေဖန်သုံးသပ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆောင်းပါးများ၊ စာတမ်းများ၊ ဝတ္ထုများ ရေးသားနေသူဖြစ်သည်။)**

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018



အာဖဂန်နစ္စတန်သမ္မတ အာရှရက်ဖ်ဂါနီ

HEDAYATULLAH AMID / EPA

# "တည်ငြိမ်မှုအတွက် အဓိကသော့ချက်က အာဖဂန်ဟာ ကုန်ပစ္စည်းတင်ပို့တဲ့နိုင်ငံ ဖြစ်လာဖို့ပဲ"

## အာဖဂန်နစ္စတန်သမ္မတ အာရှရက်ဖ်ဂါနီနှင့်တွေ့ဆုံခြင်း

ကျော်သူမောင်

သူဟာ နေ့တိုင်းနီးပါး တိုက်ခိုက်မှုတွေ ဖြစ်နေတဲ့ နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်နေပြီးတော့ အဲဒီကနေပြီး လူထောင်ပေါင်းများစွာဟာ ဂျာမနီကို ထွက်ပြေးသွားပါတယ်။ BILD သတင်းဌာနက အာဖဂန်နစ္စတန်သမ္မတ အာရှရက်ဖ်ဂါနီ (၆၉)နှစ်ကို ကဘူးလ်မြို့က သူ့ရဲ့ အိမ်တော်မှာ တွေ့ဆုံမေးမြန်းထားပါတယ်။ သိပ်မကြာခင် ဩဂုတ်ကပဲ တာလီဘန်တွေဟာ အဲဒီအိမ်တော်ကို ဒုံးကျည်တွေနဲ့ ပစ်ခတ်ခဲ့ပါတယ်။

**သမ္မတခင်ဗျား။ ပြီးခဲ့တဲ့နှစ်တွေမှာ ဝမ်းနည်းစရာ ဦးနှောက်ယိုစီးမှုဖြစ်နေတဲ့ လူငယ်တွေအမြောက်အမြားဟာ တခြားနိုင်ငံတွေဆီကို ထွက်သွားတာ အာဖဂန်နစ္စတန်နိုင်ငံမှာ မြင်တွေ့ခဲ့ရပါတယ်။ လူငယ်တွေနဲ့အရည်အသွေးအရှိဆုံး၊ ပညာအတတ်ဆုံး လူတွေ သူတို့ကိုယ်ပိုင်နိုင်ငံအတွက် ပြန်လာပြီး အလုပ်လုပ်အောင် ခင်ဗျား သူတို့ကို ဘာပြောမှာလဲ။**

ခင်ဗျားရဲ့ မေးခွန်းကို ကျွန်တော်မဖြေခင်ဂျာမန်စစ်သားတွေ၊ ဂျာမန် အကူအညီပေးရေးလုပ်သားတွေအတွက် ကျွန်တော်အရိုအသေပြုပါရစေ။ ပြီးတော့ အဲဒီနှစ်တွေအတွင်းမှာ ကျွန်တော်တို့နဲ့ အတူရှိနေပေးတဲ့အတွက် အဓိပတိကြီး မာကယ်ကို အထူးသဖြင့် ကျွန်တော်ကျေးဇူးတင်ကြောင်း ပြောပါရစေ။ ပြီးတော့ အဲဒီကုန်ကျစရိတ်ကို ကျခံပေးကြတဲ့ ဂျာမန်အခွန်ထမ်းတွေပေါ့။

အာဖဂန်နစ္စတန်ဟာ မျိုးဆက်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတစ်ခုရဲ့ လမ်းခုလတ်မှာ ရောက်နေပါတယ်။ ဒီနိုင်ငံမှာ လူငယ်တွေဟာ အာဏာနဲ့ တာဝန်ဝတ္တရားတွေကို လွှဲပြောင်းတာဝန်ယူနေပါတယ်။ ကျွန်တော်တို့ရယ်၊ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေရယ်ရဲ့ သမိုင်းကြောင်း နှစ်ခုစလုံးကို ကြည့်မယ်ဆိုရင် မျိုးဆက်ပိုင်းဆိုင်ရာ ပြောင်းလဲတာတွေဟာ မကြုံစဖူးဖြစ်နေတယ်။ ဒီမျိုးဆက်ပိုင်းပြောင်းလဲမှုက အလယ်အလတ်နဲ့ ရေရှည်အမြင်တွေရှိတဲ့၊ အာဏာပိုင်တဲ့နေရာတွေဆီ လူတစ်စုကို ခေါင်ကြည်းပေးတယ်။ ဒါကြောင့် နေ့တိုင်းပဲ အစိုးရအဖွဲ့ဟာ ပိုပိုပြီး လူငယ်တွေ များလာတယ်။ တာဝန်ယူမှုဟာ ရွှေ့နေပြီးတော့ သူတို့တွေဟာ ဒီနိုင်ငံရဲ့ ပြဿနာတွေကို စပြီးပိုင်ဆိုင်လာတယ်။ အခုအရေးအကြီးဆုံးကိစ္စက နည်းပညာဆိုင်ရာ ပညာရေးမှာ လေ့ကျင့်သင်ကြားပေးဖို့ဖြစ်တယ်။ ပြီးတော့ ဒီဂျာမနီဟာ အထူးသဖြင့် အဓိပတိမာကယ်ကိုယ်တိုင်ဟာ လက်တွဲဖော်ဖြစ်နေပြန်တယ်။ ကျွန်တော်တို့ရဲ့ လေ့ကျင့်သင်ကြားပေးရေးစနစ်ကို ဂျာမန်၊ စကင်န်ဒီနေးဗီးယန်းစနစ်လို အသွင်ပြောင်းချင်တယ်။ စာပေနဲ့ကိန်းဂဏန်းလောက်ပဲဖြစ်တဲ့ အလယ်အလတ်ပညာရေးဟာ မလုံလောက်ပါဘူး။ အဲဒီပြောင်းလဲသွားတာနဲ့အတူ ကျွန်တော်တို့ဟာ အခွင့်အလမ်းတွေဖန်တီးနိုင်မှာ ဖြစ်တဲ့အပြင် အထူးသဖြင့် ဒီနိုင်ငံက လူငယ်တွေဟာ အာဏာရှိမှုအပိုင်းနဲ့ တာဝန်ယူမှုအပိုင်းအားလုံးမှာ သူတို့ရဲ့ စိတ်တူကိုယ်တူရှိတာကို ဒီနိုင်ငံမှာ မြင်တွေ့နိုင်ပါပြီ။

**ဒါဆို ဂျာမနီကို ရောက်နေတဲ့ အာဖဂန်လူငယ်တွေဟာ အဲဒီကနေ ကူညီပေးနေနိုင်တာနဲ့ ပတ်သက်လို့ ခင်ဗျား ဝမ်းသာနေတယ် ဆိုပါတော့။**

ကျွန်တော် ဝမ်းမြောက်မိပါတယ်။ ဂျာမန်အစိုးရပညာရေးစနစ်ဟာ အသွင်ပြောင်းပြီးပါပြီ။ ကျွန်တော်တို့ဟာ ဒေါ်လာနှစ်ဘီလီယံ ရင်းနှီးတာနဲ့ လူသားအရင်းအနှီးကို မထုတ်လုပ်နိုင်ပါဘူး။ ပဋိပက္ခရဲ့ ဝမ်းနည်းစရာက တစ်ဖက်မှာ ရှိတယ်။ ဒါပေမဲ့ နောက်တစ်ဖက်မှာ မရည်ရွယ်ခဲ့တဲ့ ရလဒ်တစ်ခုရှိတယ်။ ပြီးတော့ အာဖဂန်လူမျိုးတွေဟာ ဂျာမနီမှာ ဒုက္ခသည်စခန်းတွေကနေ တန်းပြီး ဦးဆောင်ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ကွန်ပျူတာကျွမ်းကျင်သူတွေနဲ့ တခြားပညာရှင်တွေ ဖြစ်သွားကြတဲ့အတွက်ကြောင့် ဂျာမနီဟာ ဒီအခြေအနေကို တခြားနိုင်ငံတွေထက် ပိုပြီးဖမ်းဆုပ်မိတာ ဖြစ်နိုင်ပါတယ်။

**၂၀၁၅ မှာ ဒုက္ခသည်ပြဿနာဖြစ်ပြီးနောက်ပိုင်း ဒုက္ခသည်တွေ အရမ်းအများကြီးကို ဘယ်လိုဖြေရှင်းမလဲဆိုတာနဲ့ ပတ်သက်လို့ ဂျာမနီမှာ ဆွေးနွေးမှုတစ်ရပ် ရှိနေခဲ့ပါတယ်။ ခင်ဗျားရဲ့ နိုင်ငံဟာ လူတွေပြန်လာလို့ရလောက်အောင် ဘေးအန္တရာယ်ကင်းရဲ့လား။**

အဲဒီစီးဆင်းမှုက ရပ်သွားပါပြီ။ ၂၀၁၅-၁၆ မှာ လူတိုင်း ဂျာမနီကို အမြန်ထွက်ခွာခဲ့ရတဲ့ ထူးခြားတဲ့ အခြေအနေတွေရှိခဲ့ပါတယ်။ ခင်ဗျားတို့ရဲ့ လက်တွဲဖော်တွေလိုပဲ ကျွန်တော်တို့ဟာ ကျွန်တော်တို့ တာဝန်ကို ပြီးမြောက်အောင်လုပ်ခဲ့ပြီးတော့ အဲဒီစီးဆင်းမှုရပ်အောင် လက်တွဲဖော်တွေကို ကူညီပေးရမယ့် ကျွန်တော်တို့ တာဝန်ကို လုပ်ဆောင်ခဲ့ပါတယ်။ ပြန်လာဖို့ လုပ်ငန်းစဉ်က စီစဉ်ပြီး လုပ်ရမယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ခိုလှုံခွင့်ရဖို့ ကြိုးပမ်းသူတွေရဲ့ တောင်းဆိုမှုတွေ အားကုန်သွားတဲ့ တရားဥပဒေအရ ကန့်သတ်ထားတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ဒါက လူတွေပြန်လာတဲ့အချိန်မှာ ယုံကြည်မှုကို ဖန်တီးပေးတယ်။ သူတို့တွေဟာ အကြောင်းမရှိဘဲ ပြန်မလာဘူး။

အာဖဂန်နစ္စတန်မှာ ဘေးအန္တရာယ်ကင်းရေးဆိုတာဟာ အဓိပ္ပာယ်ဖွင့်ရ အရမ်းခက်တဲ့ ယုံကြည်မှုတစ်ခုပါ။

စာမျက်နှာ 29 ››

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018

# ကလေးမည်မျှယူမည်ကို ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်သည် အမျိုးသမီးများနှင့် မိသားစုတိုင်းတွင် ရှိရမည်

■ ဂျက်နက်ဂျက်ဆင်

မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် မိသားစုများအနေဖြင့် ကလေးဘယ်နှယောက်ယူမည်၊ ဘယ်အချိန်ယူမည်ကို ရွေးချယ်ဆုံးဖြတ်နိုင်ပါသလား။

ဤရပိုင်ခွင့်သည်မည်သည့်နေရာတွင်မဆို ဆင်းရဲ၊ချမ်းသာ အလှာမရွေးလူတိုင်းနှင့် သက်ဆိုင်ပါသည်။ သို့သော်လည်းဘဝအတွက် အခြေခံအကျဆုံးသော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအခွင့်အရေးကိုလူတိုင်းမရရှိသေးပါ။ မိသားစုစီမံကိန်းဆိုင်ရာသတင်းအချက်အလက်နှင့် ရွေးချယ်စရာတို့မှာအမျိုးသမီးအများစုရရှိရန်ကန့်သတ်ချက်များရှိနေပါသည်။

ဤသည်မှာ မြန်မာနိုင်ငံရှိ အမျိုးသမီးအများစုအနေဖြင့် ကလေးယူရာတွင် မိမိတို့ဆန္ဒရှိသည်ထက်ပိုယူရတာမျိုးဖြစ်စေ၊ လျှော့ယူရတာမျိုးဖြစ်စေရှိဆဲဖြစ်သည်ဟုဆိုလိုသည်။ ထိုအခြေအနေမှာ လူတစ်ဦးတစ်ယောက်ချင်း၊ မိသားစုတစ်စုချင်းစီကိုသာမက လူမှုအသိုင်းအဝိုင်း၊ အဖွဲ့အစည်း၊ စီးပွားရေးစနစ်၊ လုပ်အားဈေးကွက်နှင့် တိုင်းပြည်တစ်ခုလုံးအပေါ်တွင်လည်း သက်ရောက်မှုရှိနေပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရရှိမှု၊ သားဆက်ခြားနည်းလမ်းများအား ရရှိနိုင်စွမ်းမရှိမှုစသည့် အကြောင်းကြောင်းကြောင့် လူများအနေဖြင့် မိမိတို့လိုချင်သောကလေးဦးရေ အတိုင်းမရရှိနိုင်သည့်အခြေအနေမျိုးလည်းရှိနိုင်သည်။ ဝင်ငွေနည်းပါးခြင်းနှင့် ကလေးသူငယ်စောင့်ရှောက်မှုစနစ်မရှိခြင်းစသည့် စီးပွားရေးဆိုင်ရာ အကြောင်းရင်းများကလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကျား၊ မတန်းတူညီမျှမှုမရှိခြင်းကလည်း အမျိုးသမီးအများစုအား ရွေးချယ်ခွင့်ကိုအင်အားနည်းချည့်နဲ့စေပြီး ယင်းကြောင့်ပင် သူတို့ကိုယ်တိုင်ရွေးချယ်နိုင်မှုထက်ပို၍ ဖြစ်စေ၊ လျော့နည်း၍ဖြစ်စေ ရွေးချယ်စေခြင်းပင်ဖြစ်သည်။

မိသားစုများနှင့် အမျိုးသမီးများတွင် ကလေးယူမည်၊ မယူမည်၊ ဘယ်အချိန်ဘယ်ကာလ၌ ကလေးယူမည်၊ ကလေးဘယ်နှယောက်ယူမည်စသည်တို့အပေါ်ဆုံးဖြတ်နိုင်သောအခွင့်အရေးရှိခြင်းသည် ကလေးမွေးဖွားမှုနှုန်း၊ မိခင်သေဆုံးမှုများနှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးတို့အပေါ်တွင် တိုက်ရိုက်သက်ရောက်မှုရှိသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအဖြစ် ကလေးမွေးဖွားမှုနှုန်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်အမျိုးသမီးတစ်ယောက်လျှင် ကလေးမွေးဖွားမှုဦးရေ နှစ်ယောက်အောက်ဖြစ်ပြီးဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင်မူ ကလေးမွေးဖွားမှုနှုန်းမှာ လေးယောက်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စုစုပေါင်းကလေးမွေးဖွားမှုနှုန်းမှာ အမျိုးသမီးတစ်ဦးလျှင် ကလေးဦးရေ ၂ဒသမ၅ ယောက်ဖြစ်ပြီးအာဆီယံနိုင်ငံများ၏ ပျမ်းမျှကလေးမွေးဖွားနှုန်းနှင့် တန်းတူဖြစ်သည်။

သို့သော်လည်း ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်း အချက်အလက်အရမတူကွဲပြားသော ရလဒ်အခြေအနေ ထွက်ပေါ်ရရှိခဲ့ပါသည်။ ယင်းအချက်အလက်အရ မြန်မာနိုင်ငံတွင် အိမ်ထောင်ရှိအမျိုးသမီးများ၏ပျမ်းမျှကလေးမွေးဖွားမှုနှုန်းမှာ ငါးယောက်ဖြစ်သည်။

ဤပျမ်းမျှအချက်အလက်သည် ပြည်နယ်နှင့် တိုင်းတစ်ခုနှင့်တစ်ခုကြားတွင်လည်းကောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသကြားတွင်လည်းကောင်းသိသာစွာကွဲပြားခြားနားမှုကို ပြသနိုင်ရန်မှာ ခက်ခဲသည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် ထိုကွဲပြားမှုသည်သားဆက်ခြားပစ္စည်းများနှင့် နည်းလမ်းများကို အလွယ်တကူမရရှိနိုင်ခြင်းတို့ကြောင့်ဖြစ်ပြီး လူမှုရေးနှင့် စီးပွားရေးဆိုင်ရာတန်းတူညီမျှမှု မရှိခြင်းတို့နှင့်လည်းတစ်နည်းတစ်ဖုံ ဆက်စပ်နေပါသည်။

လူတစ်ဦးတစ်ယောက်ချင်းအနေဖြင့်မိသားစုစီမံကိန်းထားရှိခြင်းသည် ၎င်းတို့ကိုယ်တိုင်နှင့် သားသမီးများအတွက်ပါလွန်စွာအကျိုးရှိကြောင်းစတင်သိရှိလာပြီးသူတို့အနေဖြင့်စစ်မှန်သောရွေးချယ်မှုများကိုပြုလုပ်နိုင်လာသောအခါတွင် ကလေးမွေးဖွားမှုနှုန်းမှာ ကျဆင်းသွားမည်ဖြစ်သည်။ ဤရလဒ်နှင့် တစ်ဆက်တည်းမီးတွင်း၌ မိခင်သေဆုံးမှုလျော့နည်းသွားကာလုံခြုံစိတ်ချရမှုမရှိသော ကိုယ်ဝန်ဖျက်ချမှုများကျဆင်းသွားပြီး ကျား၊ မတန်းတူညီမျှရှိမှုစံနှုန်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ ထို့ကြောင့် ကလေးမွေးဖွားမှုနှုန်းသည် တိုင်းပြည်တစ်ပြည်၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအခွင့်အရေးများအား နေရာဒေသမရွေး၊လူတန်းစားမရွေး လူတိုင်းလူတိုင်းတစ်ဦးချင်းစီအလိုက်ပိုမိုနားလည်သိရှိလာစေရန် ဦးတည်ဆောင်ရွက်နေသည့် တိုးတက်မှုကို တိုင်းတာရာတွင် အရေးကြီးသောအညွှန်းကိန်းဖြစ်သည်။

ထိုတိုးတက်မှုတွင် လွတ်လပ်စွာရွေးချယ်ခွင့်အား အတားအဆီးဖြစ်စေသည့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုယဉ်ကျေးမှုနှင့် ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်သောအခက်အခဲများ၊ မညီမျှမှုများကို အလေးအနက်ထားကာဖယ်ရှားလျှော့ချနိုင်ရန်လည်း လိုအပ်ပါသည်။

၁၉၉၄ခုနှစ်တွင် မြန်မာအစိုးရသည် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကွန်ဖရင့်၏လုပ်ငန်းအစီအစဉ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းကတိကဝတ်နှင့်အတူ အစိုးရအနေဖြင့် မိမိနိုင်ငံအတွင်းရှိပြည်သူလူထုအား လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာတို့နှင့် ပတ်သက်၍ ရွေးချယ်ပိုင်ခွင့်အားအခြေခံကျသော လူ့အခွင့်အရေးတစ်ရပ်အနေဖြင့်သိရှိလာအောင်ဆောင်ရွက်ရန် တာဝန်ရှိလာပါသည်။ ထိုရွေးချယ်ပိုင်ခွင့်ရှိခြင်းတွင် ကလေးအရေအတွက်၊ သားဆက်ခြားမည့်ကာလတို့အား သတ်မှတ်ဆုံးဖြတ်ပေးမည့် နည်းလမ်းများလည်းပါဝင်သည်။

၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအခွင့်အရေးအား ပန်းတိုင်တစ်ခုအဖြစ် ချမှတ်ထားရှိပါသည်။ ယနေ့ဆိုလျှင် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်မှာ သုံးနှစ်ကျော်ကာလထဲရောက်ရှိလာပြီဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင်နိုင်ငံတိုင်းမှအစိုးရများကယခုထက်ပိုမိုကာ အားဖြည့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်ချင်းစီနှင့်ဇနီးမောင်နှံတိုင်းမိသားစု စီမံကိန်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များ၊ ရွေးချယ်စရာများအား အပြည့်အဝလက်လှမ်းမီစေရန်နှင့် အမျိုးသမီးတိုင်းမိမိခန္ဓာကိုယ်နှင့် မိမိဘဝကို မိမိကိုယ်တိုင်စီမံလုပ်ဆောင်နိုင်စေရန်တို့ပါဝင်သည်။

နောက်ဆုံး၌ တိုးတက်မှုကိုတိုင်းတာရာတွင် ကျွန်ုပ်တို့စိတ်ကူးထားသည့် စံမွေးဖွားနှုန်းသို့ရောက်၊ မရောက်ကိုတိုင်းတာရန်မဟုတ်သကဲ့သို့ ယင်းနှင့် ပတ်သက်သည့် မူဝါဒအားသတ်မှတ်ဖော်ထုတ်ရန်လည်းမဟုတ်ပေ။ လွတ်လပ်စွာဆုံးဖြတ်ဆောင်ရွက်နိုင်သည့် ရွေးချယ်မှုနှင့် အခွင့်အရေးရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့်အမျိုးသမီးနှင့်အမျိုးသားတို့၏ ကျန်းမာပျော်ရွှင်မှုကို တိုင်းတာခြင်းသည်သာလျှင် တကယ့်အမှန်တိုးတက်မှုကိုတိုင်းတာခြင်းပင်ဖြစ်သည်။ ဤသို့ရွေးချယ်ခွင့်ရရှိခြင်းမှသည် တစ်ကမ္ဘာလုံးရှိအမျိုးသမီးများနှင့် ဇနီးမောင်နှံတို့အနေဖြင့် အရေအတွက်နည်းသော မိသားစုများကို ရွေးချယ်တည်ဆောက်သွားကြမည်ဖြစ်ပေသည်။

**(ဂျက်နက်ဂျက်ဆင်၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ - မြန်မာနိုင်ငံ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) သည် လိင်မှုဆိုင်ရာနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအခွင့်အရေးများ၊ ရွေးချယ်ခွင့်များရရှိစေရန်ဆောင်ရွက်နေသော ကုလသမဂ္ဂအေဂျင်စီဖြစ်သည်။ ဤအကြောင်းအရာစာစုအား ၂၀၁၈ ခုနှစ်အောက်တိုဘာ ၁၇ ရက်နေ့တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ထုတ်ပြန်မည့် UNFPA ၏ ကမ္ဘာ့ လူဦးရေအခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်ကိုဂုဏ်ပြုကာ ရေးသားထုတ်ဝေခြင်းဖြစ်သည်။)**



7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018

# ရန်ကုန်တိုင်းအစိုးရနှင့် စီမံကိန်းများ

ထွန်းထွန်းမင်း



ညဈေးစတင်ဖွင့်လှစ်ချိန်က ဆိုင်ပေါင်း ၁,၆၀၀ ရှိသော်လည်း လက်ရှိတွင် ဆိုင် ၂၀၀ ခန့်သာရှိတော့သည်။ ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

လက်ရှိအစိုးရသက်တမ်း ၂ နှစ်ခွဲအတွင်း နိုင်ငံ၏အဓိကဒေသဖြစ်သည့် ရန်ကုန်တိုင်းတွင် စီးပွားရေး၊ လူမှုရေးနှင့်မြို့တော်သာယာလှပရေး ရည်ရွယ်သည့် စီမံကိန်းများ ဖော်ဆောင်ခဲ့ရာ ခုနစ်သန်းခွဲသောပြည်သူများအတွက်အမှန်တကယ်အသုံးဝင်ပြီး အောင်မြင်သည့်စီမံကိန်းအချို့ရှိသလို မျှော်မှန်းသည့်အတိုင်း မအောင်မြင်သည့်စီမံကိန်းအချို့လည်းရှိခဲ့သည်။

ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း ဦးဆောင်သည့်ရန်ကုန်တိုင်းအစိုးရက ဆောင်ရွက်သောအောင်မြင်သည့်စီမံကိန်းအချို့နှင့် မအောင်မြင်သည့်စီမံကိန်းအချို့ကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

**၁။ ရန်ကုန်ဘတ်စ်ကားစနစ်**
(YBS- Yangon Bus Service)

ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးစနစ်ကို ဆယ်စုနှစ်ငါးခုဝန်းကျင် ကြီးစိုးထားသည့် မထသစနစ်ကိုဖျက်သိမ်းပြီး YBS စနစ်ကို တိုင်းဒေသကြီးအစိုးရက သတ္တိရှိရှိဖြင့် ၂၀၁၇ ဇန်နဝါရီတွင် အကောင်အထည်ဖော်ခဲ့သည်။ တိုင်းအစိုးရက ကျပ် ၇၈ ဘီလီယံ ရင်းနှီးမြှုပ်နှံထားသည့် ဘတ်စ်ကားကုမ္ပဏီနှစ်ခုက အဓိကပါဝင်ခဲ့သည်။

စတင် အကောင်အထည်ဖော်စဉ်က အခက်အခဲများဖြစ်ပေါ်ခဲ့သော်လည်း လက်ရှိတွင် အခက်အခဲအချို့ကို ကျော်လွှားလာနိုင်ခဲ့ပြီး ပိုမိုအသားကျလာပြီဖြစ်သည်။ မြို့ပြသယ်ယူပို့ဆောင်ရေးအဆင့်ပိုမြင့်လာပြီး ရန်ကုန်မြို့လမ်းမများပေါ်တွင် ပြေးဆွဲနေသည့် ယာဉ်အများစု၌ လေအေးပေးစက် တပ်ထားသော YBS ဘတ်စ်ကားများသည် တိုင်းအစိုးရ၏ စေတနာဟု လက်ခံသူများရှိသည်။

"အရင်အစိုးရတွေက အများပြည်သူသယ်ယူပို့ဆောင်ရေးမှာ ဘယ်တုန်းကများငွေထုတ်သုံးခဲ့တာရှိဖူးလို့လဲ။ ဒီအစိုးရလက်ထက်ကျမှဖြစ်လာတာပါ" ဟုအထက်တန်းကျောင်းဆရာမဒေါ်ချောစုအိက မှတ်ချက်ပြုသည်။

YBS စနစ်တွင် မထသစနစ်ကဲ့သို့ ယာဉ်နောက်လိုက်များ မထားရှိတော့သဖြင့် ခရီးသည်နှင့် ယာဉ်နောက်လိုက်အကြား ပြဿနာဖြစ်ပွားမှုမရှိတော့ပေ။ သို့သော် YBS ယာဉ်လိုင်းအချို့တွင်မူ လက်ရှိအချိန်ထိ ယာဉ်နောက်လိုက်များ ရှိနေဆဲဖြစ်သည်။ YBSစနစ်တွင် မထသစနစ်ထက် မှတ်တိုင်များ၌ အချိန်ကြာမြင့်စွာရပ်တန့်ပြီး ခရီးသည်စောင့်ခြင်း၊ ပြိုင်မောင်းခြင်းတို့လျော့နည်းလာသည်။

ကျပ် ၂၀၀ ပေး၍အဲကွန်းဖြင့် ခရီးသွားနိုင်ခြင်းသည် ရန်ကုန်တိုင်းအစိုးရ၏ အောင်မြင်သည့်စီမံကိန်းတစ်ခုဖြစ်သည်။

"ရုံးသွား၊ရုံးပြန် အေးအေးလူလူသွားရတဲ့ YBS ကိုတိုင်းအစိုးရက အောင်မြင်အောင်လုပ်နိုင်ပါတယ်" ဟု သမိုင်းတွင်နေထိုင်သူကိုထွန်းထွန်းက ပြောသည်။





YBS ဘတ်စ်ကားစနစ် အောင်မြင်သည်ဟု ဆိုနိုင်သော်လည်း လမ်းညွှန်ဆိုင်းဘုတ်အချို့ ပျက်စီးနေပြီဖြစ်သည်။ ဓာတ်ပုံ – နှစ်ကီ

**၂။ ကားမောင်းစဉ် ခါးပတ်ပတ်ခြင်း**

တိုင်းအစိုးရသည် မော်တော်ယာဉ်ဥပဒေအရ ကားမောင်းစဉ်ခါးပတ်ပတ်ရန် တိုက်တွန်းမှုကို ၂၀၁၆ နိုဝင်ဘာ ၁ ရက်တွင် စတင်ခဲ့သည်။

ခါးပတ်မပတ်ပါက ဒဏ်ကြေးကျပ်သုံးသောင်းမှ သုံးသိန်းအတွင်း တရားရုံး၏အမိန့်အရ ကောက်ခံ အရေးယူခဲ့၍ ကားမောင်းစဉ်ခါးပတ်ပတ်ခြင်းအလေ့အထရန်ကုန်တိုင်းတွင် အကျင့်ရလာသည်။

"အစတုန်းက ဒဏ်ကြေးကြောင့် ပတ်ကြတာပေါ့။ နောက်ပိုင်းတော့ ကားပေါ်တက်ရင် အကျင့်တစ်ခုလိုဖြစ်သွားပါပြီ" ဟု တောင်ဥက္ကလာပမြို့နယ်နေ ကိုစိုးမိုးသူက ပြောသည်။

**၃။ ရန်ကုန်မြို့ ညဈေး**

ရန်ကုန်မြို့တွင်းရှိ လမ်းဘေးပလက်ဖောင်းများတွင် ပြန့်ကျဲနေသည့်ဈေးသည်များကို စုဝေးကာ ကမ်းနားလမ်း၌ ညဈေးစီမံကိန်းကို ကျပ် ၁ ဒသမ ၈ ဘီလီယံအသုံးပြုကာ ၂၀၁၆ နိုဝင်ဘာ ၂၃ ရက်က အကောင်အထည်ဖော်ခဲ့သည်။

စတင်ဆောင်ရွက်စဉ်က မြို့တွင်းလမ်းဘေးဈေးသည်ကင်းစင်မှုအတွက် တိုင်းအစိုးရ၏ ဆောင်ရွက်ချက်ကို အများစုက ထောက်ခံခဲ့သည်။

"စလုပ်ကတည်းက လွှတ်တော် ကိုယ်စားလှယ်တွေကို မတိုင်ပင်ပါဘူး။ နောက်ပိုင်းမှာ ပူးပေါင်းဆောင်ရွက်ပေးရတာပါ။ အခုတော့ ချောက်ချီးချောက်ချက်နဲ့သိတဲ့အတိုင်းပါပဲ" ဟု ပန်းဘဲတန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ပြောသည်။

ညဈေးတန်းတွင် မြို့တွင်းလေးမြို့နယ်၌ ရောင်းချခဲ့သည့် လမ်းဘေးဈေးသည် ၆,၀၀၀ အနက် ၁,၆၀၀ ကျော်ကို မဲနှိုက်ရွေးချယ်ကာ နေရာချခဲ့သည်။ ထိုညဈေးတွင် သစ်သီးနှင့်စားသောက်ဆိုင်များကို အဓိကနေရာပေးခဲ့သည်။

ညဈေးတည်ဆောက်စဉ်က မီးနှင့်ရေသွယ်တန်းခြင်း၊ လမ်းဘေးမီးတိုင်များထားရှိခြင်း၊ လုံခြုံရေးကင်မရာများတပ်ဆင်ခြင်း စသည်တို့အတွက် ကျပ်သိန်း ၅၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောကြားထားသည်။

ညဈေးစတင်ဖွင့်လှစ်ချိန်က ဆိုင်ပေါင်း ၁,၆၀၀ ရှိသော်လည်း လက်ရှိတွင် ဆိုင်ခန်း ၂၀၀ ခန့်သာရှိတော့သည်။ ထို့ကြောင့် ညဈေးစီမံကိန်းသည် တိုင်းအစိုးရအတွက် မအောင်မြင်သည့်စီမံကိန်းတစ်ခုဖြစ်လာသည်။

**၄။ မြေနီကုန်းတံတားအောက်ရှိ နံရံကပ်ပန်းခြံ**

အများပြည်သူ အပန်းဖြေနိုင်ရန် မြေနီကုန်းတံတားအောက်တွင် နံရံကပ်ပန်းခြံကို ကျပ်သိန်း ၃,၇၀၀ ကျော်ဖြင့် ၂၀၁၆ ဒီဇင်ဘာတွင်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်တိုင်းအစိုးရနှင့် ပြင်သစ်ယဉ်ကျေးမှုစင်တာတို့ ပူးပေါင်း၍ဆောင်ရွက်ခြင်းဖြစ်ပြီး စတင်တည်ဆောက်စဉ်က အပန်းဖြေနေရာ၊ နံရံကပ်ပန်းခြံနှင့် ကစားကွင်းများပါဝင်ကာ ရန်ကုန်မြို့ရှိခုံးတံတားများတွင် ဆက်လက်ပြုလုပ်ရန် စီစဉ်ခဲ့သည်။

"အစိုးရအနေနဲ့လည်း နေ့စဉ်သန့်ရှင်းရေးလုပ်တဲ့အစီအစဉ်ခြောက်လတစ်ကြိမ်ပုံမှန်ထိန်းသိမ်းတာမျိုး၊ အရောင်မှိန်သွားတာရှိမယ်။ ပျက်သွားတာရှိမယ်။ အဲဒါကို အမြဲသစ်လွင်တောက်ပအောင် ထိန်းသိမ်းမယ်" ဟု ယင်းစီမံကိန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းသည် ပြင်သစ်သံရုံး ကဆောင်ရွက်ပေးသည့်စီမံကိန်းဖြစ်ပြီး လက်ရှိတွင် ကစားကွင်းနှင့်ထိုင်ခုံသာ ကျန်တော့သည်ဟု စမ်းချောင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသော်တာအောင်က ပြောသည်။

"ဒါက ပြည်သူ့ဘဏ္ဍာကုန်တာမဟုတ်ပါဘူး။ ပြင်သစ်သံရုံးကလုပ်ပေးတာပါ။ ဒါကြောင့် ဝေဖန်စရာမရှိပါဘူး" ဟု ၎င်းက မှတ်ချက်ပြုသည်။

တစ်နှစ်ကျော်ကြာချိန်တွင် ထိုစီမံကိန်းမှာ ပန်းခြံများရေလောင်းမည့်သူမရှိသလို ကစားကွင်းမှာလည်း ပျက်စီးယိုယွင်းနေသည်။ ထို့ကြောင့် ခုံးတံတားအောက်က နံရံကပ်ပန်းခြံစီမံကိန်းမှာ ရန်ကုန်တိုင်း အစိုးရ၏ မအောင်မြင်သော စီမံကိန်းထဲတွင် ပါဝင်လာသည်။

**၅။ YBS ဘတ်စ်ကားမှတ်တိုင် လမ်းညွှန်**

ရန်ကုန်မြို့ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲခဲ့သည့် ၂၀၁၇ ဇန်နဝါရီတွင် ရန်ကုန်တိုင်းအတွင်း ဘတ်စ်ကားမှတ်တိုင်များ၌ လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူခဲ့သည်။

ရန်ကုန်မြို့ ဘတ်စ်ကားလမ်းကြောင်းများကို ကြည့်ရှုရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ စတင်စိုက်ထူစဉ်က ထိုမှတ်တိုင်များကို ဖျက်ဆီးခဲ့သည့် အနည်းဆုံးခြောက်ဦးထက်မနည်းကို တိုင်းအစိုးရက ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုဖြင့်အမှုဖွင့်ခဲ့ပြီး တရားရုံးကအမြင့်ဆုံး ထောင်ဒဏ်သုံးနှစ်ချမှတ်ခဲ့သည်။ တိုင်းအစိုးရက လမ်းညွှန်ဆိုင်းဘုတ် ၅၀၀ ကျော်စိုက်ထူခဲ့ပြီးလက်ရှိတွင် ယင်းလမ်းညွှန်ဆိုင်းဘုတ်များကို ဂရုတစိုက်ကြည့်ရှုမည့်သူနည်းပါးသလို အချို့မှာ ဖျက်ဆီးစရာမလိုအောင် ပြိုကျပျက်စီးနေသည်။

ထို့ကြောင့် လမ်းညွှန်ဆိုင်းဘုတ်များသည်လည်း တိုင်းအစိုးရ၏ မအောင်မြင်သည့်စီမံကိန်းဖြစ်သည်။

**၆။ ရန်ကုန်မြို့ ဗဟိုမီးပွိုင့်ထိန်းချုပ်ရေးစနစ်**

တိုင်းဝန်ကြီးချုပ်ဟောင်း ဦးမြင့်ဆွေအစိုးရ၏ နောက်ဆုံးခေါ်ယူခဲ့သည့် တင်ဒါဖြစ်သော်လည်း လက်ရှိတိုင်းအစိုးရက တာဝန်ယူကြီးကြပ်ရသည့်စီမံကိန်းတစ်ခုဖြစ်သည်။ ကျပ် ၁၈ ဒသမ ၉ ဘီလီယံတန်စီမံကိန်းဖြစ်ပြီး

စာမျက်နှာ ၂၈ >>

7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018

www.free4readers.com

# ဖိအားများနှင့် ရန်ကုန်တိုင်းဝန်

နန္ဒ

ဖေ့စ်ဘွတ်ခ်ပေါ်တွင် အပြင်းပွားဖွယ်ရာများဖြင့် တစ်နေ့တစ်မျိုး မရိုးနိုင်သည့် နိုင်ငံရေးသမားတစ်ဦးကို ရန်ကုန်ပရိသတ်က 'ကွီးဖြိုး' ဟု ခေါ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တိုက်စစ်မှူးဟု တင်စားနိုင်သည့် ကွီးဖြိုးသည် မြန်မာနိုင်ငံ၏ ရေ့တန်းမျက်နှာစာဖြစ်သော ရန်ကုန်ကို အုပ်စိုးရခြင်းကြောင့်လည်းအခြားဝန်ကြီးချုပ်များထက် ထင်ပေါ်ကျော်ကြားနေခြင်း ဖြစ်သည်။

ရန်ကုန်သည်လူများသည်။ ပြဿနာများသည်။ ဝန်ကြီးချုပ်သည်လည်း ရန်ကုန်နှင့် ပတ်သက်ပြီး ရည်မှန်းချက်တွေ များသည်။ ထိုအချက်ကြောင့်ပင် ရန်ကုန်ဝန်ကြီးချုပ်၏ ပြောစကားများသည် လူမှုကွန်ရက်တွင် ထောက်ခံသူနှင့် ကန့်ကွက်သူတို့အကြား အငြင်းပွားစရာဖြစ်ကြမြဲဖြစ်သည်။

"ကျွန်တော့်ရဲ့ ဖြိုးမင်းသိန်းအကောင့်ထဲ ဝင်ကြည့်လိုက်ပါ။ အဲဒီမှာ ပုံမှန်ဆဲနေကြတာ တွေ့ရမှာပါ" ဟု ဝန်ကြီးချုပ်က ကုန်သည်စက်မှုအသင်းချုပ်တွင် ယမန်နှစ်က ပြုလုပ်သော အခမ်းအနားတစ်ခု၌ ၎င်းအဆဲခံရသည့် အကြောင်း ဝန်ခံပြောကြားသည်။

သို့သော်အစိုးရကို အားမရသူအချို့က ဆဲဆိုခြင်းကို ကြုံဆိုပြီး ထိုသို့ ဆဲဆို၍အလုပ်ကိုသတိထားလုပ်မိကြောင်း ပါးပါးနပ်နပ် တုံ့ပြန်ခဲ့သည်။

## ပွဲဆူသည့် ဝန်ကြီးချုပ်

၂၀၁၆ ပြေီတွင် ပူပူနွေးနွေး ဝန်ကြီးချုပ်ဖြစ်လာသော ဦးဖြိုးမင်းသိန်းသည် ရန်ကုန်သင်္ကြန်မဏ္ဍပ်များကို မူစပြောင်းရာ ပွဲစဆူသည်။ ထို့နောက် အထပ်မြင့်အဆောက်အအုံများကို ကိုင်ပြန်ရာ ဝေဖန်ခံရပြန်သည်။ ညဘက်ဆိုင်များ စောစော ပိတ်ခိုင်းသဖြင့် ညမင်းသားများ အော်ကြပြန်သည်။

ထို့အပြင် ၎င်းသည်ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများကို ကားသစ်များ စီးစေချင်သည်။ သို့သော် အလောတကြီး YBS စီမံချက်ကို ပြည်သူကပိုင်းကူရသည်။ ညဈေးတန်းစီမံခန့်ခွဲမှုက ထင်တိုင်းမပေါက် ဖြစ်ခဲ့ရသည်။ ကျုံးကျော်ကိစ္စကလည်း တိုးလိုးတန်းလန်း ဖြစ်နေပြန်သည်။ မြို့တွင်းက စီမံခန့်ခွဲမှုများမပြီးမီ မြို့သစ်စီမံကိန်းကြီးကို လှမ်းသည်။ ၎င်းသည် ရန်ကုန်၏ အိမ်ထောင်ဦးစီးဟု ဆိုပြန်သည်။ အဆိုပါစကားကို ဟားသူများက ဟားကြသည်။

လွှတ်တော်အသံလည်းသိပ်နားမထောင်ကြောင်း အမတ်များက ပြောပြန်သည်။

"သူက ပြန်မပြော၊ နားမထောင်ဗျ" ဟုရန်ကုန်တိုင်းလွှတ်တော်တွင် အစိုးရကို အမြဲဝေဖန်ထောက်ပြနေသူ ဒဂုံအမတ် ဦးကျော်ဇေယျကဆိုသည်။

သို့သော်ဝန်ကြီးချုပ်သည် သူ့ကိုဝေဖန်သူများကိုပင် ဆက်ဆံရေးကောင်းမွန်ကြောင်း ဦးကျော်ဇေယျက ချီးကျူးစကားဆိုသည်။

ဝန်ကြီးချုပ်၏ စေတနာကောင်းမွန်သော်လည်း လုပ်ချင်စိတ်များနေ၍ ဦးစားပေးလုပ်ရမည့်အလုပ်နှင့် နောက်မှလုပ်ရမည့်အလုပ်ကို ဆုံးဖြတ်သည့်အခါ အားနည်းကြောင်း ၎င်းက ပြောသည်။

ဦးဖြိုးမင်းသိန်းသည် ဆန္ဒစောသော ဝန်ကြီးချုပ်ဟု သမ္မတပြောရေးဆိုခွင့်ရှိသူဟောင်း ဦးရဲထွဋ်က သုံးသပ်သည်။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး လွှတ်တော်တို့နှင့် ပေါင်းစပ်ညှိနှိုင်းမှု အားနည်းကြောင်း ၎င်းကပြောသည်။ စတင်လိုက်သည့် စီမံကိန်းတစ်ခုကို စဉ်ဆက်မပြတ်သုံးသပ်ပြီး ပြင်ဆင်မှုအားနည်းသည်ဟုလည်း မှတ်ချက်ပြုသည်။

ညဈေး၊ လမ်းဘေးဈေးသည်၊ YBS စသည်တို့မှာ ဝန်ကြီးချုပ်၏ ရည်မှန်းချက်ကို မရောက်သေးကြောင်း ၎င်းကဥပမာပေးသည်။

"ရောက်အောင်လည်း ဘာမှထပ်မလုပ်တော့ဘူး။ နောက်စီမံကိန်း အသစ်တွေနောက်ကို အာရုံကျသွားတယ်" ဟု ဦးရဲထွဋ်ကပြောသည်။

သို့သော် အားသာချက်မှာ ဒေါ်အောင်ဆန်းစုကြည်၏ ယုံကြည်မှုကိုရထားသည်က အများက လက်ခံထားသည့်အချက်ဟု ဦးရဲထွဋ်ကဆိုသည်။

"ဒါက သူ့ရဲ့ Political Capital ပဲ။" ဟု ၎င်းက ပြောသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ရန်ကုန်ရောက်တိုင်း ဝန်ကြီးချုပ်က ကြိုဆိုမြဲဖြစ်သည်။ ရန်ကုန်တွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှိခြင်း၊ ပြည်ပခရီးစဉ်များကို ရန်ကုန်မှတစ်ဆင့်သွားရခြင်း စသည့်အခြေအနေများကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် နီးကပ်ရသည့် အခွင့်အရေးကို ရန်ကုန်ဝန်ကြီးချုပ်ကအခြား ဝန်ကြီးချုပ်များထက် ပိုရသည်။ ဦးဖြိုးမင်းသိန်း နှလုံးခွဲစိတ်ကုသမှု ပြုလုပ်နေချိန်တွင် ဒေါ်အောင်ဆန်းစုကြည်က ဆေးရုံအထိပင်လာရောက်အားပေးခဲ့သည်။

## ဝန်ကြီးချုပ်နေအိမ်သို့သွားရာလမ်း

ဒီချုပ်ပါတီအထိမ်းအမှတ်ပင်နီတိုက်ပုံကို နေ့တိုင်းနီးပါးဝတ်ဆင်လေ့ရှိသည့် ရန်ကုန်ဝန်ကြီးချုပ်မှာ ၂၀၁၀ ရွေးကောက်ပွဲအ



ပြည်ပခရီးစဉ်တစ်ခုမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကို ကြိုဆိုနေသည့် ရန်ကုန်တိုင်း ဝန်ကြီးချုပ်

ကြိုကာလက အခြားပါတီတစ်ခု၏ ဦးဆောင်သူ ဖြစ်ခဲ့သည်ကို မေ့မေ့ပျောက်ပျောက်ပင် ဖြစ်နေကြပြီဖြစ်သည်။ သို့သော် ဒီမိုကရေစီအရေးတော်ပုံတပ်သားတစ်ဦးဖြစ်သည့် ဦးဖြိုးမင်းသိန်းသည် ပါတီဟောင်းမှ ထွက်ကာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ မြန်မြန်ဆန်ဆန်ပင် ခိုလှုံခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်တွင် ဦးဖြိုးမင်းသိန်း၏ စွမ်း ဆောင်ချက်များက ဒီချုပ် လူကြီးပိုင်းအတွက် မျက်စိကျစရာဖြစ်ခဲ့သည်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲဝင် ဒီချုပ်လက်ရွေးစင်စာရင်းတွင် ဦးဖြိုးမင်းသိန်း ပါလာသည်။ လှည်းကူးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာသော ဦးဖြိုးမင်းသိန်းသည် နေပြည်တော် စည်ပင်ရိပ်သာတွင် ဒီချုပ်၏ ခေါင်းဆောင်ပိုင်းများနှင့် အခန်းနီးချင်း ဖြစ်ခဲ့သည်။ ၎င်း၏ အခန်းနီးချင်းများသည် ဒီချုပ် ၂၀၁၅ ရွေးကောက်ပွဲ အနိုင်ရပြီးနောက် ပါတီထိပ်ပိုင်းခေါင်းဆောင်အဖြစ် တန်ခိုးထွားလာသည့် ဦးဝင်းထိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် သမ္မတဖြစ်လာသည့် ဦးဝင်းမြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဖြစ်လာသည့် ဒေါက်တာမျိုးအောင်တို့အပြင် မန္တလေးတိုင်းဝန်ကြီးချုပ် ဖြစ်လာသည့် ဒေါက်တာဇော်မြင့်မောင်တို့ ဖြစ်ခဲ့သည်။

ပြည်နိုင်ဖြိုးလွှမ်းသော လွှတ်တော်ထဲသို့ ခုပ်ဒေါင်းများရောက်လာပြီးနောက် ကော်မတီများသို့ လူခွဲချထားရာ ဦးဖြိုးမင်းသိန်းသည် နာမည်ကျော် ဦးအောင်သောင်း၏ ကော်မတီတွင် ပါဝင်ခဲ့သည်။

၎င်းသည် အမာဂိုဏ်းဟု နာမည်ကြီးသော ဦးအောင်သောင်းနှင့်လည်း ပြေလည်အောင် ပေါင်းသင်းနိုင်ခဲ့သူ ဖြစ်သည်။

ထိုစဉ်ကာလများက ၎င်းသည် ဒီချုပ်ပါတီဝင်များအကြား ပေါ်ပြူလာဖြစ်နေသူတော့ မဟုတ်ခဲ့ပေ။ သို့သော် ၂၀၁၅ ဇွန်လအတွင်းက ဒေါ်အောင်ဆန်းစုကြည်၏ သမိုင်းဝင် တရုတ်ခရီးစဉ်တွင် ဦးဖြိုးမင်းသိန်း လိုက်ပါသွားခဲ့ပြီးနောက်မှသာ ၎င်းအတွက် နေရာတစ်နေရာ ရှိလိမ့်မည်ဟု နိုင်ငံရေးအကဲခတ်များက ရိပ်မိခဲ့ခြင်းဖြစ်သည်။ ထို့နောက် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာမှ တိုင်းဒေသကြီးသို့ ပြောင်းလဲယှဉ်ပြိုင်စေခဲ့ရာ ၎င်းအတွက် ရန်ကုန်တွင် ဝန်ကြီးတစ်နေရာ အနည်းဆုံးသေချာခဲ့သည်။ ဒီချုပ်အစိုးရဖွဲ့ပြီးသည့်နောက်တွင် ဦးဖြိုးမင်းသိန်းသည် အသက် (၄၀) ကျော်အရွယ်မှာပင် ရန်ကုန်တိုင်းဝန်ကြီးချုပ် ဖြစ်လာတော့သည်။

များမကြာမီ ပါတီ၏အမြင့်ဆုံးအဖွဲ့ဖြစ်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ချီးမြှင့်မြှောက်စားခြင်း ခံရပြန်သည်။

"သူက နိုင်ငံရေးပါးဝတဲ့ သူထဲမှာပါတာအမှန်ပဲ။ နိုင်ငံရေးတွက်ကိန်းတွေ ကောင်းကောင်း Play နိုင်တဲ့အထဲမှာပါတယ်" ဟု စာရေးဆရာမ မသီတာ (စမ်းချောင်း) က သုံးသပ်သည်။

နိုင်ငံရေးသမားတစ်ဦး၏ ဘဝကို စာနာနားလည်ပေးနိုင်သော ငွေကြေးကြွယ်ဝသည့် ဇနီးသည်ရှိခြင်းကလည်း ဦးဖြိုးမင်းသိန်း၏ ဝန်ကြီးချုပ်နေအိမ်သို့ သွားရာလမ်းအတွက် ကြီးမားသည့် အထောက်အပံ့ဖြစ်ခဲ့သည်။

## တိုက်စစ်မှူးကွီးဖြိုး

'နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးရှိနေ၍ မဘသအဖွဲ့အစည်းမလိုအပ်' ဟု ဝန်ကြီးချုပ်၏ စင်ကာပူခရီးစဉ်အတွင်း ပြောစကားသည် အတော်ပွက်လောရိုက်ခဲ့သည်။ လေဆိပ်တွင် ထောက်ခံသူရော ကန့်ကွက်သူပါ လာစောင့်နေကြသည်။ အင်အားကြီးပြီး အကဲဆတ်သော အဖွဲ့အစည်းနှင့် ထိပ်တိုက်တွေ့သောပွဲ၌ ရလဒ်မကောင်းလျှင် ဦးဖြိုးမင်းသိန်း လွင့်သွားနိုင်သည်ဟူသော မှန်းဆချက်များလည်း ရှိခဲ့သည်။ သို့သော် ဦးဖြိုးမင်းသိန်းသည် နောက်တစ်နေ့နံနက်မှာပင် နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အမှူးရှိသော



နာရီကိစ္စ ရှင်းလင်းခဲ့သော ဦးဖြိုးမင်းသိန်း

ဓာတ်ပုံ - နစ်ကီ

www.free4readers.com



# ကြီးချုပ်



ဓာတ်ပုံ – ဖြိုးမင်းသိန်းဖေ့စ်ဘွတ်ခ်

အဖွဲ့ဝင်ဆရာတော်ကြီးများအား သွားရောက်ကြည်ညိုဩဝါဒခံယူခဲ့သည်။ ထို့နောက် မဟာနက မဘာသသည် တရားဝင် အဖွဲ့အစည်း မဟုတ်ကြောင်း ကြေညာချက်များ ထုတ်သည်အထိ ဖြစ်ခဲ့ရာ ဦးဖြိုးမင်းသိန်း၏ ကနဦးစွမ်းဆောင်ချက်က အရေးပါခဲ့သည်။

ထို့နောက် ရွှေတိဂုံစေတီတော် အနေကဇာတင်မဟာမင်္ဂလာနှင့် သံဃာအပါး ၁၈,၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ဦးဖြိုးမင်းသိန်းက အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သည်။ ထို့နောက် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ ဌာပနာတိုက်အတွင်းရှိ ဗုဒ္ဓဆံတော်ရှင်ကို သံဃာနှင့် သီလရှင်အပါး ၅,၀၀၀ ဖြင့် ရွှေတိဂုံစေတီသို့ ပင့်ဆောင်ပူဇော်ခဲ့ပြန်သည်။

အဆိုပါစွမ်းဆောင်ချက်များက ဒီချုပ်အစိုးရတက်လာလျှင် ဗုဒ္ဓဘာသာ အနှိမ်ခံရမည်ဟူသော ဝါဒမှိုင်းများကို ချေဖျက်ပြီးသားဖြစ်ခဲ့ရာ ဒီချုပ်အတွက် နိုင်ငံရေးအရ အရေးပါသော ဆောင်ရွက်မှုများ ဖြစ်ခဲ့သည်။

## အမေ့ရဲ့ ဒုက္ခအိုးလေး

အဆိုတော်ထူးအိမ်သင်၏ 'အမေ့ရဲ့ ဒုက္ခအိုးလေး' သီချင်းစာသားကို ဖေ့စ်ဘွတ်ခ်ပေါ်တွင် မြင်ရပြီဆိုလျှင် ကိုဖြိုးဘာတစ်လွဲ ပြောလိုက်ပြန်ပြီလဲဟု မေးရပြီဖြစ်သည်။ စကားကျွံခဲ့သော ဖြစ်ရပ်တစ်ခုမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို 'ညွှန်ကြားရေးမှူးချုပ်' အဆင့်ဟုပြောခဲ့ခြင်းဖြစ်သည်။ တပ်မတော်ဘက်က ဦးဖြိုးမင်းသိန်းကို အရေးယူရန်ဖိအားပေးခဲ့သည်။ ပါတီကလည်း သူ့ကိုသတိပေးဆုံးမခဲ့ပြီး သူကလည်း ပြန်လည်တောင်းပန်ခဲ့၍ အကျယ်အကျယ် ဆက်မဖြစ်တော့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်း ဝန်ကြီးများအတွက် ကားဝယ်ရန်လျာထားငွေတင်ပြသည့်အပေါ် ဝေဖန်ခံရ၍ ဦးဖြိုးမင်းသိန်းထွက်ရှင်းခဲ့ရသည်။ ထို့အပြင်ကျောင်းကားများ ပိုက်ဘောမိနေသည့်အပေါ် လွှတ်တော်က ထောက်ပြခြင်းကို ခံခဲ့ရသည်။

ဦးဖြိုးမင်းသိန်းကို ပိုမိုသတိထားခဲ့ကြသည့်ကိစ္စမှာ အလဲဗင်းကရေးခဲ့သော ဒေါ်လာတစ်သိန်းတန် Patek Philippe နာရီကိစ္စဖြစ်သည်။ 'သူဌေးကြီးတစ်ဦးက ဦးဖြိုးမင်းသိန်းအား အဆိုပါနာရီကိုလက်ဆောင်ပေးထားခြင်း' ဟု အလဲဗင်းရေးသလိုသာ မှန်ခဲ့လျှင် မေမေခွင့်လွှတ်မည်မဟုတ်ဟု မှန်းဆခဲ့ကြသည်။ သို့သော်ဦးဖြိုးမင်းသိန်းက သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး မိန်းမကလက်ဆောင်ပေးထားခြင်းသာဖြစ်ကြောင်း နာရီကိုချွတ်ပြသည့်ပုံက နောက်နေ့ထုတ်သတင်းစာများ၏ မျက်နှာဖုံးသတင်းဖြစ်ခဲ့သည်။ ကိုဖြိုးက အဂတိမလိုက်စားကြောင်း သက်သေပြနိုင်ခဲ့သည်။

## ဝန်ကြီးချုပ်၏ အကျပ်အတည်းကာလ

အလဲဗင်းနှင့် ဦးဖြိုးမင်းသိန်းက ရေစက်မကုန်သေး။ ရန်ကုန်တိုင်းအစိုးရအဖွဲ့နှင့် သက်ဆိုင်သော ဆောင်းပါးဖော်ပြမှုကြောင့် Weekly Eleven ဂျာနယ် အယ်ဒီတာသုံးဦးကို နိုင်ငံတော်အကြည်ညိုပျက်စေမှုပုဒ်မဖြင့် တရားစွဲဆိုပြီးဖမ်းဆီးကာ အင်းစိန်ထောင်သို့ပို့ဆောင်ခဲ့သည်။ ဒီတစ်ခေါက်တွင်တော့ နာရီကိစ္စကဲ့သို့ လက်ခုပ်သံများမရဘဲဝေဖန်သံများရခဲ့သည်။ ဦးဖြိုးမင်းသိန်း၏ ဖေ့စ်ဘွတ်ခ်စတေးတပ်စ်များ အောက်တွင် 'ကြည်ညိုပါသည်'ဟူသော မှတ်ချက်များ ဝင်ရေးကြသည်။

“သူက မီဒီယာသဘောတရားကိုတော့ နားလည်ပုံမရဘူး။ အခုကိစ္စမီဒီယာကို ကိုင်တွယ်ပုံကတော်တော်ပြဿနာရှိတယ်။ ဆောင်းပါးကလည်း လွှတ်တော်ကပြောတာကိုသံယောင်လိုက်ရေးတာ။ အချက်အလက်မှားမယ်။ ကောက်ချက်မှားမယ်။ ဒါကို သတင်းစာရှင်းလင်းပွဲလုပ်လုပ်၊ သူပဲထွက်ပြောပြော၊ လုပ်လိုက်ရင်ပြီးတဲ့ကိစ္စကို တရားစွဲတယ်”ဟု သတင်းစာဆရာစည်သူအောင်မြင့်က ပြောသည်။

ရန်ကုန်ကို စေတနာထားသော်လည်းလက်တွေ့ကျသည့် စီမံခန့်ခွဲမှုတွင် အားနည်းနေကြောင်း ဦးဖြိုးမင်းသိန်းအပေါ် ၎င်းကသုံးသပ်သည်။

ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်အစီရင်ခံစာပေါ်ထွက်လာပြီးနောက် ဦးဖြိုးမင်းသိန်းသည် ဖိအားများအောက်ဆက်တိုက်ရောက်ရှိခဲ့သည်။ လွှတ်တော်ကစတင်ဝေဖန်သည်။ ထိုအခြေအနေအတွင်း အစိုးရအဖွဲ့ရုံးဝင်းအတွင်း ရပ်ထားရသည့် ကျောင်းကားများကိစ္စ ထောက်ပြခံရသည်။ ထို့နောက်မီဒီယာများက အစီရင်ခံစာကိုကိုးကားပြီး ဝေဖန်ထောက်ပြပြန်သည်။ အလဲဗင်းဂျာနယ်၏ ဝေဖန်ထောက်ပြမှုတွင် တိုင်းဒေသကြီးအစိုးရကို အကြည်ညိုပျက်စေသည်ဟု ဆိုကာ အယ်ဒီတာသုံးဦးကိုတရားစွဲရာ ဝေဖန်မှုများထပ်ခံရပြန်သည်။

ဦးဖြိုးမင်းသိန်း၏ ပြဿနာမှာပြောသည့်အတိုင်း အကောင်အထည်ဖော်နိုင်အောင် တတ်နိုင်သမျှ ကြိုးစားရသည့်၊ ပြောသည့်စကားအပေါ် တာဝန်ယူရသည့် အုပ်ချုပ်ရေးပိုင်း ရာထူးယူထားခြင်းကို မေ့နေခြင်းဖြစ်ကြောင်း ဦးရဲထွဋ်က ဝေဖန်သည်။

“သူကမဲဆွယ်စည်းရုံးရေးဆင်းသလို ပြောတတ်တာ” ဟု ၎င်းကပြောသည်။

'ရန်ကုန်မြို့သည် စိမ်းလန်းပြီး နေချင့်စဖွယ်စီးပွားရေးမြို့တော်' ဟု ဦးဖြိုးမင်းသိန်း၏ပြောကြားချက်သည် လက်တွေ့နှင့်ကင်းကွာနေသည်ဟုဆိုကာ ဝေဖန်ခံခဲ့ရသည်။

စက်သုံးဆီတန်ချိန်သန်းချီသိုလှောင်ပြီး ဆီဈေးကျအောင်လုပ်မည်ဟူသော ကိုဖြိုး၏ပြောစကားကို တရိပ်ရိပ်တက်လာသောစက်သုံးဆီဈေးက ပြက်ရယ်ပြုခဲ့ပြန်သည်။

ရန်ကုန်မြို့သစ်စီမံကိန်းမှ ရသည့်ဝင်ငွေများဖြင့် ရန်ကုန်မြို့ဟောင်းကိုပြင်ဆင်မည်ဟု ပြောပြန်ရာ 'မြို့သစ်နှင့် မြို့ဟောင်း' ဆိုပြီး စကြနောက်ကြပြန်သည်။

တစ်နည်းအားဖြင့် ဆိုလျှင် ဦးဖြိုးမင်းသိန်းသည် ရန်ကုန်လူထု၏အာရုံကို ဖမ်းစားထားနိုင်ခြင်းလည်းဖြစ်သည်။ သို့သော် ၎င်း၏ စေတနာဇောများပြီး လက်တွေ့နှင့်ကင်းကွာသည့် အပြောအချို့က ပြုံးစရာရယ်စရာဖြစ်ခဲ့ရသည်။

ဦးဖြိုးမင်းသိန်းသည် အမှန်တကယ်လည်း အပြောအဟောကောင်းသူဖြစ်သည်။ မဲဆွယ်စည်းရုံးရေးကာလကလည်းသက်သေပြခဲ့ပြီးဖြစ်သလို ဝန်ကြီးချုပ်ဘဝ၌ အခမ်းအနားများတွင်လည်းသက်သေပြသည်။

၎င်းသည် နိုင်ငံရေးပါးဝသူဖြစ်ကြောင်းရင်းနှီးသောမိတ်ဆွေအချို့က မှတ်ချက်ပြုသည်။ သို့သော်အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံမရှိခဲ့ခြင်းကအခက်ကြုံနေခြင်းဖြစ်သည်ဟု ၎င်းတို့က သုံးသပ်သည်။

နိုင်ငံရေးအကင်းပါးသူဖြစ်၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီးအကောင်းဆုံး ထပ်ရွှေ့နိုင်မည့်သူဟု မျှော်လင့်ကြောင်း စာရေးဆရာမ မသီတာ(စမ်းချောင်း)ကပြောသည်။

တတ်နိုင်သလောက်လူထုနှင့်မကင်းကွာစေလိုကြောင်း ၎င်းက အကြံပြုသည်။

ဦးဖြိုးမင်းသိန်းသည် ရန်ကုန်တိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းကိုနားလည်ပြီး ပြည်သူလူထုအသံကိုပိုနားထောင်စေလိုကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စန်းလှိုင်ကလည်း အကြံပြုသည်။

၎င်းသည် ဦးဖြိုးမင်းသိန်းနှင့်အတူ ပြည်သူ့လွှတ်တော်တွင် ကော်မတီတစ်ခုတည်း၌ အလုပ်အတူလုပ်ခဲ့ဖူးသူဖြစ်သည်။

ဝန်ကြီးချုပ်သည် လွှတ်တော်၏ သဘောတူညီချက်နှင့် လုပ်လျှင် ပိုသင့်လျော်မည်ဖြစ်ပြီး လွှတ်တော်သို့ တင်ပြခြင်းသည် ပြည်သူကိုတင်ပြခြင်းဖြစ်ကြောင်း ဒေါ်ခင်စန်းလှိုင်ကပြောသည်။

လွှတ်တော်နှင့် အစိုးရအပြန်အလှန်ညှိနှိုင်းပြီး ပိုမိုစည်းလုံးပါက အစိုးရ၏ဆောင်ရွက်ချက်နှင့် ရန်ကုန်တိုင်း၏ဖွံ့ဖြိုးမှုမှာ လက်ရှိထက် လျင်မြန်အကျိုးရှိမည်ဟုမျှော်လင့်ကြောင်း ၎င်းက ပြောသည်။

ရန်ကုန်တိုင်းအစိုးရကို လွှတ်တော်တွင် အမြဲဝေဖန်လေ့ရှိသူဦးကျော်ဇေယျက ကိုဖြိုးအတွက် အောက်ပါအတိုင်းဆန္ဒပြုသည်။

“ကိုယ့်ဝန်ကြီးချုပ်ကိုအောင်မြင်စေချင်တယ်”



www.free4readers.com



အယ်ဒီတာ့အာဘော်

## အားလုံးအတွက် ကောင်းမွန်သောလမ်းကို ရွေးပါ

လက်ရှိအစိုးရသက်တမ်း ၂ နှစ်ခွဲမှာပင် ယခင်အစိုးရ လက်ထက်ကနှင့် နှိုင်းယှဉ်လျှင်သိသိသာသာ တိုးလာသော ကိန်းဂဏန်းတစ်ခုရှိပါသည်။ ကံဆိုးသည်မှာ သတင်းကောင်းတော့မဟုတ်ပါ။ သတင်းထောက်များကို တရားစွဲဆိုဖမ်းဆီးသော အရေအတွက်ဖြစ်ပါသည်။

သမ္မတဦးသိန်းစိန်၏ ပြည်ခိုင်ဖြိုးအစိုးရလက်ထက် ငါးနှစ်တာတွင် တရားစွဲဆိုခံရသောသတင်းထောက် ၄၇ ဦးရှိခဲ့သည်။ ဒီချုပ်အစိုးရလက်ထက်သက်တမ်း ၂ နှစ်ခွဲမှာပင် ယခုနောက်ဆုံး Weekly Eleven ဂျာနယ်မှ အယ်ဒီတာသုံးဦးအပါအဝင် တရားစွဲဆိုခံရသော သတင်းထောက် ၄၄ ဦးရှိနေပြီဖြစ်သည်။ ထို့ကြောင့် လူထုက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရဟုသတ်မှတ်ထားသည့် ဒီချုပ်အစိုးရလက်ထက်တွင်မှသတင်းစာဆရာများကို ပိုမိုဖမ်းဆီးတရားစွဲဆိုခံနေရခြင်းဖြစ်ကြောင်း ကိန်းဂဏန်းများကညွှန်းဆိုနေသည်။ သတင်းထောက်များကို တရားစွဲဆိုသောအမှု ၂၈ မှုရှိပြီးတရားစွဲခံရသောသတင်းသမား ၄၄ ဦးရှိကာ တရားစွဲဆိုသူများမှာ အစိုးရဝန်ထမ်းတစ်နည်းအားဖြင့် အစိုးရက တရားစွဲဆိုခြင်းသည် အမှုအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော်ဖြစ်သော ၁၇ မှုပင်ရှိနေပါသည်။

ကျန် ၁၁ မှုမှာ တပ်မတော်က တရားစွဲဆိုမှုသုံးမှု၊ အခြားသူများက တရားစွဲဆိုမှု ၁၁ မှုဖြစ်ကြောင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ တက်ကြွလှုပ်ရှားသည့်အဖွဲ့ဖြစ်သော 'အသံ'က ယမန်နေ့တွင် ထုတ်ပြန်ထားသည်။ တပ်မတော်က တရားစွဲဆိုသော အမှုများတွင် နောက်ပိုင်းကျေအေးပေးခဲ့သည်ကို တွေ့ရသည်။

ထို့ကြောင့် ပြည်သူ့အစိုးရစစ်စစ်က မီဒီယာသမားများအပေါ် ပို၍နှိပ်ကွပ်နေသည်ဟုပင်ပြောနိုင်သည်။ ယခုနောက်ဆုံး Weekly Eleven ဂျာနယ်တွင်ဖော်ပြခဲ့သော 'အမြဲရှုံးနေတဲ့ စက်သုံးဆီဆိုင်တွေ ပိတ်ရေး၊ ငွေချေးသူဘယ်သူမှန်း မသိတဲ့ ကျောင်းကားနဲ့ လူအမည်ပေါက်ပြည်သူ့ရှယ်ယာ' ဆောင်းပါးမှ ရေးသားမှုအချို့ကြောင့် အယ်ဒီတာသုံးဦးကို အာမခံမရသည့် နိုင်ငံတော်အကြည်ညိုပျက်စေမှုပုဒ်မဖြင့် တရားစွဲဆို၍ဖမ်းဆီးခဲ့ခြင်းမှာ ပြင်းထန်လွန်းပြီး ဒီမိုကရေစီအစိုးရတစ်ရပ်က လုံးဝမပြုလုပ်သင့်သော အပြုအမူဖြစ်သည်။ မီဒီယာက ဝေဖန်ထောက်ပြသည်ကို အခြားနည်းလမ်း မရွေးချယ်ဘဲ တရားစွဲဆိုဖမ်းဆီးထောင်ချခြင်းမှာ ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ သတင်းထောက် အားလုံး၊ မီဒီယာများအားလုံးကို ခြိမ်းခြောက်လိုက်ခြင်းလည်းဖြစ်၏။

ထို့အပြင် ဆောင်းပါးရေးသားမှုမှာ လွှတ်တော်အတွင်းဆွေးနွေးခဲ့သည်များထဲမှ အချက်အလက်များကိုအခြေခံ၍ ရေးသားခြင်းဖြစ်သည်။ ရန်ကုန်တိုင်းအစိုးရအပေါ် ပြည်သူများကအကြည်ညိုပျက်စေသော အသုံးအနှုန်းများမပါဝင်ဟု သုံးသပ်ပါသည်။ ဒီမိုကရေစီစနစ်တွင် မီဒီယာလွတ်လပ်ခွင့်မှာ အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် မီဒီယာများ၏ ပင်မတာဝန်ဖြစ်သော မဏ္ဍိုင်သုံးရပ်နှင့်ပတ်သက်၍ လိုအပ်ချက်များကို ဝေဖန်ထောက်ပြခြင်း၊ အစိုးရနှင့်အသံမဲ့ပြည်သူများအကြား ပေါင်းကူးပေးသည့်တာဝန်များကို ကျေပွန်စွာလုပ်ကိုင်နိုင်ရန် လွတ်လပ်စွာ သတင်းရယူ၊ရေးသားဖော်ပြခွင့်ရှိရန်လိုပြီး အစိုးရက မီဒီယာ၏ အခန်းကဏ္ဍအပေါ် နားလည်မှုရှိရန်နှင့် တန်ဖိုးထားရန်လိုပါသည်။ ထို့အပြင် အစိုးရတာဝန်ရှိသူများ၊ တာဝန်ကြီးမားစွာယူထားသူများမှာလည်း အဝေဖန်ခံနိုင်ရန် လိုအပ်ပါသည်။ တစ်နည်းအားဖြင့် ရန်ကုန်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် စီးပွားရေးမြို့တော်ဖြစ်ရာ တိုင်းအစိုးရလုပ်ကိုင်ဆောင်ရွက်မှုများအပေါ် လူထုစိတ်ဝင်စားမှုများသဖြင့် အစိုးရမှာ ဖိအားနှင့်အာရုံစိုက်ခံရမှုတို့ကို စမတ်ကျစွာ တုံ့ပြန်နိုင်ရန် လိုအပ်ပါသည်။

ယခုဖြစ်စဉ်တွင် ရန်ကုန်တိုင်းအစိုးရက ဆောင်းပါးဖော်ပြမှုအပေါ် မကျေနပ်ပါက မှားယွင်းသည့်အချက်ကိုထောက်ပြ၍ ပြည်သူလူထုအားလုံးသိရန် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း၊ အချက်အလက်မှားယွင်းပါက ပြင်ဆင်ချက်ထည့်စေခြင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ တိုင်ကြားခြင်း၊ ထိုသို့တိုင်ကြားပြီး ညှိနှိုင်းခြင်း၊ ညှိနှိုင်း၍မပြေလည်ပါမှ နောက်ဆုံး သတင်းမီဒီယာဥပဒေနှင့် တရားစွဲဆိုခြင်း စသည်တို့ ပြုလုပ်နိုင်ပါသည်။ အဆိုပါနည်းလမ်းများအားလုံးကို မရွေးချယ်ဘဲ ယခုကဲ့သို့ တရားစွဲဆိုဖမ်းဆီးခဲ့ခြင်းကြောင့် ရန်ကုန်တိုင်းအစိုးရ၊ ဒီချုပ်ပါတီနှင့် ပြည်ထောင်စုအစိုးရ၏ ပုံရိပ်ကို ထိခိုက်ကျဆင်းစေပါသည်။ ထို့အပြင် ဘင်္ဂါလီအရေးကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုကို နိုင်ငံတကာက စောင့်ကြည့်နေချိန်တွင် ယခုဖြစ်ရပ်က နိုင်ငံ့ပုံရိပ်ကိုပင် ထိခိုက်စေပါသည်။

ထို့ကြောင့် ယခင်အာဏာရှင်အစိုးရအဆက်ဆက် အာဏာရှိသူများက ၎င်းတို့၏အတိုက်အခံနှင့်ပြည်သူများအပေါ် ဖိနှိပ်ရာတွင် အသုံးပြုလေ့ရှိသောပုဒ်မဖြင့် သတင်းသမားသုံးဦးကို တရားစွဲဆိုထားခြင်းအား ပြန်လည်ရုပ်သိမ်းရန်တိုက်တွန်းပါသည်။ ထိုသို့ရုပ်သိမ်းပြီး အထက်တွင် ဆိုခဲ့သည့်အတိုင်း ညှိနှိုင်းသောနည်းလမ်းဖြင့် ယခုပြဿနာကိုဖြေရှင်းပါက အားလုံးအတွက် သင့်တော်ကောင်းမွန်ပြီး နိုင်ငံတော်နှင့် အစိုးရ၏ပုံရိပ် မထိခိုက်စေရန် ကာကွယ်နိုင်မည်ဖြစ်သည်။

စာမျက်နှာ ၂၅ မှ

## ရန်ကုန်တိုင်းအစိုးရနှင့် စီမံကိန်းများ

ရန်ကုန်မြို့ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဗဟိုမီးပွိုင့်ထိန်းချုပ်ရေးစနစ်သည် မီးပွိုင့် ၁၅၃ ခုကိုဗဟိုထိန်းချုပ်ရေးစင်တာမှတစ်ဆင့် ရန်ကုန်မြို့တွင်း ယာဉ်များ၏အသွား၊ အလာနှင့်ယာဉ်ကြောစနစ်ကို ထိန်းချုပ်ရန်ဖြစ်သည်။

တရုတ်အစိုးရပိုင် CRCC နှင့်မြန်မာ့ရွှေယင်းကုမ္ပဏီတို့က လုပ်ကိုင်ခွင့်ရရှိပြီး ၂၀၁၆-၁၇ စာရင်းစစ်ချုပ် အစီရင်ခံစာအရ ထိုစီမံကိန်းသည် လက်ရှိအချိန်ထိ မပြီးစီးသေးသလို ဒဏ်ကြေးလည်းဆက်လက်ပေးဆောင်ခြင်း မရှိတော့ပေ။

ထိုစီမံကိန်းအတွက် ကုန်ကျငွေ ၇၅ ရာခိုင်နှုန်းကို ကုမ္ပဏီသို့ ထုတ်ပေးပြီးဖြစ်သော်လည်း ၂ နှစ်ခွဲကျော်ကြာသည့်တိုင် ဗဟိုမီးပွိုင့်ထိန်းချုပ်ရေးစနစ်ကို အသုံးပြုနိုင်ခြင်းမရှိသေးပေ။

ထိုစာချုပ်အရ စီမံကိန်းပြီးစီးရန် သက်တမ်းလွန် ၂ နှစ်ကျော်အတွက် ဒဏ်ကြေးအနည်းဆုံး ကျပ်သိန်း ၇၀၀ ကျော်ပေးရမည်ဖြစ်သည်။ သို့သော် ဒဏ်ကြေး ကျပ်သိန်း ၂၁၀ သာပေးဆောင်ထားကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ ထို့ကြောင့် ဒဏ်ကြေးကျပ်သိန်း ၅၀၀ ကျော်ပေးဆောင်ရန် ကျန်ရှိနေသည်။

၂၀၁၈ ဒီဇင်ဘာတွင် အပြီးဆောင်ရွက်မည်ဟု ဝန်ကြီးချုပ်က ပြောကြားထားသော်လည်း လက်ရှိအချိန်ထိ အောင်မြင်မှုမရှိသေးသော စီမံကိန်းတစ်ခုဖြစ်သည်။

**၇။ ကျောင်းကြို၊ ပို့ယာဉ်**

ရန်ကုန်တိုင်း အစိုးရသည် ယာ[illegible]ပိတ်ဆို့မှု ပြဿနာလျော့ပါးစေရန်နှင့် နိုင်ငံတကာတွင်ကျင့်သုံးနေသည့် ကျောင်းကားစနစ်ကို ရန်ကုန်၌အသက်သွင်းရန်စီစဉ်ခဲ့သည်။ ကျောင်းကားများကို တိုင်းတစ်ခုအတွင်း ပုံစံတစ်ခုတည်းထားရန် ရည်ရွယ်၍ ကျောင်းကားများ ဝယ်ယူခဲ့သည်။

ရန်ကုန်တိုင်း ဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)သည်ရငွေများမှ ကျပ်ငါးဘီလီယံခန့်နှင့် ကမ္ဘောဇဘဏ်မှ ၅ ဒသမ ၅ ဘီလီယံချေးယူ၍ ကိုရီးယား Posco Daewoo ကုမ္ပဏီမှ ကျောင်းကားအစီး ၂၀၀ ဝယ်ယူခဲ့သည်။လက်ရှိတွင် အဆိုပါ ကျောင်းကားအစီး ၆၀ ပြေးဆွဲနေပြီး အစီးရေ ၁၄၀ ရပ်နားထားသည်။

"ကားတွေကို မရောင်းပါဘူး။ အများပိုင်ကုမ္ပဏီတစ်ခုပူးပေါင်းပြီးလုပ်မယ်။ လာမယ့်သီတင်းကျွတ်မှာ ထပ်တိုးဖို့ရှိတယ်" ဟု YRTA ပြောခွင့်ရပုဂ္ဂိုလ်ဒေါ်မေမေသွင်က ပြောသည်။ တိုင်းအစိုးရကတင်သွင်းသည့် ကျောင်းကားသည်ပြင်ပပေါက်ဈေးထက်များသဖြင့် လုပ်ငန်းရှင်များက ဝယ်ယူရန် စိတ်ဝင်စားမှုမရှိပေ။ တိုင်းအစိုးရဈေးနှုန်းများအရ ကျောင်းကားတစ်စီးလျှင် ကျပ်သိန်း ၅၀၀ ကျော်တန်ဖိုးရှိနေသည်။

သို့သော် ထိုကျောင်းကားများကို ပြန်ဝယ်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သို့ ကမ်းလှမ်းထားကြောင်း ယင်းကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။ ကျောင်းကားအများပိုင်ကုမ္ပဏီ ထူထောင်ပြီး အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀,၀၀၀ ဖြင့်ရောင်းချရန် လျာထားသည်ဟု ဦးကျော်ဝင်းက ဆိုသည်။

"သူတို့(အစိုးရ)ဝယ်တဲ့ဈေးက ငါးဘီလီယံလားမသိရှိတယ်။ အဲဒီဝယ်တဲ့အတိုင်းပဲ ကျွန်တော်တို့ကဝယ်ရမှာ။ အခုပေါက်ဈေးသိန်း ၃၀၀ ရှိလည်း သိန်း ၃၀၀ နဲ့ ဝယ်ရမှာမဟုတ်ဘူး။ အဲဒီဝယ်ထားတဲ့ ငါးဘီလီယံအတိုင်းပဲကျွန်တော်တို့က ဝယ်ရမှာ။ ဝယ်မယ်လို့လည်း၊ ဝယ်ပါ့မယ်လို့လည်း ပြောထားတာ" ဟု ၎င်းက ဆိုသည်။

လာမည့်ပညာသင်နှစ်တွင် ကျောင်းကားများကို တိုးချဲ့ပြေးဆွဲမည်ဖြစ်၍ အဆိုပါစနစ်အောင်မြင်၊ မအောင်မြင်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**၈။ ကျူးကျော်များအတွက် နေအိမ်များ**

ရန်ကုန်တိုင်း အစိုးရသည် အိမ်ထောင်စု ၂၇,၀၀၀ အတွက် ကျပ် ၅၄ ဘီလီယံ အသုံးပြု၍ တိုက်ခန်းများ ဆောက်လုပ်ရန် Yangon Metropoliton Devel-opment ကုမ္ပဏီကိုထူထောင်ခဲ့သည်။ ယင်းကုမ္ပဏီက အိမ်ရာစီမံကိန်းခြောက်ခု အကောင်အထည်ဖော်မည်ဟု တိုင်းအစိုးရက ဆိုထားသည်။ ကုမ္ပဏီတွင် တိုင်းအစိုးရက ရှယ်ယာ ၅၁ရာခိုင်နှုန်းပိုင်ဆိုင်ထားပြီး ကျန်ရှယ်ယာများကိုပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပိုင်ဆိုင်ထားသည်။

ထိုကုမ္ပဏီသည် ရည်ရွယ်ထားသည့် ၂၀၁၇ မတ်လတွင် လုပ်ငန်းမစတင်နိုင်ခြင်းကြောင့် ကျပ်သိန်း ၁၁၀ ကျော်အရှုံးပေါ်ခဲ့သော်လည်း ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင်ကျပ် ၂ ဒသမ ၂ ဘီလီယံဘဏ်တိုးရခဲ့သည်။ သို့သော် ပြင်ပစာရင်းစစ်များ စစ်ဆေးနိုင်ခြင်းမရှိဟု ရန်ကုန်တိုင်းစာရင်းစစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိတွင်အဆိုပါစီမံကိန်းမှာ အောင်မြင်ခြင်း မရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောသည်။

"ကျူးကျော်မိသားစု ၂,၀၀၀ ကျော်အတွက် တိုက်ခန်းအဆင်သင့်ဖြစ်ပြီပြောတယ်။ အခုထိတော့ ဘာမှသေချာမပြောသေးဘူး" ဟု ဦးကျော်ဇေယျက ဆိုသည်။

ထို့အပြင် ရန်ကုန်တိုင်းအတွင်း မြို့နယ် ၂၃ ခုတွင် ၂၀၁၆ စက်တင်ဘာကစတင်ပြီး တိုင်းအစိုးရက ကျူးကျော်စာရင်းကောက်ယူ၍ စမတ်ကတ်များထုတ်ပေးထားသည်။ လက်ရှိ အချိန်ထိ တိုင်းအစိုးရစာရင်းများအရ ကျူးကျော်နေထိုင်သူဦးရေ လေးသိန်းကျော်၊ စမတ်ကတ်ထုတ်ပေးထားသည့် အိမ်ထောင်စု ရှစ်သောင်းကျော်ရှိသည်။

အစိုးရက တန်ဖိုးနည်းအိမ်ရာ ၂,၂၀၀ ကျော်ကို ဒဂုံမြို့သစ်(ဆိပ်ကမ်း) နှင့်လှိုင်သာယာမြို့နယ်တို့တွင် ဆောက်လုပ်ပေးခဲ့သည်ဟု တိုင်းအစိုးရက ထုတ်ပြန်ထားသည်။ ထိုတိုက်ခန်းများသည် ဝင်ငွေနည်းသောပြည်သူများအတွက် ဖြစ်သည်ဟုလည်း ဆိုထားသည်။ သို့သော် ကျူးကျော်များအတွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ဖော်နိုင်ခြင်းမရှိရာ ကျူးကျော်များနှင့်ပတ်သက်သည့် တိုင်းအစိုးရ၏စီမံကိန်းမှာလည်း မအောင်မြင်ဟုဆိုရမည်ဖြစ်သည်။

## QUOTES OF THE WEEK

"စစ်မြေပြင်မှာ အသက်စွန့်ပြီး တိုက်ခိုက်ကြနိုင်ဖို့ သတ္တိလိုသလို ကျွန်မတို့နိုင်ငံအတွက် အရေးကြီးလှတဲ့ နိုင်ငံရေးဆုံးဖြတ်ချက်တွေကို ချမှတ်ရာမှာ စိတ်ရင်းစေတနာမှန်နဲ့ဆုံးဖြတ်နိုင်ဖို့လည်း သတ္တိလိုပါတယ်"

**ဒေါ်အောင်ဆန်းစုကြည်**
**(အစိုးရနှင့်အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထိပ်သီးအစည်းအဝေးတွင် ပြောကြားချက်)**

'ဖတ်ကြည့်ရသလောက်တော့ အမှားမတွေ့ရပါဘူး။ မှားတာလည်းမရှိဘူး။ ကိုယ်စားလှယ်တွေပြောတာကို ပြန်ရေးထားတဲ့ သဘောပါပဲ။ သက်သေအဖြစ် လိုက်ပေးမယ်ဆိုတာက အမှန်တရားအတွက် ကျွန်တော့်ကို လိုအပ်လို့ခေါ်ရင် သက်သေအဖြစ် လိုက်ပေးမှာပါ။ အမှန်တရားအတွက် ထွက်ဆိုပေးမှာပါ"

**ဦးကျော်ဇေယျ (ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)**
Weekly Eleven **ဂျာနယ်အယ်ဒီတာသုံးဦးကို ရန်ကုန်တိုင်းအစိုးရ တရားစွဲဆိုမှုနှင့်ပတ်သက်၍ပြောကြားချက်**

"ကျွန်တော်တို့ကော်မတီရဲ့ စစ်ဆေးတွေ့ရှိချက်တွေအားလုံးကို တင်ပြထားပြီးပြီ။ ကျွန်တော်တို့တင်ပြထားတာတွေကို ပြည်နယ်အစိုးရအဖွဲ့က အရေးမယူဘူးဆိုရင် အဂတိကို ဆက်တင်မယ်။ ကိုယ့်ပြည်နယ်မှာ လာလုပ်နေတဲ့ဟာတွေကို ကိုယ်က မကြီးကြပ်ဘူးဆိုရင် အရင်လက်ထက်ကလို ပုံစံမျိုးပဲဖြစ်သွားမှာပဲ"

**ဦးအောင်နိုင်ဦး (ကယားပြည်နယ်လွှတ်တော်ပြည်သူ့ငွေစာရင်းစောင့်ကြည့်စစ်ဆေးရေးကော်မတီ အတွင်းရေးမှူး)**
**အရည်အသွေး မပြည့်မီသည့် စီမံကိန်းအချို့နှင့် ပတ်သက်၍ ပြောကြားချက်**

# လေယာဉ်ပျက်မှုက F-35 လေယာဉ်များပေးပို့မှုကို အနှောင့်အယှက်မဖြစ်ဟု ဩစတြေးလျပြော



**မဲလ်ဘုန်း၊ အောက်တိုဘာ- ၁၃** စက်တင်ဘာက F-35 ဂျက်လေယာဉ်တစ်စီး ပျက်ကျပြီးနောက် ယင်းလေယာဉ်များ အသုံးပြုပျံသန်းမှု ရပ်ဆိုင်းထားသော်လည်း အဆိုပါ လေယာဉ်များကို အမေရိကန်နိုင်ငံမှ မှာယူရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့က အောက်တိုဘာ ၁၃ ရက်တွင် ပြောသည်။

စက်တင်ဘာ ၂၈ ရက်က တောင်ကယ်ရိုလိုင်းနားပြည်နယ်တွင် F-35 ဂျက်လေယာဉ်တစ်စီး ပျက်ကျမှု စုံစမ်းစစ်ဆေးရာ၌ လောင်စာဆီပိုက်များကို စစ်ဆေးနိုင်ရန် လော့ခ်ဟိမာတင်ကုမ္ပဏီထုတ် အမေရိကန်နှင့် နိုင်ငံတကာရှိ F-35 ဂျက်လေယာဉ်အားလုံး အသုံးပြုပျံသန်းမှု ရပ်ဆိုင်းခဲ့သည်။

အဆိုပါ စစ်လေယာဉ်များ အသုံးပြုပျံသန်းမှု ရပ်ဆိုင်းထားခြင်းက ဩစတြေးလျသို့ ယင်းလေယာဉ်များ ပေးပို့မှုကို သက်ရောက်မည်မဟုတ်ကြောင်း ထုတ်ပြန်ချက်တစ်စောင်တွင် ဩစတြေးလျ ကာကွယ်ရေးတပ်ဖွဲ့ (ADF) က ပြောသည်။

ဩစတြေးလျသည် F-35 တိုက်ခိုက်ရေး ဂျက်လေယာဉ်ကိုးစီး မှာယူခဲ့ပြီး ၇၂ စီးအထိ ဝယ်ယူရန် ကတိပြုထားသည်။

ယင်းလေယာဉ်အားလုံးကို ၂၀၂၃ မတိုင်မီ အပြည့်အဝအသုံးချလည်ပတ်ရန် ဩစတြေးလျက မျှော်လင့်ထားသည်။

မှာယူထားသည့် လေယာဉ်ကိုးစီးသည် အရီဇိုးနားပြည်နယ်ရှိ လေ့ကျင့်ရေး အခြေစိုက်စခန်းတွင် ရပ်နားထားသည်။

“လောလောဆယ် အမေရိကန်မှာ အခြေချထားတဲ့ ဩစတြေးလျ F-35 လေယာဉ်ဟာ လုံခြုံရေးစစ်ဆေးပြီးတာနဲ့ တစ်ပြိုင်နက် ပျံသန်းမှာပါ”ဟု ADF က ပြောကြားသည်။

*—Ref: Reuters*

စာမျက်နှာ ၂၃ မှ

## အာဖဂန်နစ္စတန်သမ္မတ အာရှရက်ဖ်ဂါနီနှင့်တွေ့ဆုံခြင်း

ဩဂုတ် ၂၁ရက်ကကျွန်တော်ဗလီကနေ ပြန်လာတော့ သမ္မတအိမ်တော်ကို ဒုံးကျည်မိုးရွာချခဲ့ပါတယ်။ကျွန်တော်ထွက်ပြေးခဲ့လား၊ ကျွန်တော်ရှောင်ထွက်ခဲ့လား ကျွန်တော် လူထုကို ပြောဆိုခဲ့တယ်။ ကျွန်တော် ရှင်းပြပေးခဲ့တယ်။

**ဒုက္ခသည် ပြဿနာအတွင်းမှာ အဓိကအားဖြင့် အာဖဂန်နစ္စတန်ကနေ စီးပွားရေးကြောင့် ထွက်ခွာလာတဲ့လူတွေ အများကြီးဟာလည်း ဂျာမနီကို ရောက်လာခဲ့တယ်။ မှားယွင်းတဲ့ မျှော်လင့်ချက်တွေကို တားဆီးဖို့ ဘာလုပ်လို့ရမလဲ။**

အင်း... မဟာဗျူဟာမြောက်ဆက်ဆံရေးပေါ့။ သတင်းအချက်အလက်ဟာ ကောင်းတယ်။ ဂျာမနီက လမ်းမတွေဟာ ငွေရှာရလွယ်တယ်ဆိုတဲ့ ယုံမှားမှုတစ်ခုရှိနေတဲ့အတွက်ကြောင့်ပဲ။ အဲဒါတွေဟာ မဟုတ်ဘူး။ ပြီးတော့ အလယ်အလတ်တန်းစားမှာပါတဲ့လူတွေနဲ့ စိတ်အားထက်သန်တဲ့ ကိုယ်ပိုင်လုပ်ငန်းပိုင်း အခွင့်အလမ်းရှိတဲ့ လူတွေဟာ သူတို့ ဂျာမနီကို သွားပြီးတော့ လက်လုပ်လက်စား အလုပ်လုပ်ကြလိမ့်မယ်။ လက်လုပ်လက်စား အလုပ်အတွက် ကျွန်တော်ဂုဏ်ယူပါတယ်။ ကျွန်တော့်ကို တလွဲမထင်ပါနဲ့။ ဒါပေမဲ့ အဲဒီအလုပ်တွေက လူမှုရေးအဆင့် နိမ့်ကျစေတယ်။ ဒုတိယပြဿနာက မှောင်ခိုကူးမှုမေးခွန်းဖြစ်တယ်။ ကျွန်တော်တို့အားလုံးမှာ နိုင်ငံတကာရာဇဝတ်ကောင်အဖွဲ့တွေကို တိုက်ဖျက်ရမယ့် တာဝန်တစ်ရပ်ရှိတယ်။ မူးယစ်ဆေးဝါးမှောင်ခိုကူးနေကြတဲ့ လူတွေပဲ လူမှောင်ခိုကူးနေကြတယ်။ ပြီးတော့ သူတို့ဟာ လက်နက်တွေလည်း မှောင်ခိုကူးကြတယ်။ ဒါကြောင့် ဒီအခြေအနေဟာ တကယ့်ကို ကမ္ဘာတစ်ဝန်း အရေးယူဆောင်ရွက်မှုတွေလုပ်ဖို့ လိုအပ်တယ်။

**ဂျာမနီမှာ အဓိပတိ မာကယ်ရဲ့ ၂၀၁၅ ကြိုဆိုရေးမူဝါဒက ဒုက္ခသည်တွေ ပိုပြီးရောက်လာစေဖို့ ဖြစ်စေသလားဆိုတာနဲ့ ပတ်သက်လို့ အပြန်အလှန်ပြောဆိုမှုတစ်ခုရှိတယ်။ ခင်ဗျား ဘယ်လိုထင်လဲ။**

ခင်ဗျားကြည့်၊ ဥရောပက ထိပ်တိုက်မတွေ့တဲ့ကိစ္စက ဖွား၊ သေ စာရင်းအင်းမှတ်သားမှုစနစ်။ လူမှုရေးမူဝါဒတွေကို မနစ်နာရစေဖို့ မွေးဖွားနှုန်းမလိုဘူး။ လုပ်သားလိုတာ၊ လူငယ်မျိုးဆက်တွေ ထည့်သွင်းဖို့လိုတာ၊ ကောင်းမွန်တဲ့ ဖွား၊ သေစာရင်းပြတဲ့ အခြေအနေကိုကြည့်ရင် အလုပ်လုပ်နေတဲ့ လူအရေအတွက်နဲ့ ပင်စင်ယူသွားတဲ့ လူအရေအတွက် အဲဒီမှာ ဟန်ချက်မညီမှုမရှိဘူး။

**အာဖဂန်နစ္စတန်မှာ တိုက်ခိုက်မှုတွေ သီတင်းပတ်တိုင်းနီးပါး ဖြစ်နေပါတယ်။ ခင်ဗျားတို့ဟာ တာလီဘန်တွေနဲ့ စစ်ဖြစ်နေတယ်။ ပြီးခဲ့တဲ့လတွေ၊ နှစ်တွေမှာ ဖြစ်ပျက်ခဲ့တာတွေ အရဆိုရင် အာဖဂန်နစ္စတန်နိုင်ငံကို တည်ငြိမ်အောင်လုပ်ဖို့ ခင်ဗျားစစ်သားတွေ ပိုလိုအပ်လား။**

ဂျာမန် မိခင်၊ ဖခင်တိုင်းဟာ သူတို့ရဲ့ ကလေးတွေထပ်ပြီး တိုက်ပွဲမဝင်ရတော့ဘူးဆိုတာ ကျွန်တော်အသေအချာပြောချင်တယ်။ ထောက်ပံ့ကူညီတဲ့ကဏ္ဍတစ်ခုကို ကျွန်တော်တို့ လိုချင်တယ်။ အကြံပေးတာ၊ လေ့ကျင့်သင်ကြားပေးတာ၊ အကူအညီပေးတာပေါ့။ ပြီးတော့ အဲဒီလုပ်ဆောင်ချက်တွေအတွက် ကျွန်တော်တို့မှာ ကိုယ်စားပြုတည်ရှိမှု လိုအပ်တယ်။ ဒါကြောင့် ရှေ့တန်းမျက်နှာစာ တာဝန်က ကျွန်တော်တို့တာဝန်။ ရာဇဝတ်မှုနဲ့ အကြမ်းဖက်မှုလိုကြုံတွေ့နေကျ အဲဒီနယ်ပယ်တွေမှာ ကျွန်တော်တို့ဟာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့လိုတယ်။ ကျွန်တော်တို့ အရမ်းကောင်းကောင်း ကြီးပူးပေါင်းဆောင်ရွက်နေတယ်။ ကနဦးမှာ အာဖဂန်စစ်တပ်ဟာ မစွမ်းဆောင်နိုင်ဘူး။ ကျွန်တော်သမ္မတဖြစ်လာချိန်မှာ ပထမဆုံးသော စိန်ခေါ်မှုက ပြည်နယ်ထဲက တောင်ကုန်းတစ်ခုကို ပြန်သိမ်းဖို့ဖြစ်တယ်။ အဲဒီ တစ်ခုတည်းသော တောင်ကုန်းကို ပြန်သိမ်းဖို့ ကျွန်တော်တို့ အချိန်တစ်ပတ်ကြာခဲ့တယ်။ အဲဒီ စစ်ဆင်ရေးမှာ ကျွန်တော်တို့ရဲ့ စစ်တပ်၊ ရဲတပ်ဖွဲ့နဲ့ ထောက်လှမ်းရေးဌာနတွေရဲ့ အဆင့်မြင့်အပိုင်းတစ်ခုလုံး ပါဝင်ခဲ့တယ်။ အခုဆိုရင် အဓိကတည်နေရာငါးခု၊ ဒါမှမဟုတ် ခြောက်ခုကို နေ့ဝက်အတွင်း တုံ့ပြန်နိုင်တဲ့ အစွမ်းရှိနေပြီ။ဟန်ချက်က ပြောင်းလဲနေပြီ။ ဒီအစီအစဉ်က အပြည့်အဝအကောင်အထည်ဖော်ပြီးရင်း မြစ်တွေရလာတာနဲ့အတူ ကျွန်တော်တို့မှာ နိုင်ငံတကာတပ်ဖွဲ့ဝင်တွေ လိုတော့မှာ မဟုတ်ဘူးလို့ ကျွန်တော်တို့ ယုံကြည်တယ်။ ဒုတိယအပိုင်းက ထပ်ပြီးတော့ ဂျာမန်ပြည်သူတွေနဲ့ ဂျာမန်နိုင်ငံရေးသမားတွေက မေးဖို့လိုတယ်။ အဲဒီကုန်ကျစရိတ်ကို သူတို့ ဘယ်လောက်ကြာအောင် ပေးဖို့လိုသလဲပေါ့။

**ငြိမ်းချမ်းရေးကိစ္စကို ကျွန်တော်တို့ မပြောခင် ဂျာမန်မိခင်တွေ၊ ဖခင်တွေအကြောင်း ခင်ဗျားပြောခဲ့တယ်။ ဂျာမန်စစ်သား ၅၀ လောက်ဟာ အာဖဂန်နစ္စတန်မှာ အသက်ဆုံးရှုံးခဲ့ရတယ်။ သူတို့ရဲ့ သားတွေ စွန့်လွှတ်အနစ်နာခံခဲ့တာတွေကို ပြန်ကြည့်နေမယ့် မိဘတွေအတွက် ခင်ဗျားဘာပြောမလဲ။**

ပထမဆုံး ကျွန်တော်အမြဲပြောခဲ့သလိုပဲ သူတို့ကို ကျွန်တော်ရင်ထဲ၊ အသည်းထဲက ကျေးဇူးတင်ပါတယ်။ ဒုတိယအနေနဲ့ သူတို့ရဲ့ ကလေးတွေရဲ့ စွန့်လွှတ်အနစ်နာခံမှုဟာ အချည်းနှီးမဟုတ်ဘူးဆိုတာ ကျွန်တော် အသေအချာပြောချင်တယ်။ အဲဒါကို ကျွန်တော်တို့ ဂုဏ်ပြုပါတယ်။ သူစိမ်းတစ်ယောက်ရဲ့ ချစ်ခြင်းထက် ပိုကြီးကျယ်တဲ့ ချစ်ခြင်းမရှိတဲ့အတွက်ကြောင့် အဲဒါဟာ အမှန်တကယ်ထူးကဲတဲ့ ကတိတစ်ခုဖြစ်ပါတယ်။ အဲဒီအခြေအနေမျိုး ထပ်ပြီးမဖြစ်ရအောင် ကျွန်တော်တို့ အသေအချာလုပ်ချင်ပါတယ်။

**ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အတွက် ကြီးမားတဲ့ ကြိုးပမ်းမှုမှာ ခင်ဗျားပါဝင်ခဲ့တယ်။ တစ်ချိန်တည်းမှာ ခင်ဗျားဟာ စီးပွားရေးစီမံကိန်းတွေကို အားပေးနေတယ်။ အဲဒီနှစ်ခုစလုံးနဲ့ ပတ်သက်လို့ ခင်ဗျား ဘယ်လောက်မျှော်လင့်ထားလဲ၊ အဲဒါတွေ ဘယ်လိုဆက်စပ်လဲ ပြောပြပေးပါ။**

အာဖဂန်နစ္စတန်ရဲ့ တည်ငြိမ်မှုအတွက် သော့ချက်က ဒီနိုင်ငံဟာ ကုန်ပစ္စည်းတင်ပို့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာဖို့ပဲ။ ကျွန်တော်တို့ရဲ့ သွင်းကုန်တွေဟာ ကျွန်တော်တို့ ပို့ကုန်တွေရဲ့ ခုနစ်ဆရှိတယ်။ အဲဒီဟန်ချက်ကို ကျွန်တော်တို့ ပြောင်းလဲနိုင်မယ်ဆိုရင် သက်ရောက်မှုတစ်ခုကို မြင်ရပါလိမ့်မယ်။ ဒါဟာ ငြိမ်းချမ်းရေးအတွက် ကြိုတင်ထားရမယ့်ဟာတစ်ခု ဘာကြောင့်ဖြစ်ရတာလဲ။ ငြိမ်းချမ်းရေးအတွက် အကြီးဆုံးပြဿနာက ကျွန်တော် ငြိမ်းချမ်းရေးသဘောတူညီမှု ရာနဲ့ချီပြီး လေ့လာခဲ့တယ်။ စံတစ်ခုအနေနဲ့ သုံးနေဆဲဖြစ်တဲ့ ၂၀၀၈ က ဆောင်းပါးရှည်တစ်ခုကို ကျွန်တော် လေ့လာခဲ့တယ်။ အဲဒါဟာ ငြိမ်းချမ်းရေးသဘောတူညီမှုရပြီးနောက်မှာ အလုပ်အကိုင်တွေ လိုတာပဲဖြစ်တယ်။ အဲဒီပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းပြီးတော့ တိုက်ခိုက်ရေးသမားဟောင်းတွေနဲ့ သူတို့ရဲ့ ကွန်ရက်တွေအတွက် ပြဿနာကို ဖြေရှင်းခြင်းမရှိတဲ့ နိုင်ငံတွေ အများကြီးဟာ ပိုပြီးတော့ မလုံခြုံဖြစ်သွားတယ်။ မလုံခြုံမှုဟာ ရာဇဝတ်မှုဖြစ်စေတဲ့ ပုံစံတစ်ခုဖြစ်တယ်။ ငြိမ်းချမ်းရေးနဲ့ ကျွန်တော်တို့ ဘာလုပ်မလဲ။ ပထမဆုံး ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးရဲ့ ရှင်းလင်းတဲ့ ပုံစံကို ပြောင်းလဲထားတယ်။ ပြီးပြည့်စုံတဲ့ ငြိမ်းချမ်းရေးတစ်ရပ်ထူထောင်ဖို့ လိုအပ်တယ်ဆိုတဲ့ ယူဆချက်ကြောင့် အပစ်အခတ်ရပ်စဲတယ်။ အပစ်အခတ်ရပ်စဲဖို့ ဘာသာရေးပိုင်းက ကျွန်တော်တို့ ညွှန်ကြားထားပြီး လေးရက်တွင်းမှာ ကျွန်တော်အပစ်ရပ်ကြောင်း ကြေညာတယ်။ အဲဒါဟာ စစ်ပွဲနဲ့ ငြိမ်းချမ်းရေးနဲ့ဆက်စပ်တဲ့ ယူဆချက်တွေကို ပြောင်းလဲသွားစေတဲ့အတွက်ကြောင့် နိုင်ငံရေး လှုပ်ခတ်မှုတစ်ခုဖြစ်ခဲ့တယ်။ ကျွန်တော်တို့ မမေ့ပစ်နိုင်ဘူးဆိုရင် ရင်ကြားစေ့လို့ရမှာမဟုတ်ဘူး။ တာလီဘန်တွေ၊ လူငယ်တိုက်ခိုက်ရေးသမားတွေ ၃၀,၀၀၀ ကျော်လောက် ကျွန်တော်တို့မြို့တွေဆီ ရောက်လာခဲ့တယ်။ အဲဒီမတိုင်ခင် တစ်ပတ်က အာဖဂန်လူမျိုး ၁,၀၀၀ ဟာ အသက်တွေဆုံးရှုံးခဲ့ ရတယ်။ ၃၀၀ က စစ်တပ်က၊ ၇၀၀ က တာလီဘန်ဘက်က။ တာလီဘန်တစ်ယောက်မှ အရှက်ခွဲမခံခဲ့ရဘူး။ တစ်ယောက်မှ လူအများစုရဲ့ အပြစ်ပေးတာမခံခဲ့ရဘူး။ တစ်ယောက်မှ စော်ကားမခံခဲ့ရဘူး။ လူတွေက စပြီးလက်ခံခဲ့ကြတယ်။ ဗလီတွေဟာ သူတို့ကို လက်ခံခဲ့ကြတယ်။ ပြောဆိုမှုတွေမှာ အမျိုးသမီးတွေ ပါဝင်ခဲ့ကြတယ်။ ဒါက အဲဒီအရှိန်အဟုန်ကို ပြောင်းလဲသွားစေတယ်။ ဒုတိယအနေနဲ့ သူတို့က အပစ်အခတ်ရပ်စဲရေးကို လိုက်နာတာရှိမှာ မဟုတ်ဘူးလို့ ပြောခဲ့တယ်။ ၉၈ ရာခိုင်နှုန်းက လိုက်နာခဲ့တယ်။ ၂ ရာခိုင်နှုန်းက အသေးစားချိုးဖောက်မှုတွေပဲရှိတယ်။ ဒါကြောင့် ကျွန်တော်တို့က ပြီးပြည့်စုံတဲ့ လုပ်ရပ်မျိုးနဲ့ ပါဝင်ချင်တယ်။ လူထုရဲ့ ၉၃ ရာခိုင်နှုန်းက ငြိမ်းချမ်းရေးလိုချင်တယ်။ ဒါက သတ္တိ၊ ကိုယ်ချင်းစာနာမှုနဲ့ ကတိပြုမှုတွေလိုတယ်။

**တာလီဘန်တွေကို အာဖဂန်လူမျိုးတွေနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကပါ အကြမ်းဖက်သမားတွေလို့ မှတ်ယူထားတာက ဘယ်လောက်ပြဿနာဖြစ်စေလဲ။ ပြီးတော့ နိုင်ငံတကာအသိုင်းအဝိုင်းက တာလီဘန်တွေကို ဒီလောက်ကြာအောင် တိုက်ခိုက်နေတယ်။ ခင်ဗျား ဘယ်လိုမျိုး တုံ့ပြန်မှုတွေနဲ့ ကြုံရမလဲ။**

ပထမဆုံး အိုင်ယာလန်ဘာလုပ်ခဲ့လဲ။ ဗြိတိန်နဲ့ မြောက်အိုင်ယာလန်တို့ ဘာလုပ်ခဲ့လဲ။ ရင်ကြားစေ့တယ်။ အဲဒါဟာ လူတွေက အကြမ်းဖက်သမားတွေလို့ သတ်မှတ်ထားသူတွေမဟုတ်ခဲ့ဘူးလား။ တာလီဘန်တွေ ငြိမ်းချမ်းရေးရဖို့ကြိုးပမ်းနေလား။ကျွန်တော်ဇာတ်လမ်းတစ်ပုဒ်ပြောပြမယ်။တာလီဘန်တစ်ယောက်ဟာ သူ့မိသားစုကို ဆေးရုံကို ခေါ်လာတယ်။ သူက ဆရာဝန်ကို မေးတယ်။ ကျွန်တော် ဘာများဖြစ်နေလဲပေါ့။ ဆရာဝန်က ပြောတယ်။ မင်းစိတ်မဆိုးဘူးဆိုရင် ငါပြောပြမယ်ပေါ့ သူက ပြောတယ်။ ဟင့်အင်း၊ ကျွန်တော် စိတ်မဆိုးပါဘူးပေါ့ ဆရာဝန်က ပြောတယ်။ မင်းအာဟာရမပြည့်ဖြစ်နေတယ်လို့ ပြောတယ်။တာလီဘန်က ဘာပြန်ပြောလဲ ခင်ဗျားသိလား။ အာဟာရမပြည့်ဘူးဆိုတာ ဘာလဲတဲ့။ ဆရာဝန်က ရှင်းပြတော့ သူက ကျွန်တော် ဘယ်လိုလုပ်သေချာစားသောက်လို့ရမှာလဲ၊ ကျွန်တော် သေချာစားသောက်လို့မရဘူးတဲ့။ ဒါကြောင့် ဒီဘက်ဟာ နားလည်ဖို့လိုတယ်။ ကျွန်တော်တို့က သူတို့ကို ခွဲခြားပစ်ရမယ်။ တခြားတစ်ဖက်က အတွေးအခေါ်နဲ့ဆိုတဲ့ ဘက်၊ အယ်လ်ကိုင်ဒါတို့၊ အိုင်အက်စ်တို့လိုပေါ့။ နိုင်ငံရေးသာ အလုပ်ဖြစ်မယ်ဆိုရင် သူတို့ကို အခွင့်အရေးပေးရအောင်ပါ။ ဒါပေမဲ့ အဲဒီလုပ်ငန်းစဉ်ကို သူတို့ ပြင်ရင်တော့ သူတို့ပဲ တာဝန်ခံရမှာ စစ်တပ်ဟာ အဲဒီရည်ရွယ်ချက်အတွက် တည်ထောင်ထားတာပါ။ အိုင်ယာလန်လို၊ ဒါမှမဟုတ် ကိုလံဘီယာလို လိုအပ်တဲ့ ဆောင်ရွက်မှုတွေ ကျွန်တော်တို့ လုပ်နိုင်တယ်။ အခက်အခဲလား သေချာတာပေါ့။ လိုအပ်မှုလား၊ ဘယ်လိုဟန်ချက်ညီမလဲ။ ဘုရားသခင်နဲ့ အခွင့်အလမ်းက ကျွန်တော်တို့ကို ရှေ့ဆက်လို့ရစေလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

*—Ref: Bild*

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018

# 7DAY BOOK REVIEW




## ချင်းတွင်းမဂ္ဂဇင်း (၂၀၁၈၊ အောက်တိုဘာ-နိုဝင်ဘာ)

ယနေ့ခေတ်တွင် သုတနှင့်ရသ သမမျှတစွာဖော်ပြသော မဂ္ဂဇင်းကိုဖတ်လိုလျှင် **ချင်းတွင်း** သာ ရွေးချယ်ရပါမည်။ ထိုမဂ္ဂဇင်းကို တွေ့လေတိုင်း ဆရာမကြီး လူထုဒေါ်အမာ၏ 'သတင်းကြီးတဲ့ ချင်းတွင်းခရီး' ဆောင်းပါးရှည်ကြီးကို အမှတ်ရမိသည်။

နှစ်လတစ်ကြိမ်ထုတ်ဝေသော အသစ်ထွက်လာသည့် ယခုချင်းတွင်းမဂ္ဂဇင်းသည် ချင်းတွင်း၏မူအတိုင်း တစ်အုပ်လုံး ဖတ်စရာများပြည့်နေသည်။ မျက်နှာဖုံးဆောင်းပါးဖြစ်သော ကိုတာ၏အရေးပေါ်အခြေအနေ၊ စောလူ၏ အင်္ဂလိပ်–မြန်မာပထမစစ်နှင့် မုံရွေးဆရာတော်၊ ဂျူး၏ ဘဝ၏မခံနိုင်လောက်အောင် ပေါ့ပါးမှု အစရှိသည့် ပင်ကိုရေးဆောင်းပါးများက ဖတ်ကောင်းလှသည်။ ဝတ္ထုကဏ္ဍတွင် မြင့်သန်း၊ သစ္စာနီတို့၏ ဝတ္ထုတိုများပါဝင်ပြီး ဘာသာပြန်စာပေအဖြစ် တော်ကောင်းမင်း၊ သင့်လူတို့က ရေးထားသည်။ ချင်းတွင်း၌ ကဗျာကဏ္ဍလည်းပါဝင်ရာ စစ်ဘေးဒဏ်သင့် တိုင်းရင်းသားကလေးငယ်တစ်ဦး၏ ဘဝကို ဖော်ကျူးသော ခိုင်မာကျော်ဇော၏ 'စကားပြောသောမျက်ရည်'တွင်.....

ပုန်းတဲလေး တစ်လုံးပေါ်မှာ
ကလေးလေးတစ်ယောက်
မျက်ရည်တွေ တလိပ်လိပ်နဲ့
အသံတိတ် ငိုကြွေးနေတယ်။
ကလေးရဲ့ မျက်ရည်ထဲမှာ
သွေးဆာနေတဲ့ မိစ္ဆာတွေရှိတယ်
ပွက်ပွက်ညံနေတဲ့ သေနတ်သံတွေရှိတယ်
မီးလောင်ပြာကျသွားတဲ့ ရွာလေးတစ်ရွာရှိတယ်
အမောဖောက်နေတဲ့ မိခင်တစ်ယောက်ရှိတယ်
အပျိုရည်ပျက်သွားတဲ့
သင်တိုင်းဖြူမလေးတွေရှိတယ်
မြေမြှုပ်မိုင်းထိသွားတဲ့ ခြေထောက်လေးတွေရှိတယ်
အိုးအိမ်စွန့်ခွာထွက်ပြေးနေရတဲ့
လူတန်းရှည်ကြီးတွေရှိတယ်။
ကလေးရေ
အားရအောင်ငို
ငိုလို့ဝရင် မျက်ရည်သုတ်
မင်းအလုပ်တွေ လုပ်ရမယ်'ဟု ရေးဖွဲ့ထားသည်။

ကိုတာ၏ 'အရေးပေါ်အခြေအနေ'တွင် ယနေ့တရုတ်ပြည်ကြီးနှင့်ပတ်သက်၍ 'လာအိုက တရုတ်အကြောင်း၊ ကမ္ဘောဒီးယားက တရုတ်အကြောင်း ဆက်လက်နားဆင်တော်မူကြပါ။

လာအိုမှာ နဂါးရဲ့ ခြောက်ဘီလီယံ ရထားလမ်းဖောက်တဲ့ ပရောဂျက်လုပ်တယ်။ အဲဒီစီမံကိန်းကို လာအိုက ၃၀ ရာခိုင်နှုန်းပဲပိုင်တယ်။ ဖိအားပေးခံရလို့လို့ လာအိုအရာရှိတွေကပြောတယ်။ တရုတ်အလုပ်သမားသုံးသိန်းရောက်လာတယ်။ လာအိုလူဦးရေက ခုနစ်သန်းသာသာပဲရှိတာ။ လာအိုရဲ့အထူးစီးပွားရေးဇုန်(SEZ)တွေဟာ ယူနန်နဲ့နယ်စပ်မှာရှိတယ်။ လာအိုမြေအသိမ်းခံထားရသလိုပဲ။ တရုတ်အလုပ်သမားတွေနဲ့ ပြဿနာတွေလည်း အမြဲဖြစ်နေတယ်။

ကမ္ဘောဒီးယားမှာကော။ ၁၉၉၀ ကတည်းက စဝင်တဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုဟာ ၁၅ ဘီလီယံ။ ဝင်လာတဲ့ တရုတ်အလုပ်သမားက ခန့်မှန်းခြေငါးသိန်းရှိတယ်။ နဂါးကြီးက အဖက်ကြမ်းတယ်။ သူ့ရဲ့ 'အလုံးစုံဗျူဟာမြောက် မဟာမိတ်'အဖြစ် (Comprehensive strategic partnership) အဖမ်းခံလိုက်ရရင် အသက်ရှူကျပ်တယ်လို့ ဆိုတယ်။ အင်ဒိုနီးရှားမှာ သူ့တိုင်းပြည်ကိုရောက်လာတဲ့ ၂၀၁၅ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ လေးပုံတစ်ပုံဟာ တရုတ်က လာတယ်လို့ဆိုတယ်။ ကျုပ်တို့ သတိတော့ထားရမယ် ထင်တာပဲ'ဟု ဖတ်ရပါမည်။ တစ်ဖန် ဆရာမဂျူး၏ 'အိပ်မပျော်မီ ခရီးမိုင်များစွာ' ရသစာတမ်းတွင်....

'တစ်ခါတုန်းက ရွာတစ်ရွာသို့ ရောက်သည့်အခါ အမိုးမိုးစရာမရှိသည့် အဘိုးအို၊ အဘွားအိုဇနီးမောင်နှံကို ခေါင်မိုးတွေဝယ်ပေးခဲ့တာလည်း ကျွန်မပါပဲ။ တောက ရမ်းကုမျက်စိကုဆရာတစ်ယောက် ကုလိုက်လို့ ငွေရှစ်သောင်းလည်း ကုန်ခဲ့ပြီး မျက်စိလည်း လုံးဝကွယ်ခဲ့သော ဦးကြီးတစ်ယောက်ကို တွေ့သည့်အခါ ငွေသုံးထောင်ပဲ ကန်တော့ခဲ့ပြီး သည်အတိုင်းပြန်လာခဲ့မိတာလည်း ကျွန်မပါပဲ။ အခုအချိန်ထိလည်း ထိုသူ မျက်စိကုသဖို့ ဘာမှထိထိရောက်ရောက် မကူညီနိုင်ခဲ့သေးဘဲ နေ့စဉ်စီးပွားလူမှုသံသရာထဲမှာ လည်နေရသူပါပဲ။ ကျွန်မတစ်ယောက်တည်းမှာပင် တစ်ခါနှင့်တစ်ခါ ဘာကြောင့်ခြားနားနေခဲ့တာလဲ။ နှလုံးသားလည်း တစ်ခုတည်း၊ ဦးနှောက်နဲ့ ဆင်ခြင်တုံတရားလည်း တစ်မျိုးတည်းပါ။ ဘာကြောင့် တုံ့ပြန်မှုခြားနားရတာပါလိမ့်။ ခေါင်မိုးဝယ်ပေးရတာကလွယ်ပြီး မျက်စိကုသပေးဖို့ကျတော့ ခက်ခဲသည့်ဖြစ်စဉ်မို့လို့လား'ဟု ရေးထားသည်။ ယခုစာအုပ်ကို မုံရွေးစာအုပ်တိုက်က တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ဖြန့်ချိကာ ဖုန်း ၀၉–၄၅၀၀၆ ၅၅၁၅ သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာ့ပထမဆုံးရုပ်သံလွှင့်ရုံ

၁၉၂၈ အတွင်း WRGB (ထိုစဉ်က W2BX) သည် ကမ္ဘာ့ပထမဆုံး ရုပ်သံလွှင့်ရုံအဖြစ် စတင်ခဲ့သည်။ ယင်းရုပ်သံလွှင့်ရုံသည် နယူးယောက်ပြည်နယ် ချီနက်တာဒီမြို့ရှိ လျှပ်စစ်စက်ရုံမှ ထုတ်လွှင့်ခဲ့ပြီး WGY ရုပ်သံလွှင့်ရုံအဖြစ် လူကြိုက်များခဲ့သည်။

—*Ref: Wikipedia*

# တစ်ပတ်တာကံကြမ္မာ

အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်အထိ

စံဇာကီဘို

## ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

ကြိုးပမ်းဆောင်ရွက်ထားသည်များမှ အောင်မြင်မှုများရရှိမည်။ အလုပ်အဆင့်တိုးတက်မည်။ ငွေကြေးကံကောင်းမည်။ အလိုဆန္ဒပြည့်စုံမည်။ ရန်အတိုက်အခံ၊ အနှောင့်အယှက်အားလုံးကို ရင်ဆိုင်ဖယ်ရှားနိုင်မည်။ လူချစ်လူခင်ပေါများမည်။ မိတ်ဆွေသစ်တိုးပွားမည်။ အချစ်ရေး၊ မေတ္တာရေးကံကောင်းမည်။ အရပ်ဝေးမှ လက်ဆောင်ပစ္စည်းများရရှိမည်။

## TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

လိမ်ညာလှည့်စားသူများနှင့် တွေ့တတ်သည်။ စကားကတိပျက်သူများကြောင့် စိတ်အနှောင့်အယှက်ရှိမည်။ ဦးတည်လိုက်တိုင်း ဖြတ်သန်းရာနေရာတိုင်း၌ လိုက်လံနှောင့်ယှက်သူများနှင့် တွေ့မည်။ အပျက်အစီးများမည်။ ပစ္စည်းလျောက်ခြင်း၊ ဈေးကစားခြင်းမပြုရ။ ကျန်းမာရေးအညံ့ကြုံက မပေါ့အပ်။ ပေါက်ကွဲ၊ လောင်ကျွမ်းသောပစ္စည်းများ သုံးစွဲရာတွင် သတိရှိပါ။

## GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဆုံးဖြတ်ချက်မှန်ကန်မည်။ ရည်ရွယ်ချက်အောင်မြင်မည်။ အရပ်ဝေးနှင့်ပူးပေါင်းဆက်စပ်ပြီး လုပ်ကိုင်သောကိစ္စတို့မှ အကျိုးဆက်ကောင်းများရရှိမည်။ တစ်ပါးသူစကားနားမယောင်ပါနှင့်။ ကိုယ်ဆုံးဖြတ်ထားပြီးအတိုင်းသာ ရှေ့တိုးဆောင်ရွက်ပါ။ ငွေကြေးအပေးအယူကိစ္စတို့တွင် လက်မလွယ်ရ။ အမှားအယွင်းကြုံတတ်သည်။ လူချစ်လူခင်ပေါများမည်။

## CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရပ်တန့်ထားသောလုပ်ငန်းများပြန်လည်စတင်နိုင်မည်။ နှောင့်နှေးနေသော ကိစ္စမှန်သမျှပြန်လည်အဆင်ပြေမည်။ မှားယွင်းသောဆုံးဖြတ်ချက်ချမှတ်ခံရမှုအပေါ် ပြန်လည်ပြင်ဆင်၍ တရားသဖြင့်ဖြေရှင်းဆုံးဖြတ်မှုကို ခံယူရရှိမည်။ ကာလရှည်ကြာ ဘဝသေသကဲ့သို့ရှိနေရာမှ ပြန်လည်ရှင်သန်နိုးထခြင်းကြုံမည်။ ချစ်သူဟောင်းနှင့် ပြန်လည်ဆုံစည်းမည်။

## LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

ငွေကြေး၊ လုပ်ငန်း၊စီးပွားရေးရာအဖြာဖြာတို့မှ အဆင့်မြင့်တက်လမ်းများရရှိမည်။ စာရွက်စာတမ်းလက်မှတ်ထိုးခြင်း၊ ပူးပေါင်းအစုရှယ်ယာလုပ်ကိုင်ခြင်းတို့အတွက် အခါကောင်းကျရောက်သည်။ မိန်းကလေးစိတ်ဝင်နေသော ယောကျ်ားလေးများ၊ ယောကျ်ားလေးစိတ်ဝင်နေသော မိန်းကလေးများကဲ့သို့ ကျား၊ မ ရောထွေးစရိုက်ရှိသူများနှင့် ဆက်စပ်လုပ်ကိုင်သောကိစ္စတို့မှ အဆင့်မြင့်တိုးတက်မှုများဖြစ်ပေါ်လာမည်။

## VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

တစ်ပါးသူတို့ အတန်တန်တားဆီးသည့်ကြားမှ တဇွတ်ထိုးလုပ်ကိုင်ခြင်းကြောင့် ရှေ့တိုး၍လည်းမရ၊ နောက်ပြန်ဆုတ်၍လည်းမရ အကျပ်အတည်းနှင့်ရင်ဆိုင်ရမည်။ လူအများက စိတ်ပေါ့သွပ်သူဟု သတ်မှတ်ထားသော လူပျော်ကြီးတစ်ဦးထံမှ မထင်မှတ်သောအကူအညီနှင့် အကြံပေးမှုကို ရရှိလိမ့်မည်။ နီးရာထီဆိုင်တွင် ထီထိုးပါ။

## LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

အခက်အခဲ၊ အနှောင့်အယှက်ဟူသမျှကို ကျော်လွှား၍အဆင့်မြင့်တက်လမ်းများရရှိမည်။ ကတိပျက်သူများ၊ စကားမတည်သူများ၊ နှောင့်ယှက်ဝေဖန်သူများကြားမှ အလုပ်ကိစ္စများဆောင်ရွက်ရလိမ့်မည်။ ဆိုးညစ်သောသဘာဝနှင့်ကောက်ကျစ်စဉ်းလဲစွာဆောင်ရွက်သူများအား အနိုင်ယူနိုင်မည်။ ပြင်ဆင်ဆောင်ရွက်သောကိစ္စတို့မှ အဆင့်မြင့်တိုးတက်မှုကို ဖန်တီးနိုင်မည်။

## SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ၅၂၈၊ ၁၅၀၀ မေတ္တာအလုံးစုံကောင်းသောကာလဖြစ်သည်။ မိသားစုနှင့်ပတ်သက်သည့် စိတ်ချမ်းမြေ့စရာများ ကြုံတွေ့ရမည်။ တစ်ပါးသူတို့ ဆောင်ရွက်ရင်းမနိုင်မနင်းဖြစ်ကာ တစ်ပိုင်းတစ်စရပ်တန့်ထားရသည့်အလုပ်ကိစ္စ၊ ငွေကြေးကိစ္စတို့ကို စနစ်တကျဖြစ်အောင်ပြုပြင်ဆောင်ရွက်နိုင်မည်။

## SAGITTARIUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

ဦးတည်ချက်ပြောင်း၍ ခရီးကိစ္စများဆောင်ရွက်အောင်မြင်မည်။ အရပ်ဝေးနှင့်ဆက်စပ်သော လုပ်ငန်းများမှ ထူးခြားသောတိုးတက်မှုကို ကြုံမည်။ နေရာအပြောင်းအရွှေ့ကိစ္စအဆင်ပြေမည်။ နိုင်ငံခြားခရီးသွားရောက်မှု ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်းဖြစ်တည်နေသည်။ ခြံ၊ ကား၊ အခန်းရောင်းမှား၊ ဝယ်မှားဖြစ်သူတစ်ဦးအား လိုက်လံကူညီဖြေရှင်းပေးရလိမ့်မည်။

## CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

ကိုယ့်ကိစ္စထက် သူတစ်ပါးကိစ္စတို့ကို ပူပင်နေရမည်။ သောကဖြစ်စရာများကြုံမည်။ ကာလရှည်ကြာကြိုးပမ်းဆောင်ရွက်ထားသည့်ကိစ္စတို့မှ အဆင့်မြင့်တိုးတက်မှုများရရှိမည်။ စာမေးပွဲဖြေဆိုရန်များရှိက အနီးကပ်အချိန်တွင် ကြိုးပမ်းလိုက်သည်တို့မှ ကောင်းသောအကျိုးဆက်ဖြစ်ထွန်းမည်။ အဆင့်မြင့်အောင်မြင်မှုရမည်။ ဘဝရည်ရွယ်ချက်တို့ကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။

## AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

အောင်မြင်မှု၏အနှစ်သာရကို ရရှိမည်။ အဆင့်မြင့်တက်လမ်းကြုံမည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ ယှဉ်ပြိုင်သူအားလုံးအပေါ်အနိုင်ယူနိုင်မည်။ ပညာအတတ်နှင့်တိုးတက်မှုရမည်။ ချက်ချင်းဆုံးဖြတ်ပြီး ရှေ့တိုးဆောင်ရွက်ခြင်းတို့မှ ထူးခြားသောအကျိုးဆက်ကိုရရှိမည်။ လုပ်ငန်းခွင်မှသူများ အလုပ်တိုးတက်မည်။

## PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

အရေးကြီးသောဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။ အတိုက်အခံများရှိမည်။ ဆောင်ရွက်ရန် ငွေအင်အား၊ လူအင်အားအပြည့်ရှိသည့်အပြင် အခွင့်အရေးကောင်းများကို ရရှိနေလျက် လက်တွေ့ဆောင်ရွက်ရန်ခက်ခဲနေမည်။ အတားအဆီး၊ အနှောင့်အယှက်များရှိမည်။ မနာလိုသူများက လိုက်လံပိတ်ဆို့တားဆီးသောကြောင့် နှောင့်နှေးလွဲချော်ခြင်းများရှိမည်။

www.free4readers.com

7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018



# ဖြုတ်ချထားတဲ့ဓာတ်ပုံ၊ လှဲဖြိုထားတဲ့ရုပ်တု

မောင်သာချို




(တစ်)

မဟတ္တမဂန္ဒီ ကျဆုံးစေရမည်တဲ့။ ဟုတ်ပါသည်။ ထို Gandhi must fall ဟူသည့် ကြွေးကြော်သံများဖြင့် ဆန္ဒပြနေခဲ့ကြသည်မှာ ယခုနှစ် ၂၀၁၈ ခုနှစ်၏ အောက်တိုဘာအတွင်း၌ပင် ဖြစ်ပါသည်။ နေရာက အာဖရိကတိုက် မာလာဝီနိုင်ငံ (Malawi) ဘလန်တိုင်ယာမြို့ (Blantyre)။

ပြဿနာက မာလာဝီနိုင်ငံ ဘလန်တိုင်ယာမြို့တွင် ကွန်ဗင်းရှင်းစင်တာ (Convention Center) တစ်ခုတည်ဆောက်မည်ဖြစ်ပြီး ယင်းနှင့်တွဲကာ ဂန္ဒီ၏ ရုပ်တုကြီးကို တည်ဆောက်မည်ဖြစ်သည့်အတွက် ဒေသခံများက ကန့်ကွက်ဆန္ဒပြကြခြင်းပင် ဖြစ်ပါသည်။

ဂန္ဒီအလိုမရှိ (Don't want Gandhi)၊ ဂန္ဒီထားရှိ၍မပျော်ရွှင် (Not happy to put up) စသည်ဖြင့်လည်း အသံဗလံတို့က ဆူညံ၍ နေပါသည်။ ဆန္ဒပြသူတို့ကား ဂန္ဒီပုံ မျက်နှာဖုံးများကိုပင် တပ်ဆင်ထားလိုက်ကြပါသေးသည်။

ထိုသူတို့ ရင်တွင်းစကားက ဤသို့ဖြစ်ပါသည်။

"Mahatma Gandhi has never contributed anything to Malawi's struggle for independence and freedom" ဟူ၍။

သြော် ... မာလာဝီနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှု၊ လွတ်မြောက်ရန် ရုန်းကန်မှုတိုက်ပွဲတွင် မဟတ္တမဂန္ဒီက ဘာတစ်ခုမှ ပါဝင်ပေးဆပ်ခဲ့ခြင်း မရှိပါတဲ့။

ထို့ကြောင့် Gandhi must fall. ဂန္ဒီကျဆုံးရမည်။ ဆိုင်၏၊ မဆိုင်၏ကျွန်တော်ဉာဏ်ခြေဖျားထောက်၍ မမီစွမ်းနိုင်ပါလေ။

(နှစ်)

ကမ္ဘာပေါ်၌ ရုပ်တုများ၊ ဓာတ်ပုံများကတော့ ပဥ္စလက်ဆန်လှပါသည်။

လစ်ဗျား ခေါင်းဆောင်က ဒါဖီကျဆုံးသွားသည့်အခါ တစ်နိုင်ငံလုံးရှိ သူ့အရုပ်များပြုတ်ကျပြိုလဲကုန်ပါသည်။ ရုပ်တုတွေကို ဖြိုလှဲကြ၊ ဓာတ်ပုံတွေကို ဖြုတ်ချကြ။ ထို့အတူ အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်လည်းပင်းကို ကြိုးကွင်းစွပ်၍ တစ်ဇာတ်သိမ်းသွားလေသောအခါ အီရတ်နိုင်ငံ အနှံ့အပြား၌ ချိတ်ထားသည့် သူ့ဓာတ်ပုံတို့ ပြုတ်ကျကုန်ပါသည်။ ရောမရုပ်တုကြီးများကို ဖြိုလှဲပစ်ကြ၊ ဖောက်ခွဲပစ်ကြနှင့်။ ယင်းတို့သည် အကြွင်းမဲ့အာဏာရှင်များ ဖြစ်သဖြင့် ပြိုချိန်တန်၍ ပြိုကျသွားကြသည်မှာ ဘာမျှမဆန်း။

သို့သော် ဆိုဗီယက်ပြည်ထောင်စု။ လက်ဝဲအယူအဆယိုင်ထိုး ယိုင်ထိုးဖြစ်သွားကာ ပြည်ထောင်စုပြိုကွဲသွားသည်နှင့် လီနင်၏အရုပ်ကြီးများကို ဖြိုလှဲပစ်ခဲ့ကြပါသည်။

ဓာတ်ပုံတွေနံရံပေါ်မှာ မရှိတော့။ ဝါဒအလဲ၊ လူအလဲ။

(သုံး)

လူသည် မိမိလေးစားကြည်ညိုသည့် ပုဂ္ဂိုလ်ကို ပုံတူလုပ်ကာ အမှတ်တရ ထားရှိကြမြဲဖြစ်ပါသည်။

အမေရိကန်သမ္မတ လင်ကွန်း (Lincoln) ကို ရုပ်ရှင်အဖြစ်ရိုက်ကူးကာ တစ်ကမ္ဘာလုံးက ဝိုင်းကြည့်ကြသည်။ မဟတ္တမဂန္ဒီကိုလည်း ရုပ်ရှင်အဖြစ် အသက်သွင်းကာ ကမ္ဘာက ဝိုင်းကြည့်ကြသည်။ ဗီယက်နမ်ကမူ သူတို့၏ ခေါင်းဆောင်ဟိုချီမင်းကို ရုပ်ရှင်အဖြစ် အသက်မသွင်း။ မတော်တဆပိုသွာ၊ လိုသွားခဲ့သော် ဟိုချီမင်းကို စိတ်ပျက်သွားကြမည်ကို စိုးရိမ်သဖြင့်တဲ့။ စိတ်ကူးထဲ၌ မိမိဘာသာ မိမိပုံဖော်ကာ ဆန္ဒရှိသမျှကြည်ညိုလေးစားချစ်ခင်နေကြစေရန်တဲ့။

မြန်မာစာပေ၌ ရန်ကုန်ဘဆွေ၏ပြဇာတ်တစ်ပုဒ်ရှိခဲ့ဖူးပါသည်။ မင်းသားကိုကြီးကောင်းဟူသည့် ပြဇာတ်။ ထိုပြဇာတ်ထဲတွင် မင်းသားကိုကြီးကောင်း ဘုရားတည်ရန် ဘုရားဆင်းတုတော်များကို ရွေးသည့်အခါ ဆင်းတုတော်၏ မျက်နှာတော်များကို မိမိ၏မျက်နှာပေါက်နှင့်ဆင်၊ မဆင်ကြည့်ပြီး ရွေးချယ်သည့် အခန်းတစ်ခန်း ပါပါသည်။

ယင်းသည် ထိုစဉ်က ဘုရားတည်ရန် ဝါသနာထုံသည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦးကို ရည်ညွှန်း၍ သရော်ထားခြင်းဖြစ်ကြောင်း အဆိုအပြောရှိပါသည်။

လူတို့ကိုးကွယ်ဆည်းကပ်မည့် ဘုရားဆင်းတုတော်ကို မိမိ၏ မျက်နှာနှင့်ဆင်သည့် ဆင်းတုဖြစ်စေရမည်ဟူ၍ မူချကာ ရွေးချယ်နေသည့် ပုဂ္ဂိုလ်ကြီး၏ စိတ်ကို ခန့်မှန်း၍ ရပါသည်။

(လေး)

မဟတ္တမဂန္ဒီ၏ အရုပ်က ကမ္ဘာတစ်ဝန်း၌ တော်တော်ကလေး ပျံ့နှံ့ပါသည်။

ပါကစ္စတန်၌ဂန္ဒီ၏ဖယောင်းရုပ်တုရှိပါသည်။ တောင်အာဖရိက၌ ဂျိုဟန်နက်စဘတ် (Johannesburg) တွင် ဂန္ဒီရုပ်တုရှိပါသည်။ ဗြိတိန်လန်ဒန်၌ ဝက်စမင်တာ (Westminster) အနီး ပါလီမန်အဆောက်အအုံရှေ့တွင် ဂန္ဒီအရုပ်ရှိပါသည်။ တရုတ်ပြည်ဘေဂျင်းမြို့ Chaoyang ပန်းခြံထဲတွင် ဂန္ဒီရုပ်တုရှိပါသည်။ အမေရိကန်တွင် ဝါရှင်တန်ဒီစီအိန္ဒိယသံရုံးရှေ့၌ ဂန္ဒီရုပ်တုရှိပါသည်။ နယူးယောက်၌၊ မော်စကို၌၊ တိုကျို၌ စသည် စသည်။

> **အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်လည်ပင်းကို ကြိုးကွင်းစွပ်၍ တစ်ဇာတ်သိမ်းသွား လေသောအခါ အီရတ်နိုင်ငံအနှံ့အပြား၌ ချိတ်ထားသည့် သူ့ဓာတ်ပုံပြုတ်ကျကုန်ပါသည်။ ရောမရုပ်တုကြီးများကို ဖြိုလှဲပစ်ကြ၊ ဖောက်ခွဲပစ်ကြနှင့်။**

တစ်ခါတစ်ခါ လူတို့၏ မြင့်မြတ်လှပသော စိတ်ထားနှင့်သူတို့၏ ပုံရိပ်များက နယ်နိမိတ်များကို ကျော်လွှားသွားတတ်ပါသည်။ ဤတွင် သူက တို့ရွာသားမှမဟုတ်တာ စသည့် စိတ်အခံများဖြင့် တွေ့သည့်အခါ ပြဿနာတို့မလိုအပ်ဘဲ တက်လာတတ်ပါသည်။

အရေးအကြီးဆုံးက ရင်ထဲတွင် ချိတ်ထားသည့် ဓာတ်ပုံနှင့် နှလုံးသားထဲ၌ ထုထားသည့် ရုပ်တုများပဲဖြစ်ပါသည်။ ခေတ်တွေ၊ စနစ်တွေမည်သို့ပင်ပြောင်းပြောင်း မည်သူမျှ ဖြုတ်ချ၍ မကျစတမ်း။ တွန်းလှဲ၍ မလဲစတမ်း။ ။

**(စာရေးဆရာမောင်သာချိုသည် ကဗျာ၊ ဝတ္ထုတို၊ ခရီးသွား၊ စာပေ၊ လူမှုရေး၊ ပညာရေး၊ စာပေရေးရာ ဆောင်းပါးများရေးသားနေသူဖြစ်သည်)**

www.free4readers.com



# ကောက်ရိုးမီးလို စိတ်ဓာတ်နှင့် လိမ်ညာတာတွေ မရှိစေချင်

ကိုရဲ (ရွှေတြိဂံ)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ‘တက္ကသိုလ် စာကြည့်တိုက်တို့မှ စာအုပ်များကို သော့ခတ်သိမ်းဆည်းထားခြင်းမပြုရန်နှင့် စာအုပ်တစ်အုပ်၏ တန်ဖိုးသည် စာဖတ်သူရှိမှ တန်ဖိုးရှိမယ်’လို့ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၈ ရက်နေ့က ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ပြုလုပ်တဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ ရသစာပေ စကားဝိုင်းမှာ ပြောကြားခဲ့ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စာကြည့်တိုက်တွေအကြောင်း ပြောကြားသွားတဲ့အတွက် အောက်ခြေအထိ စာကြည့်တိုက်တွေ ပြန်လည်အသက်ဝင်လာမယ်လို့ မျှော်လင့်မိပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ စစ်အစိုးရလက်ထက်မှာလည်း နိုင်ငံတော်အကြီးအကဲတွေက စာကြည့်တိုက်တွေ ထူထောင်ဖို့ လမ်းညွှန်ခဲ့တဲ့ အတွက် လှည်းနေလှေအောင်း မြင်းဇောင်းပါမကျန် စာကြည့်တိုက်တွေ တစ်ဟုန်ထိုးနဲ့ လုပ်လိုက်ကြတာ နောက်တော့လည်း အရှိန်ရပ်သွားပါတယ်။

အဲဒီခေတ်က အကြီးအကဲတွေကိုယ်တိုင် အောက်ခြေအထိ ဆင်းတဲ့အခါ စာကြည့်တိုက်တွေ မလုပ်မနေရ လုပ်ကြရပါတယ်။ ဒီလိုလုပ်တဲ့အခါမှာ လူကြီးလာစစ်တုန်း အဆင်ပြေချောမွေ့ဖို့အတွက် ထုံးစံအတိုင်း လိမ်ညာကြရပါတယ်။ ရပ်ကွက်၊ ကျေးရွာရုံးတွေမှာလည်း စာကြည့်တိုက်ဆိုင်းဘုတ်နဲ့၊ နယ်မြေရဲစခန်းမှာလည်း စာကြည့်တိုက်ဆိုင်းဘုတ်နဲ့၊ ဟုတ်တော့ အဟုတ်သား။ အစိုးရရုံးတိုင်းမှာ စာကြည့်တိုက်တွေ လုပ်ခဲ့ကြတာ လူကြီးလည်း ပြန်သွားရော စာအုပ်တွေလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပါတယ်။ တချို့ကလည်း ဒီအတိုင်း ပစ်ထားလိုက်ကြပါတယ်။ ဖတ်ချင်တဲ့သူယူဖတ်၊ ပြန်ထားချင်မှထား၊ စာအုပ်တွေလည်း ဖုန်အလိမ်းလိမ်းနဲ့ ဘယ်သူမှလည်း စိတ်မဝင်စားတော့တာ တွေ့ရပါတယ်။ အဲဒီမှာ စာဖတ်ဝါသနာပါတဲ့ ဝန်ထမ်းရှိရင်တော့ မဆိုးသေးပါဘူး။ သန့်ရှင်းရေးတွေလုပ်၊ စာအုပ်တွေထိန်းသိမ်းဆိုတော့တော်သေးတယ်လို့ ပြောရမယ်။

နိုင်ငံတော်အကြီးအကဲတွေလာတဲ့အခါမှာလည်းဘယ်ဌာန... စာကြည့်တိုက်ဆိုတဲ့ ဆိုင်းဘုတ်နဲ့ စာအုပ်တွေ တင်ထားတာတွေ့ရင်ပြီးသွားတာပဲလေ။လူကြီးတွေ ညွှန်ကြားလို့လုပ်တယ်ဆိုပေမယ့် တချို့က စေတနာပါတော့ စာအုပ်ကောင်းတွေ တင်ထားကြပါတယ်။ နောက်ပိုင်းတော့လည်း စာအုပ်တွေ ပျောက်ကုန်ပြန်ရော။ စာကြည့်တိုက်ဆိုတဲ့ ဆိုင်းဘုတ်တောင် မနည်းလိုက်ရှာရတဲ့အဖြစ် ရောက်ကုန်ပြီထင်ပါတယ်။

ကျွန်တော်တို့အနားက မူလတန်းကျောင်းလေးမှာ မိဘဆရာအသင်းနှစ်ပတ်လည်ပွဲပြုလုပ်တော့ တက်ရောက်ခဲ့ပါတယ်။ စာသင်ခန်းရဲ့ နောက်ဆုံးခုံတန်းလေးတွေပေါ်မှာ စာအုပ်တချို့ ပြန့်ကျဲနေတာတွေ့လို့ မေးကြည့်တဲ့အခါ အရင်တုန်းက ကျောင်းစာကြည့်တိုက်လုပ်ရမယ်ဆိုလို့လေ၊ အခုတော့လည်း ဒုံရင်းပါပဲလို့ ဆရာမတစ်ယောက်က ပြောပြပါတယ်။

အဲဒီခေတ်က စခန်းမှူးတွေလည်း စာကြည့်တိုက်အတွက် အသည်းအသန်လုပ်ခဲ့ကြရပါတယ်။ ရဲစခန်းတွေဆို ခရိုင်အဆင့်၊ တိုင်းအဆင့်လူကြီးတွေ မကြာမကြာရောက်တတ်လို့ စာကြည့်တိုက်ကို ပစ်ထားလို့မရပါဘူး။ အမြဲတမ်း ဂရုစိုက်နေရပါတယ်။ ဒါပေမဲ့ စာကြည့်တိုက်ဆိုတာ မည်သူမဆို ဖတ်လို့ရတယ်လို့မမြင်တော့ဘဲ လူကြီးလာရင် ပြယုဂ်ကောင်းဖို့ထားတဲ့ အရာတစ်ခုလို့ မြင်နေကြတာလား၊ ငါတို့နဲ့ မဆိုင်ဘူးထင်လို့လား မသိပါဘူး။ အဲဒီစာအုပ်တွေကိုဖတ်တဲ့သူ တော်တော်နည်းတာ သတိထားမိပါတယ်။

အဲဒီခေတ်က တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဖွင့်လိုက်တဲ့ စာကြည့်တိုက်တွေဆိုတာ ပလူပျံနေတာ မှတ်မိကြဦးမယ် ထင်ပါတယ်။ လူကြီးတွေလာတဲ့အခါ လောကသာဖွင့်တဲ့စာကြည့်တိုက်ရှိတဲ့နိုင်ငံက ကမ္ဘာမှာ မြန်မာတစ်နိုင်ငံပဲ ရှိပါတယ်။ စာကြည့်တိုက်ကိစ္စတစ်ခုတည်းမဟုတ်ပါဘူး။ ကိစ္စရပ် တော်တော်များများမှာ ခေတ်အဆက်ဆက် ဖော်ရှိုးတွေများခဲ့ကြပါတယ်။ လူကြီးက ဒါဆိုအကောင်း၊ အဆိုးပြန်ပြီး မတင်ပြတော့ဘူး။ ဟုတ်ကဲ့ဆိုပြီး အောက်ခြေကို ညွှန်ကြား၊ အောက်ခြေကလည်း ဘယ်လိုလိမ်ရမလဲစဉ်းစားပြီး လိမ်ညာခဲ့ကြပါတယ်။ ညွှန်ကြားတဲ့ ပုဂ္ဂိုလ်တွေကလည်း အောက်ခြေကို ညွှန်ကြားလိုက်ကတည်းက ဒီကောင်တွေ လိမ်တော့မယ်ဆိုတာ သိပြီးသားဖြစ်နေမလား၊ ဒါမှမဟုတ် မသိတာလားဆိုတာလည်း ကာယကံရှင်ပဲ သိမယ်ဖြစ်ပါတယ်။

ဒီလိုလိမ်ညာတဲ့အကျိုးဆက်က ရေဘူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာလိုချင်တယ်ဆိုတဲ့ စကားတစ်ခွန်းကြောင့် ဖြစ်ပါတယ်။ နေရာဒေသ အခြေအနေအရ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ စဉ်းစားဝေဖန်မနေတော့ပါဘူး။

စာမျက်နှာ ၃၄ သို့

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | အားမာန် |
| အကြံပေး | ရဲနိုင်မိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| အမှုဆောင် အယ်ဒီတာ | မေဝင်းမွန် |
| အကြီးတန်း အယ်ဒီတာ | အေးသူစံ၊ ဗိုလ်ဗိုလ်ဝင်း |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| အယ်ဒီတာ | အောင်ခိုင်၊ နန္ဒ၊ ဟေမာန်ညီညီ၊ မေဇင်ဝင်း |
| ဘာသာပြန် အယ်ဒီတာ | ရဲမင်း |
| သတင်းထောက်ချုပ် | အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ပြည့်သိမ်း(စီးပွားရေး) |
| လက်ထောက် ကော်ပီ အယ်ဒီတာ | သန်းဌေး |
| ဒုတိယ သတင်းထောက်ချုပ် | အောင်ဇော်ထွန်း၊ ညီညီဇော်၊ထက်အာကာကျော် |
| ဘာသာပြန် | ကျော်သူမောင်၊ မြတ်ကိုနိုင်၊ စုမွန်ဖြိုး |
| အကြီးတန်းသတင်းထောက် | ကျော်ဝင်း၊ မိုးမင်း၊ ဂွဲဟာဏ်၊ ခိုင်ခိုင်စိုး၊ ဆုဆက်၊ ဇာလီမြင့်ဦး၊ ဟိန်းသာ၊ ထွန်းထွန်းမင်း၊ နိုင်လင်း၊ ဖြိုးဖြိုးဝေ |
| သတင်းထောက်များ | ယမင်း၊ ရဲနိုင်၊ ပိုင်စိုးသူ၊ ချစ်ဝိုင်း၊ ဖြိုးဝေလင်း၊ ဝဏ္ဏအောင်၊ ခင်ဆွေသက်၊ လင်းဟိန်း၊ ရွှေဘုတ်၊ ယုဝေ |
| အငယ်တန်းသတင်းထောက် | ခင်မို့မို့လွင်၊ သက်အောင်၊ ခင်ရှုပါမော်၊ အောင်ကျော်ဇင်၊ စိုင်းကိုကိုထွန်း |
| မန္တလေးသတင်းထောက် | နိုင်လင်းအောင်၊ ဖြိုးဖြိုးဇော်၊ ထက်သာဦး၊ စည်သူလင်း |
| အကြီးတန်းဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| ဓာတ်ပုံသတင်းထောက် | ကျော်ဇင်သန်း၊ နစ်ကီ၊ စိုင်းဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ ဇော်မင်းထိုက်၊မောင်ကံ၊ ဂျွန်ချစ်ငြိမ်း၊ သက်ဆွေ၊ မိုးကျော်၊ လင်းသက်နိုင်၊ သက်သန္တာလှိုင် |
| စာပြင် | သီသီအောင်၊ ကျော်စွာဝင်း၊ ကျော်နိုင်၊ ကျော်မိုးအောင်၊ သန့်ဇင်ထွန်း |
| အကြီးတန်းဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နိုင်လင်းထွန်း၊ ရဲသူရ၊ ဇော်ဝင်းအောင်၊ သက်ပိုင်ဌေး၊ နေဝင်းလှိုင် |
| ကွန်ပျူတာစာစီ | ကေသီမိုး၊သဇင်သိမ့်သိမ့်ဌေး၊ ဇင်ထက်၊ စန်းစန်း၊ ယဉ်ယဉ်ထွေး၊ မင်းထက်ကို၊ အောင်ကို |

7DAY DIGITAL
7DayDaily.com | fb.com/7DayNews | fb.com/7DayOnlineTV

| | |
|---|---|
| အယ်ဒီတာချုပ် | ငြိမ်းငြိမ်းနိုင် |
| အကြီးတန်း အယ်ဒီတာ | အိဖြူလွင် |
| အယ်ဒီတာ | ရန်မျိုးနိုင် |
| Creative Director | အောင်ချမ်းမြတ် |
| ဘာသာပြန်အယ်ဒီတာ | ဇွဲရဲဝင့် |
| နည်းပညာတာဝန်ခံ | အောင်ဖြိုးမွန် |
| Moderator | ထိုက်ယဉ်အောင်၊ သူဇာဖြိုးကိုကို |
| ဗီဒီယိုအယ်ဒီတာ | ထက်ပိုင်၊ ကျော်ခန့်၊ မေဝသန်မိုး၊ အိနှင်းဝေ |
| Assistant Creative Director | နေမျိုး |
| ကင်မရာ | အောင်မျိုးထွန်း၊ ကျော်ဇင်ထွန်း၊ နေဝန်းဦး၊ ထက်အာကာ |
| ဗီဒီယိုသတင်းထောက် | လွင်သဲငယ်ဦး၊ သန်းဌေးအောင်၊ အေးမြတ်၊ အိမ့်မြတ်နိုးဇော်၊ မောင်သင်တုန်း၊ ယဉ်မွန်၊ အလှလေးသူဇာ၊ စောအောင်မင်းဦး၊ မိုးညို |
| News Anchor | ဆွေမာသိန်းလွင်၊ တင်နှင်းယု |

| | |
|---|---|
| အကြီးတန်းသုတေသန | နှင်းနုထွေး |
| သုတေသန | ဖြိုးမမခိုင်၊ အေမီမီမောင် |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| ပုံတူပန်းချီ | ဇော်မောင် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ပိုးအိဇာ၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ်၊ သီဂီဝေဖြိုး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ စည်သူအောင်၊ ဆုရည်လွင်၊ ကျော်နိုင်လင်း၊ နေထက်အောင်၊ နိုင်မီမီကို၊ မီမီကျော်၊ မျိုးမင်းသူ၊ စန်းမြတ်သီတာ၊ ကျော်ဇေဟိန်း |
| ရောင်းဈေး | ၄၅၀ ကျပ် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၁၀၅၆) ၄၉၇၊ ဂ္ဂီ–၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ် | 7Day Press (၀၀၄၅၈) ၂၈၉–၂၉၁၊ စက်မှုဇုန်လမ်းကြီး။ |

7Day Daily သတင်းစာတိုက် - Diamond Center Building (E)၊ ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅–၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။ ဖက်စ် - ၅၁၃၅၁၉
Mandalay Office - အမှတ်-၁၂၄(ဘီ)၊ ၃၆ လမ်း၊ ၇၈/၇၉ ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း- ၀၉-၄၃၀၁၀၇၄၇၊ ၀၉-၄၀၂၆၀၇၃၇၇
Website : www.7daydaily.com
E-mail : editor@7daynewsjournai.com
Hotline : 0973032006

www.free4readers.com



## တစ်ပတ်အတွင်း နိုင်ငံတကာသတင်းကောက်နုတ်ချက်

### ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် နစ်ကီဟာလေ ရာထူးမှနုတ်ထွက်မည်



ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် နစ်ကီဟာလေသည် ယခုနှစ်ကုန်တွင် ယင်းရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ပြီး ဟာလေသည် တာဝန်အလွန်ကျေပွန်သူဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်က ပြောသည်။

### အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်တွင် သေဒဏ်ပေးခြင်း ဖျက်သိမ်း

သေဒဏ်ပေးခြင်းကို တစ်ဖက်သတ်၊ လူမျိုးရေးခွဲခြားမှုအပေါ် အခြေခံသော အပြုအမူမျိုးဖြင့် ကျင့်သုံးနေကြောင်း ဝါရှင်တန်ပြည်နယ် ထိပ်တန်းတရားရုံးတစ်ခုက ဆုံးဖြတ်ပြီးနောက် ယင်းပြည်နယ်သည် သေဒဏ်ပေးခြင်းကို တားမြစ်သော ၂၀ ခုမြောက် အမေရိကန်ပြည်နယ် ဖြစ်လာသည်။

### ကုန်သွယ်ရေး တင်းမာမှုများကြောင့် ဘဏ္ဍာရေးတည်ငြိမ်မှု အန္တရာယ်ရှိ

လွန်ခဲ့သောခြောက်လက ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးစနစ်အပေါ် အန္တရာယ်များမြင့်တက်လာကြောင်းနှင့် ထွန်းသစ်စဈေးကွက်များအပေါ် ဖိအားပိုများလာပါက (သို့မဟုတ်) ကုန်သွယ်ရေးဆက်ဆံမှုများ ပိုမိုယိုယွင်းပျက်စီးလာပါက ယင်းအန္တရာယ်များ ပိုမိုကြီးမားလာမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ပြောသည်။

### ကမ္ဘာလှည့်တရုတ်ခရီးသွားများထံမှ မုန့်ဖိုးယူသည့် ထိုင်းအရာရှိများ ဖယ်ရှားခံရ

တရုတ်ကမ္ဘာလှည့်ခရီးသွားများ၏ ဗီဇလျှောက်ထားမှု အလျင်အမြန်ရရှိစေရေး ၎င်းတို့ထံမှ လာဘ်ငွေယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် လူဝင်၊ လူထွက်များသော ဘန်ကောက်လေဆိပ်မှ လူဝင်မှုကြီးကြပ်ရေးအရာရှိလေးဦးကို ရာထူးလျှော့ချခဲ့ကြောင်း အရာရှိတစ်ဦးက ပြောသည်။

### တန်ဖိုးကြီးဇိမ်ခံကား အစီးရေ ၄၀ မှာယူခြင်းကြောင့် ပါပူးဝါးနယူးဂီနီအစိုးရ ဝေဖန်ခံရ

လာမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးအတွက် တစ်စီးလျှင် ကန်ဒေါ်လာတစ်သိန်းကျော် ကုန်ကျသည့် အီတလီနိုင်ငံထုတ် Maserati ဇိမ်ခံကားအစီးရေ ၄၀ မှာယူတင်သွင်းမှုကြောင့် ပါပူးဝါးနယူးဂီနီအစိုးရ ဝေဖန်ခံနေရသည်။

### စင်ကာပူနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး



အောက်တိုဘာ ၁၁ ရက်က ဘာလီကျွန်း၌ စင်ကာပူနှင့် အင်ဒိုနီးရှားသည် နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် အကာအကွယ်ပေးရေး အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု သဘောတူညီမှု (BIT)နှင့် နားလည်မှုစာချွန်လွှာ (MoU) လေးခုလက်မှတ်ရေးထိုးခဲ့သည်။

### နှစ် ၂၀ အတွင်း သဘာဝဘေးကြောင့် ဆုံးရှုံးမှုတန်ဖိုး အလွန်မြင့်တက်

ပြီးခဲ့သည့်ဆယ်စုနှစ် နှစ်ခုကျော်အတွင်းရာသီဥတုဆိုင်ရာသဘာဝဘေးဒဏ်များကြောင့် စီးပွားရေးအရ ဆုံးရှုံးမှု ကန်ဒေါ်လာ ၂ ဒသမ ၂၅ ထရီလီယံရှိခဲ့ပြီး ယင်းပမာဏသည် ယခင်နှစ် ၂၀ ကာလနှင့် နှိုင်းယှဉ်ပါက ၁၅၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကုလသမဂ္ဂကပြောသည်။

## Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**သင်ကြားပေးသည်**

အိမ်၊ ကုမ္ပဏီ၊ ရုံးအရောက် ကွန်ပျူတာ သင်တန်းများ သင်ပေးသည်။ ကုမ္ပဏီနှင့် လုပ်ငန်းငယ်များအတွက် စာရင်းဇယား၊ ငွေကြေးစာရင်းပြုလုပ်ပေးပြီး လုပ်တတ်အောင်သင်ကြားပေးသည်။ တစ်ဦးချင်း အုပ်စုလိုက်သင်ကြားလိုလျှင် ဆက်သွယ်ပါ။ Ph- 09-455821372

**သင်ကြားပေးသည်**

Grade 11 Maths Chemistry Physics တစ်ဘာသာချင်း (သို့) သုံးဘာသာပေါင်း Teaching and Guide လုပ်ပေးသည်။

Ph- 09-30345689

**သင်ကြားပေးသည်**

IELTS, 4Skills, Speaking Eng, Maths, Physics, Chemistry, Geography, History (All International School Students) Starter, Mover, Flyer, KET, PET, FCE, IGCSE (Eng, Physics, Bio). Ph- 09-775083651

**သင်ကြားပေးသည်**

လေးဘာသာဂုဏ်ထူးရှင်ကိုယ်တိုင် ၁၀ တန်း ဘာသာစုံ တစ်ဘာသာချင်း အိမ်အရောက် Guide သင်ကြားပေးသည်။

Ph- 09-691142167

**ငှားမည်**

ပေ(၂၅×၅၅)၊ ၄ လွှာ၊ မင်္ဂလာဈေးကားမှတ်တိုင်ရှေ့၊ နှစ်ဖက်မျက်နှာစာ၊ စက်ရုံလမ်းမကြီးပေါ်၊ စာသင်ခန်းအချိန်ပိုင်း ခန်းလုံးပြည့်ငှားမည်။

Ph- 09- 5096794

**သင်ကြားပေးသည်**

၈ တန်း၊ ၉ တန်း၊ ၁၀ တန်း ဘာသာစုံ (သို့) တစ်ဘာသာချင်း Guide သင်ကြားပေးသည်။ မေးခွန်းဟောင်းများ ဖြေနည်းပုံစံများကို ပြောင်းလဲလာသော မေးခွန်းသစ် Format နဲ့အညီ အိမ်တိုင်ရာရောက် စနစ်တကျ လာရောက်သင်ကြားပေးသည်။

Ph- 09-428034608

**သင်ကြားပေးသည်**

၉ တန်း၊ ၁၀ တန်း ဘာသာစုံ Study Guide နှင့် Maths, Physic, English, Biology ဘာသာရပ်များကို ပြောင်းလဲမေးခွန်းပုံစံဖြင့် အိမ်အရောက်သင်ကြားပေးသည်။

Ph- 09-448015891

**သင်ကြားပေးသည်**

iOffice, DTP, Graphic, Advance Excel, Access, Video Edit, MYOB, Peachtree Excel For Accounting, AutoCAD, SketchUp.

Ph- 09-799703186

**သင်ကြားပေးသည်**

အင်္ဂလိပ်စာကို အခြေခံမှစ၍ လေ့လာချင်သူများအတွက် ကလေး၊ လူကြီး/ငယ်၊ နိုင်ငံခြားသွား အလုပ်အင်တာဗျူးနှင့် အခက်အခဲရှိသူများအတွက်၊ အင်္ဂလိပ်၊ မြန်မာကျောင်းများအတွက် မူလတန်းမှ အထက်တန်းအထိ ဘာသာစုံ Guide နှင့် ကျူရှင်၊ တရုတ်၊ ကိုရီးယား၊ အင်္ဂလိပ်၊ ဂျပန်၊ အီတလီ၊ ရုရှား၊ စပိန် စသော နိုင်ငံခြားဘာသာစကားများလည်း သင်ကြားပေးသည်။ Ph- 09- 795972571

**သင်ကြားပေးသည်**

လုပ်သက်ရှိ ဆရာ/မများအတွက် International ကျောင်း၊ မြန်မာကျောင်းများအတွက် မူ/လယ်/ထက် Guide နှင့် ကျူရှင်သင်နိုင်သူများအတွက်၊ အရည်အချင်းပြည့် Guide နှင့် ကျူရှင်ဆရာ/မများဖြစ်ရန် လေ့ကျင့်သင်ကြားပေးသည်။

Ph- 09- 449021733

**သင်ကြားပေးသည်**

Saya Dennis Special Home Visit Teaching for IELTS (Foundation & Preparation), Business English and Business Affairs, Communicative Skills, IGCSE English & Business Studies, GCE English & Business Studies and Special Grade 11 English. Ph- 09-401604365

**ဝန်ဆောင်မှု**

လူကြီးမင်းတို့၏ Desktop, Laptop ကွန်ပျူတာများအား Windows တင်ခြင်း၊ Virus သတ်ခြင်း၊ Antivirus ထည့်ခြင်း၊ Application နှင့် Games များသွင်းခြင်း၊ ဖုန်းနှင့် အင်တာနက်ချိတ်ဆက်ခြင်းများ၊ Network ချိတ်ဆက်ခြင်းများကို တိကျသေချာစွာ လူကြီးမင်းတို့ စိတ်တိုင်းကျသည်အထိ အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးသည်။ Ph- 09-771175722

**ငှားမည်**

ပေ(၃၂×၉၅)၊ ရေမီး၊ မြေသီးသန့်၊ သစ္စာလမ်းမကြီးပေါ်၊ ရန်ကင်း၊နေရာကောင်း။

Ph- 09- 455406244

**ဝန်ဆောင်မှု**

KASPER & RV (Computer, Network and CCTV Services), Computer ပြုပြင်ခြင်း , Windows Installation , Network Installation , Files Sharing, Printer Sharing , Wireless Installation , Server Installation , Software Installation, Virus Cleaning , CCTV Installation များကို လူကြီးမင်းတို့အိမ်ရုံးများသို့အရောက် ဝန်ဆောင်မှုပေးပါသည်။

Ph- 09-794392660

**သင်ကြားပေးသည်**

YIS,MIS,MISY,ISY,ILBC နှင့် All International School များမှ ကျောင်းသား၊ ကျောင်းသူများကို သချာင်္တစ်ဘာသာတည်း သင်ကြားပေးပါသည်။

Ph- 09-443158020

**ဝယ်မည်**

လူကြီးမင်းတို့၏ Used & Brand New iPhone, Samsung, Xiaomi, Sony, Huawei, Oppo, Vivo, Google, Nokia, Meizu, One Plus အခြား Model မြင့် ဖုန်းများ ဝယ်သည်။ အလဲအထပ်လုပ်သည်။ အလုံးသန့် ဘူးပစ္စည်းအစုံပါလျှင် အထူးဈေးကောင်းပေးဝယ်သည်။

Ph- 09- 450012932

**ရောင်းမည်**

ပေ(၂၀×၆၀)၊ (၄၀)ရပ်ကွက်၊ မြောက်ဒဂုံ၊ နေရာကောင်း၊ အမြန်ရောင်းမည်။ ဈေးနှုန်း- ကျပ်သိန်း ၄၀၀ ။

Ph- 09- 455406244

**ရောင်းမည်**

အသစ်နီးပါးကောင်းမွန်သော iPads & Samsung Tablet များရောင်းရန်ရှိသည်။

Ph- 09-450039844

**ရောင်းမည်**

Apple Macbook Pro 15" (2013 Late) CPU – Intel Core i7, Ram – 8GB, S.S.D – 256GB, Graphic – Intel Iris Pro, Warranty – 3 Month, Price – 1,355,000 Ks, Apple New Macbook 12" (2015), CPU – Intel Core M, Ram – 8GB, S.S.D – 512GB, Graphic – Intel, HDGraphic 5,300 , Warranty – 3 Month, Price – 1,155,000 Ks.

Ph- 09-31008866

**ရောင်းမည်**

အမှတ် ၈၂၁၊ ထူပါရုံ (၁၅) လမ်း၊ (၁) ရပ်ကွက်၊ သာကေတ၊ ပေ ၁၄×ပေ ၅၄၊ ၆-လွှာ၊ BCC ကျပြီး၊ ဈေးနှုန်း- ကျပ် ၁၉၅ သိန်း။ Ph- 09- 5144042

**ရောင်းမည်**

အမှတ် ၁၆၁၊ တပင်ရွှေထီးလမ်း၊ ဗမာအေးရပ်ကွက်၊ သာကေတ Capital အနီး၊ ပေ ၁၁.၆ × ပေ ၄၇၊ ဈေးနှုန်း- မြေညီ ကျပ်သိန်း ၂၉၀၊ မှန်ခန်း ဈေးနှုန်း- ကျပ်သိန်း ၂၆၀။ Ph- 09-5053019

**ရောင်းမည်**

မြောင်းမြမြို့၊ နတ်စင်လမ်း၊ ဘိုးဘွားပိုင်မြေ၊ အချက်အချာကျ၊ လုပ်ငန်းများလုပ်နိုင်သော ပေ(၁၃၁×၆၅)၊ ရေမီးစုံ။

Ph- 09- 796817827

**ရောင်းမည်**

အိမ်နှင့်မြေရောင်းမည်။ ကျပ်သိန်း ၇၀၀၊ ပေ(၂၀×၆၀)၊ ဂရန်အမည်ပေါက်၊ အရှုပ်အရှင်းကင်း၊ ရေမီးစုံ၊ ၂/၇/၈၉၊ မဟာဗန္ဓုလလမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ၃ ထိပ်မှတ်တိုင်အနီး၊ ဈေးနီး၊ အထက်တန်းကျောင်းနှင့်နီး၍ သွားလာရေးလွယ်ကူပါသည်။ Ph- 09-5018802

**ရောင်းမည်**

ပန်းဘဲတန်းမြို့နယ် (အရောင်း)၊ ပေ (22.5x40) နှင့် ပေ(15x40)၊ ၂ ခန်း၊ ၄ လွှာ၊ ဗိုလ်ချုပ်လမ်းမအနီး၊ (22.5x40) ပေ၊ အခန်း ၂ ခန်းပါ၊ အခင်းပါ အဲကွန်း ၃ လုံး (ဧည့်ခန်းနှင့် အိပ်ခန်းတွက်)၊ စည်ပင်ရေနှင့် အစီစီရေ ၂ မျိုးရသည်။ ရေပူရေအေးစက်တပ်ပြီး၊ ရှေ့ဝရန်တာပါ အထူးပြင်ဆင်ထားပါသည်။

Ph- 09-420054903

**ငှားမည်**

အမျိုးသမီးသီးသန့်အဆောင်တွင် ရေမိုး၊ မီးဖိုးပေးရန်မလို၊ ထမင်းချက်စား၍ရသည်။ တစ်ယောက်ခန်း၊ နှစ်ယောက်ခန်းများရှိသည်။ နေလိုက လာရောက်လေ့လာပါ။ မဟာဗန္ဓုလလမ်းနှင့် ၅၁ လမ်းထောင့်။ Ph- 09-788305484

**ရောင်းမည်**

စမ်းချောင်းမြို့နယ်၊ ဟံသာဝတီမှတ်တိုင်အနီး၊ ဆိုင်ဖွင့်နိုင်သော ကြွေပြားခင်း/ ကပ်၊ ဗိုလ်ထိုင်ပါ၊ မြေညီတိုက်ခန်း၊ ဂျိုးဖြူရေ၊ နောက်ဖေးလမ်းကြား၊ ကွန်ကရစ်ခင်း။ Ph- 09- 969401661

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018

စာမျက်နှာ ၂၁ မှ

# အတ္တလန္တိတ် တစ်ဖက်ကမ်းမှ ပစိဖိတ်ကမ်းသို့ (၆)

**ခြင်းသာဖြစ်ကြောင်း သိရှိရပါတယ်။ ဒါကြောင့် 'အမေရိကန်တွေညီ၊ ချောင်းသည် ကျွဲဖြစ်' ဆိုတာ လက်တွေ့ပါလားလို့ တောက်ချက်ချမိပါတော့တယ်။** ဟိုတယ်မှ ၁၀ မိနစ်ခန့် မော်တော်ကားမောင်းသွားတဲ့အခါ ကမ္ဘာကျော် နိုင်ရာဂရာရေတံခွန်ကြီး (Niagara Falls) ကို ရောက်ရှိပါတော့တယ်။

အမှန်တော့ နိုင်ရာဂရာရေတံခွန်ဟာ အမေရိကန်နိုင်ငံနဲ့ ကနေဒါနိုင်ငံအကြား နိုင်ငံတကာနယ်နိမိတ်ဖြစ်တဲ့ နိုင်ရာဂရာမြစ်ကမ်းပေါ်မှာတည်ရှိတဲ့ ရေတံခွန်သုံးရပ်ကိုပေါင်းပြီး ခေါ်ဆိုတာဖြစ်ပါတယ်။ အမေရိကန်ဘက်မှ အမေရိကန်ရေတံခွန် (American Falls) နဲ့ ဘရစ်ဒယ်ဘေးလ်ရေတံခွန် (Bridel veil Falls)၊ ကနေဒါဘက်မှ ဟော့စ်ရှူးရေတံခွန် (Horseshoe Falls) တို့ ပေါင်းစပ်ပါဝင်ပါတယ်။ နိုင်ရာဂရာဆိုတာ ဒေသခံရက်ဒ်အင်ဒီးယန်းများရဲ့ စကားမှ ဆင်းသက်ပြီး 'ထစ်ချုံးမြည်ဟည်းရေကျစီး (Thundering Waters)'လို့ အဓိပ္ပာယ်ရရှိကြောင်း သိရှိရပါတယ်။ အမြင့်ပေ ၁၇၀ မှ တစ်စက္ကန့်ကို ရေတန်ချိန် ၃,၁၆၀၊ ရေဂါလန်ပေါင်း ခုနစ်သိန်းငါးထောင်ကျော်ရှိတဲ့ ရေထုထည် ပမာဏဟာ ၄၅ ဒီဂရီထောင့်မှန်ကျကျ အရှိန်ပြင်းပြင်းမြစ်အတွင်းကို ထိုးဆင်းနေတာတွေ့ရပါတယ်။ မြစ်ပြင်ဟာ လှိုင်းတွေထန်နေတဲ့အပြင် ရေမှုန်တွေ အလုံးအရင်းနဲ့ ပျံ့လွင့်နေစဉ် လေပင့်တိုက်လိုက်တဲ့အခါ တိမ်တိုက်တွေပမာ မိုးပေါ်ကို လွင့်တက်နေပါတယ်။ နေခြည်ဖြာရင်လည်း သက်တံတွေ ဝေဆာလှပနေပြန်ပါတယ်။ မြစ်အတွင်း Maid of the Mist ဆိုတဲ့သင်္ဘောခရီးစဉ်နဲ့ စီးနင်းလိုက်ပါတဲ့အခါ မိုးကာအင်္ကျီတွေ ဝတ်ဆင်ဖို့ထုတ်ပေးပါတယ်။ ရေတံခွန်အနီးသို့ရောက် လေသင်္ဘောက နိမ့်ချည်မြင့်ချည်လူးလွန့်ပြီး ထိုးကျလာတဲ့ ရေမှုန်နဲ့ လေဟုန်ကြောင့် မိုးကာခေါင်းစွပ်တွေ ပြုတ်ကုန်ပါတယ်။

တစ်ဦးမျက်နှာတစ်ဦး မှုန်ဝါးဝါးမြင်ရပြီး အော်သံ၊ ဟစ်သံ၊ မြူးထူးသံနဲ့ ရေအဟုန်စီးကျသံတွေ လွှမ်းမိုးနေတဲ့ ခရီးဟာ စိတ်လှုပ်ရှားစရာ ကောင်းလှပါတယ်။

**နိုင်ရာဂရာမှာ နှစ်စဉ် ကမ္ဘာလှည့် ခရီးသည် သန်း ၃၀ လည်ပတ်တဲ့ အလှမှတ်တမ်းရှိသလို နှစ်စဉ်လူ ၄၀ သေဆုံးတဲ့'မရဏဇာတ်လမ်း' လည်း ရှိနေပါတယ်။ ၁၈၅၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ မြစ်အောက်ခြေမှာ လူသေအလောင်း၅,၀၀၀ ကျော်ရရှိကြောင်း၊ တစ်နှစ်လျှင် ပျမ်းမျှ ၄၀ ဦး သေဆုံးပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ခုန်ချသူ ၂၀ ဦးမှ ၃၀ ဦးအထိ ရှိနေကြောင်းသိရှိရပါတယ်။**

မြစ်ကမ်းတစ်ဖက်တစ်ချက်စီမှာရှိနေတဲ့ နိုင်ငံနှစ်ခုရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကွာဟချက်ကိုလည်း နှိုင်းယှဉ်ကြည့်မိပါတယ်။ ကနေဒါဘက်ကမ်းမှ အွန်တာရီယိုမြို့ (Ontario) မှာ အထပ်မြင့်အဆောက်အအုံများစွာရှိပြီး ကာစီနိုလောင်းကစားရုံနဲ့ ဟိုတယ်တွေ အလျားလိုက် တန်းစီတည်ရှိပါတယ်။ အမေရိကန်ဘက်ခြမ်းမှာတော့ နိုင်ရာဂရာအမျိုးသားဥယျာဉ်ကြီး တည်ဆောက်ထားပြီး အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်မှုကို တားမြစ်ထားကြောင်း သိရှိရပါတယ်။ မြင်ကွင်းနှစ်ခုကိုကြည့်ပြီး အမေရိကန်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်သာလွန်ကြောင်း မှတ်ချက်ချမိပါတယ်။

နေ့လယ်စာကိုတော့ ဘတ်ဖဲလိုးမြို့အတွင်းက ကမ္ဘာကျော်ကြက်တောင်ပံကြော် (Buffalo Chicken Wing) နဲ့ စားသောက်ခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်မှ စတင်ပြီး အင်ကာဘား (Anchor Bar) မှ စတင်နာမည်ကြီးခဲ့တဲ့ ကြက်တောင်ပံကြော်ဟာ အမေရိကန်တစ်နိုင်ငံလုံးသာမက အနောက်ဥရောပအထိအရောင်းဆိုင်ခွဲတွေ တိုးချဲ့လာခဲ့ကြောင်း သိရှိရပါတယ်။ စတင်ဖြစ်ပေါ်လာပုံက အလွန်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ညဘက်ဆိုင်ပိတ်ချိန်ရောက်လာတဲ့ သားဖြစ်သူရဲ့ သူငယ်ချင်းတွေကို ကြက်သားကုန်နေလို့ မိခင်ဖြစ်သူက ကြံရာမရဘဲ ကျန်နေတဲ့ တောင်ပံရိုးတွေကို ကြော်ပြီး ဆော့စ်အရည်ကောင်းကောင်းဖျော်ပေးလိုက်တာ အစပ်အဟပ်တည့်ပြီး တစ်မြို့လုံး ဟိုးဟိုးကျော်သွားတာ ဖြစ်ပါတယ်။ လောကကြီးမှာ အချိန်တန် နွားပိန်ကန်တယ်ဆိုတာလို 'အရိုးက အကျိုးပေးတယ်' ဆိုရမှာပါပဲ။ **လက်ရှိ ဘတ်ဖဲလိုးမှ မူလဆိုင်ကို 'ကြက်ကြော် ချစ်သူများရဲ့မက္ကာ' (Amecca for Wing Lovers) လို့ ကြုံကြုံဖန်ဖန်ခေါ်ဆိုကြပါတယ်။**

**အရသာကတော့ စာရေးသူတို့ မြန်မာနိုင်ငံ ကျောက်ပန်းတောင်းမြို့နယ် လက်ပံပြားရွာက လက်ပံပြား ကြက်ကြော်ကို လုံးဝ (လုံးဝ) မယှဉ်နိုင်ပါဘူးလို့ ဖော်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။**

(ဆောင်းပါးရှင် မြင့်မိုရ်ဆွေသည် မြို့ပြရေးရာ၊ ယဉ်ကျေးမှု၊ ခရီးသွား၊ စာပေနှင့် မျက်မှောက်ရေးရာများကို ရေးသားနေသူဖြစ်သည်)

(ဆက်လက်ဖော်ပြပါမည်)

## JOKE

### သေလိုက်ပါလား

မူးပြီးကားမောင်းလာသည်ဟု မသင်္ကာသော ကားတစ်စီးကို ယာဉ်ထိန်းရဲက တားလိုက်သည်။ ရဲက ကားတံခါးကို ဆွဲဖွင့်ချိန်တွင် ယာဉ်မောင်းက မဟန်နိုင်ဘဲ ကတ္တရာလမ်းပေါ် ထိုးကျသွားသည်။

"သေလိုက်ပါတော့ကွာ၊ ခင်ဗျားကလမ်းတောင်မှ မလျှောက်နိုင်တော့ပါလား" ဟု ပြောရာ ယာဉ်မောင်းက "မင်းသွားသေလိုက်ပါလား၊ လမ်းမလျှောက်နိုင်လို့ ကားယူလာတာပေါ့ကွ" ဟု မူးပြီးပြန်ပြောပါသည်။

### အမြန်ဆုံးပဲ

ယာဉ်ထိန်းရဲနှစ်ဦးကားမောင်းလာရင်း သစ်ပင်ကိုဝင်တိုက်မိသည်။ ၎င်းတို့နှစ်ဦးကားထဲမှ ထွက်လာသောအခါ ကားတိုက်မှုကို အစ၊ အဆုံးမြင်လိုက်သော ဘေးကရပ်ကြည့်နေသူတစ်ဦးက "မတော်တဆဖြစ်တဲ့နေရာတစ်ခုကို ရောက်လာတဲ့ ဒီရဲနှစ်ယောက် အမြန်ဆုံးပဲ" ဟု ရေရွတ်လိုက်သည်။

စာမျက်နှာ ၃၂ မှ

# ကောက်ရိုးမီးလို စိတ်ဓာတ်နှင့် လိမ်ညာတာတွေ မရှိစေချင်

လူကြီးကြိုက်ဖို့အဓိကဆိုပြီးဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလို လူကြီးကြိုက်လုပ်ခဲ့လို့ဟာသလိုလို၊ ဖြစ်ရပ်မှန်လိုလို တစ်ခုကို ကျွန်တော့်မိတ်ဆွေတစ်ယောက်က ပြောပြပါတယ်။ သစ်ဆိမ့်ပင်တွေ စိုက်ရမယ်ဆိုတဲ့ ညွှန်ကြားချက်ရောက်လာတော့ တောင်ခြေမှာ အပင်တွေ ရှင်းတဲ့အလုပ်ကို တပည့်ကျော်တွေနဲ့ လုပ်နေပါတယ်။ အဲဒီအချိန်မှာ ဒေသခံရွာသူကြီးတစ်ဦးရောက်လာပြီး မောင်ရင်တို့ဘာတွေလုပ်နေတာလဲလို့မေးတဲ့အခါ ဌာနဆိုင်ရာလူကြီးက "သစ်ဆိမ့်စိုက်ရမယ်ဆိုလို့ပါ အဘ၊ အဲဒါကြောင့် အပင်တွေ ရှင်းနေတာပါလို့" ဖြေလိုက်တဲ့အခါ မေးတဲ့လူကြီးက အားရပါးရရယ်ပြီး "မောင်ရင်တို့ အခုခုတ်နေတာတွေက သစ်ဆိမ့်ပင်တွေကွဲ့။ ဒါများ ခုတ်နေစရာလားကွယ်၊ ခြံခတ်လိုက်ရင်ပြီးရောမဟုတ်လား"လို့ ပြောမှ အပင်တွေကိုခုတ်တာ ရပ်နိုင်းလိုက်တယ်လို့ ဆိုပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ ကောက်ရိုးမီးတွေလိုများခဲ့တဲ့အပြင် လိမ်ညာမှုတွေကလည်း မနည်းခဲ့ပါဘူး။ စစ်အစိုးရလက်ထက်က နိုင်ငံတော်အကြီးအကဲတစ်ဦး နယ်စပ်မြို့ကို လာမယ်ဆိုတော့ လေယာဉ်ကွင်းနဲ့ မြို့ထဲကြားမှာ စိုက်ပျိုးရေးပြခန်းဆိုပြီး ယာယီဆောက်လုပ်ထားပါတယ်။ အဲဒီအထဲမှာ သီးနှံတွေစိုက်ထားပြီး လူကြီးလာရင် ပြမယ်ပေါ့။ ပြထားတဲ့ သီးနှံတွေထဲက မြေအိုးထဲမှာ စိုက်ထားတဲ့ ဂေါ်ဖီထုပ်က သာမန်ထက်ကြီးနေတာ တွေ့ရလို့ တယ်ဟုတ်ပါလားပေါ့။ ညနေစောင်းလောက်မှာ လူကြီးလိုက်ပါလာတဲ့ လေယာဉ်ဆိုက်လာတဲ့အချိန်မှာ ဂေါ်ဖီထုပ်ကြီးရဲ့ အရွက်တွေက ညှိုးနေပါပြီ။ ပြခန်းတာဝန်ရှိတဲ့သူလည်း နည်းနည်းတော့ စိုးရိမ်စိတ်ဝင်နေပုံရပါတယ်။ ဒါပေမဲ့ လူကြီးက ဒီကို မဝင်ပါဘူး။ တည်းမယ့်နေရာကို တန်းသွားတဲ့အတွက် စိတ်အေးသွားပုံရပါတယ်။ တကယ်လို့သာ ဝင်ကြည့်မယ်ဆိုရင် အောက်ခြေက လိမ်တာခံရဦးမှာပါလားလို့ တွေးမိပါတယ်။

နိုင်ငံတော်မှာခေတ်အဆက်ဆက် တာဝန်ယူခဲ့ကြတဲ့ နိုင်ငံတော် အကြီးအကဲတွေ (အစိုးရအဖွဲ့လို့ပြောရမယ်ထင်ပါတယ်)၊ နောက် ဝန်ကြီးဌာနအသီးသီးက ညွှန်ချုပ်အထက်လူကြီးတွေလည်း အောက်ခြေက လိမ်တာကို ဘယ်လောက်တောင်ခံခဲ့ရမလဲဆိုတာ စဉ်းစားကြည့်မိပါတယ်။ ဌာနဆိုင်ရာတွေအနေနဲ့ကလည်း မိမိတို့ရဲ့ ထမင်းအိုးတော့ အကွဲမခံတော့ဘူး။

လူကြီးညွှန်ကြားထားတဲ့အတိုင်း မဖြစ်ဖြစ်အောင် လုပ်ခဲ့ကြရပါတယ်။ နွေစပါးခေတ်စားတော့လည်း ဌာနဆိုင်ရာ အားလုံးကို နွေစပါးစိုက်ခိုင်းတယ်။ ကိုယ့်အလုပ်နဲ့ကိုယ်တောင် မအားရတဲ့အထဲ နွေစပါးက စိုက်ရဦးမယ်ဆိုတော့ လယ်သမားနဲ့ ညှိပြီး ဌာနဆိုင်ရာ ဆိုင်းဘုတ်သွားထောင်လိုက်တယ်။ အချိန်တန်တော့ နွေစပါးဘယ်လောက်ထွက်ပါတယ်ဆိုပြီး စာရင်းတင်လိုက်တယ်။ တစ်ရာသီပြီးသွားပြီ။ ဒီလိုနဲ့ပဲ လိမ်ရင်းလိမ်ရင်းနဲ့ အကျင့်ပါနေတော့ လိမ်စရာမရှိရင် ကိုယ့်ပေါင်ကိုယ်ပြန်လိမ်ရတဲ့အဖြစ် ရောက်ကုန်ကြပါတယ်။ လူကြီးတွေ အောက်ခြေကိုဆင်းတဲ့အခါမှာလည်းဌာနဆိုင်ရာဆိုင်းဘုတ်တင်ထားတဲ့ စိုက်ခင်းတွေကိုကြည့်၊ ဓာတ်ပုံတွေရိုက်၊ သတင်းထဲပါ၊ အဆင်ကိုပြေလို့။ လူကြီးတွေလည်း ပြန်သွားရော တော်ပါသေးရဲ့ကွာ၊ ငါတို့လုပ်တာ ဘာမှ မသိကြပါဘူးကွာဆိုပြီး ပြောကျန်ခဲ့ကြမှာ အမှန်ပါပဲ။

ဒီလိုတွေဖြစ်ရတာတွေကို ပြန်သုံးသပ်ရရင် လုပ်ငန်းစဉ်အသီးသီးနဲ့ပတ်သက်တဲ့ ကျွမ်းကျင်တဲ့သူတွေရှိဖို့ လိုတယ်ဆိုတဲ့ အဖြေကိုရပါတယ်။ တစ်နည်းအားဖြင့် လူမှန်၊ နေရာမှန် ထားတတ်ဖို့လိုအပ်ပါတယ်။ ကိုယ်တာဝန်ယူရတဲ့ လုပ်ငန်းရဲ့ သဘောသဘာဝ၊ အသေးစိတ်အချက်အလက် အစရှိတာတွေကို မသိဘဲ ဦးဆောင်နေမယ်ဆိုရင် အောက်ခြေကလိမ်လို့ ကောင်းနေဆဲဖြစ်နေဦးမှာပါပဲ။

အထက်လူကြီး ဘာကြိုက်တတ်လဲ၊ ဘာဝါသနာပါလဲ စုံစမ်းပြီး အဲဒီလူကြီးအကြိုက် လိုက်လုပ်ကြတာလည်း အစဉ်အလာတစ်ခုလို ဖြစ်နေပါတယ်။ ခရိုင်အဆင့် အရာရှိကြီးတစ်ယောက် ပြောင်းလာတော့ အဲဒီလူကြီးက လေယာဉ်ပေါ်က ဆင်းဆင်းချင်း "သက်သတ်လွတ်စားတယ်"လို့ ပြောလိုက်တာ အရာရှိတချို့လည်း ဖားပြီး သက်သတ်လွတ်လိုက်စားလိုက်ကြတာပဲ။ အရာရှိကြီးက အဲဒီတစ်ရက်ပဲစားတာကို ဝါတွင်းသုံးလလုံးစားတယ်ထင်ပြီး လိုက်စားကြတဲ့သူတွေ အခက်တွေ့ကုန်တာလည်း ကြုံဖူးပါတယ်။

အထက်က လမ်းညွှန်လိုက်တဲ့အခါမှာလည်း နေရာအားလုံးနဲ့ ကိုက်ညီမှု ရှိ၊ မရှိကို ပြန်လည်တင်ပြသင့်ပါတယ်။ အထက်လူကြီးအနေနဲ့ကလည်း အောက်ခြေက တင်ပြတဲ့အခါမှာ အကျိုးအကြောင်း ညီညွတ်တယ်ဆိုရင် ပြောင်းလဲနိုင်တဲ့ စိတ်ရှိရမှာ ဖြစ်ရပါတယ်။ ဒီလိုမှမဟုတ်ရင် ငါပြောတာပဲ အမှန်၊ မဖြစ်မနေလုပ်ကို လုပ်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချမယ်ဆိုရင် ရှေးအစဉ်အလာမပျက် အလိမ်ခံနေရဦးမှာ ဖြစ်ပါတယ်။

ဒီလိုလိမ်တဲ့အခါ ဘယ်သူနစ်နာလဲဆိုရင် တိုင်းရင်းသားပြည်သူတွေပဲ နစ်နာပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ နိုင်ငံတော်အစိုးရအဖွဲ့အထိ အဆင့်ဆင့်တာဝန်ထမ်းဆောင်နေကြရတဲ့ ခေါင်းဆောင်တွေအနေနဲ့လည်း မိမိတို့ကို တင်ပြနေတဲ့ စာရင်းဇယားတွေ၊ အဖြစ်အပျက်တွေ မှန်၊ မမှန်ဆိုတာ လျှို့ဝှက်စုံစမ်းသင့်ရင် စုံစမ်းရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံက အကြောက်တရားတွေများခဲ့ရလို့ အဖြစ်မှန်ကို မတင်ပြရဲကြတော့ပါဘူး။ အဲဒီတော့ လူကြီးကြိုက်မယ့်အရာကို ရွေးပြီးတင်ပြကြတဲ့အခါ လိမ်ညာမှုတွေဖြစ်လာပါတယ်။ ပြည်သူတွေဆီက စကားအမှန်ရဖို့အတွက် ရှေးဘုရင်တွေလုပ်ခဲ့သလို ရုပ်ဖျက်ပြီး ပြည်သူတွေကြားထဲဝင်ရောက်ကာ သတင်းစုံစမ်းသင့်ပါတယ်။ အလိမ်အကောက်တွေများနေရင် ဂိုးမသွင်းနိုင်သလို ဌာနဆိုင်ရာအသီးသီးကလည်း အထက်ကိုတင်ပြတဲ့အခါ လူကြီးအကြိုက်လိုက်ပြီး အလိမ်တွေ များနေမယ်ဆိုရင် အမှန်ဆိုတာ ပျောက်ကွယ်နေမှာ ဖြစ်ပါတယ်။

မြေပြင်မှာ ဖြစ်နေတာနဲ့ တင်ပြတာ ကွာဟနေရင် ပြည်သူတွေရဲ့ ယုံကြည်မှုနည်းသွားနိုင်တဲ့အတွက် ကောက်ရိုးမီး စိတ်ဓာတ်တွေ၊ လိမ်ညာပြီးတင်ချင်တဲ့ စိတ်ဓာတ်တွေအပေါ် မွေ့လျော်နေတာတွေ ပြုပြင်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

**(ဆောင်းပါးရှင် ကိုရဲ(ရွှေတြိဂံ) သည်လူမှုရေးနှင့်မျက်မှောက်ရေးရာ ဆောင်းပါးများရေးသားနေသူဖြစ်သည်။)**

www.free4readers.com

7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018

# Cartoon




















www.free4readers.com



# Commodity Watch

7DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018

## ၁၅-၁၀-၂၀၁၈ တွင် ကောက်ယူထားသည်။ လယ်ယာထွက်ကုန်နှင့် သီးနှံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၈,၀၀၀ မှ ၅၆,၀၀၀ |
| ၂ | ဧည့်မထ(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃,၀၀၀ မှ ၂၃,၅၀၀ |
| ၃ | ငစိန်(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃,၀၀၀ မှ ၂၇,၀၀၀ |
| ၄ | မီးဒုံး(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၂,၅၀၀ မှ ၄၄,၀၀၀ |
| ၅ | မိုးသုခ (ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄,၅၀၀ မှ ၂၆,၀၀၀ |
| ၆ | နှံ့ဦးသီးထပ် (ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄,၃၀၀ မှ ၂၄,၅၀၀ |
| ၇ | ပေါ်ဆန်း (သစ်ရှယ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၆၁,၀၀၀ မှ ၆၂,၀၀၀ |
| ၈ | ရက် ၉၀ (သစ်ရှယ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅,၃၀၀ မှ ၂၅,၈၀၀ |
| ၉ | မတ်ပဲ (FAQ/RC) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၈၉,၀၀၀ |
| ၁၀ | ပဲတီစိမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁,၄၁၅ မှ ၂,၀၈၅ |
| ၁၁ | ကုလားပဲခြမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁,၈၀၀ မှ ၁,၈၅၀ |
| ၁၂ | ထောပတ် (ပဲ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂,၆၀၅ မှ ၂,၉၆၀ |
| ၁၃ | စွန်တာနီ/ပြာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁,၃၉၀ မှ ၁,၄၃၀ |
| ၁၄ | ပြောင်းဆံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၁၀ မှ ၆၃၀ |
| ၁၅ | ကြက်သွန်နီ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၉၀၀ မှ ၁,၈၅၀ |
| ၁၆ | ကြက်သွန်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၅၀ မှ ၁,၂၀၀ |
| ၁၇ | ငရုတ်ပွစိမ်းစား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈,၀၀၀ မှ ၁၀,၀၀၀ |
| ၁၈ | ဒီမွန် ငရုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃,၄၀၀ မှ ၃,၄၅၀ |
| ၁၉ | အာလူး(A1, S1) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၀၀ |
| ၂၀ | နှမ်းနက် | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၅,၀၀၀ မှ ၂၀၀,၀၀၀ |
| ၂၁ | နှမ်းဖြူ | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၄၈,၀၀၀ မှ ၁၆၃,၀၀၀ |
| ၂၂ | ပဲပုတ်(ဗမာ) | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၇၈,၀၀၀ |
| ၂၃ | ပဲပုတ်(ရှမ်း) | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၆၀,၀၀၀ မှ ၆၆,၀၀၀ |
| ၂၄ | ဖီးကြမ်း | တစ်ဖီး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁,၅၀၀ |
| ၂၅ | နာနတ်သီး | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀ |
| ၂၆ | ကျွဲကောသီး | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁,၅၀၀ |

## NOTE BOOK PRICE

| Model | Price |
|---|---|
| **Acer** | |
| Acer Aspire E5-576G [i7-7500U 2.7 GHz, | 699$ |
| Acer Aspire E5-476G [I5-8200U 1.6 GHz | 604$ |
| Acer Aspire E5-576G [i3-8130U 2.2GHz, | 519$ |
| Acer Aspire E5-476 [i3-8130U 2.2GHz, 4GB DDR4 | 509$ |
| **Dell** | |
| Dell Insprion 5570 [i7-8550U | 919$ |
| Dell Insprion 5570 [i7-8550U, | 899$ |
| Dell Insprion 7577 [i7-7700HQ, | 1,059$ |
| Dell Vostro 3568 [i7-7500U | 719$ |
| **Lenovo** | |
| Lenovo Ideapad 330[i7-8550U, | 779$ |
| Lenovo Ideapad 330 [i5-8250U, | 629$ |
| Lenovo Ideapad 330[Celeron N4000, | 329$ |
| Lenovo Ideapad 320 [i3-6006U, | 409$ |

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane (92) 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Oct (9) | 1,115 | 1,095 | 1,065 | 1,105 |
| Oct (10) | 1,115 | 1,095 | 1,065 | 1,105 |
| Oct (11) | 1,115 | 1,095 | 1,065 | 1,105 |
| Oct (12) | 1,115 | 1,095 | 1,065 | 1,105 |
| Oct (13) | 1,115 | 1,095 | 1,065 | 1,105 |
| Oct (14) | 1,115 | 1,095 | 1,065 | 1,105 |
| Oct (15) | 1,115 | 1,095 | 1,065 | 1,105 |

ဈေးနှုန်းအပြောင်းအလဲ အနည်းငယ်ရှိနိုင်ပါသည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung | 55″ Smart LED UHD Curved TV | 2,739,000 |
| Samsung | 55″ 4K Smart TV | 979,000 |
| SONY | 55″ Smart LED UHD Curved TV | 2,590,000 |
| LG | 55″ LED UHD 4K Smart TV | 1,329,000 |
| **DVD** | | |
| Samsung | U29-f15(BluRay) | 130,000 |
| AEK | momo EVD | 40,000 |
| Nibban | EVD | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | 2 Door,Digital Inverter | 799,000 |
| Panasonic | 2 Door, 195L Refrigerator | 369,000 |
| Hisense | 1Door, 175L Refrigerator | 214,000 |
| Haier | 1Door,178L Refrigerator | 195,000 |
| **Washing** | | |
| SAMSUNG | Fully Auto, 12kg | 415,000 |
| Panasonic | Fully Auto, 7.5kg | 275,000 |
| **Aircon** | | |
| Samsung | Split 1.5HP, Inverter Air Conditioner 1200W | 455,000 |
| Panasonic | Split 1.5HP, Inverter Air Conditioner | 670,000 |
| MISUBISHI | Split 1.5HP, Inverter Air Conditioner 980W | 865,000 |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာလ(၁၅)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(Alpha) | တစ်အိတ် | ၄,၂၅၀ |
| ဘိလပ်မြေ (Crown) | တစ်အိတ် | ၄,၃၅၀ |
| ဘိလပ်မြေ (ကြံ့နှစ်ကောင်) | တစ်အိတ် | ၄,၃၅၀ |
| ဘိလပ်မြေ (ဆင်ဗင်) | တစ်အိတ် | ၄,၃၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၀-၁၁၇ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ်(ဂပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| နေပြည်တော်စက်အုတ်(၁၀)ပေါက် | တစ်လုံး | ၇၅-၈၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၈,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၆၅၀-၅၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.42mm) | တစ်ပေ | ၉၀၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၅-၃၆၀ |
| ထုံး(ဂပိဿာအိတ်) | တစ်အိတ် | ၁,၄၀၀-၁,၆၀၀ |
| အိမ်ရိုက်သံ (2"-4") | တစ်ပိဿာ | ၁,၅၀၀-၁,၇၀၀ |
| အိမ်ရိုက်သံ (1"½") | တစ်ပိဿာ | ၁,၇၀၀-၁,၈၀၀ |
| အိမ်ရိုက်သံ (1") | တစ်ပိဿာ | ၁,၇၀၀-၁,၈၀၀ |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာလ(၁၅)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| | | |
|---|---|---|
| ဆန် (ပေါ်ဆန်းမွှေး) | တစ်ပြည် | ၂,၃၀၀-၃,၀၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၈၀၀-၂,၂၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၁,၆၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၅၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၂,၅၀၀ |
| ဆီ (ပဲဆီစစ်) | တစ်ပိဿာ | ၆,၀၀၀-၇,၀၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀-၂၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၀၀၀-၁,၅၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀ |
| မန်ကျည်းမှည့် (အစေ့လွတ်) | တစ်အိတ် | ၃,၀၀၀ |
| အာလူး | တစ်ပိဿာ | ၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၉၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၉၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၂၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၂,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား (ဗမာ) | တစ်ပိဿာ | ၁၀,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၁၀,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၁၀,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | တစ်ပိဿာ | ၁,၀၀၀ |
| ဂေါ်ဖီထုပ် | တစ်ထုပ် | ၅၀၀ |
| ငရုတ်သီး (အပု) | တစ်ပိဿာ | ၇,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၅,၀၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၈,၀၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၁၀,၀၀၀-၁၉,၀၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၈,၀၀၀ |
| ပုစွန်ဆိတ် | တစ်ပိဿာ | ၅,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၂၀,၀၀၀-၂၈,၀၀၀ |
| တီလားပီးယား | တစ်ပိဿာ | ၄,၅၀၀-၆,၀၀၀ |

အောက်တိုဘာလ(၁၅)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## တန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Note 9(128GB) | 1,499,000 |
| S9+ (256 GB) | 1,400,000 |
| S9 (64GB) | 1,090,000 |
| Galaxy Note 8 | 1,275,000 |
| Galaxy S8+ | 1,055,000 |
| Galaxy Note FE | 799,000 |
| Galaxy A8(2018) | 615,000 |
| Galaxy A6 + | 560,000 |
| Galaxy J7 + | 495,000 |

### iPhone

| Model | Price |
|---|---|
| iPhone X (64GB) | 1,490,000 |
| iPhone 8 (256GB) | 1,350,000 |
| iPone 7+ (32GB) | 1,000,000 |
| iPhone7 32(All Colour) | 780,000 |
| iPone 6S+ (32GB) | 710,000 |

### Oppo

| Model | Price |
|---|---|
| Oppo F3 Plus | 530,000 |
| Oppo F7 | 389,000 |
| Oppo F5 | 339,000 |
| Oppo F3 | 339,000 |
| Oppo F7 Youth | 319,000 |
| Oppo F5 Youth | 279,000 |

### Xiaomi

| Model | Price |
|---|---|
| Mi8 (6,128) Black | 555,000 |
| Mi8 SE (6,64) Gold | 388,000 |
| Mi 6X (6,128) RED | 349,000 |
| Mi 6X (6,128)Black | 349,000 |
| MiMax 3 (4,64)Gold | 340,000 |
| MiMax 2 (4,128) Gold | 277,000 |
| RedMi 6Pro (4,64) | 230,000 |

www.free4readers.com

Business
7DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018

ဆော်ဒီသို့ ငါးတင်ပို့မှု ပိတ်ထားသည့် နိုင်ငံများအနက် မြန်မာနိုင်ငံကို စစ်ဆေးရန်ကျန်ရှိ စာမျက်နှာ ၃၈ »

# ကျောက်ဖြူအထူးစီးပွားရေးဇုန် မကြာမီ စတင်မည်

ထားထားမြင့်

တရုတ်နှင့် မြန်မာနှစ်နိုင်ငံ မကြာသေးမီကဆွေးနွေးမှုအရကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းတွင် မြန်မာနိုင်ငံက ပိုင်ဆိုင်မှုဝေစု ၃၀ ရာခိုင်နှုန်းသာယူပြီး တရုတ်အစိုးရကို ၇၀ ရာခိုင်နှုန်းပေးမည်ဟု နောက်ဆုံးသဘောတူညီချက်ရခဲ့ကြောင်း ဂျပန်သို့ရောက်ရှိနေသည့် မြန်မာထိပ်တန်းအစိုးရတာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါ စီမံကိန်းတွင် မူလ၌ မြန်မာက ၁၅ ရာခိုင်နှုန်း တရုတ်က ၈၅ ရာခိုင်နှုန်း ပိုင်ဆိုင်မှုအချိုးဖြင့် သဘောတူခဲ့သောကြောင့် ယခု ပိုင်ဆိုင်မှု အချိုးအစားသည် မြန်မာအတွက် တိုးတက်မှုဖြစ်သည်။

ဂျပန် အင်န်အင်န်အေ သတင်းဌာနနှင့် မေးမြန်းခန်းတွင် သွားလာပို့ဆောင်မှု လိုအပ်ချက်အရ ဆိပ်ကမ်း၏အရွယ်အစားကို တဖြည်းဖြည်း တိုးတက်ဆောင်ရွက်ရန် မြန်မာက စီစဉ်ထားကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောကြားသည်။

နိုင်ငံအနောက်ပိုင်းရှိ ရခိုင်ပြည်နယ်မှ ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းဆိပ်ကမ်းမြို့ ကျောက်ဖြူရှိ ဆိပ်ကမ်းအပါအဝင် ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို မကြာမီဆောင်ရွက်မည်ဟု ၎င်းကဆိုသည်။

ကျောက်ဖြူ စီးပွားရေးဇုန်သည် တရုတ်နှင့် မြန်မာရော ကျောက်ဖြူဒေသခံများအတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် အနေအထားတစ်ခုဖြစ်ရမည်ဟု မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌနှင့် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက အလေးထားပြောကြားသည်။

ကျောက်ဖြူဆိပ်ကမ်းကို ရောမစီမံကိန်းကြီးအဖြစ် စတင်မည့်အစား ကနဦးတွင် လိုအပ်ချက်ကို အခြေခံပြီး တစ်ဆင့်ပြီး တစ်ဆင့် လုပ်ဆောင်ရန် သတ်မှတ်ချက်အောက်၌ တိုးတက်ဆောင်ရွက်မည်ဟု နှစ်နိုင်ငံစလုံးက သဘောတူထားသည်။

"ဒီဟာကို စီမံခန့်ခွဲနိုင်တဲ့ဟာမျိုးဖြစ်အောင် အသေအချာလုပ်ဆောင်ချင်ပါတယ်"ဟု ဂျပန်နိုင်ငံ တိုကျိုတွင် ကျင်းပသည့် ဒသမအကြိမ်မြောက် မဲခေါင်ဒေသနိုင်ငံများနှင့်ဂျပန်နိုင်ငံထိပ်သီးအစည်းအဝေးနှင့်အပြိုင် ကျင်းပသည့် အစည်းအဝေးတစ်ခု၌ ဦးသောင်းထွန်းက ပြောသည်။

ထို အစည်းအဝေးတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

ကျောက်ဖြူစီးပွားရေးဇုန်အတွက် တရုတ်အစိုးရနောက်ခံပေးထားသော CITIC ကုမ္ပဏီအုပ်စုကြီးက စက်မှုဇုန်နှင့် ရေနက်ဆိပ်ကမ်း လုပ်ကိုင်ခွင့်ကို ရရှိထားသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ အဆိုအရ မြန်မာသည် နိုင်ငံ၏ ပြည်ပကြွေးမြီ ၄၀ ရာခိုင်နှုန်းကျော်အတွက် တရုတ်ကို မှီခိုနေရသည်ဟု ဆိုသည်။

တရုတ်ကို ကြွေးများစွာတင်နိုင်သည့် ကျောက်ဖြူရေနက်ဆိပ်ကမ်း၏ မူလသဘောတူထားသည့် အစီအစဉ်မှ တရုတ်တို့၏ ပိုင်ဆိုင်မှု ဝေစုနှင့် စီမံကိန်း ကုန်ကျစရိတ်ကို လျှော့ကျအောင် မြန်မာက စီမံနိုင်ခဲ့ခြင်းဖြစ်သည်။ တရုတ်တို့၏ မဟာဗျူဟာမြောက် အခြေခံဖွံ့ဖြိုးမှုအဆောက်အအုံများကို တိုးတက်အောင် လုပ်ပေးမည့်စနစ်များနှင့် ကမ္ဘာတစ်ဝန်း တိုးတက်ဖွံ့ဖြိုးစ နိုင်ငံများ၏ စီးပွားရေးကနေ သဘာဝအရင်းအမြစ်များ တိုးချဲ့လာနေမှုကို စီးပွားရေး အကူအညီပေးမှုနှင့် ရင်းနှီးမြှုပ်နှံမှုက နိုင်ငံများ၏ မျက်နှာသာကို ရယူမည့်လုပ်ရပ်အဖြစ် အများက မြင်ကြသည်။

ဘင်္ဂါလီအရေးကြောင့် နိုင်ငံတကာ၏ ဝေဖန်ပြစ်တင်မှုနှင့် ဖိအားပေးမှု ကြုံနေသော မြန်မာနိုင်ငံသို့ ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ နှေးကွေးကျဆင်းလာသည်။

ထို့ကြောင့် ကမ္ဘာ့ဘဏ်က မူလ တွက်ချက်ခဲ့သည့် ၂၀၁၈ မြန်မာ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၆ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဟုခန့်မှန်းထားရာမှ ၆ ဒသမ ၂ ရာခိုင်နှုန်းအဖြစ်လည်းကောင်း၊ ၂၀၁၉ ၌ ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသည်ကို ၆ ဒသမ ၅ ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချပြင်ဆင်ခဲ့သည်။

ထို့အပြင် ပြီးခဲ့သည့်တစ်ပတ်ကလည်း အီးယူ (ခေါ်) ဥရောပသမဂ္ဂကဘင်္ဂါလီပြဿနာကြောင့် မြန်မာကနေ သွင်းကုန်များ အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားမှုကို ပြန်လည်ရုပ်သိမ်းရန် စဉ်းစားနေကြောင်း ဆိုသည်။

မြန်မာ၏ ဒီမိုကရေစီသည် အပြောင်းအလဲကာလတွင် ရှိနေပြီး မြန်မာသည် တရားဥပဒေစိုးမိုးမှုကို အလေးပေးကာ လူ့အခွင့်အရေး ကာကွယ်မှုကိုလည်း တိုးမြှင့်မည်ဟု ဆိုသည်။

"အီးယူက ကုန်သွယ်ရေးလွတ်လပ်ခွင့်ပေးထားတာကို ရုပ်သိမ်းမယ်ဆိုရင် သာမန်ပြည်သူတွေကို ထိခိုက်လိမ့်မယ်။"

အထည်ချုပ်နှင့် အခြားလုပ်ငန်းများက ဝန်ထမ်းများကို လျှော့ချရမည်ဆိုပါက အီးယူအနေဖြင့် တရားမမျှတဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ထိုအခြေအနေတွင် သီလဝါအပါအဝင် အထူးစီးပွားရေးဇုန်များ၌ အလုပ်အကိုင်များ ဖန်တီးနိုင်ရင် ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးများ ပံ့ပိုးခြင်းဖြင့် အခြားရွေးချယ်စရာရှိလာရေး မြန်မာအစိုးရက ကြိုးစားနေသည်ဟု ဆိုသည်။ သီလဝါသည် ဂျပန်နှင့် မြန်မာ ပုဂ္ဂလိကနှင့် အများပိုင် ဖက်စပ်လုပ်ကိုင်နေကြသော အထူးစီးပွားရေးဇုန်ဖြစ်သည်။

"မိတ်ဆွေတွေနဲ့ ဂျပန်၊ ကိုရီးယား၊ တိုင်ပေ၊ ထိုင်း၊ စင်ကာပူလို အိမ်နီးချင်းနိုင်ငံတွေအားလုံး မြန်မာမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်လာနိုင်အောင်လို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်"ဟု ဝန်ကြီး ဦးသောင်းထွန်းက ဆိုသည်။

စာမျက်နှာ ၃၈ သို့



အောက်တိုဘာ ၁၀ ရက်၌ တိုကျိုတွင် တွေ့ရသည့် ဝန်ကြီး ဦးသောင်းထွန်း

ဓာတ်ပုံ – Mainichi Japan



7DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018

# ဆော်ဒီသို့ ငါးတင်ပို့မှု ပိတ်ထားသည့် နိုင်ငံများအနက် မြန်မာနိုင်ငံကို စစ်ဆေးရန်ကျန်ရှိ



မြန်မာနိုင်ငံမှ ငါးတင်ပို့ခွင့်ကို ဆော်ဒီက ယာယီရပ်ဆိုင်းထားသည်။ ဓာတ်ပုံ - အီးပီအေ

ယုဝေ

**ရန်ကုန်၊ အောက်တိုဘာ-၁၄**

ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ငါးတင်ပို့မှု ပိတ်ပင်ထားသည့် နိုင်ငံများရှိငါးမွေးကန်နှင့်စက်ရုံများကို သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိ လိုက်လံစစ်ဆေးရာတွင် မြန်မာနိုင်ငံသာ ကျန်ရှိတော့ကြောင်း မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းအေးကပြောသည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံ FDAကယင်းနိုင်ငံသို့ငါး၊ပုစွန်တင်ပို့နေသည့် ဗီယက်နမ် နိုင်ငံရှိစက်ရုံ ၂၄ ရုံကိုစစ်ဆေးရာ၎င်းတို့သတ်မှတ်ထားသည့် စည်းကမ်းနှင့် ကိုက်ညီမှုရှိသည့် စက်ရုံကိုးရုံသာ တွေ့ရှိသဖြင့် မြန်မာနိုင်ငံ အပါအဝင် အိန္ဒိယ၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ငါးတင်ပို့နေမှုကို ၂၀၁၈ မတ်လ ၁ ရက်က စတင်၍ ယာယီရပ်ဆိုင်းထားသည်။

"ငါးတင်ပို့ခွင့် အပိတ်ခံရတဲ့ ကျန်တဲ့နိုင်ငံတွေက စစ်ဆေးပြီးသွားပြီ။ မြန်မာနိုင်ငံက လာလည်း မစစ်ရသေးဘူး။ အခုထိဆွေးနွေးနေဆဲ အဆင့်ပဲရှိပါသေးတယ်။ အဲဒီကို ဒီမှာမွေးမြူနေတဲ့ ငါးမြစ်ချင်းရဲ့ ၆၀ ရာခိုင်နှုန်းကို တင်ပို့ရောင်းချနေတာပါ"ဟု ဦးထွန်းအေးက ဆိုသည်။

မြန်မာနိုင်ငံရှိ အအေးခန်းစက်ရုံများ၊ ငါးမွေးမြူရေးကန်များကို ဆော်ဒီအာရေးဗီးယားနိုင်ငံက ၎င်းတို့၏ သတ်မှတ်ချက်များနှင့် ညီ၊ မညီ လာရောက်စစ်ဆေးမည်ဟု တရားဝင်အကြောင်းကြားထားသော်လည်း လာရောက်စစ်ဆေးမည့် ရက်ကို ယနေ့အထိ အကြောင်းမကြားသေးကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

"သူများနိုင်ငံတွေက ကုန်သွယ်ရေးအဖွဲ့တွေသွားပြီး ညှိတယ်။ ဝန်ကြီးတွေ၊ ဒုဝန်ကြီးတွေ ဌာနဆိုင်ရာတွေ ခေါင်းဆောင်ပြီး ဆော်ဒီကိုသွားပြီး ညှိနှိုင်းဆောင်ရွက်ပါတယ်။ အဲဒါကြောင့် သူတို့ဆီလာစစ်တာပေါ့။ ကိုယ်တွေ မသွားတာကြောင့် လာမစစ်သေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ သွားမှဖြစ်မယ်ဆိုရင် သွားရမှာပါ"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တိုးနန္ဒာတင်က ပြောကြားသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၁,၅၇၀ | ၁,၅၈၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၁,၁၄၀ | ၁,၁၆၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁,၇၆၀ | ၁,၈၀၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၄၇ | ၄၈ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၂၂၂ | ၂၂၃ | ကျပ် |

အောက်တိုဘာ ၁၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၇၅၈၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၈၆၄၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၁၂.၂၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၉၁၅၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၇၃.၅၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၃၇၆၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၀.၀၇ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၄.၁၅၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၇၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၅,၁၉၉.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၃,၃၄၃.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၅၄.၀၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၈၃၆၄ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၄၀၁၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၅၃၃၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၃၀၂၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၆၆.၁၃၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၂၀.၃၀ |
| ရေနံ | စည် | ၈၀.၆၈ |
| ငွေ | အောင်စ | ၁၄.၅၄ |
| ကြေးနီ | ပေါင် | ၂.၈၁ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃.၁၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

အောက်တိုဘာ ၁၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# နိုင်ငံအချို့ ရော်ဘာကုန်ကြမ်းထုတ်လုပ်မှု လျှော့ချခြင်းက မြန်မာ အခွင့်အလမ်းဖြစ်နိုင်ဟုဆို

ပြည်သိမ်း

**ရန်ကုန်၊ အောက်တိုဘာ-၁၄**

ရော်ဘာ ကုန်ကြမ်းအများဆုံး ထုတ်လုပ်သည့်နိုင်ငံများက ထုတ်လုပ်မှုလျှော့ချရန် စီစဉ်နေခြင်းကြောင့် မြန်မာနိုင်ငံမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်လာနိုင်သည်ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူးဦးခိုင်မြင့်က ပြောသည်။

ရော်ဘာ ကုန်ကြမ်းအများဆုံးထုတ်လုပ်နေသည့် ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများက တရုတ်နှင့်အမေရိကန် ကုန်သွယ်ရေးစစ်ပွဲကြောင့် ကုန်ကြမ်းဈေးနှုန်းကျဆင်းမှုကို ကာကွယ်ရေး ယခုနှစ်တွင်ရော်ဘာကုန်ကြမ်းထုတ်လုပ်မှုတန်ချိန် ၃ ဒသမ ၅ သိန်းခန့်လျှော့ချထုတ်လုပ်ရန် ညှိနှိုင်းနေကြောင်း ၎င်းကပြောသည်။

"သူတို့ ထုတ်လုပ်မှုလျှော့ရင်တော့ ဈေးကမတက်ရင်လည်း ဒီထက်တော့ ကျစရာမရှိတော့ဘူးပေါ့" ဟု ဦးခိုင်မြင့်ကပြောသည်။

လက်ရှိ နိုင်ငံတကာဈေးကွက်တွင် ရော်ဘာကုန်ကြမ်းတစ်တန်လျှင်ကန်ဒေါ်လာ ၁,၅၀၀ ခန့်ဈေးရှိသည်။ အမေရိကန်နိုင်ငံက တရုတ်နိုင်ငံမှ လာသည့်ကားတာယာများအပါအဝင် ရော်ဘာကုန်ကြမ်းသုံး ထုတ်ကုန်များအပေါ် အခွန် တိုးမြှင့်ခဲ့သည်။ ထိုသို့ အခွန်တိုးမြှင့်ခြင်းကို ခုခံရန် ရော်ဘာကုန်ကြမ်းဈေးကွက်ဝေစု အများဆုံးရယူထားသော တရုတ်နိုင်ငံက ဝယ်ယူသည့်ကုန်ကြမ်းဈေးနှုန်းကို လျှော့ချခဲ့သည်။

မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် ရော်ဘာကုန်ကြမ်းများ၏ ၇၀ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နေရပြီး တရုတ်ကုန်သည်များက မြန်မာ့ရော်ဘာကုန်ကြမ်းကို ဈေးလျှော့ဝယ်ယူနေသည်ဟု ပြည်ပသို့ရော်ဘာကုန်ကြမ်းတင်ပို့နေသည့် စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

ထို့ကြောင့် ပြည်တွင်းဈေးကွက်တွင် ရော်ဘာကုန်ကြမ်းဈေးနှုန်းက RSS-3 အမျိုးအစားတစ်ပေါင်လျှင်ကျပ် ၈၅၀ ဈေးဖွင့်သည်။

လက်ရှိဈေးနှုန်းသည် အလုပ်သမားစရိတ်၊ အထွေထွေကုန်ကျစရိတ်နှင့် တစ်ဧက အထွက်နှုန်းနည်းခြင်းကြောင့် အကျိုးအမြတ်နည်းသည်ဟု ဘီးလင်းမြို့နယ်မှ ရော်ဘာခြံပိုင်ရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးဧက ၁ ဒသမ ၆ သန်းကျော်ရှိပြီး ယခုနှစ်ရော်ဘာကုန်ကြမ်းထုတ်လုပ်နိုင်မှု တန်ချိန် ၁ ဒသမ ၅ သိန်းကျော်ရှိမည်ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဝင်အချို့က ပြောကြားသည်။

စာမျက်နှာ ၃၇ မှ

# ကျောက်ဖြူအထူးစီးပွားရေးဇုန် မကြာမီ စတင်မည်

ရခိုင်ဒေသတောင်ပိုင်းကမ်းလွန်လုပ်ကွက် A-6 ဓာတ်ငွေ့တွင်းသည် စီးပွားဖြစ် ထုတ်လုပ်နိုင်မှုရနေပြီဟု မြန်မာက စက်တင်ဘာ ၂၅ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါတွင်းကို ဩစတြေးလျ၏ အကြီးဆုံးရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းဖြစ်သည့် Woodside ရေနံလုပ်ငန်းနှင့် ပြင်သစ် တိုတယ်လ်ရေနံကုမ္ပဏီက ၄၀ ရာခိုင်နှုန်းစီ ပိုင်ဆိုင်ပြီး ကျန် ၂၀ ရာခိုင်နှုန်းကို မြန်မာကုမ္ပဏီဖြစ် MPRL E&P ကုမ္ပဏီက ပိုင်ဆိုင်သည်။

မကြာမီ အဆိုပါတွင်းကို တူးဖော်မှုများ စတင်မည်ဖြစ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၌ သိသိသာသာ ရင်းနှီးမြှုပ်နှံနိုင်မည့် ဓာတ်ငွေ့အမြောက်အမြား ထွက်ရှိမည်ဟု မြန်မာက မျှော်လင့်ထားသည်။ ထိုအကျိုးဆက်ကြောင့် အနီးအနားတွင်းများ၌ ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်လာရန် ဆွဲဆောင်သကဲ့သို့ ဖြစ်လာသည်ဟု ဦးသောင်းထွန်းက ပြောကြားသည်။

**((NNA/Kyodo)- သတင်းဌာန၏** China to hold 70% stake in Myanmar's planned strategic seaport **ကို ထားထားမြင့် ဘာသာပြန်ဆိုသည်။)**

www.free4readers.com

Environment

7DAY NEWS JOURNAL

Vol.17, No.32 · OCTOBER 17 , 2018


တရားမဝင်ဆင်သတ်ဖြတ်မှု လေ့လာစောင့်ကြည့်နယ်မြေဖြစ်သည့် အလောင်းတော်ကဿပဥယျာဉ်အတွင်း ကင်းလှည့်ထိန်းသိမ်းနေစဉ် ဓာတ်ပုံ - WCS

# နိုင်ငံအဆင့် ဆီယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေး စီမံချက် လာမည့်နှစ် အတည်ပြုနိုင်မည်

နိုင်နိုင်စိုး

ရန်ကုန်၊ အောက်တိုဘာ-၁၃

မြန်မာ့ပင်လယ်ပြင်အတွင်း ဆီယိုဖိတ်မှုများဖြစ်ပွားပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် နိုင်ငံအဆင့် ဆီယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ကို လာမည့်နှစ်တွင် အတည်ပြုနိုင်မည်ဟု ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းအန္တရာယ် ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ ညွှန်ကြားရေးမှူးဦးကိုကိုနိုင်က ပြောသည်။

နိုင်ငံအဆင့် ဆီယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ကို ရေးဆွဲပြီးစီးနေပြီး နိုဝင်ဘာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးကာ ဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးတို့သို့ ပေးပို့မည်ဖြစ်ပြီး လာမည့်နှစ်တွင် အတည်ပြုနိုင်ရန် မျှော်မှန်းထားသည်ဟု ၎င်းက ဆိုသည်။

ယင်းစီမံချက်သည် ဆီယိုဖိတ်မှုဖြစ်စဉ်များကို သက်ဆိုင်ရာ ဆိပ်ကမ်း၊ ဌာနများက ကိုင်တွယ်ဖြေရှင်းရန်၊ လျော်ကြေးကိစ္စများ ဖြေရှင်းဆောင်ရွက်ရန်၊ ရေနံယိုဖိတ်မှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးပစ္စည်းကိရိယာများ ပြင်ဆင်ထားရှိရန်နှင့် ရေထုညစ်ညမ်းမှုတုံ့ပြန်ဆောင်ရွက်ရေးဌာန ဖွဲ့စည်းရန်တို့ ပါဝင်သည်။

"ဆီယိုဖိတ်တဲ့ဖြစ်စဉ် ပေါ်ပေါက်ရင်အဓိကက သတင်းကအရေးကြီးတယ်။ စောင့်ကြည့်တဲ့ရေကြောင်း ရဲတပ်ဖွဲ့ကလည်း အချိန်ပြည့်စောင့်ကြည့်နိုင်မှာ မဟုတ်ဘူး။ ဘယ်သူလုပ်မှန်းမသိရဘဲကိုယ့်ဟာကိုယ်ရှင်းရမှာ။ ဘယ်ကဖြစ်တယ်ဆိုတာသိတာနဲ့ ချက်ချင်းစစ်ဆေးလို့ရမယ်" ဟု ဦးကိုကိုနိုင်ကဆိုသည်။

မြန်မာ့ပင်လယ်ပြင် နယ်နိမိတ်အတွင်း သင်္ဘောချင်းတိုက်မိ၍ဖြစ်စေ၊ ရာသီဥတုအခြေအနေကြောင့်ဖြစ်စေ သင်္ဘောကြီးများ ထိခိုက်ကာ ဆီယိုဖိတ်မှုဖြစ်ပွားပါက ဖြေရှင်းဆောင်ရွက်နိုင်ရန် နိုင်ငံအဆင့် ဆီယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ကိုကမ္ဘာ့ရေကြောင်းအဖွဲ့ (IMO) ၏ ပံ့ပိုးမှုဖြင့် ရေးဆွဲခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ရေပြင်တွင် ရေနံနှင့် ဆီယိုဖိတ်မှုဖြစ်စဉ်များ ဖြစ်ပေါ်ပါက အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်ဖြေရှင်းနိုင်ရန် ရေနံယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကွန်ဗင်းရှင်း (ORPC) ၌ နားလည်မှုစာချွန်လွှာ ရေးထိုးထားသည်။

# ရခိုင်ရိုးမ ဆင်ဘေးမဲ့တောကို တရားမဝင် ဆင်သတ်ဖြတ်မှု လေ့လာစောင့်ကြည့်ရေး နယ်မြေသတ်မှတ်မည်

နိုင်နိုင်စိုး

ရန်ကုန်၊ အောက်တိုဘာ - ၁၃

ရခိုင်ရိုးမ ဆင်ဘေးမဲ့တောကို တရားမဝင် ဆင်သတ်ဖြတ်မှု လေ့လာစောင့်ကြည့်ရေး နယ်မြေ (MIKE–Site) အဖြစ် သတ်မှန်ရန် စီစဉ်နေသည်ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) မှ Senior Technical Coordinator ဦးစောထူးသာပိုက ပြောသည်။

ရခိုင်ရိုးမ ဆင်ဘေးမဲ့တောတွင် ဆင်ထိန်းသိမ်းရေး လုပ်ငန်းများကို ယခင်ကတည်းက ဆောင်ရွက်နေရာ တရားမဝင် ဆင်သေဆုံးမှု လျော့ကျရေးကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန် တရားမဝင်ဆင်သတ်ဖြတ်မှု လေ့လာစောင့်ကြည့်ရေးနယ်မြေ (MIKE–Site) သတ်မှတ်နိုင်ရေး စက်တင်ဘာ၌ အဆိုပြုထားသည်ဟု ၎င်းကပြောသည်။

တရားမဝင် ဆင်သတ်ဖြတ်မှု လေ့လာစောင့်ကြည့်ရေး နယ်မြေသည်ဆင်သတ်ဖြတ်မှု လျော့ကျရေးကင်းလှည့်ခြင်း၊ တောဆင်ရိုင်းများ၏ သတင်းအချက်အလက် စုစည်းခြင်း၊ တောဆင်ရိုင်းများ သတ်ဖြတ်ခံရခြင်းဖြစ်စေ၊ သဘာဝအတိုင်း သေဆုံးလျှင်ဖြစ်စေ ဆင်သေဆုံးမှု မှတ်တမ်း အချက်အလက် ကောက်ယူခြင်းတို့ ဆောင်ရွက်မည် ဖြစ်သည်။

ရခိုင်ရိုးမသည် တောဆင်ရိုင်းများ နေထိုင်ကျက်စားသည့် ဒေသတွင် ပါဝင်သော်လည်း ဆင်စွယ်နှင့် အစိတ်အပိုင်းများ ရယူလိုမှုကြောင့် ဆင်များမကြာခဏ သတ်ဖြတ်ခံနေရသည်။

တရားမဝင် ဆင်သတ်ဖြတ်မှု လေ့လာစောင့်ကြည့်ရေး အစီအစဉ် (Monitoring the Illegal Killing of Elephant–MIKE Program)သည် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (CITES)က ဆောင်ရွက်နေသည့် အစီအစဉ်တစ်ခုဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် တရားမဝင် ဆင်သတ်ဖြတ်မှု လေ့လာစောင့်ကြည့်ရေး နယ်မြေအဖြစ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့် ရွှေဥဒေါင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောတို့သတ်မှတ်ခံထားရသည်။

# သတ္တုကဏ္ဍပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက် အတည်ပြုမည်

နိုင်နိုင်စိုး

ရန်ကုန်၊ အောက်တိုဘာ-၁၃

သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး 'သတ္တုကဏ္ဍပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်'ကို ယခုနှစ်အတွင်း အတည်ပြုမည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ပြောသည်။

သတ္တုတူးဖော်ရေး လုပ်ငန်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ရန် အားနည်းမှုများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုပြဿနာများ ကြုံတွေ့ရသဖြင့် အဆိုပါ လမ်းညွှန်ချက်ကို သတ္တုတွင်းလုပ်ငန်းများ မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည်ဟု ၎င်းကဆိုသည်။

သတ္တုကဏ္ဍ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်တွင် သတ္တုတူးဖော်ရေးလုပ်ငန်းကြီးများ ဆောင်ရွက်ရမည့်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်(EIA)၊ သတ္တုစမ်းသပ် လေ့လာဆန်းစစ်ခြင်း (IEE)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်( EMP)တို့၌ ကဏ္ဍသုံးခု ပါဝင်သည်။

"ဒီလမ်းညွှန်ချက် ထုတ်တဲ့အတွက်ကြောင့် သတ္တုကဏ္ဍမှာရှိတဲ့ လုပ်ငန်းအလိုက်ကို ပြည့်ပြည့်စုံစုံ နဲ့ ရေးဆွဲနိုင်မှာပေါ့၊ ဒီလိုရေးဆွဲနိုင်ခြင်းအားဖြင့် သတ္တုတွင်း လုပ်ကွက်တွေ လုပ်တဲ့အခါမှာ ဒီစီမံချက်အတိုင်း အထောက်အကူ ဖြစ်မှာပါ"ဟု ဦးလှမောင်သိန်းက ပြောသည်။

သတ္တုကဏ္ဍ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက် မူကြမ်းသည် ရေးဆွဲပြီးစီးနေပြီး၊ နိုဝင်ဘာတွင် ပတ်သက်ဆက်စပ်သူများနှင့်ဆွေးနွေးကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီသို့ တင်ပြမည် ဖြစ်သည်။



www.free4readers.com

Tourism
7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018

# နာဂနှစ်သစ်ကူးပွဲသို့ လာမည့်ခရီးသွားများ တည်းခိုနေထိုင်မှု အဆင်ပြေစေရန် စီစဉ်ပေးမည်ဟုဆို

နိုင်လင်းအောင်
မန္တလေး၊
အောက်တိုဘာ- ၁၃

၂၀၁၉ ဇန်နဝါရီအတွင်း ကျင်းပမည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် နိုင်ငံခြားသား ဧည့်သည်များ သွားလာလည်ပတ်မှုနှင့် တည်းခိုနေထိုင်မှု အဆင်ပြေစေရန် ယာယီတဲများနှင့် သယ်ယူပို့ဆောင်ရေး အစီအစဉ်များ လုပ်ဆောင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ကိုယ်စားလှယ် ဦးရဲအောင်က ပြောသည်။

"ပွဲတော်ကာလဖြစ်တဲ့အတွက် နိုင်ငံခြားသားတွေအပြင် ပြည်တွင်းခရီးသွားဧည့်သည်တွေ ပါလာရင် သွားလာရေး၊ နေထိုင်ရေး အခက်အခဲဖြစ်စေနိုင်တဲ့အတွက် ကျွန်တော်တို့ကို အကြောင်းကြားလာရင် နေဖို့၊ ထိုင်ဖို့၊ စားဖို့၊ သောက်ဖို့ အကုန်အဆင်ပြေအောင် အတတ်နိုင်ဆုံး ဒေသခံတွေနဲ့၊ ပွဲတော်ကျင်းပရေး အာဏာပိုင်အဖွဲ့တွေနဲ့ ညှိနှိုင်းပြီးတော့ စီစဉ်ပေးမှာ ဖြစ်ပါတယ်" ဟု ဦးရဲအောင်က ပြောသည်။



ပြီးခဲ့သည့်နှစ်က နာဂနှစ်သစ်ကူးပွဲတော် ကျင်းပနေစဉ်

ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

လာမည့်နှစ် နာဂနှစ်သစ်ကူးပွဲတော်ကို လေရှီးမြို့တွင် ကျင်းပမည်ဖြစ်ပြီး ဧည့်သည်များ အဆင်ပြေစေရန် ယာယီအိမ်များနှင့် ရိုးရာအစားအသောက်များစီစဉ်ပေးမည်ဖြစ်သည်။ ထို့အပြင် လမ်းခရီးတွင် သွားလာရေး အဆင်ပြေစေရန် အငှားယာဉ်များနှင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။

နာဂနှစ်သစ်ကူးပွဲတော်ကို ၂၀၁၉ ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး နိုင်ငံခြားသား ဧည့်သည် ၁၀၀ ခန့် တည်းခိုနိုင်မည့် ယာယီတဲများ ဆောက်လုပ်ရန် စီစဉ်ထားကြောင်း ဦးရဲအောင်က ပြောသည်။

ယခုနှစ်တွင် ထူးခြားမှုအနေဖြင့် နာဂမျိုးနွယ်စု ခြောက်ခု၏ ရိုးရာအိမ်များနှင့် ပြတိုက်တို့ကို နိုင်ငံခြားသားများ လေ့လာနိုင်စေရန်နှင့် တည်းခိုနိုင်စေရန် ဆောက်လုပ်ထားမည်ဖြစ်ပြီး ယခုနှစ်တွင် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ ပိုမိုလာရောက်မည်ဟု ခန့်မှန်းထားကြောင်း နာဂဦးစီးအဖွဲ့ တာဝန်ခံ ဦးကာစီရန်းက ပြောသည်။

နာဂ ရိုးရာနှစ်သစ်ကူးပွဲတော်သို့ လာရောက်ရန် လမ်းပန်းဆက်သွယ်ရေးနှင့် တည်းခိုနေထိုင်ရေး အကူအညီများ လိုအပ်ပါက စစ်ကိုင်းတိုင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖုန်း– ၀၉–၇၈၂၃၁၀၄၁၈ သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း ဦးရဲအောင်က ပြောကြားသည်။

# တရုတ် 9Air လေကြောင်းလိုင်း ရန်ကုန်-ကွမ်ကျိုး ခရီးစဉ်သစ်ပျံသန်းမည်

နိုင်လင်းအောင်
မန္တလေး၊ အောက်တိုဘာ ၁၃

တရုတ်နိုင်ငံ အခြေစိုက် 9Air လေကြောင်းလိုင်းသည် ကွမ်ကျိုး–ရန်ကုန်ခရီးစဉ်သစ်ကို လာမည့် နိုဝင်ဘာအတွင်းစတင်ပျံသန်းမည်ဖြစ်ကြောင်း 9Air ဥက္ကဋ္ဌ Mr. Ji Guangping က ပြောသည်။

"9Air ဟာမြန်မာကလေကြောင်းပို့ဆောင်ရေးဦးစီးဌာနရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ အတူ နိုဝင်ဘာလထဲမှာ ကွမ်ကျိုးနဲ့ ရန်ကုန်မြို့ကို ခရီးစဉ်အသစ်တစ်ခုအနေနဲ့ တိုးချဲ့ပြေးဆွဲဖို့စီစဉ်နေပါတယ်။ ဒီခရီးစဉ်ကနေ တရုတ်–မြန်မာခရီးသွားလာရေးကပိုပြီးတော့ အောင်မြင်မယ်လို့ယုံကြည်ပါတယ်" ဟု Mr. Ji Guangping က ပြောသည်။

9Air လေကြောင်းလိုင်းသည် ယခင်ကတရုတ်ပြည်တွင်း ခရီးစဉ်များသာ ပျံသန်းနေပြီး ၎င်းတို့၏ ပထမဆုံးနိုင်ငံတကာ ခရီးစဉ်အဖြစ် ကွမ်ကျိုး–မန္တလေး ခရီးစဉ်သစ်ကို အောက်တိုဘာ ၂ ရက်တွင်တိုးချဲ့ပျံသန်းခဲ့သည်။

ထို့နောက် ဒုတိယမြောက်ခရီးစဉ်အနေဖြင့် နိုဝင်ဘာအတွင်း ရန်ကုန်မြို့သို့ထပ်မံတိုးချဲ့ ပျံသန်းရန် စီစဉ်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"9Air ကို နိုဝင်ဘာလထဲမှာ ရန်ကုန် – ကွမ်ကျိုး ခရီးစဉ်သစ်တွေကို စတင်ပျံသန်းဖို့ အတွက် လိုအပ်တဲ့ခွင့်ပြုချက်တွေ ပေးထားပြီးဖြစ်ပါတယ်" ဟု ပြည်တွင်းလေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်က ပြောကြားသည်။

9Air သည် တရုတ်နိုင်ငံ အခြေစိုက်ကျွင်းယုံလေကြောင်းလိုင်း၏ လက်အောက်ခံ လေကြောင်းလိုင်းတစ်ခုဖြစ်ပြီး ပြည်တွင်းခရီးစဉ် ၄၀ ခန့် ပျံသန်းနေကြောင်း၊ တရုတ်– မြန်မာခရီးသွားလာမှုမြှင့်တင်ရန် မြန်မာနိုင်ငံသို့ တိုးချဲ့ပျံသန်းခြင်း ဖြစ်ကြောင်း Mr. Ji Guangping က ပြောသည်။

အဆိုပါလေကြောင်းလိုင်းသည် လက်ရှိတွင် ဘိုးရင်း 737–800 လေယာဉ် ၁၆ စီးဖြင့်ခရီးစဉ်များ ပျံသန်းနေသည်။

# နိုင်ငံတစ်ဝန်း ဟိုတယ်နှင့်တည်းခိုရိပ်သာ ၁၀၀ ကျော်တိုးလာ

နိုင်လင်းအောင်
မန္တလေး၊ အောက်တိုဘာ ၁၃

၂၀၁၈ စက်တင်ဘာလကုန်တွင် နိုင်ငံတစ်ဝန်း၌ဟိုတယ်နှင့်တည်းခိုရိပ်သာ ၁,၇၀၄ ခုရှိလာပြီးယမန်နှစ်ကထက် အလုံး ၁၀၀ ကျော် တိုးလာကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်သည်။

ဝန်ကြီးဌာန ထုတ်ပြန်ချက်အရ ၂၀၁၇ နှစ်ကုန်တွင် နိုင်ငံတစ်ဝန်း၌ ဟိုတယ်နှင့်တည်းခိုရိပ်သာ ၁,၅၉၀ လုံးရှိရာမှ ၂၀၁၈ စက်တင်ဘာလကုန်တွင် ၁,၇၀၄ လုံးရှိလာပြီး ကိုးလအတွင်း ၁၁၄ လုံးတိုးလာကြောင်း ဖော်ပြထားသည်။ "အခုလိုဟိုတယ်တွေတိုးလာတာက ရင်းနှီးမြှုပ်နှံသူတွေ တိုးလာတာဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံအတွက် ကောင်းပါတယ်။ ဧည့်သည်တွေအတွက်လည်း ရွေးချယ်စရာပိုရလာတာပေါ့။ အခုမှ ဟိုတယ်လုပ်ငန်းကောင်းတယ်ဆိုပြီး ဝင်လာကြတဲ့လူတွေဆိုရင်တော့ လက်ရှိခရီးသွားအခြေအနေအရ တကယ့်လုပ်ငန်းက သူတို့ထင်သလို သိပ်မကောင်းဘူးဆိုတော့ နည်းနည်းတော့အခက်အခဲရှိတာပေါ့" ဟုမြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)ဥက္ကဋ္ဌဦးမင်းနိုင်က ပြောသည်။

၂၀၁၈ အတွင်း ဒေသအလိုက်တိုးတက်လာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာစာရင်းမှာ ရန်ကုန်တိုင်းတွင် ၁၇ လုံး၊ မန္တလေးတိုင်းတွင် ၁၄ လုံး၊ တောင်ကြီး အင်းလေးဒေသတွင် လေးလုံးရှိပြီး အခြားဒေသများတွင်လည်းတိုးလာကြောင်းဖော်ပြထားသည်။

"ဟိုတယ်တွေများလာတာကို ခရီးသွားလုပ်ငန်းတွေအနေနဲ့ကတော့ ကြိုဆိုပါတယ်။ ဧည့်သည်တွေအနေနဲ့ရွေးချယ်စရာပိုပြီးတော့ များလာမယ်။ နိုင်ငံအနေနဲ့ပြန်ကြည့်ရင်လည်း ရင်းနှီးမြှုပ်နှံမှုတွေလည်း ပိုရလာတယ်။ အားသာချက်တွေရှိနေလို့ရင်းနှီးမြှုပ်နှံကြတယ်ဆိုတဲ့ နိုင်ငံတကာမှာ အကောင်းမြင်တဲ့ပုံရိပ်တွေ ဖြစ်စေပါတယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးနောင်နောင်ဟန်က ပြောကြားသည်။



www.free4readers.com





## Leader's Profile

# ကမ္ဘာ့ပထမဆုံး အမျိုးသမီးအာကာသယာဉ်မှူး ဗလင်တီနာတီရက်ရှ်ကိုဗာ

ရဲမင်း

ဗလင်တီနာတီရက်ရှ်ကိုဗာသည် ရုရှားအငြိမ်းစားအာကာသယာဉ်မှူး၊ အင်ဂျင်နီယာနှင့် နိုင်ငံရေးသမားဖြစ်သည်။ အာကာသထဲတွင် ပျံသန်းခဲ့သော ကမ္ဘာ့ပထမဆုံး အမျိုးသမီးအာကာသယာဉ်မှူးဖြစ်ပြီး၁၉၆၃ ဇွန်လ ၁၆ရက်က ဗော့စတော့-၆ အာကာသယာဉ်ကို မောင်းနှင်ပျံသန်းခဲ့သည်။

ဆိုဗီယက် အာကာသယာဉ်မှူးများအဖွဲ့တွင် ပါဝင်လာရန် တီရက်ရှ်ကိုဗာကို ဆိုဗီယက်လေတပ်၌ ဂုဏ်ထူးဆောင်အဖြစ် ထည့်သွင်းခဲ့ပြီး ယင်းနှင့်အတူ အာကာသသို့ပျံသန်းသော ပထမဆုံးအရပ်သားလည်း ဖြစ်ခဲ့သည်။

တီရက်ရှ်ကိုဗာကို ဘီလာရုစ်မှ ရုရှား နိုင်ငံအလယ်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်သော မိဘနှစ်ပါးမှ ၁၉၃၇ မတ်လ ၆ ရက်တွင် မွေးဖွားခဲ့သည်။ ဖခင်သည် ထွန်စက်မောင်းသမားဖြစ်ပြီး မိခင်က ချည်မျှင်စက်ရုံတွင် လုပ်ကိုင်သည်။ တီရက်ရှ်ကိုဗာသည် အသက် (၈)နှစ်တွင် ကျောင်းစတက်ပြီး (၁၆)နှစ်တွင် ကျောင်းမှ ထွက်ကာ စာပေးစာယူဖြင့် ပညာရေးရှေ့ဆက်ခဲ့သည်။

တီရက်ရှ်ကိုဗာသည် ငယ်စဉ်ကပင် လေထီးခုန်ခြင်းတွင် စိတ်ပါဝင်စားခဲ့ပြီး ဒေသတွင်း လေကြောင်းကလပ်တစ်ခု၌ လေထဲဝဲပျံခြင်း (Skydiving) ကို လေ့ကျင့်ခဲ့သည်။ ၁၉၅၉ မေလ ၂၁ ရက် (၂၂)နှစ်အရွယ်တွင် ပထမဆုံးအကြိမ် လေထီး ခုန်ခဲ့သည်။ ထိုအချိန်တွင် ဒေသခံ ချည်မျှင်စက်ရုံမှာပင် အလုပ်လုပ်ကိုင်နေသည်။ လေထီးခုန်ကျွမ်းကျင်မှုကြောင့်ပင် အာကာသယာဉ်မှူး (Cosmonaut) အဖြစ် ပဏာမ ရွေးချယ်မှုတွင် ပါဝင်ခဲ့သည်။

၁၉၆၁ တွင် ဒေသခံ ကွန်မြူနစ်ပါတီလူငယ်အဖွဲ့သို့ ဝင်ရောက်ခဲ့သော တီရက်ရှ်ကိုဗာသည် နောက်ပိုင်း၌ ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီဝင်ဖြစ်လာသည်။

၁၉၆၁ တွင် ယူရီဂါဂါရင် အာကာသထဲပထမဆုံးအကြိမ် ပျံသန်းပြီးနောက် ဆိုဗီယက်ဒုံးပျံအင်ဂျင်နီယာအကြီးအကဲ ဆာဂေးကိုရိုယော့ဗ်က အမျိုးသမီးတစ်ဦးကို အာကာသထဲ စေလွှတ်ရန် စိတ်ကူးရခဲ့သည်။

အမျိုးသမီးအာကာသယာဉ်မှူး ပဏာမရွေးချယ်မှု ၄၀၀ ဦးရှိခဲ့ပြီး ဆန်ခါတင်စာရင်းတွင် ငါးဦးသာ ကျန်ရှိပြီး တီရက်ရှ်ကိုဗာလည်း ပါဝင်ခဲ့သည်။ တီရက်ရှ်ကိုဗာ၏ ဖခင်သည် ၎င်းအသက် (၂)နှစ်အရွယ်တွင် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည်။ စစ်ပွဲသူရဲကောင်းဖြစ်နေသဖြင့် ၎င်းမှာ အာကာသယာဉ်မှူးအနေဖြင့် ပို၍ ထိုက်တန်သူဖြစ်ခဲ့သည်။

လေ့ကျင့်မှုများတွင် အလေးချိန်မဲ့ ပျံသန်းမှု၊ တစ်ကိုယ်တည်းနေထိုင်မှု၊ ဒုံးပျံသီအိုရီနှင့် အာကာသယာဉ် အင်ဂျင်နီယာပညာ၊ အကြိမ် (၁၂၀) လေထီး ခုန်ခြင်း၊ MIG-15UTI တိုက်လေယာဉ်ပျံသန်းလေ့ကျင့်မှုများ ပါဝင်သည်။ နိုင်ငံတော်အာကာသလုပ်ငန်းကော်မရှင်က ဗော့စကော့-၆ ကို တီရက်ရှ်ကိုဗာ မောင်းနှင်ရန် အဆိုပြုခဲ့ပြီး နိုင်ငံ့ခေါင်းဆောင် ခရုးရှက်ဗ်ကိုယ်တိုင် အတည်ပြုခဲ့သည်။

၁၉၆၃ ဇွန်လ ၁၆ ရက်တွင် တီရက်ရှ်ကိုဗာသည် ဗော့စကော့ - ၆ အာကာသယာဉ်ကို မောင်းနှင်ကာ ကမ္ဘာကို (၄၈)ကြိမ်ပတ်ခဲ့ပြီး အာသာသထဲ၌ သုံးရက်ခန့်ကြာမြင့်ခဲ့သည်။ ထိုအချိန်က အမေရိကန် အာကာသယာဉ်မှူး အားလုံးပေါင်းထက် တီရက်ရှ်ကိုဗာ၏ ပျံသန်းချိန်က ပိုမိုကြာမြင့်သည်။

အာကာသယာဉ်ပျံသန်းပြီးနောက် တီရက်ရှ်ကိုဗာသည် ဇူကော့ဗ်စကီလေတပ် အကယ်ဒမီသို့ တက်ရောက်သင်ကြားပြီး အာကာသယာဉ်မှူးအင်ဂျင်နီယာအဖြစ် ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ၁၉၇၇ တွင် အင်ဂျင်နီယာ ဒေါက်တာဘွဲ့ရရှိခဲ့သည်။

ထင်ရှားကျော်ကြားမှုနှင့်အတူ တီရက်ရှ်ကိုဗာသည် နိုင်ငံရေးရာထူး အများအပြားရရှိခဲ့ပြီး ၁၉၆၉ မှ ၁၉၉၁ အထိ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီတွင် ပါဝင်ခဲ့သည်။ ၁၉၉၇ တွင် သမ္မတရုံးအမိန့်ဖြင့် ရုရှားလေတပ်နှင့် အာကာသယာဉ်မှူးများအဖွဲ့မှ အနားယူခဲ့သည်။

မစ္စစ်တီရက်ရှ်ကိုဗာသည် ဆိုဗီယက်ယူနီယံကို ကိုယ်စားပြု၍ နိုင်ငံရပ်ခြား ဆွေးနွေးပွဲ ကွန်ဖရင့်များစွာ တက်ရောက်ခဲ့ပြီး ဂုဏ်ပြုဆုအများအပြားလည်း ရရှိခဲ့သည်။ ၂၀၁၁ တွင် ရုရှားအောက်လွှတ်တော်၌ ရွေးကောက်တင်မြှောက်ခံရပြီး ဆက်လက် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စစ်တီရက်ရှ်ကိုဗာသည် အိမ်ထောင်နှစ်ဆက်ကျခဲ့ပြီး အာကာသယာဉ်မှူး နီကိုလာယက်ဗ်နှင့် ပထမအိမ်ထောင်မှ သမီးတစ်ဦး ထွန်းကားခဲ့သည်။ ဒုတိယခင်ပွန်း အရိုးအထူးကုဆရာဝန် ရှာပေါ့နီကော့ဗ်သည် ၁၉၉၉ တွင် ကွယ်လွန်ခဲ့သည်။

—Ref: Wikipedia

စာမျက်နှာ ၄၂ မှ

## အရှေ့အလယ်ပိုင်းတွင် ဩဇာအာဏာကျဆင်းလာသော အမေရိကန်

ထိုကွန်ရက်ကြောင့်ပင် ၂၀၀၃ တွင် အမေရိကန်က အီရတ်ကို ကျူးကျော်ပြီး ဆက်ဒမ်ဟူစိန် ဖြုတ်ချရေးသို့ ဦးတည်ခဲ့သည်။ သို့သော် ဆက်ဒမ်အစိုးရကို ဖြုတ်ချခြင်းနှင့်အတူ ဒေသတွင်း အင်အားထိန်းညှိမှုကို ပျက်စီးစေခဲ့သည်။ ထိုသို့ အီရတ်တွင် ကျူးကျော်မှုနှင့်ဆော်ဒီအာရေးဗီးယားသို့ အမေရိကန်တပ်ဖွဲ့များ ရောက်ရှိမှုသည် အိုစမာဘင်လာဒင်ဦးဆောင်သော အစ္စလာမ်မစ် အကြမ်းဖက်အဖွဲ့ အယ်လ်ကိုင်ဒါအတွက် ဝါဒဖြန့်ချိရေး အခွင့်ကောင်းရရှိစေခဲ့သည်။

၂၀၀၃ (အီရတ်) ကျူးကျော်မှု၊ အစိုးရအပြောင်းအလဲနှင့် ဆိုးကျိုးအများအပြားဖြစ်ပေါ်ခဲ့သော သိမ်းပိုက်မှုမှနေ၍ ပြဿနာသေတ္တာကြီးကို ဖွင့်မိလျက်သားဖြစ်ကာ အမေရိကန်၏ ဂုဏ်သိက္ခာကို ဖျက်ဆီးပစ်ခဲ့သည်။ ပြဿနာ ပေါင်းစုံကိုလည်း သေတ္တာထဲ ပြန်ထည့်ရန် မဖြစ်နိုင်ခဲ့တော့ပေ။

ထိုမှနေ၍ အီရတ်၊ ဆီးရီးယားနှင့် လက်ဘနွန်အထိ ဖြစ်ပေါ်ခဲ့သော ဝရုန်းသုန်းကားဖြစ်မှုများတွင် တရားခံများစွာ ပါဝင်ပြီး အာဏာရှင်ခေါင်းဆောင်များက ဖိနှိပ်ထားခဲ့သော အမျိုးသားရေး၊ ဘာသာရေးနှင့် လူမျိုးရေးအင်အားစုများ အဓိကနေရာမှ ပါဝင်ခဲ့သည်။

တစ်ဖက်တွင်လည်း အီရတ်ကို ကျူးကျော်ခဲ့သော မဟာဗျူဟာအမှားနှင့် အကြမ်းဖက်မှုအပေါ် ကမ္ဘာလုံးဆိုင်ရာ စစ်ပွဲကြေညာချက်ကြောင့် အီရန်နှင့် အယ်လ်ကိုင်ဒါအဖွဲ့၏ စင်ဆင်ရေးများ တိုးချဲ့ရန် မက်လုံးများဖြစ်လာခဲ့သည်။ ဒေသတွင်း အင်အားချိန်ခွင်လျှာကို ပြန်လည်ထိန်းညှိရေး ဖြစ်စေခဲ့သည်။

လစ်ဗျားမှ မွမ်မာကဒါဖီကို ဖယ်ရှားလိုက်ခြင်းက ဝရုန်းသုန်းကားအခြေအနေ ထပ်မံပျံ့နှံ့ခဲ့သည်။ ကဒါဖီဖြုတ်ချပြီးနောက် ပြန်လည်တည်ဆောက်ရေးနှင့် ငွေကြေးထောက်ပံ့မှု မည်မျှပင်လုပ်ခဲ့သည်ဖြစ်စေ မူလအခြေအနေပြန်မဖြစ်တော့။ ယင်းနှင့်အတူ အရှေ့အလယ်ပိုင်းသို့ ဒီမိုကရေစီ ပြန်လည်ဆောင်ကြဉ်းရေး ကြိုးပမ်းမှုက အမေရိကန်မူဝါဒအားနည်းချက်ကို လှစ်ဟပြနေသည်။ ဒေသက မှတ်မိနေပါသည်။

ဒေါ်နယ်ထရန့်အစိုးရ၏ မူဝါဒများက အမေရိကန်ကိုဒေသတွင်း ဦးဆောင်အခန်းကဏ္ဍမှ ထပ်မံဝေးကွာစေခဲ့သည်။ အီရန်နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ခဲ့ခြင်းမှာ အီရန်၏ မူဝါဒနှင့် လုပ်ရပ်များကို ပြောင်းလဲမသွားစေခဲ့ဘဲ အစွန်းရောက်များကိုသာ အားဖြည့်ပေးခဲ့သည်။

အီရန်ကို ထိပ်တိုက်ရင်ဆိုင်ရေး အမေရိကန်-အစ္စရေး- ဆော်ဒီအာရေးဗီးယား-ပင်လယ်ကွေ့ နိုင်ငံများ မဟာမိတ်ဖွဲ့ရေး အဆိုပြုချက်ကြောင့် အာရပ်-ပါရှန်း ထိပ်တိုက်တွေ့ဆုံမှုကို ပိုမိုဆိုးရွားသွားစေခဲ့ပြီး ဆော်ဒီအာရေးဗီးယားနှင့် အစ္စရေးက ဒေသတွင်း အင်အားကြီးများဖြစ်လာခဲ့သည်။ တူရကီသမ္မတ အာဒိုဂန်နှင့် တိုက်ပွဲများ နွှဲခဲ့ခြင်းကလည်း တူရကီသားများအား စိမ်းကားစေခဲ့သည်။

ဒေါ်နယ်ထရန့်၏ မူဝါဒများသည် အရှေ့အလယ်ပိုင်းတွင် အမေရိကန်၏ ဂုဏ်သိက္ခာကျဆင်းမှုကို ပိုမိုလျင်မြန်စေပြီး ဒေသတွင်း၌ အာဏာချိန်ခွင်လျှာ ထပ်မံထိန်းညှိမှုဖြစ်စေခဲ့သည်။

ဒေသဆိုင်ရာ အစီအစဉ်ဟောင်းက အလျင်အမြန်ပျောက်ဆုံးနေသည်။ အင်အားကြီးလာသူများမှာ အီရန်၊ တူရကီ၊ ဆော်ဒီအာရေးဗီးယား၊ အစ္စရေးနှင့် ရုရှားတို့ဖြစ်သည်။

ဆော်ဒီနှင့် အစ္စရေးသာ အမေရိကန်နှင့် နီးကပ်ကြပြီး ဒေါ်နယ်ထရန့်ထက် ၎င်းတို့က အမေရိကန်မူဝါဒများကို တွန်းအားပေးနေပုံရသည်။ အီရန်ကိုလည်း မထိန်းချုပ်နိုင်ပေ။ ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားလိုက်ခြင်းက ဒေသတွင်း၌ အီရန်၏ ဩဇာအာဏာကို ကျယ်ပြန့်သွားစေသည်မှာ ထင်ရှားပါသည်။

အမေရိကန်၏ မဟာမိတ်ဟုဆိုသော တူရကီနိုင်ငံကလည်း လမ်းခွဲထွက်ခဲ့ပြီး ဆီးရီးယားအရေးတွင် လွတ်လပ်စွာ ရပ်တည်ခဲ့ကာ ရုရှားနှင့် ရင်းနှီးသော ဆက်ဆံရေး တည်ဆောက်၍ တရုတ်နှင့်ခိုင်မာသောလုံခြုံရေးဆက်ဆံရေးထားရှိရန် ကြိုးပမ်းနေသည်။

ရုရှားက ဆီးရီးယားတွင် အချိန်ကာလကြာမြင့်စွာကပင်ပါဝင်ပတ်သက်ခဲ့သူဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားပြီးနောက် ကျဆင်းခဲ့သော ရုရှားပါဝါကို ပူတင်က ဗျူဟာကောင်းကောင်းဖြင့် ကစားခဲ့ပြီး ဒေသတွင်း ရုရှားဩဇာအာဏာကို ကျယ်ပြန့်စွာ တိုးချဲ့နိုင်ခဲ့သည်။

အရှေ့အလယ်ပိုင်းတွင်ငြိမ်းချမ်းရေး မြန်မြန်ဆန်ဆန်ရောက်လာမည်မဟုတ်ပေ။ အမေရိကန်ဩဇာအာဏာက စိတ်သဘောထား ပြောင်းလဲမှု၊ နည်းလမ်းသိသိသာသာ ပြောင်းလဲမှုများကိုတောင်းဆိုသည်။ပါဝါချိန်ခွင်လျှာရွှေ့သွားပြီဖြစ်ကာ ယခုအခါအခြားသက်ဆိုင်သူများက ရလဒ်အပေါ် အကြီးမားဆုံးအခန်းကဏ္ဍနှင့် ဝေစုရယူထားကြပြီဖြစ်သည်။

—Ref: U.S will have to accept second–class status in Middle–East

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018




ရုရှားသမ္မတပူတင်၊ အီရန်သမ္မတရိုဟာနီနှင့် တူရကီသမ္မတ အာဒိုဂန်တို့ တီဟီရန်မြို့တွင်ပြုလုပ်သော ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ်

KIRILL KUDRYAVTSEV / EPA

# အရှေ့အလယ်ပိုင်းတွင် ဩဇာအာဏာကျဆင်းလာသော အမေရိကန်

ကြည်နေဝင်းမင်း

ခုနစ်နှစ်ကြာမြင့်ခဲ့သော ဆီးရီးယားပြည်တွင်းစစ်သည် အစိုးရ၏ အောင်ပွဲဖြင့် အဆုံးသတ်တော့မည်။ ရုရှားနှင့် အီရန်တို့ ပါဝင်ကူညီခဲ့သော စစ်ပွဲအဆုံးသတ်ရေး ဆွေးနွေးပွဲများ အရှိန်ရလာခဲ့သည်။

ထိုဆွေးနွေးပွဲများတွင် မည်သည့်နိုင်ငံများတက်ရောက်နေပါသနည်း။ ရုရှား၊ တူရကီနှင့် အီရန်တို့ဖြစ်သည်။ သိသိသာသာပင် အမေရိကန်နိုင်ငံ မပါဝင်ပေ။ အီရန်၊ တူရကီနှင့် ဆီးရီးယားခေါင်းဆောင်များက နောက်အဆင့်များအတွက် ဆွေးနွေးနေသော၊ မကြာသေးမီက ထွက်ပေါ်လာသော ဓာတ်ပုံများတွင် အမေရိကန်မပါဝင်သည်မှာ သိသာထင်ရှားသည်။

ဒေသတွင်း၌ အမေရိကန် စစ်ဘက်ကြီးမားစွာ တည်ရှိမှုနှင့် အရှေ့အလယ်ပိုင်းတွင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်ခဲ့သည့် သမိုင်းအစဉ်အလာရှိနေလင့်ကစား ဆီးရီးယားနိုင်ငံ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးနေသူများကြားတွင် အမေရိကန်မပါဝင်ပေ။

အမေရိကန်၏ ကမ္ဘာလုံးဆိုင်ရာ ဩဇာအာဏာလျော့ကျတိုက်စားနေမှုများကို အရှေ့အလယ်ပိုင်းမှ မငြိမ်မသက်မှုများထက် ပို၍ထင်ထင်ရှားရှား မြင်တွေ့နိုင်သော နေရာမရှိပေ။

ပါဝါချိန်ခွင်လျှာ ပြောင်းသွားခြင်းမှာ ယာယီမဟုတ်ပေ။ ဒေသတွင်း၌ အမေရိကန်နိုင်ငံက ဩဇာအကြီးဆုံး အင်အားစုဖြစ်ခဲ့သော အစီအစဉ်ဟောင်းကို ပြန်လည်တည်ဆောက်၍ ရမည်မဟုတ်ပေ။ ယင်းနှင့်အတူ အမေရိကန်နိုင်ငံအနေဖြင့် ယင်းဆုတ်ယုတ်နေသော အနေအထားကို ညှိယူရန် ကြိုးစားရပါတော့မည်။

ဒေသတွင်း အာဏာချိန်ခွင်လျှာထိန်းပေးသူအဖြစ်မှ အမေရိကန်ကျဆင်းလာခြင်းမှာ ၂၀၁၃ တွင် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က ဓာတုလက်နက်များ အသုံးပြုခဲ့ပြီးနောက် ဆီးရီးယား၌ ၎င်း၏ အနီရောင်စည်းကျော်လွန်မှု စည်းကမ်းကို မစည်းကြပ်ရန် သမ္မတအိုဘားမား၏ ဆုံးဖြတ်ချက် ရလဒ်ကြောင့်ဖြစ်သည်ဟု အချို့က စောဒကတက်ကြပါသည်။ အချို့ကလည်း ဒေသတွင်း၌ အဓိကကျသော ပဋိပက္ခများတွင် တစ်ဖက်သို့ သိသာစွာ ပူးပေါင်းလိုက်သော သမ္မတ ဒေါ်နယ်ထရန့်ကို အပြစ်ပုံချကြသည်။ နှစ်ဖက်စလုံးမှားပါသည်။ ဆီးရီးယားတွင် အမေရိကန်မြေပြင်တပ်ဖွဲ့များ ချထားရန် စိတ်အားမထက်သန်ခဲ့သဖြင့် ဆီးရီးယားစစ်ပွဲတွင် သမ္မတအိုဘားမား၏ ထိန်းညှိမှုအားနည်းခဲ့သည်။

အာဆတ်က ၎င်း၏ နိုင်ငံသားများကို ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် ၂၀၁၃ က ဆီးရီးယားတွင် အမေရိကန်က ဒုံးကျည်များဖြင့် တစ်ကြိမ်တစ်ခါ တိုက်ခိုက်မှုနှင့် ၂၀၁၇ က အလားတူအဖြစ်အပျက်ကြောင့် ဒေါ်နယ်ထရန့်လက်ထက် ဒုံးကျည်များဖြင့် တိုက်ခိုက်မှုများသည် စစ်ပွဲရလဒ်အပေါ် သက်ရောက်မှုများစွာ မရှိခဲ့ပေ။ ထို့အပြင် ဒေါ်နယ်ထရန့်၏ မူဝါဒများက လက်တွေ့တွင် ဖြစ်ပေါ်နှင့်ပြီးဖြစ်သော အာဏာချိန်ခွင်လျှာထိန်းညှိမှုကို ပိုမိုမြန်ဆန်လာစေသည်။

အရှိတရားကို လက်ခံရမည့်အချိန်ဖြစ်ပါသည်။ အရှေ့အလယ်ပိုင်းတွင် အနည်းဆုံး နှစ် ၅၀ ခန့် ဒီမိုကရက်တစ် အားထုတ်မှုများကို သေးသိမ်အောင်လုပ်ခဲ့ခြင်း၊ အာဏာရှင်ဆန်ဆန် အုပ်ချုပ်သူများကို အားပေးခဲ့မှုများနှင့် အမေရိကန်၏ မူဝါဒများ၏ တိုက်ရိုက်အကျိုးဆက်ကြောင့် အင်အားချိန်ခွင်လျှာတစ်ဖက်သို့ အလေးသာသွားခဲ့သည်။

အမေရိကန်သည် အာဏာရှင်ဆန်ဆန် အုပ်ချုပ်သူများကို အားပေးခဲ့သော တစ်ခုတည်းသော နိုင်ငံမဟုတ်ပါ။ ဗြိတိန်နှင့် ပြင်သစ်ကလည်း အမေရိကန်နှင့်အတူ ယင်းဒေသတွင်းမှ သံလက်သီးအုပ်ချုပ်သူများကို နှစ်ပေါင်းများစွာ အားပေးခဲ့ပြီး အီဂျစ်ခေါင်းဆောင် ဂါမယ်နက်ဆာကဲ့သို့ အမျိုးသားရေးဝါဒီများကို အပြင်းအထန်ဆန့်ကျင်ခဲ့သည်။ အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်း၍ ၁၉၅၃ က အီရန်နိုင်ငံမှ မိုဟာမက် မော့ဆက်ဒန် ဦးဆောင်သော ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေး အစိုးရအား ဖြုတ်ချခဲ့သည်။ အမေရိကန် CIA က မော့ဆက်ဒန်အစိုးရကို မည်သို့ကူညီဖြုတ်ချပြီး ရှားဘုရင်အား တင်မြှောက်ခဲ့သည်ကို ဒေသက မှတ်မိနေပါသေးသည်။

၂၀၀၃ က အီရတ်ကို ကျူးကျော်ခဲ့ခြင်းမှာလည်း ယင်းဒေသတွင်း စစ်ရေးအခန်းကဏ္ဍပါဝင်ရေး အမေရိကန်၏ နှစ်ပေါင်းများစွာ စီစဉ်ခဲ့ခြင်းမှ ထွက်ပေါ်လာသော ရလဒ်ဖြစ်သည်။ တည်ငြိမ်မှုထိန်းသိမ်းရန် (သို့မဟုတ်) အစိုးရများကိုဖြုတ်ချရန်ရည်ရွယ်ခဲ့သော အသစ်ရယူလိုက်သည့် အခန်းကဏ္ဍမှနေ၍ စစ်ရေးအားဖြင့် အရေးယူခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ဒေသတွင်း၌ အမေရိကန်အတွက် ကောင်းကျိုးထက် ဆိုးကျိုးဖြစ်စေသည့် နောက်ဆက်တွဲ ရိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံခြားရေး မူဝါဒဆိုင်ရာ ပညာရှင်အဖြစ် ပူးတွဲတပ်ဖွဲ့များ လျှပ်တစ်ပြက် ချထားရေးတပ်ဖွဲ့၏ ရုံးချုပ်သို့ ၁၉၈၀ ကျော်နှစ်များက လည်ပတ်ခွင့်ရချိန်က အရှေ့အလယ်ပိုင်းဒေသတွင် စစ်စခန်းကွန်ရက်များ စီစဉ်ထားမှု၊ လေယာဉ်များ ဖြတ်သန်းခွင့်၊ ဆင်းသက်ခွင့် အစီအမံများနှင့် သိုလှောင်ရေးစခန်းများပူးတွဲစစ်ရေးလေ့ကျင့်မှုများအကြောင်း သိရှိခဲ့ရသည်။

ထိုအစီအစဉ်များမှတစ်ဆင့် စပိန်၊ လစ်ဗျား၊ အီဂျစ်နှင့် ပင်လယ်ကွေ့မှ နိုင်ငံများက အမေရိကန်၏ တိုက်လေယာဉ်များနှင့် ဗုံးကြဲလေယာဉ်များကို အရှေ့အလယ်ပိုင်း၏ နှလုံးသည်းပွတ်သို့ ပျံသန်းခွင့်ပေးခဲ့သည်။ ၎င်းတို့က အမေရိကန်စစ်လက်နက် ပစ္စည်းထားရှိရန် နေရာမှ၊ စစ်ဆင်ရေးများအတွက် လိုအပ်သော လောင်စာ၊ အမေရိကန်တပ်ဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရေး စစ်ရေးလေ့ကျင့်မှုများကို ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ ကွန်ရက်ကို အသုံးချ၍ အမေရိကန်စစ်ဘက်သည် ၁၉၉၁ တွင် ဆက်ဒမ်ဟူစိန်ကို ကူဝိတ်မှ မောင်းထုတ်နိုင်ခဲ့သည်။ ထိုကြားဝင်မှုသည် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်စစ်ဘက်၏ ပထမဆုံး စစ်ဆင်ရေးလည်း ဖြစ်ခဲ့သည်။

စာမျက်နှာ ၄၁ »

www.free4readers.com

7 DAY NEWS JOURNAL

Entertainment

Vol.17, No.32 • OCTOBER 17 , 2018

# ကျော်ကြားသူများနှင့် အွန်လိုင်းအနိုင်ကျင့်ခံရမှုပြဿနာ

**ခင်ဆွေသက်**

ရန်ကုန်၊
အောက်တိုဘာ ၁၃

မြန်မာနိုင်ငံမှ အနုပညာရှင်များအပါအဝင် အောင်မြင်ကျော်ကြားသူများကြုံလေ့ရှိသည့်ပြဿနာတစ်ခုသည် ဖေ့စ်ဘွတ်ခ်ပေါ်မှ တစ်ဆင့် Cyber Bullying (အွန်လိုင်းမှ အနိုင်အထက်ပြုကျင့်မှု) ပြုလုပ်ခံရခြင်း ဖြစ်သည်။

Cyber Bullying ပြဿနာသည် မြန်မာနိုင်ငံ၌ ပိုမိုကြီးထွားလာပြီး Bullying အဆင့်ကို ကျော်လွန်၍ ယခုအခါဆိုက်ဘာရာဇဝတ်မှု ကျူးလွန်မှန်းပင်မသိလောက်သည့်အခြေအနေဖြစ်လာကြောင်း ဝေဖန်မှုများထွက်ပေါ်လာသည်။

မကြာမီကမှ မော်ဒယ်သရုပ်ဆောင်အဆိုတော်ဟိန်းမင်းသူ၏ ဖေ့စ်ဘွတ်ခ်အကောင့်ဟက်ခံရပြီး အကောင့်အတွင်းမှ Chatting များလူမှုကွန်ရက်တွင် ဖြန့်ဝေကာ Cyber Bullying အလုပ်ခံရသောကြောင့် စိတ်ဒဏ်ရာရရှိ၍ အိပ်ဆေးအလွန်အကျွံသောက်ခဲ့သဖြင့် အရေးပေါ်ဆေးကုသမှုခံယူခဲ့ရသည်။

ဟိန်းမင်းသူ၏ ဖေ့စ်ဘွတ်ခ်အကောင့်ကို ဟက်ယူပြီး Mess-age Box တွင် အနုပညာရှင်အချင်းချင်းပြောဆိုထားသည့် Chat List များအပြင် အခြားအကြောင်းအရာများကို Screen Shot ရိုက်၍ ထိုအကောင့်မှပင် ပို့စ်ပြန်တင်ခဲ့သောကြောင့် အဆိုပါပို့စ်များကို Share ကြသူများ၊ စနောက်၍ ရေးသားသူများနှင့် အချို့ဖေ့စ်ဘွတ်ခ်ပေ့ချ်များမှ ပြန်တင်ခဲ့ကြခြင်း ဖြစ်သည်။



ထို့အပြင်ယခုကဲ့သို့ Cyber Bullying ပြုလုပ်ခံရမှုအပြင် ဆိုရှယ်မီဒီယာတွင် ကျော်ကြားသူများ၏ လှုပ်ရှားမှုကို ဓာတ်ပုံဗီဒီယိုရိုက်ကူးခြင်း၊ ပြန်လည်မျှဝေခြင်းဖြင့် သူတစ်ပါး၏ လူမှုရေးဆိုင်ရာလုံခြုံမှု၊ ခံစားချက်တို့ကို ဥပေက္ခာပြုမှုများသည် အားနာတတ်သည်ဟု ဆိုသည့် မြန်မာလူ့အဖွဲ့အစည်းအတွင်း မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။ အထူးသဖြင့် သရုပ်ဆောင်အဆိုတော်မင်းသွေးသည် ဘောလုံးကစားရင်းရုတ်တရက်နှလုံးခုန်၍ ဆုံးပါးသွားမှုကြောင့် တစ်နိုင်ငံလုံးမှ ၎င်း၏ပရိသတ်များစွာ ဝမ်းနည်းခဲ့ကြပြီး မင်းသွေး၏ပရိသတ်များစွာထွက်ပေါ်လာခဲ့သကဲ့သို့ မင်းသွေး၏ နောက်ဆုံးခရီးတွင် ပရိသတ်ဆိုသူအချို့၏ ကာယကံရှင်မိသားစုအား ကိုယ်ချင်းစာငဲ့ညှာမှုမရှိသည့် လုပ်ရပ်အပေါ် မင်းသွေး၏ မိခင်ကိုယ်တိုင်ခံစားရသည်များကို ထုတ်ဖော်ပြောကြားရသည့်အထိ ဖြစ်ခဲ့သည်။

စာမျက်နှာ ၄၅ »



# လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားခံရသူတွေအတွက် ပေါင်တစ်သိန်း လှူဒါန်းတဲ့ အမ်မာဝပ်ဆန်

နယူးယောက်၊
အောက်တိုဘာ- ၁၃

ဗြိတိန်မင်းသမီး အမ်မာဝပ်ဆန်သည် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားခံရသူများ ရန်ပုံငွေအတွက် ယခုနှစ်အစောပိုင်းက ပေါင်တစ်သန်း လှူဒါန်းခဲ့သည်။

အမ်မာဝပ်ဆန်အပါအဝင် ဗြိတိန်ရုပ်ရှင်စတားများသည် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားခံရသူများအတွက်ရန်ပုံငွေတည်ထောင်ခဲ့ပြီး အဆိုပါ ရန်ပုံငွေဖြင့် ဗြိတိန်နိုင်ငံတစ်လွှား အမျိုးသမီးအဖွဲ့အစည်းများအား ထောက်ပံ့လှူဒါန်းခဲ့သည်။

#Me Too နှင့် Time's Up စသည့်အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားခံမှု ဆန့်ကျင်ရေး လှုပ်ရှားမှုကို ထောက်ခံသောအားဖြင့် အမ်မာဝပ်ဆန်နှင့် ဗြိတိန်မင်းသမီး ကီယာနိုက်တလေတို့သည် အနုပညာကဏ္ဍမှ ဦးဆောင်လှုပ်ရှားသူများဖြစ်သည်။

ဗြိတိန်ရုပ်ရှင်စတားများ၏ The Justice and Equality Fund ရန်ပုံငွေသည် လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်းမှ ပြန်လည်ရုန်းထသည့် အမျိုးသမီးများကို ကူညီနေသည့် အဖွဲ့အစည်းခုနစ်ခုသို့ ထောက်ပံ့လှူဒါန်းခဲ့သည်။

ဟောလိဝုဒ်တွင် လှုပ်ခတ်ခဲ့သည့် ဒါရိုက်တာ ဟာဗေဝိန်းစတိန်း၏ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှု စွပ်စွဲချက်များ ပေါ်ထွက်သော ယမန်နှစ်ကတည်းက အလုပ်ခွင်အတွင်း လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကို ဆန့်ကျင်သည့် #Me Too လှုပ် ရှားမှု ပထမဆုံး ပေါ်ထွက်လာ ခြင်းဖြစ်သည်။

ပေါင်တစ်သန်းလှူဒါန်းခဲ့သော အသက် (၂၈)နှစ်အရွယ် အမ်မာဝပ်ဆန်က အဆိုပါ ရန်ပုံငွေသည် အစပိုင်းသာရှိသေးကြောင်းနှင့် ဗြိတိန်အမျိုးသမီးအဖွဲ့အစည်းများ ရေရှည်ဆက်လက်ရပ်တည်နိုင်ရေး ကူညီမည်ဖြစ်ကြောင်း ပြောသည်။

အသက် (၃၃)နှစ်အရွယ် ကီယာနိုက် တလေက "ဗြိတိန်နိုင်ငံတစ်လွှားမှာ အမျိုးသမီးနဲ့ မိန်းကလေးတွေအတွက် အရေးပါတဲ့ လှုပ်ရှားမှုတွေ ဆောင်ရွက်နေတဲ့ ရှေ့ပြေးအဖွဲ့အစည်းတွေကို ကျွန်မတို့ ဆက်ပြီးထောက်ပံ့နိုင်မယ်လို့မျှော်လင့်ပါတယ်"ဟု ပြောသည်။

Harry Potter ဇာတ်ကားများတွင် Hermione ဇာတ်ကောင်ဖြင့် လူသိများခဲ့သော အမ်မာဝပ်ဆန်သည် ရုပ်ရှင်လောကတွင် အောင်မြင်သည်သာမက အမျိုးသမီးကဏ္ဍတွင်လည်း တက်ကြွစွာပါဝင်လှုပ်ရှားသဖြင့် UN Women Goodwill Ambassador ကုလသံအမတ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

*—Ref: contactmusic*



www.free4readers.com





www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018



ရွှေအိမ်စည်



ဓာတ်ပုံ–Aung aung(NYC)

ဥက္ကာမင်းမောင်



နေခြည်ဦး

စာ(၄၃)မှအဆက်

# ကျော်ကြားသူများနှင့် အွန်လိုင်းအနိုင်ကျင့်ခံရမှုပြဿနာ

ထိုအဖြစ်အပျက်ဖြစ်ပြီး များမကြာမီ မော်ဒယ်ဟိန်းမင်းသူက အကောင့်မဟက်ခံရမီ အောက်တိုဘာ ၉ ရက်ညက အားကစားပြုလုပ်ရင်း Heart Attack ဖြစ်ပြီး ရုတ်တရက်ဆေးရုံတင်ရကြောင်း တင်ထားသည့် ပို့စ်ကို တင်ခဲ့သောကြောင့် ထိုပို့စ်ကစတင်၍ အကြောင်းပြုကာ ပြည်သူလူထု၏ စိတ်ဝင်စားမှုလိုချင်သောကြောင့်တင်သည်ဟုယူမှတ်ကြပြီး ဝိုင်း၍ Cyber Bullying ပြုလုပ်ကြခြင်း ဖြစ်သည်။

Cyber Bullying ပြုလုပ်သူများ၏ အဓိကသားကောင်များ အနက် ထင်ရှားကျော်ကြားသူနောက်တစ်ဦးမှာ နာမည်ကြီး Beauty Blogger တစ်ဦးဖြစ်ပြီး သရုပ်ဆောင်လုပ်ကိုင်နေသည့် နေခြည်ဦးလည်း ပါဝင်သည်။

နေခြည်ဦးသည် ၎င်း၏ ဖေ့စ်ဘွတ်ခ်ပေ့ချ်တွင် တင်သည့်အကြောင်းအရာအများစုကို လှောင်ပြောင်သည့် ရှုထောင့်မှ Troll ခံရသကဲ့သို့ ၎င်း၏ ဖက်ရှင်အသုံးအဆောင်ပစ္စည်းကအစပြု၍ ၎င်း၏ အချစ်ရေး၊ ၎င်း၏ မျက်နှာပိုင်းဆိုင်ရာခွဲစိတ်မှုများအထိ Cyber Bullying ပြုလုပ်ခံရသူ ဖြစ်သည်။

သို့သော် နေခြည်ဦးသည် Cyber Bullying လုပ်ခံရခြင်းများကို အကောင်းဘက်ကသာတွေး၍ ရှုမြင်လေ့ရှိသူ ဖြစ်သည်။

"အစကတော့လူတွေအရမ်းဝေဖန်တဲ့အခါ နေခြည်စဉ်းစားတယ်။ ငါလည်း ဘယ်သူ့အပေါ်မှာမှ မယုတ်မာခဲ့ဖူးပါဘူးပေါ့။ ဒါပေမဲ့ ဒီအလုပ်ကပေးတဲ့ဒဏ်လို့ပဲတွေးပါတယ်။ နောက်တစ်ခုက ကိုယ့်မှာမိန်းကလေးပရိသတ်က အရမ်းများတယ်လေ။ ကိုယ့်ကို မိန်းကလေးတွေ အရမ်းချစ်ကြတဲ့အတွက် ကိုယ့်ကိုမနာလိုတဲ့သူကတော့ ပိုပြီးအမုန်းပွားလာမှာပဲလေ။ အဲဒါကြောင့် တစ်ခါတလေ ကျစဉ်းစားတယ်။ ဘာလို့များ ကိုယ့်ကိုအဲဒီလောက်ထိ ဂုဏ်သိက္ခာကျဆင်းအောင်ပြောသလဲပေါ့။ နေခြည့်မှာကျတော့မိသားစုအသိုင်းအဝိုင်းရှိသေးတယ်။ နေခြည့်မိဘကလည်း စီးပွားရေးအသိုင်းအဝိုင်းကဖြစ်တဲ့အတွက် တစ်ခါတလေသူတို့ရှေ့မှာတောင် နေခြည်လမ်းမဖြတ်လျှောက်ရဲဘူး။ စိတ်မကောင်းဖြစ်လို့ပါ"ဟု သရုပ်ဆောင် နေခြည်ဦးက ပြောသည်။သို့သော် တိုက်ခိုက်မှုပေါင်းများစွာကြုံတွေ့နေကျဖြစ်၍အရေခွံထူနေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

အောင်မြင်ကျော်ကြားလူသိများသူတစ်ဦးကို ကြည့်မရခြင်းကစတင်ကာ အားလုံးကဝိုင်း၍ Cyber Bullying လုပ်ကြသူများကို ဂရုမစိုက်ခြင်းအနုပညာနှင့်သာနေရန် အဆိုတော် နီနီခင်ဇော်က အကြံပြုသည်။

"Cyber Bullying ကတော့လူတိုင်းရှိမှာပဲ။ ဒါကြောင့်မို့ Cyber Bullying ကို နီနီတို့ Against (ဆန့်ကျင်) လုပ်ပါတယ်လို့၊ ဘယ်လောက်ပဲ အော်နေအော်နေလုပ်နေတဲ့ သူတွေရှိရင် Cyber Bullying ကရှိနေဦးမှာပဲ။ ဒါတွေက လူတွေသန်းနဲ့ချီပြီး လုပ်နေကြတာပဲလေ။ အရေးကြီးဆုံးက ကိုယ့်စိတ်က မယူသရွေ့၊ ကိုယ့်စိတ်ဓာတ်ကြံ့ခိုင်သရွေ့ ကိုယ့်စိတ်ထဲက ပျော်ရွှင်မှုနဲ့ကြည်လင်မှုကို ဘယ်သူမှ ဖျက်ဆီးလို့မရပါဘူး။ ကိုယ့်ကိုယ်ကိုယ် Prevent လုပ်ခြင်းနဲ့ပဲ ကာကွယ်ပါလို့ ပြောချင်တယ်"ဟု ၎င်းက ပြောသည်။



ဓာတ်ပုံ– Amazing Grace

နီနီခင်ဇော်



ဟိန်းမင်းသူ

၎င်းကိုယ်တိုင်စာအုပ်များဖတ်ပြီး မိမိကိုယ်ကိုယ်ပျော်ရွှင်အောင်ထားသည့်အကျင့်ကို ယခုနောက်ပိုင်းမွေးမြူလာနိုင်သည်ဟု Cyber Buylling ဒဏ်မှ လွတ်မြောက်နိုင်သည့် နည်းလမ်းကိုမျှဝေသည်။

"အဲဒီတော့ အေးချမ်းမှုနဲ့ပဲ ကိုယ်တိုင်ရဲ့ ပျော်ရွှင်မှုကို ရှာဖွေပါလို့ပြောချင်တယ်။ စိတ်ဆင်းရဲစရာတွေကတော့ရှိတာပဲ။ ဒါကို ကိုယ်ယူမလား၊ မယူဘူးလားအပေါ်မှာ မူတည်တယ်။ ယူလိုက်ရင် ကိုယ့်ပစ္စည်းဖြစ်မယ်။ မယူဘူးဆိုရင်တော့ ပေးတဲ့သူက ဘယ်လောက်ပေးပေး ပေးလို့မရဘူး။ နီနီ့ကိုစိတ်ညစ်စရာတွေပေးတယ်လေ။ နီနီမယူဘူးလေ။ ကိုယ့်ဆိုင်ရှေ့မှာ လာထားတဲ့လက်ဆောင်ပစ္စည်းလိုပဲ။ ကိုယ်မယူချင်ဘူးဆိုရင် ရင်ထဲဝင်မလာဘူး။ ကိုယ်ကလက်ခံမှ ရင်ထဲရောက်တာ။ရင်ထဲရောက်မှ ဦးနှောက်ကစဉ်းစားပြီး စိတ်မကောင်းစရာတွေ၊ ငိုစရာတွေခံစားရတာပါ" ဟု နီနီခင်ဇော်ကပြောသည်။

အနုပညာ လုပ်ကိုင်နေသူအများစုကို ပရိသတ်များက စိတ်မာသူများဟု ထင်လေ့ရှိသော်လည်း တကယ်တမ်းတွင် စိတ်ခံစားချက်ပြင်းပြပြီး ခံစားလွယ်တတ်သူများ ဖြစ်သည်ဟု ၎င်းကဆိုသည်။

အဆိုတော်နီနီခင်ဇော်သည် ပြီးခဲ့သည့် နှစ်အတွင်း Cyber Bullying ပြုလုပ်ခြင်းကို အပြင်းအထန်ကြုံတွေ့ခဲ့ရသည်။ အကောင့်တစ်ခုမှ ၎င်း၏အချစ်ရေး၊ အိမ်ထောင်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများရေးသားကာ လူမှုကွန်ရက်ပေါ်သို့ တင်လိုက်ခြင်းကြောင့် အချို့ပရိသတ်များ၏ ပြင်းထန်သောဝေဖန်မှုများနှင့် အဆိုပါပို့စ်ကို Share ၍ Cyber Bullying ဝိုင်းလုပ်ကြသောကြောင့် စိတ်ဖိစီးမှုများစွာနှင့် စိတ်အနှောင့်အယှက်များစွာတွေ့ ကြုံခံစားခဲ့ရသည်။

ထို့အတူ သရုပ်ဆောင်၊ အဆိုတော် ဥက္ကာမင်းမောင်သည် ယခုနှစ်ဇွန်လက ၎င်းနှင့် ၎င်း၏ ချစ်သူ အမျိုးသားတို့၏ ဓာတ်ပုံများကို သူငယ်ချင်းက လူမှုကွန်ရက်ပေါ်သို့ တင်ခြင်းကြောင့် လိင်တူချစ်ကြိုက်ခြင်းအပေါ် ပရိသတ်အချို့၏ ဝေဖန်မှုနှင့် ထိုဓာတ်ပုံများကို လူမှုကွန်ရက်တွင် ပြန်လည်မျှဝေကာ Cyber Bullying ဝိုင်းလုပ်ခြင်းကို ခံခဲ့ရသည်။

"ဒီမှာက ဥပဒေက မလွှမ်းမိုးနိုင်ဘူး။ အခုချိန်မှာဆိုရင် ဟိန်းမင်းသူအကောင့် အဟက်ခံရတယ်။ သူ့အကောင့်ကို ဟက်တာဘယ်သူလဲဆိုတာ မသိလိုက်ရဘူး။ သိလည်းသိလာမှာမဟုတ်ဘူး။ အဲဒီတော့လူတွေက ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်လို့ရတယ်။ လုပ်ချင်တိုင်းလုပ်လို့ရတယ်။ ဒီလိုမျိုးလုပ်လို့ရှိရင် ငါဘယ်လိုခံရမလဲဆိုတာကို သိရင်လုပ်မှာမဟုတ်ဘူး။ လူတွေက ကိုယ့်ရဲ့အတွင်းကျကျတွေကိုသိချင်ကြတယ်။ အပေါ်ယံတွေကို မသိချင်ကြဘူး။ အတွင်းထဲထိ နှိုက်ပြီးသိချင်ကြတာဆိုတော့ သူတို့သိချင်တာကို မပြောပြရင်သူတို့က နှိုက်မှာပဲ။ အဲဒီလိုနှိုက်တဲ့အချိန်မှာ ကိုယ့်ဘက်ကနေဆိုရှယ်မီဒီယာ မှာဆင်ခြင်ရမှာပဲလေ။ ဘာမှသွားလုပ်လို့မရဘူး။ ကိုယ့်ဘက်က ဆင်ခြင်နိုင်သလောက်ဆင်ခြင်ရမယ်။ တကယ်တမ်းသူတို့က Bullying လုပ်လာပြီ၊ ဖောင်းထုလာပြီဆိုရင်လည်း ဂရုမစိုက်ဘူးပေါ့။ ငါ့ကိုပြောတယ်မဟုတ်လား။ ပြောပေါ့။ ဘယ်လောက် ပြောနိုင်မှာလဲ၊ အဲဒီလိုလေးနေတာပဲ ကောင်းမယ်ထင်တယ်"ဟု အလှမယ် ရွှေအိမ်စည်က အွန်လိုင်းအနိုင်ကျင့်ခံရမှု ပြဿနာများအပေါ် အားနည်းချက်နှင့် ၎င်း၏တုံ့ပြန်မှုကို ပြောကြားသည်။

Cyber Bullying နှင့်ပတ်သက်၍ အသက်အရွယ်အလိုက်များစွာကြုံတွေ့ခဲ့ရသလို အရေးမကြီးသောကြောင့် ခေါင်းထဲမထည့်ထားကြောင်း အဆိုတော် သရုပ်ဆောင်ထွန်းထွန်းက ပြောသည်။

"ကျွန်တော်လည်း ငယ်ငယ်က အွန်လိုင်းစသုံးခါစက ကိုယ့်ကိုမကောင်းတာပြောရင် စိတ်ပျော်ရင်တစ်မျိုး၊ ညစ်နေတဲ့အခါကျရင် ပြန်ပြောတာမျိုးတွေရှိတယ်။ ဒါပေမဲ့ လိုက်မခံစားတာတော့ အကောင်းဆုံးပဲလို့ထင်တယ်။ လိုက်ခံစားတဲ့သူက အရှုံးပဲ။ နောက်ပိုင်းတော့ ဘာမှခေါင်းထဲသိပ်မရှိဘူး။ ဝေဖန်မှုတွေ၊ တိုက်ခိုက်မှုတွေ၊ အကြံပေးမှုတွေ၊ ကောင်းတာ၊ ဆိုးတာတွေက အမြဲဒွန်တွဲနေမှာပဲ။ ကိုယ့်ရဲ့ ရည်ရွယ်ချက်တွေမပျောက်ဖို့က အဓိကပေါ့"ဟု၎င်းကပြောသည်။

www.free4readers.com

Sports
7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018

# ''ပြိုင်ပွဲမတိုင်ခင် တစ်လအတွင်း ပိုကောင်းတဲ့အသင်းဖြစ်ဖို့ ကြိုးပမ်းသွားမှာပါ''

## မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနည်းပြချုပ်အန်တွမ်နီဟေးနှင့် တွေ့ဆုံခြင်း

ရွှေဘုတ်

ဒေသတွင်းအဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာဆီယံဆုဇုကီးဖလားဘောလုံးပြိုင်ပွဲစတင်ရန် တစ်လခန့်သာ လိုပါတော့သည်။ ဂျာမနီနည်းပြချုပ် အန်တွမ်နီဟေးကိုင်တွယ်နေသည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဆုဇုကီးပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဒေသတွင်းပြိုင်ဘက် အင်ဒိုနီးရှား၊ တောင်အမေရိက အသင်း ဘိုလစ်ဗီးယားတို့နှင့် ခြေစမ်းခဲ့ရာ နှစ်ပွဲစလုံးသုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ထားသည်။ နည်းပြချုပ်အန်တွမ်နီဟေးလက်ထက်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် တရုတ်၊ အင်ဒိုနီးရှား၊ ဘိုလစ်ဗီးယားအသင်းတို့နှင့် ခြေစမ်းထားရာ သုံးပွဲစလုံးရှုံးနိမ့်ထားပြီး ရဂိုးမရရှိသေးပေ။ (ယခုအင်တာဗျူးရေးချိန်တွင် အောက်တိုဘာ ၁၆ ရက်ယှဉ်ပြိုင်သည့် ဘာရိန်းအသင်းနှင့် ခြေစမ်းပွဲရလဒ်မသိရသေးပေ) အာဆီယံဆုဇုကီးပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)၌ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအိုအသင်းတို့နှင့်ကျရောက်နေသည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းလက်ရှိအခြေအနေနှင့်ဆုဇုကီးပြိုင်ပွဲအတွက် ပြင်ဆင်ထားမှုများနှင့်ပတ်သက်၍ နည်းပြချုပ်အန်တွမ်နီဟေးကို မေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အင်ဒိုနဲ့ ဘိုလစ်ဗီးယားကို ရှုံးနိမ့်တဲ့ပွဲတွေမှာ မြန်မာအသင်း ဘာအားနည်းချက်တွေ တွေ့လဲ။**

ခြေစမ်းပွဲနှစ်ပွဲမှာ ရလဒ်ကတော့ မကောင်းခဲ့ဘူး။ ခံစစ်ပိုင်းမှာ ငယ်ရွယ်တဲ့သူတွေသုံးခဲ့တယ်။ အရပ်အမောင်း မြင့်မားမှုကိုတော့ မယှဉ်နိုင်ပေမယ့်နေရာယူမှုတော့ သင်ကြားနိုင်ခဲ့တယ်။ ပြိုင်ဘက်က အသင်းကောင်းတွေဖြစ်လို့ အတွေ့အကြုံကောင်းရခဲ့တယ်။ တိုက်စစ်ပိုင်းက အောင်သူမပါနိုင်လို့ အားနည်းခဲ့တယ်ဆိုတာတော့လက်ခံပါတယ်။ သူ့အစား တခြားသူတွေစမ်းသပ်ခွင့်ရတဲ့အတွက် အောင်သူပြန်ပါနိုင်ရင် တိုက်စစ်က ပိုကောင်းလာမှာပါ။ ဒါတွေကို ပြိုင်ပွဲမတိုင်ခင် လေ့ကျင့်မှုမှာ ပြင်ဆင်ပါမယ်။

ခြေစမ်းပွဲနှစ်ပွဲစလုံးမှာတော့ လူငယ်ကစားသမားတွေ ကောင်းကောင်းအသုံးပြုနိုင်ခဲ့တယ်။ အတွေ့အကြုံကောင်းတွေ ရခဲ့တယ်။ အသင်းတစ်သင်း ပိုကောင်းလာဖို့ဒီပြိုင်ဘက်နှစ်သင်းဆီကနေပုံစံကောင်းတွေ သင်ယူခွင့်ရခဲ့တယ်။အနာဂတ်မှာလူငယ်ကစားသမားအုပ်စုလိုက်နဲ့ မျိုးဆက်တစ်ခုဖန်တီးနိုင်ဖို့ အခွင့်အရေးက လက်ရှိမှာ အကောင်းဆုံးပါပဲ။

**ဖီဖာအသိအမှတ်ပြု ခြေစမ်းပွဲတွေမှာရှုံးတဲ့အတွက် ကမ္ဘာ့အဆင့်ကျနိုင်ပါတယ်။ ဒါကိုဂရုစိုက်သင့်လား။**

ဖီဖာအဆင့်ရပ်တည်မှု ကျနိုင်တယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမဲ့ တစ်ဖက်ကကြည့်မယ်ဆိုလည်း အာဆီယံက အသင်းကြီးတစ်သင်း၊ တောင်အမေရိက အသင်းကောင်းတစ်သင်းနဲ့ ကစားခွင့်ရခဲ့တယ်။ လူငယ်တွေကို ခြေစမ်းစမ်းသပ်ခွင့်ရခဲ့တယ်။ ဖီဖာရပ်တည်မှုရော၊ အသင်းစမ်းသပ်မှုကိုရောနှစ်ခုစလုံးကိုတော့ ဦးစားပေးလုပ်ဆောင်ခဲ့ပါတယ်။

**လက်ရွေးစင်အသင်း အကောင်းဆုံး ၁၁ ဦးစာရင်းကိုရပြီလား။ အရန်အင်အားရော ကျေနပ်ပြီလား။**

အကောင်းဆုံးကစားသမားတွေကိုရွေးထားတာတော့ အားလုံးအမြင့်ပါ။ ဒီခြေစမ်းပွဲတွေမှာလည်း ကစားသမားတချို့ကို ကောင်းကောင်း စမ်းသပ်နိုင်ခဲ့တယ်။ မတူညီတဲ့ကစားပုံ၊မတူညီတဲ့နေရာတွေမှာပါ သုံးခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်အသင်းမှာ အကောင်းဆုံး လူစားလဲနိုင်ဖို့တော့ ရှာဖွေနေတုန်းပါ။ ကြားထဲမှာခြေစမ်းရင်း၊ လေ့ကျင့်ရင်းရှာဖွေမှာပါ။ နောက်ပြီး ကျွန်တော်စကိုင်တွယ်တဲ့ တရုတ်အသင်းနဲ့ခြေစမ်းပွဲက ကစားသမားတွေနဲ့ လက်ရှိကစားသမားတွေ မတူညီတာ တွေ့ရမှာပါ။ သူတို့က ပိုငယ်ပေမယ့် ပိုလည်းလျင်မြန်ပါတယ်။ ခြေစမ်းပွဲနှစ်ပွဲမှာ တိုက်စစ်ပိုင်း ဂိုးမရပေမယ့် အောင်သူ ဒဏ်ရာကြောင့် တခြားငယ်ရွယ်တဲ့ကစားသမားတွေကို စမ်းသပ်ခွင့်ရခဲ့ပါတယ်။ ဒါက အကျိုးရှိခဲ့ပါတယ်။ တစ်ဆင့်ချင်းတော့ ပြင်ဆင်ရမှာဆိုပေမယ့် ပြိုင်ပွဲမတိုင်ခင် တစ်လအတွင်းမှာ ပိုကောင်းတဲ့အသင်းဖြစ်ဖို့ ကြိုးပမ်းသွားမှာပါ။

**လက်ရှိ အသင်းမှာလူငယ်ကစားသမားအများစုပါတဲ့အတွက် စီနီယာကစားသမားတချို့ကိုကောထပ်ဖြည့်ဖို့ရှိဦးမလား။**

လက်ရှိ ကျွန်တော့်အသင်းက အရမ်းငယ်ပါတယ်။ ဒါပေမဲ့ ကစားသမားလေးတွေက ငယ်တဲ့အတွက် အတွေ့အကြုံနည်းပေမယ့် လျင်မြန်ဖျတ်လတ်ပါတယ်။

သူတို့နဲ့ပဲကာတာခြေစမ်းခရီးစဉ်ကို ဆက်သွားမယ်။ ပြန်လာတာနဲ့ ဆုဇုကီးပြိုင်ပွဲဝင်မယ်။ ကြားထဲမှာ လူစာရင်းအပြောင်းအလဲ မရှိတော့ပါဘူး။

**လက်ရှိခြေစမ်းပွဲတွေ အပြီးမှာ အသင်းရဲ့ပုံစံကို အားရကျေနပ်ပြီလား။ ဘာတွေ ထပ်ပြင်ဆင်ဖို့ ရှိမလဲ။**

ကျွန်တော်တို့ အခုခြေစမ်းပွဲတွေအပြင် အာရှအားကစားပြိုင်ပွဲမှာလည်း ပွဲတွေကစားထားတယ်။ အဲဒီလူစာရင်းကို အခြေခံထားတယ်။ အခုကာတာကို သုံးပတ်နီးပါး သွားရောက်လေ့ကျင့်မယ်။ သူတို့ဆီက နာမည်ကြီးကလပ်အသင်းတချို့နဲ့ ခြေစမ်းမယ်။ တကယ်က ဒီကာတာလေ့ကျင့်ရေး ခရီးစဉ်က အသင်းအတွက် အရမ်းအရေးကြီးပါတယ်။ အချိန်ကလည်းတစ်လလောက်ပဲလိုတော့တဲ့အတွက် သေချာအာရုံစိုက်ပြင်ဆင်ပါမယ်။ နိုဝင်ဘာပထမအပတ်မှာ ဒီပြန်ရောက်မယ်။ ပြီးတာနဲ့ ကမ္ဘောဒီးယားနဲ့ အဖွင့်ပွဲအတွက် ပြင်ဆင်မှုတွေ ပြုလုပ်သွားမှာပါ။

**ဆုဇုကီးဖလားပြိုင်ပွဲမှာ မြန်မာအသင်းရဲ့ အဓိကပစ်မှတ်က ဘာဖြစ်မလဲ။**

ဒီနှစ်ဆုဇုကီးက နှစ်ပွဲကို အိမ်ကွင်း၊ နှစ်ပွဲကို အဝေးကွင်းကစားရမယ့် အခြေအနေက ကျွန်တော့်အတွက် အနည်းငယ် ထူးခြားနေပါတယ်။ ပထမဆုံး ဆီမီးဖိုင်နယ်တက်ဖို့ အရင်ကြိုးစားပါမယ်။ အနည်းဆုံးတော့ အုပ်စုဒုတိယရဖို့တော့လိုပါတယ်။ အဓိကပွဲကတော့ ပွဲဦးထွက်ကစားရမယ့် ကမ္ဘောဒီးယားနဲ့ပွဲဖြစ်ပါတယ်။ အိမ်ကွင်းမှာ ကစားခွင့်ရတယ်။ ဒါပေမဲ့အရေးကြီးတာက ပြည့်ပြည့်ဝဝနဲ့ ပရိသတ်အားပေးထောက်ခံမှုပါပဲ။ ဒါကသာ ဆီမီးတက်ရေးအတွက် အရေးကြီးတဲ့အချက်ပါ။ ပြီးခဲ့တဲ့ ၂၀၁၆ ဆုဇုကီး ဆီမီးဖိုင်နယ်တက်တုန်းက အားလုံးကို အိမ်ကွင်းကစားခဲ့ရတယ်။အခုက အနည်းငယ်ကွဲပြားပြီး အဝေးကွင်းပွဲတွေ ပါလာတော့ မတူတော့ဘူး။ ပိုပြီး ခက်ခဲလာခဲ့ပြီ။

**ဆုဇုကီးအုပ်စုတွင်းမှာ ဘယ်အသင်းက အခက်ခဲဆုံးပြိုင်ဘက်ဖြစ်မလဲ။**

အဲဒီလိုတော့ ခန့်မှန်းဖို့မလွယ်ဘူး။ မလေးရှားဆို အာရှပြိုင်ပွဲတုန်းက အရမ်းကောင်းတယ်။ ဗီယက်နမ်လည်း အဲဒီအတိုင်းပဲ အရမ်းတောင့်တင်းတယ်။ ကမ္ဘောဒီးယားဆိုလည်း ဂျပန်လက်ရွေးစင်ဟွန်ဒါနဲ့ လေ့ကျင့်နေပြီ။ ကျွန်တော်တို့ အဓိကအားထုတ်ရမှာက ပွဲဦးထွက်မှာအနိုင်ရဖို့ပါ။ အရေးကြီးတာက ပရိသတ်တွေ ပြည့်ပြည့်ဝဝအားပေးမှုပါပဲ။

**လက်ရွေးစင်အသင်းကို ကိုင်တွယ်ရာမှာ ဘာအခက်အခဲရှိလဲ။**

ကျွန်တော့်အသင်းကကစားသမားတွေက ငယ်တဲ့သူတွေများပါတယ်။ သူတို့က လက်ရွေးစင်မှာ ပရိသတ်အများကြီးရှေ့မှာ ကစားနေရတာပါ။ ကလပ်နဲ့ မတူဘူး။ သူတို့ရဲ့ကစားပုံ၊ နေထိုင်မှုပုံစံ ရင့်ကျက်လာဖို့အချိန်တော့ ပေးရပါမယ်။ သူတို့လည်း ပရော်ဖက်ရှင်နယ် ကစားသမားတွေဖြစ်တဲ့အတွက် နိုင်ငံ့လက်ရွေးစင်ဆိုတာက ကလပ်နဲ့ မတူကွဲပြားတာကိုနားလည်မှာပါ။ အားလုံးကို စည်းကမ်းကောင်းဖို့ ဦးစားပေးကိုင်တွယ်သွားပါမယ်။

**အသင်းရဲ့ တိုက်စစ်ပိုင်းမှာ အဓိကကစားသမား အောင်သူ မကစားနိုင်ရင် ဘာတွေပြင်ဆင်ထားလဲ။**

အောင်သူအပေါ် အလုံးစုံမှီခိုနေတာမျိုးမဟုတ်ဘူး။ သူမပါလို့ အားနည်းချက်တော့ ရှိခဲ့တယ်။ လက်ရွေးစင်အသင်းရဲ့ ခြေစမ်းပွဲတွေကြည့်မယ်ဆို အသင်းကောင်းတွေ၊ အသင်းကြီးတွေနဲ့ပဲ ကစားခဲ့ရတာပါ။ ဘယ်အသင်းမှမလွယ်ကူခဲ့ပါဘူး။ဒါပေမဲ့အသင်းကြီးတွေနဲ့ ကစားရတာက ကစားသမားတွေ ယုံကြည်မှုတိုးစေတယ်။ အခုဂိုးမရသေးပေမယ့် ဂိုးဖန်တီးမှု ကောင်းလာတယ်။ တစ်ပွဲတစ်ပွဲဂိုးသွင်းခွင့်ပိုရလာတယ်။ တဖြည်းဖြည်းနဲ့ တိုက်စစ်ပိုင်းက ဂိုးရလာမှာပါ။

**ပရိသတ်တွေကို ဘာများပြောချင်လဲ။**

ကျွန်တော် အသင်းကို အကောင်းဆုံးပုံစံတစ်ခု ရအောင် လူငယ်ကစားသမားတွေနဲ့ တည်ဆောက်နေပါတယ်။ ဆုဇုကီးပြိုင်ပွဲမတိုင်ခင် ကြားကာလအတွင်းမှာ ပိုကောင်းလာဖို့ကြိုးပမ်းနေပါတယ်။ ပရိသတ်တွေအနေနဲ့လည်း အသင်းကို လာရောက်အားပေးစေချင်တယ်။ ဆုဇုကီးက အိမ်ကွင်း၊ အဝေးကွင်းဖြစ်တဲ့အတွက် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားသမားတွေအတွက် ပရိသတ်အား လိုအပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**



ဓာတ်ပုံ – စိုင်းဇော်




ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က နိုင်ငံလက်ရွေးစင်အသင်းတွေအတွက် ပုံစံသစ်နဲ့ယှဉ်ပြိုင်စေတဲ့ ဥရောပနိုင်ငံများ အမှတ်ပေးလိဂ်ပြိုင်ပွဲဟာ ကာလတိုအတွင်းမှာပဲ ပရိသတ်တွေကို ဖမ်းစားလာနိုင်ခဲ့ပါတယ်။ နာမည်ကြီးဂျာမနီရဲ့ ကမ္ဘာ့ဖလားကျိန်စာလက်ကျန် မပြယ်နိုင်သေးတဲ့ အခြေအနေဆိုးတွေကလည်း ဒီလိဂ်ပြိုင်ပွဲရဲ့ အရှိန်အဟုန်ကို ခပ်မြန်မြန် မြင့်တက်လာစေပြန်ပါတယ်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က နှစ်စဉ် သတ်မှတ်ထုတ်ပြန်တဲ့ နိုင်ငံတကာဘောလုံးပြက္ခဒိန်တွေမှာ လက်ရွေးစင်အသင်းတွေ ခြေစမ်းပွဲကစားရမယ့်နေ့ရက်တွေကို ထည့်သွင်းသတ်မှတ်ထားလေ့ ရှိပါတယ်။ ဒီအခါမှာကစားသမားကောင်းတွေကို အရေးမပါတဲ့ခြေစမ်းပွဲတွေဆီစေလွှတ်ရ၊ ကစားသမားတွေထိခိုက်ဒဏ်ရာရကြတဲ့အတွက် ကလပ်အသင်းတွေဘက်က ဝေဖန်ကန့်ကွက်မှုတွေရှိလာတယ်။ ဒီအခြေအနေကို တုံ့ပြန်တဲ့အနေနဲ့ ပုံမှန်ခြေစမ်းပွဲတွေအစား လိဂ်ပြိုင်ပွဲသတ်မှတ်ပြီးလက်ရွေးစင်အသင်းတွေကို ယှဉ်ပြိုင်စေဖို့ ယူအီးအက်ဖ်အေက ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ပထမဆုံး ယူအီးအက်ဖ်အေ နိုင်ငံများ အမှတ်ပေးလိဂ်ပြိုင်ပွဲဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးအပြီး စက်တင်ဘာမှာ စတင်ခဲ့ပါတယ်။ ပြိုင်ပွဲရဲ့ပုံစံက အမှတ်ပေးလိဂ် အဆင့်လေးခု ခွဲထုတ်ထားတာဖြစ်ပြီး ယူအီးအက်ဖ်အေအဖွဲ့ဝင် ၅၅ နိုင်ငံပါဝင် ယှဉ်ပြိုင်ကြပါတယ်။ လိဂ်အေကအဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်ပြီး လိဂ်ဘီ၊ လိဂ်စီနဲ့ လိဂ်ဒီတွေအစဉ်လိုက်ပါဝင်နေပါတယ်။ လိဂ်အလိုက်ပြိုင်ပွဲဝင် အသင်းတွေကိုတော့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွေနဲ့ ခွဲထုတ်ပေးထားပါတယ်။

လိဂ်တစ်ခုစီမှာ အုပ်စုလေးခုစီထပ်ခွဲပါတယ်။ အုပ်စုတစ်ခုစီကအသင်းတွေဟာ အိမ်ကွင်း၊ အဝေးကွင်းအပြန်အလှန် ယှဉ်ပြိုင်ပြီး အုပ်စုဗိုလ်နေရာကို လုရပါမယ်။ လိဂ်အေရဲ့ အုပ်စုလေးခုက ထိပ်ဆုံးလေးသင်းကိုတော့နိုင်ငံများဖလား ဗိုလ်လုပွဲစဉ်တွေအဖြစ် ရှုံးထွက်ကစားစေဖို့ ယူအီးအက်ဖ်အေက စီစဉ်ထားပါတယ်။ လိဂ်တစ်ခုချင်းစီရဲ့ အုပ်စုဘိတ်အသင်းတွေကတော့ အဆင့်ပိုနိမ့်တဲ့ လိဂ်ကို တန်းဆင်းရမှာပါ။ ဥပမာ လိဂ်အေရဲ့ အုပ်စုတစ်ခုကနောက်ဆုံးအသင်းဟာ လိဂ်ဘီကို ရောက်ပြီး လိဂ်ဘီရဲ့ အုပ်စုဗိုလ်အသင်းကတော့ လိဂ်အေကိုတန်းတက်လာမှာ ဖြစ်ပါတယ်။ လိဂ်ပြိုင်ပွဲလေးရပ်စလုံးက အသင်းတစ်သင်းစီဟာလည်း ၂၀၂၀ ပြည့်နှစ် ဥရောပတံခွန်စိုက်ဖလားမှာ ပါဝင်ယှဉ်ပြိုင်ခွင့်လက်မှတ်ရရှိကြမှာပါ။

ပထမဆုံးအုပ်စုပွဲစဉ်တွေကို စတင်ကျင်းပတဲ့ စက်တင်ဘာထဲမှာ သိပ်ပြီးထူးထူးခြားခြား မဟုတ်သလိုရှိခဲ့ပေမယ့် အခုလကစပြီး နိုင်ငံများအမှတ်ပေးလိဂ်ပြိုင်ပွဲအပေါ် ပရိသတ်စိတ်ဝင်စားမှုက ပိုပြီးအားကောင်းလာပါတယ်။ အထူးသဖြင့် အဆင့်အမြင့်ဆုံး လိဂ်အေရဲ့ပွဲစဉ်တွေက ထိပ်တန်းအသင်းတွေ တွေ့ဆုံကြတာ ပိုပြီး ပိုပြီးအကြိတ်အနယ် ရှိလာတယ်။ နောက်တစ်ချက်က ပုံမှန်ခြေစမ်းတာမျိုးမဟုတ်ဘဲ ပြိုင်ပွဲအသွင် ဆောင်လာတဲ့အတွက် ကစားသမားတွေကလည်း နိုင်ငံ့ဂုဏ်သိက္ခာကိုမြှင့်တင်ဖို့ ကြိုးကြိုးစားစား ကစားလာပါတယ်။

စာမျက်နှာ ၄၈ »



www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018

စာမျက်နှာ ၄၇ မှ

# အရှိန်ပိုမြင့်လာတဲ့ ယူအီးအက်ဖ်အေ ဥရောပနိုင်ငံများ အမှတ်ပေးလိဂ်ပြိုင်ပွဲ





လိဂ်အေရဲ့ အုပ်စု(၁)မှာတော့ ပြင်သစ်က နှစ်ပွဲကစားပြီး လေးမှတ်နဲ့ ဦးဆောင်နေသလို နာမည်ကြီးနယ်သာလန်ကလည်း နှစ်ပွဲကစားပြီးချိန်မှာ သုံးမှတ်ရထားပါတယ်။ ကမ္ဘာ့ဖလား ပြိုင်ပွဲမှာ အုပ်စုကနေအရှုံးတကဲ့ အရေးနိမ့်ထွက်ခွာခဲ့ရတဲ့ နာမည်ကြီးဂျာမနီကတော့ အခုထိ နာလန်ပြန်မထူသေးဘဲ ပြိုင်ဘက်နှစ်သင်းစလုံးကိုရှုံးပြီး အုပ်စုအောက်ဆုံးမှာ ရပ်တည်နေပါတယ်။ လက်ရှိ အခြေအနေတွေကိုမပြောင်းလဲနိုင်ဘူးဆိုရင်တော့ ဂျာမနီဟာ ၂၀၁၉ ယူအီးအက်ဖ်အေနိုင်ငံများဖလားမှာ လိဂ်ဘီကို တန်းဆင်းရမယ့် အလားအလာနဲ့ နီးစပ်နေပါပြီ။

အုပ်စု(၂)မှာ ဘယ်လ်ဂျီယံက နှစ်ပွဲကစားပြီးချိန် ခြောက်မှတ်၊ ဆွစ်ဇာလန်က သုံးမှတ်ရထားပြီး အိုက်စလန်ကတော့ အမှတ်ရှာမတွေ့သေးပါဘူး။ ဒီ အုပ်စုမှာတော့ နာမည်ကြီး ဘယ်လ်ဂျီယံဟာ ပြိုင်ဘက်နှစ်သင်းကို ပိုင်ပိုင်နိုင်နိုင်အသာစီးယူထားပြီး အုပ်စုဗိုလ်နေရာအတွက် သေချာသလောက်ရှိနေပါတယ်။

အုပ်စု(၃)မှာလက်ရှိဥရောပချန်ပီယံပေါ်တူဂီက နှစ်ပွဲစလုံးနိုင်၊ ခြောက်မှတ်ရထားပြီး အီတလီကလေးမှတ်၊ ပိုလန်ကတစ်မှတ်ပါ။ အုပ်စု(၄)မှာ စပိန်ကတိုက်စစ်စွမ်းဆောင်ရည်အကောင်းဆုံးပြသရင်း နှစ်ပွဲကစားခြောက်မှတ်ရထားပြီး အင်္ဂလန်နဲ့ ခရိုအေးရှားတို့က တစ်မှတ်စီခွဲယူထားကြပါတယ်။ ဒီတော့နာမည်ကြီးနှစ်သင်းဟာ လိဂ်ဘီကို တန်းမဆင်းရဖို့ အတော်လေးကြိုးစားရုန်းကန်ရဦးမယ့်သဘောပါပဲ။

လိဂ်ဘီပွဲစဉ်တွေကို မျှော်ကြည့်ရင်တော့ ယူကရိန်း၊ ရုရှား၊ ဘော့စနီးယားတို့က တန်းတက်ဖို့ အတော်လေး အခြေအနေကောင်းနေပြီး အုပ်စု(၄)မှာတော့ ဒိန်းမတ်နဲ့ ဝေးလ်စ်တို့အပြိုင်ဖြစ်နေပါတယ်။ ကမ္ဘာ့အဆင့် သတ်မှတ်ချက် ပိုနိမ့်တဲ့လိဂ်စီနဲ့ လိဂ်ဒီပြိုင်ပွဲဝင် အသင်းတွေကလည်း ကိုယ်စီကိုယ်စီ အကြိတ်အနယ်ယှဉ်ပြိုင်နေကြတာကို တွေ့နိုင်ပါတယ်။

အနှစ်ချုပ် ပြောရရင်တော့ မှတ်တမ်းဆန်ပြီး အရေးပါအရာရောက်မှုလည်း မရှိတဲ့သာမန်ခြေစမ်းပွဲတွေကို အခုလိုစနစ်ကျတဲ့ ပြိုင်ပွဲအသွင် ပြောင်းလဲလိုက်တဲ့ ယူအီးအက်ဖ်အေရဲ့ လုပ်ဆောင်မှုဟာ အတော်လေး အောင်မြင်ခဲ့တာကို လက်ခံရပါမယ်။ တခြားသော တိုက်အလိုက်ဘောလုံးအဖွဲ့ချုပ်တွေကလည်း ဥရောပ နိုင်ငံတွေရဲ့ အမှတ်ပေးလိဂ်ပြိုင်ပွဲပုံစံကို စောင့်ကြည့်လေ့လာနေကြပါပြီ။ လောလောဆယ်တော့ ဒီပြိုင်ပွဲဟာ စမ်းသပ်အဆင့်ကို ဖြတ်သန်းနေဆဲပါ။ တကယ်လို့ ၂၀၁၈–၁၉ ရာသီ ပွဲဦးထွက် ပွဲစဉ်တွေရဲ့ စမ်းသပ်ရလဒ်တွေ ကောင်းမွန်ခဲ့မယ်ဆိုရင်တော့ ဒါဟာ ရေရှည်မှာပိုပြီး အောင်မြင်တဲ့ ပြိုင်ပွဲတစ်ခုပုံစံမျိုး တွင်ကျယ်အားကောင်းလာဖွယ် ရှိနေပါတယ်။



www.free4readers.com



# ဒုံးပျံပျက်ကျခဲ့သော အာကာသယာဉ်မှူးများ အာကာသအတွင်း ပြန်သွားမည်



ပျက်ကျခဲ့သော ဒုံးပျံမှ အာကာသယာဉ်မှူးနှစ်ဦးကို မိသားစုဝင်များက လာရောက်ကြိုဆိုနေစဉ် EPA

**မော်စကို၊ အောက်တိုဘာ- ၁၃** ရုရှားဒုံးပျံတစ်စင်း လေထဲ၌ ပျက်ကျခဲ့သော ဖြစ်ရပ်မှ အသက်ရှင်ခဲ့သည့် အာကာသယာဉ်မှူးနှစ်ဦးသည် တစ်ခါထပ်မံ၍ အာကာသသို့ ထွက်ခွာမည်ဖြစ်ပြီး နိုင်ငံတကာ အာကာသစခန်း (ISS) သို့ လာမည့်နှစ် နွေဦးရာသီတွင် သွားရောက်ရန် ယာယီသတ်မှတ်ထားကြောင်း ရုရှားအာကာသအေဂျင်စီ အကြီးအကဲက ပြောသည်။

ရုရှားအာကာသအေဂျင်စီ Roseomos ၏ အကြီးအကဲ ဒီမီထရီရိုဂိုဇင်က ရုရှားအာကာသယာဉ်မှူး အလက်စီအိုချင်နင်နှင့် အမေရိကန် အာကာသယာဉ်မှူး နစ်ဟာဂွေးတို့၏ ISS သို့ ထွက်ခွာရာလမ်းတွင်း ၎င်းတို့ လိုက်ပါလာသော ဆိုယုဇ်ဒုံးပျံချွတ်ယွင်းမှုမှ အရေးပေါ်ဆင်းသက်မှုစနစ်ဖြင့် အသက်ရှင်လွတ်မြောက်လာပြီး တစ်ရက်အကြာတွင် အထက်ပါကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ယင်းမှာ ၁၉၈၃ က ထွက်ခွာမှု မစတင်မီ အမှုထမ်းတစ်ဦးသီသီကလေး လွတ်မြောက်ခဲ့သည့် ဖြစ်ရပ်နောက်ပိုင်း လူလိုက်ပါသော ဆိုယုဇ်အာကာသခရီးစဉ်တစ်ခု၏ ပထမဆုံး လွှတ်တင်မှုပြဿနာဖြစ်သည်။

ရုရှားအနေဖြင့် ၎င်းတို့၏ အာကာသစီမံကိန်းသည် ဘေးကင်းကြောင်း သက်သေထူရန် ဖိအားများအောက်ရောက်နေပြီး နာဆာအုပ်ချုပ်ရေးမှူး ဂျင်ဘရင်ဒန်စတိန်းက ရုရှားလုပ် ဆိုယုဇ်ဒုံးပျံယာဉ်များကို ယုံကြည်ကြောင်းနှင့် အမေရိကန်အာကာသယာဉ်မှူးများ ယင်းဒုံးပျံယာဉ်များဖြင့် ထပ်မံပျံသန်းရန် မျှော်လင့်ကြောင်း ပြောကြားချက်ကြောင့် ရုရှားအတွက် အားတက်စရာဖြစ်ခဲ့သည်။

ကန်ဒေါ်လာ ဘီလီယံ ၁၀၀ တန် ဂြိုဟ်ပတ်လမ်း သုတေသနစမ်းသပ်ခန်းသို့ အမေရိကန်တစ်ဦးအပါအဝင် လူသုံးဦးကို ပို့ဆောင်မည့် ဒီဇင်ဘာအတွင်း လွှတ်တင်ရန် စီစဉ်ထားသော ယင်းဒုံးပျံယာဉ်လွှတ်တင်မှု အထမြောက်မည်ဟု ယုံကြည်ကြောင်း ဘရင်ဒန်စတိန်းက သတင်းထောက်များအား ပြောသည်။

ယင်းဒုံးပျံယာဉ်ပျက်ကျမှုကို မော်စကိုက စုံစမ်းစစ်ဆေးနေပြီး မှားယွင်းသော အခြေအနေနှင့် အကြောင်းရင်း အတိအကျ အတည်မပြုနိုင်မီအထိ လူပါသော အာကာသယာဉ်လွှတ်တင်မှုအားလုံး ဆိုင်းငံ့ထားသည်။

—*Ref: Reuters*

# ကမ္ဘာတစ်ဝန်းတွင် ဗိုက်ခွဲမီးဖွားနှုန်း ၁၅ နှစ်အတွင်း နှစ်ဆခန့် မြင့်တက်



**ဝါရှင်တန်၊ အောက်တိုဘာ- ၁၃** တစ်ကမ္ဘာလုံးတွင် ဗိုက်ခွဲ၍ မီးဖွားနှုန်းသည် (၁၅)နှစ်အတွင်း နှစ်ဆခန့်မြင့်တက်လာကြောင်းလေ့လာတွေ့ရှိချက်တစ်ခုအရ သိရသည်။

ဗိုက်ခွဲ မီးဖွားမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် ၁၆ သန်း (၁၂ ရာခိုင်နှုန်း)မှ ၂၀၁၅ တွင် ၂၉ ဒသမ ၇ သန်း (၂၁ ရာခိုင်နှုန်း) ရှိလာပြီး ဗိုက်ခွဲ၍ ကလေးမီးဖွားမှုနှုန်းအများဆုံးမှာ ဒိုမီနီကန်နိုင်ငံဖြစ်ကြောင်း ကျန်းမာရေးဂျာနယ် The Lancet က ဖော်ပြသည်။

အများစုသည် ဗိုက်ခွဲရန် မလိုအပ်သော အခြေအနေတွင် ယင်းသို့ မီးဖွားခြင်းဖြစ်ကြောင်း ဆရာဝန်များ၏ ပြောကြားချက်အရ သိရသည့်အပြင် မကြာသေးမီက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အကြံပြုချက်တွင်လည်း ဗိုက်ခွဲမီးဖွားမှု ၁၅ ရာခိုင်နှုန်းကျော်သည် မလိုအပ်ဘဲ ဗိုက်ခွဲခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

The Lancet ဂျာနယ် ဖော်ပြသော အဆိုပါ အစီရင်ခံစာသည် ၂၀၁၅ ကာစ၍ နိုင်ငံ ၁၆၉ နိုင်ငံ၏ အချက်အလက်များကို ကမ္ဘာ့နိုင်ငံစုစုပေါင်း၏ ထက်ဝက်ကျော်သည် ရိုးရိုးမီးဖွားရန် ခက်ခဲသည့် အခြေအနေတွင် ဗိုက်ခွဲသည့်လုပ်ငန်းစဉ်ကို အလွန်မှီခိုအားထားကြောင်း ဖော်ပြသည်။

၂၀၁၅ တွင် ဘရာဇီးနိုင်ငံ၌ ဆရာဝန်များဗိုက်ခွဲမီးဖွားပေးခြင်း လျှော့ချရန် မူဝါဒပြဋ္ဌာန်းခဲ့သော်လည်း ကမ္ဘာတစ်ဝန်း ဗိုက်ခွဲမီးဖွားမှုနှင့် စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော်သည် ဘရာဇီး၊ ဒိုမီနီကန်၊ အီဂျစ်နှင့် တူရကီနိုင်ငံတို့မှ ဖြစ်သည်။

အမျိုးသမီးနှင့် ၎င်း၏မိသားစုများအနေဖြင့် ကျန်းမာရေးအခြေအနေအရ လိုအပ်မှသာ ဗိုက်ခွဲရန်နှင့် မီးဖွားခြင်းဆိုင်ရာ စိုးရိမ်မှုများကို တွန်းလှန်နိုင်ရေး ပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားမှုပေးရန် အဆိုပါ အစီရင်ခံစာက အကြံပေးသည်။

"အထူးသဖြင့် ဗိုက်ခွဲမွေးတာက သားအိမ်ကိုပါ ခွဲရတာဖြစ်ပြီးတော့ မိခင် ပြန်ပြီးသက်သာဖို့ ပိုအလုပ်များပါတယ်"ဟု ထိုအစီရင်ခံစာတွင် ရေးသားသူများ၌ ပါဝင်သော King's College London မှ အမျိုးသမီးကျန်းမာရေးဆိုင်ရာ ပါမောက္ခဂျန်နီဆန်ဒေါလ်က ပြောသည်။

ယခုနှစ် အစောပိုင်းတွင် WHO အဖွဲ့က မလိုအပ်သော ခွဲစိတ်မှုများ ပြုလုပ်ခြင်း လျှော့ချရန်လိုအပ်ကြောင်းလမ်းညွှန်ချက် ထုတ်ပြန်ခဲ့ပြီး ကျန်းမာရေးအခြေအနေအရ လိုအပ်ပါက ဗိုက်ခွဲမွေးရမည်ဖြစ်သော်လည်း မလိုအပ်သော အမျိုးသမီးများအနေဖြင့် ရှောင်ရှားသင့်ကြောင်းတိုက်တွန်းခဲ့သည်။

—*Ref: worryfreehealth*

# တရုတ်နိုင်ငံ တီယန်ကျင်းမြို့တွင် အာဖရိက ဝက်တုပ်ကွေးရောဂါပိုးတွေ့

**ဘေဂျင်း၊ အောက်တိုဘာ- ၁၃** တီယန်ကျင်းမြို့၌ အာဖရိက ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားနေကြောင်း တရုတ်စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၂ ရက်တွင် အတည်ပြုပြောကြားပြီး ယင်းမှာ မြို့တော်ဘေဂျင်းအရှေ့တောင်ဘက်အနီးရှိ တီယန်ကျင်းမြို့၌ ထိုရောဂါပိုး ပထမဆုံး တွေ့ရှိခြင်းဖြစ်သည်။

ဝက်အကောင်ရေ ၆၃၉ ကောင်ရှိသော တီယန်ကျင်း မွေးမြူရေးခြံတစ်ခုအတွင်း အာဖရိက ဝက်တုပ်ကွေးရောဂါပိုး တွေ့ရှိခဲ့ပြီး ယင်းအနက် ၂၉၂ ကောင် ကူးစက်ခံထားရကာ ၁၈၉ ကောင် သေဆုံးခဲ့ကြောင်း စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ထုတ်ပြန်သည်။

တရုတ်နိုင်ငံ အရှေ့မြောက်ဘက် လျောင်နင်းပြည်နယ်၌ ယခုသီတင်းပတ်အတွင်း အာဖရိက ဝက်တုပ်ကွေးရောဂါ လေးကြိမ်မြောက် ဖြစ်ပွားခဲ့ကြောင်း ယင်းဝန်ကြီးဌာနက ကြေညာသည်။

အာဖရိက ဝက်တုပ်ကွေးရောဂါပိုးကို တရုတ်နိုင်ငံတွင် ဩဂုတ် ၃ ရက်က ပထမဆုံးစတင်တွေ့ရှိခဲ့ပြီး ဘေဂျင်းအစိုးရက ရောဂါပြန့်ပွားမှု တားဆီးရန် ထောင်ချီသော ဝက်များကို သုတ်သင်ရှင်းလင်းခဲ့သည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးမရှိသေးသော အာဖရိက ဝက်တုပ်ကွေးရောဂါသည် ကူးစက်ခံရသော ဝက်အများစုအပြင်းဖျားပြီး သေဆုံးသော်လည်း လူသားများ အန္တရာယ်မရှိပေ။

မြို့တော် ဘေဂျင်းသည် ဝက်မွေးမြူရေးခြံအချို့နှင့်သာ တိုက်ရိုက်ထိစပ်နေသော်လည်း ဟီဘေးပြည်နယ်ကို ဘေဂျင်းနှင့် ဝက်မွေးမြူရေးလုပ်ငန်း အများစုလုပ်ကိုင်ထားသော တီယန်ကျင်းတို့က ဝန်းရံထားသည်။

သို့သော်လက်ရှိတွင်ဟီဘေးပြည်နယ်၌ အာဖရိက ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု မရှိသေးပေ။

—*Ref: Reuters*



7DAY NEWS JOURNAL
Vol.17, No.32 • OCTOBER 17 , 2018

# အာဖဂန်ငြိမ်းချမ်းရေးဆိုင်ရာ အမေရိကန်ကိုယ်စားလှယ်နှင့် တာလီဘန်များ ကာတာနိုင်ငံတွင် တွေ့ဆုံ

**ဝါရှင်တန်၊ အောက်တိုဘာ- ၁၃** (၁၇)နှစ်ကြာ အာဖဂန်စစ်ပွဲအဆုံးသတ်ရေးနည်းလမ်းရှာရန် သမ္မတဒေါ်နယ်ထရန့်၏ အစိုးရက ကြိုးပမ်းနေစဉ် အာဖဂန်နစ္စတန် ငြိမ်းချမ်းရေး ကြိုးပမ်းမှုများဆိုင်ရာ အမေရိကန်ကိုယ်စားလှယ်သည် ကာတာနိုင်ငံတွင် တာလီဘန်ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ကြောင်း ဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။

ယင်းတွေ့ဆုံမှုနှင့် နီးစပ်သော လူတစ်ဦးကို ကိုးကား၍ ယင်းဂျာနယ်က အာဖဂန်နစ္စတန်ရင်ကြားစေ့ရေးဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ဇော်မောခါလီဇက်သည် ဒိုဟာမြို့တွင် တာလီဘန်အရာရှိများနှင့် တွေ့ဆုံခဲ့ကြောင်း ဖော်ပြသည်။

ယင်းမှာ တာလီဘန်ကိုယ်စားလှယ်များနှင့် အမေရိကန်အရာရှိများ မျက်နှာချင်းဆိုင်ဆွေးနွေးခဲ့သည့် လေးလအတွင်း ဒုတိယအကြိမ်ဖြစ်သည်။

နှစ်ဖက်ဆွေးနွေးခဲ့သောအကြောင်းအရာများကို ရှင်းရှင်းလင်းလင်း မသိရဟု ဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။

တာလီဘန်များကို ဆွေးနွေးရေးစားပွဲဝိုင်းသို့ ဆောင်ကြဉ်းရန် ကြိုးပမ်းနေသည့် ခါလီဇက်က လက်ရှိတွင် အထူးကိုယ်စားလှယ်အနေဖြင့် ပထမဆုံးခရီးထွက်ခွာနေသည်။

၎င်းသည် ယင်း ၁၁ ရက်ကြာ ခရီးစဉ်အတွင်း အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ ယူအေအီး၊ ကာတာနှင့် ဆော်ဒီအာရေးဗီးယားနိုင်ငံများသို့ သွားမည်ဖြစ်သည်။

ဒိုဟာမြို့တွင် တာလီဘန်များနှင့် ဆွေးနွေးခြင်း ရှိ၊ မရှိ အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးဌာနက အတည်ပြုခြင်းမရှိပေ။

နိုင်ငံခြားရေးဝန်ကြီးဌာနမှ တောင်နှင့်ဗဟိုအာရှဆိုင်ရာလက်ထောက်ဝန်ကြီး အလိုက်ခ်ဝဲလ်စ်သည် ဇူလိုင်က ဒိုဟာမြို့တွင် တာလီဘန်များနှင့် ဆွေးနွေးပွဲများကျင်းပနိုင်ရေး တွေ့ဆုံခဲ့သည်။

ယင်းဆွေးနွေးမှုတွင် တာလီဘန်ဘက်က ပါဝင်ခဲ့သော လူပုဂ္ဂိုလ်လေးဦးအနက် တစ်ဦးဖြစ်သူ တာလီဘန်အရာရှိက ယင်းဆွေးနွေးမှုသည် အလွန်အပြုသဘောဆောင်သော အချက်ပြမှုများရှိသည်ဟု ပြောကြားခဲ့သည်။



*အမေရိကန် အထူးကိုယ်စားလှယ် ဇော်မောခါလီဇက်*

—*Ref: Reuters*

နောက်ကျောဖုံး မှ

## ဂျာနယ်လစ်တစ်ဦး ပျောက်ဆုံးခြင်းနှင့် ဆော်ဒီအာရေးဗီးယား ရင်ဆိုင်နေရသည့် နိုင်ငံတကာ ဖိအားများ

ထိုကားကြီး ပြန်ထွက်သွားချိန်တွင် မည်သူမည်ဝါပါရှိကြောင်း မသိရချေ။ ထို့အပြင် အစ္စတန်ဘူလ် ဟိုတယ်တစ်လုံးမှ ဆော်ဒီလက်မရှဲ့တပ်ဖွဲ့ဝင်များဟု ယူဆရသူများ အသုတ်လိုက် ထွက်ခွာသွားသည့် မှတ်တမ်းဗီဒီယိုများကိုလည်း ရဲတပ်ဖွဲ့က ရရှိခဲ့သည်။ သို့သော် ထိုဖြစ်စဉ်အားလုံးနှင့် ဆက်နွှယ်မှုမရှိကြောင်း ဆော်ဒီအစိုးရက အစဉ်တစိုက်ငြင်းချက်ထုတ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ကာရှော့ဂီ၏ သတင်းပျောက်ကွယ်နေခြင်းက ဆော်ဒီအပေါ် ဖိအားများစွာ ကျရောက်လာစေသည်။ လူ့အခွင့်အရေးနှင့် သတင်းမီဒီယာ လွတ်လပ်ခွင့်လှုပ်ရှားတောင်းဆိုသူများက ကာရှော့ဂီနှင့် ပတ်သက်၍ ဖြေရှင်းပေးရန် ဆော်ဒီအစိုးရကို ဆန္ဒပြတောင်းဆိုလာသည်။ တူရကီအတွက်လည်း ရတက်မအေးစရာကိစ္စဖြစ်သည်။ အကယ်၍ စွပ်စွဲမှုများအတိုင်းမှန်ကန်ခဲ့သည်ဆိုပါက ၎င်းတို့၏ အချုပ်အခြာအာဏာပိုင်နက် နယ်မြေတွင် ဆော်ဒီအစိုးရကို သစ္စာခံသော လက်မရှဲ့များက သွေးအေးစွာ လူသတ်မှု ကျူးလွန်သွားသည့်သဘောဖြစ်သည်။ ထိုပြဿနာသည် ဆော်ဒီနှင့် တူရကီတို့ကြား သံတမန်ဆက်ဆံရေးကိုပါ ရှုပ်ထွေးလာစေနိုင်သည်။

ကာရှော့ဂီ ပျောက်ဆုံးမှုသည် နိုင်ငံတကာသို့ပါ ရိုက်ခတ်မှုများ ရှိလာသည်။ ဆော်ဒီအစိုးရ၏ အဓိကမဟာမိတ်ဖြစ်သော အမေရိကန် ပြည်ထောင်စုအနေဖြင့်လည်း အဆိုပါရာဇဝတ်မှုနှင့် ပတ်သက်ပြီး ဆော်ဒီအစိုးရအပေါ် ပိတ်ဆို့အရေးယူမှုများပြုလုပ်ပေးရန် ဖိအားပေးတောင်းဆိုမှုများ ကြုံလာသည်။ အောက်တိုဘာ ၁၃ ရက်တွင်မူ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အကယ်၍သာ ကာရှော့ဂီကို ဆော်ဒီအစိုးရက လုပ်ကြံသတ်ဖြတ်ခဲ့ရိုးမှန်ပါက အလွန်ပြင်းထန်သည့် အရေးယူမှုမျိုးဖြင့် ကိုင်တွယ်တုံ့ပြန်မည်ဟု ပြောကြားခဲ့သည်။ ထို့အပြင် ကာရှော့ဂီသည် အမှန်တကယ် အသတ်ခံခဲ့ရသည်ဆိုပါက အမေရိကန်အနေဖြင့် အလွန်စိတ်ဆိုးဒေါသထွက်ရလိမ့်မည်ဟုလည်း ထရန့်က ဆိုသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံကြီး အများအပြားကလည်း အလားတူသဘောထားမျိုး ပြောကြားထားကြသည်။ လက်ရှိအချိန်ထိ ဆော်ဒီအစိုးရသည် ရည်ရွယ်ချက်ရှိရှိ လူသတ်မှုကျူးလွန်ခဲ့ကြောင်း တရားဝင်လက်ဆုပ်လက်ကိုင် မပြနိုင်သေးသော်လည်း အကယ်၍သာ စွပ်စွဲချက်များ မှန်ကန်ခဲ့မည်ဆိုပါက မဟာမိတ်နိုင်ငံများနှင့်ပါ ပဋိပက္ခများ ကြုံလာဖွယ်ရှိနေသည်။

အောက်တိုဘာ ၁၄ ရက်ကမူ ဆော်ဒီဘုရင် ဆယ်လ်မန်က တူရကီသမ္မတ ရာဂျစ်တေရစ်အာဒိုဂန်ထံ ဖုန်းဆက်ပြီး ကာရှော့ဂီ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ဆွေးနွေးခဲ့သည်။ ထိုကိစ္စကို ကိုင်တွယ်ရန် နှစ်နိုင်ငံပူးပေါင်း၍ ပညာရှင်အဖွဲ့တစ်ခု ဖွဲ့စည်းမည့်သဘောမျိုးလည်း သတင်းများ ထွက်ပေါ်နေသည်။ ကနဦးစစ်ဆေးမှုနှင့် နီးစပ်သူများကမူ တူရကီအာဏာပိုင်များအနေဖြင့် ဆော်ဒီကောင်စစ်ဝန်ရုံးထဲတွင် ကာရှော့ဂီ သတ်ဖြတ်ခံရကြောင်း ဓာတ်ပုံနှင့် အသံအထောက်အထားများ ရရှိထားပြီဟု ပြောကြားထားသည်။ ထို့အပြင် ကောင်စစ်ဝန်ရုံးထဲ၌ ရန်းရင်းဆန်ခတ်အခြေအနေများ ပေါ်ပေါက်ခဲ့သည့် အထောက်အထားများသည်လည်း အနောက်နိုင်ငံတစ်ခု၏ ထောက်လှမ်းရေးဌာနသို့ ရောက်ရှိနေပြီဟု ဆိုသည်။

ဆော်ဒီအပေါ် အရေးယူပိတ်ဆို့မှုများ မြင့်တက်လာပြီး ထရန့်ကိုယ်တိုင်၏ သဘောထားမှတ်ချက် ထွက်ပေါ်လာသည့်နောက် ဆော်ဒီအစိုးရကလည်း တင်းမာသည့် သဘောထားမျိုးဖြင့် တုံ့ပြန်ခဲ့သည်။ အကယ်၍ အခြားသော ကမ္ဘာ့နိုင်ငံများက ဆော်ဒီအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများ၊ နိုင်ငံရေးအရ ဖိအားပေးမှုများ ပြုလုပ်လာပါက ဆော်ဒီအနေဖြင့်လည်း ပြင်းပြင်းထန်ထန် လက်တုံ့ပြန်မည်ဟု အစိုးရပိုင် SPA သတင်းဌာနက ဖော်ပြခဲ့သည်။ "ဆော်ဒီအစိုးရအပေါ် ဆန့်ကျင်ဘက်ဆန်တဲ့ ဘယ်လိုကိစ္စကိုမဆို ဘုရင့်နိုင်ငံအနေနဲ့ ပိုပြင်းထန်တဲ့ ပုံစံနဲ့ ကိုင်တွယ်တုံ့ပြန်သွားမှာ ဖြစ်ပါတယ်"ဟု SPA က ဆိုသည်။

ထို့အပြင် အမေရိကန်အနေဖြင့် ဆော်ဒီကို စီးပွားရေးအရ ပိတ်ဆို့ပါကလည်း ကိုယ့်သေတွင်းကိုယ်တူးသည့်သဘောမျိုး ဖြစ်သွားနိုင်ကြောင်း အဆိုပါ သတင်းဌာနက သတိပေးထားသည်။ ဆော်ဒီကို စီးပွားရေး ပိတ်ဆို့လိုက်ပါက အမေရိကန်၏ ရေနံရပေါက်ရလမ်း ပိတ်ဆို့သွားပြီး ရေနံတစ်စည်လျှင် ဒေါ်လာ ၂၀၀ မျှထိ ဈေးတက်သွားလိမ့်မည်ဟု SPA က ခြိမ်းခြောက်မှုဆန်ဆန် သတိပေး ရေးသားထားခဲ့သည်။ တစ်ဖက်တွင် ကာရှော့ဂီ ပျောက်ဆုံးမှုကို ရေလည်အောင်မဖြေရှင်းနိုင်ပါက ဆော်ဒီအစိုးရကို သပိတ်မှောက်ပြီး ယခုလကုန်ပိုင်းတွင် ဆော်ဒီ၌ ကျင်းပမည့် ရင်းနှီးမြှုပ်နှံမှု ညီလာခံသို့ တက်ရောက်မည် မဟုတ်ကြောင်း သဘောထား ထုတ်ဖော်သည့် ကုမ္ပဏီများ၊ စီးပွားရေး လုပ်ငန်းများလည်း တဖြည်းဖြည်း များပြားလာသည်။

မပြေးသော်လည်း ကန်ရာရှိဆိုသည့် စကားအတိုင်း ဆော်ဒီအစိုးရအနေဖြင့် မည်မျှ ငြင်းဆိုနေသည့်တိုင် ကာရှော့ဂီသည် ကောင်စစ်ဝန်ရုံးထဲမှ ဘေးရန်ကင်းရှင်းစွာ ထွက်ခွာသွားကြောင်း ခိုင်မာသည့် သက်သေမပြနိုင်သေးသ၍ စွပ်စွဲချက်များက တစ်ရစ်ချင်း တိုးလာသည်နှင့်သာ ကြုံရမည်ဖြစ်သည်။ လက်ရှိတွင် အခြေအနေ အရပ်ရပ်နှင့် အထောက်အထားများကလည်း ကာရှော့ဂီမှာ ကောင်စစ်ဝန်ရုံးထဲတွင် လုပ်ကြံခံလိုက်ရသည်ဆိုသော အယူအဆကို ပို၍ပို၍ အားကောင်းလာအောင် တွန်းအားပေးနေသည်။ နိုင်ငံတကာ ဖိအားများကျရောက်လာသည့်အခြေအနေ၌ ဆော်ဒီ၏ တုံ့ပြန်မှုကလည်း တင်းမာပြီး စံလွဲမှုအချို့ရှိနေပြန်သည်။

ဆော်ဒီအစိုးရသည်အတိုက်အခံ မီဒီယာသမားတစ်ဦးဖြစ်သည့် ကာရှော့ဂီကို မုန်းတီးနေမည်ဆိုခြင်းမှာ သံသယရှိစရာမလိုချေ။ ထိုမုန်းတီးမှုကို အခြေခံပြီး လွန်ကဲသော လုပ်ရပ်တစ်ခုကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိကိုမူ ကာယကံရှင်များသာ သိနိုင်ပေမည်။ ယင်း၏ နောက်ဆက်တွဲ အကျိုးဆက်ကိုမူ ဆော်ဒီအစိုးရအနေဖြင့် တန်ဖိုးကြီးကြီးပေး၍ ဖြေရှင်းရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ရေနံအထွက်အကြွယ်ဝဆုံး နိုင်ငံတစ်ခုဖြစ်သည့် ဆော်ဒီကိုသာ နိုင်ငံတကာက ပိတ်ဆို့မှုများ အမှန်တကယ် သတ်မှတ်ခဲ့မည်ဆိုပါက ကမ္ဘာ့စီးပွားရေး အဆောက်အအုံတစ်ခုလုံးကို ကမောက်ကမဖြစ်သွားစေမည့် ခြိမ်းခြောက်မှုမျိုး အမှန်တကယ်ရှိနေသည်။ အကယ်၍ ကာရှော့ဂီကို ဆော်ဒီအစိုးရက လုပ်ကြံခဲ့ကြောင်း အထောက်အထား ခိုင်မာစွာ တွေ့ရှိခဲ့ချိန်၌ လိုအပ်သော အရေးယူမှုမျိုး မပြုလုပ်ခဲ့လျှင်လည်း လူ့အခွင့်အရေး၊ လူသားစံနှုန်းများအရ လက်ခံနိုင်စရာ မရှိပြန်ချေ။ ဂျာနယ်လစ်တစ်ဦး၏ ပျောက်ဆုံးမှုမှ စတင်သော ဂယက်သည် နိုင်ငံတကာ အကျပ်အတည်းတစ်ခုထံ ဦးတည်လာမည့်သဘောမျိုးဖြစ်နေသည်။ လက်ရှိ အခြေအနေမျိုးတွင် ဖြစ်နိုင်ခြေ နည်းလွန်းနေသော်လည်း ကာရှော့ဂီကို မသေမပျောက်ဘဲ ပြန်လည်ရှာတွေ့သော သတင်းမျိုးကိုသာ အားလုံးက လိုလားမျှော်လင့်ချင်ကြမည်ဖြစ်သည်။




*ဆော်ဒီကောင်စစ်ဝန်ရုံးရှေ့တွင် ဆန္ဒဖော်ထုတ်နေသော ယီမင်ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် တဝက်ကောလ်ကာမန်က မီဒီယာအား စကားပြောနေစဉ်* REUTERS

—*Ref: CNN, Al Jazeera*

www.free4readers.com

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.32 · OCTOBER 17 , 2018

# စွမ်းအင်ဈေးနှုန်းကြီးမြင့်မှု စီးပွားရေးထိခိုက်ဟု နိုင်ငံတကာ စွမ်းအင်အေဂျင်စီပြောကြား

**ပါရီ၊ အောက်တိုဘာ- ၁၃**
ရေနံ၊ ဓာတ်ငွေ့နှင့် ကျောက်မီးသွေးဈေးများ နှစ်ပေါင်းများစွာအတွင်း အမြင့်ဆုံးရောက်နေခြင်း အပါအဝင် ဈေးနှုန်းကြီးမြင့်သော စွမ်းအင်သည် ကမ္ဘာတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်သည်ဟု နိုင်ငံတကာ စွမ်းအင်အေဂျင်စီ (IEA) အဖွဲ့က ပြောသည်။

အထူးသဖြင့် ငွေတန်ဖိုးကျဆင်းမှုများလည်း မြင်နေရသော ထွန်းသစ စျေးကွက်များတွင် ထိခိုက်သည်ဟု IEA က ပြောသည်။

ရေနံစိမ်းထုတ်လုပ်မှုနှင့် ရေနံစိမ်းလိုအပ်ချက် နှစ်ရပ်စလုံး တစ်ရက်လျှင် စည်ပေါင်း သန်း ၁၀၀ ခန့်ရှိကာ အမြင့်ဆုံးအနေအထားရောက်ရှိနေခြင်းနှင့် အရန်ရေနံပမာဏက လိုအပ်ချက်၏ ၂ ရာခိုင်နှုန်းအထိ လျော့ကျနေ၍ IEA အဖွဲ့က အထူးသဖြင့် စိုးရိမ်ပူပန်နေသည်။

ထိုသို့ ထုတ်လုပ်မှုနှင့် လိုအပ်ချက် တစ်တန်းတည်းနီးပါးဖြစ်နေသော အခြေအနေသည် အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်ရှိနေမည်ဖြစ်ကာ ဈေးနှုန်းများလည်း ဆက်လက်မြင့်မားနေမည်ဟု IEA က ပြောကြားပြီး ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ရိုက်ခတ်မှုရှိလင့်ကစား ထိုအခြေအနေရှိနေမည်ဟု ပြောကြားသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံအများအပြားအတွက် ရေနံဈေးနှုန်း မြင့်မားမှုသည် ၎င်းတို့၏ နိုင်ငံသုံးငွေများ (အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင်) တန်ဖိုးကျဆင်းမှုများ တိုက်ဆိုင်နေသောကြောင့် စီးပွားရေး ထိခိုက်မှုပိုဆိုးသည်ဟု IEA က ဆက်လက်ဖော်ပြသည်။

ရေနံဈေးနှုန်း မြင့်တက်မှုသည် ဖောက်သည်နိုင်ငံများကို ထိခိုက်နေပြီး ယခုထက် ပိုမိုကျပ်တည်းမှု မကြုံရစေရေး ဈေးကွက်အတွင်းသို့ ရေနံများ ထပ်မံဝင်ရောက်ရန် လိုအပ်သည်ဟုအိန္ဒိယ ရေနံဝန်ကြီး ဒါမန်ဒရာပရာဒန်နှင့် မကြာမီက ဆွေးနွေးမှုတွင် မိမိတို့သဘောတူခဲ့သည်ဟု ပါရီမြို့အခြေစိုက် IEA ၏ အမှုဆောင်ဒါရိုက်တာ ဖာတစ်ဘီရိုလ်က တွစ်တာတွင် ပြောကြားသည်။

ရေနံလိုအပ်ချက်နှင့်ထောက်ပံ့မှုနှစ်ခုစလုံးသည် သမိုင်းဝင်အမြင့်ဆုံး တစ်နေ့လျှင် စည်သန်းပေါင်း ၁၀၀ နားကပ်နေပြီး မကြာမီ ရပ်တန့်သွားမည့် လက္ခဏာမတွေ့ရဟု IEA အဖွဲ့က သုံးသပ်သည်။

—Ref: UPI

# ခင်ပွန်းဖြစ်သူ ဒေါ်နယ်ထရန့်နှင့် မိမိအဆင်ပြေဟု မီလန်နီယာထရန့်ပြောကြား

**ဝါရှင်တန်၊ အောက်တိုဘာ- ၁၃**
အမေရိကန် သမ္မတကတော် မီလန်နီယာထရန့်က ၎င်း၏ အိမ်ထောင်ရေးအခြေအနေနှင့် ပတ်သက်၍ ပြောဆိုမှုများကို ပယ်ချကာ ပိုကောင်းသော အလုပ်ကိစ္စများရှိသောကြောင့် အမျိုးသား၏ အိမ်ထောင်ရေး ပြင်ပကိစ္စများဟုဆိုသော ဖြစ်ရပ်များကို မစိုးရိမ်မိ (သို့မဟုတ်) အလေးမထားဟု ပြောသည်။

အေဘီစီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုတစ်ရပ်တွင် ၎င်း၏ အိမ်ထောင်ရေးနှင့် ပတ်သက်သော မီဒီယာ ဖော်ပြချက်သည် သဘောကျစရာမကောင်းဟု ပြောသည်။

သမ္မတ ဒေါ်နယ်ထရန့်ကို ချစ်ပါသလားဟု မေးမြန်းရာ ၎င်းက "ဟုတ်ကဲ့။ ကျွန်မတို့ အဆင်ပါတယ်"ဟု ပြောသည်။

ထရန့်က အိမ်ထောင်ရေးပြင်ပဇာတ်လမ်းများရှိခဲ့သည်ဆိုခြင်းကို ငြင်းဆိုထားသည်။

အပြာမင်းသမီး စတော်မီဒါနီရယ်နှင့် ပလေးဘွိုင်း မော်ဒယ်ဟောင်း ကာရန်မက်ဒိုဂယ်တို့က ထရန့်နှင့်အတူ အိပ်ခဲ့ဖူးသည်ဟု ပြောဆိုထားသည်။


အီဂျစ်ပိရမစ်များဆီ သွားရောက်လည်ပတ်နေသော မီလန်နီယာထရန့်
CARLO ALLEGRI / REUTERS

မစ္စစ်ထရန့်က ၎င်း၏ အမျိုးသားကို ချစ်ကြောင်းနှင့် ဆက်ဆံရေးအကြောင်း မီဒီယာ၏ ဖော်ပြမှု အမြဲမှန်ကန်ခြင်းမရှိဟု ပြောသည်။

မိမိသည် သမ္မတကတော်တစ်ဦး၊ မိခင်တစ်ဦးဖြစ်ပြီးစဉ်းစားစရာ၊ လုပ်စရာ ပိုကောင်းသော ကိစ္စများစွာရှိကြောင်းနှင့် အဆိုပါကိစ္စများ မစိုးရိမ်သလို အာရုံလည်းမစိုက်ဟု မစ္စစ်ထရန့်က ပြောသည်။

"ဘယ်ဟာမှန်တယ်။ ပြီးတော့ ဘယ်ဟာမှန်တယ်၊ ဘယ်ဟာ မမှန်ဘူးဆိုတာ ကျွန်မသိပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

မစ္စစ်ထရန့်က လိင်ပိုင်းစော်ကားခံရသည်ဟု စွပ်စွဲထားသော အမျိုးသမီးများသည် ခိုင်မာသော အထောက်အထားပြသရမည်ဟု ပြောသည်။

ထို့အပြင် မစ္စစ်ထရန့်က ၎င်းသည် ကမ္ဘာပေါ်တွင် အနိုင်ကျင့်အခံရဆုံးလူဖြစ်ကြောင်း ပြောသည်။

မစ္စစ်ဒိုဂယ်က ၎င်းနှင့် ထရန့်တို့ကြား ၂၀၀၆ အတွင်း စတင်ခဲ့သော ၁၀ လကြာ ဆက်ဆံရေးရှိခဲ့သည်ဟု ပြောသည်။

ထိုစဉ်က ၎င်းသည် မီလာနီယာနှင့် လက်ထပ်ထားသည်။

သို့သော် အမျိုးသမီးနှစ်ဦးစလုံး၏ စွပ်စွဲချက်များကို ထရန့်က ပယ်ချခဲ့သည်။

—Ref: BBC

# အမေရိကန်-တရုတ် ကုန်သွယ်ရေးအငြင်းပွားမှုက ကမ္ဘာ့စီးပွားရေးကို မခြိမ်းခြောက်ဟုဆို

**ဘာလီ၊ အောက်တိုဘာ- ၁၃**
အမေရိကန်နှင့် တရုတ်နိုင်ငံကြား ကုန်သွယ်ရေးစစ်ပွဲသည် ကမ္ဘာ့စီးပွားရေးအပေါ် အန္တရာယ်ကျရောက်စေသည်ဆိုသော သတိပေးချက်များကို အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စတီဗင်နူချင်က ပယ်ချခဲ့ပြီး တရုတ်နိုင်ငံ ပိုမိုပွင့်လင်းလာရေး လုပ်ဆောင်ခြင်းသည် အားလုံးအတွက် ကောင်းမွန်သည်ဟု ပြောသည်။

အမေရိကန်-တရုတ် ကုန်သွယ်ရေး ထိပ်တိုက်တွေ့မှုသည် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးစေနိုင်သည်ဟု အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ပြုလုပ်သော နှစ်စဉ်အစည်းအဝေး၌ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က သတိပေးသည်။

၂၀၁၈ နှင့် ၂၀၁၉ နှစ် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှု ဟောကိန်းကို IMF က လျှော့ချခဲ့သည်။

သို့သော် ပိုမို၍ တရားမျှတသော ကုန်သွယ်ရေး အလေ့အကျင့်များ ကျင့်သုံးလာစေရေး တရုတ်နိုင်ငံကို တွန်းအားပေးရန် အခွန်အကောက်များဖြင့် ဒဏ်ခတ်ရေး ထရန့်၏ တွန်းအားပေးမှုသည်အပြုသဘောဆောင်သည့် အကျိုးကျေးဇူးရှိလာမည်ဟု နူချင်က ဘာလီမြို့၌ သတင်းထောက်များအား ပြောကြားသည်။

"တရုတ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ရည်မှန်းချက်က အရမ်းရှင်းပါတယ်။ ပိုပြီးမျှတတဲ့ ကုန်သွယ်ရေးဆက်ဆံမှုရှိဖို့ပါ။ ဒီလိုလုပ်ဆောင်လို့ အောင်မြင်တယ်ဆိုရင် အမေရိကန်တွေ၊ အမေရိကန်ကုမ္ပဏီတွေ၊ ဥရောပသားတွေ၊ ဂျပန် စတဲ့ ကျွန်တော်တို့ မဟာမိတ်တွေအားလုံးအတွက် ကောင်းသလို တရုတ်နိုင်ငံအတွက်လည်း ကောင်းပါတယ်" ဟု နူချင်က ပြောသည်။

တစ်ဖက်တွင်လည်း IMF ၏ သတိပေးချက်များသည် တရုတ်နိုင်ငံအတွက် ယင်းကိစ္စများကို မိမိတို့နှင့် လာရောက်ရှင်းလင်းရေး အကြောင်းအချက်တစ်ခုဖြစ်မည်ဟု နူချင်က ပြောသည်။

ကမ္ဘာ့အကြီးဆုံး စီးပွားရေးနှစ်နိုင်ငံကြား တိုက်ပွဲကြောင့် လူတိုင်းဒုက္ခခံစားရမည်ဟု IMF က သတိပေးပြောကြားသည်။

—Ref: AFP

# ကာကွယ်ဆေး မထိုးနှံသော အမေရိကန် ကလေးငယ်ဦးရေ တိုးပွားလာ

**ဝါရှင်တန်၊ အောက်တိုဘာ- ၁၃**
အမေရိကန်နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံမှုမရှိသည့် အသက် (၂) နှစ်အောက် ကလေးဦးရေ နည်းသော်လည်း တိုးပွားလာကြောင်း ရောဂါဘယများ ထိန်းချုပ်ရေးဆိုင်ရာ အမေရိကန်စင်တာ (CDC) က ပြောသည်။

၂၀၁၇ က ကောက်ခံသည့် ကာကွယ်ဆေးထိုးနှံမှု စစ်တမ်းတစ်ခု အစီရင်ခံစာတွင် ၂၀၁၅ ၌ မွေးဖွားသော ကလေး ၁ ဒသမ ၃ ရာခိုင်နှုန်းသည် ထောက်ခံချက်ပေးထားသည့် ကာကွယ်ဆေးများ ထိုးနှံခြင်းမရှိကြောင်း ပြသနေသည်။

ယင်းပမာဏသည် ၁၉ လမှ ၃၅ လကြားအရွယ်ရှိ ကလေးငယ်များ ကာကွယ်ဆေးထိုးနှံမှု လုံးဝမရှိသည့် ၂၀၁၁ က သုည ဒသမ ၉ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် သိသာစွာ မြင့်တက်လာသည်။

၂၀၀၁ က ကာကွယ်ဆေး မထိုးသော ကလေးဦးရေ သုည ဒသမ ၃ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

ကျန်းမာရေးအာမခံအလွယ်တကူလက်လှမ်းမီမှုနှင့် ကလေးငယ်များ နေထိုင်ရာနေရာက ကာကွယ်ဆေးထိုးနှံရေးလိုက်နာမှုတွင် ကဏ္ဍတစ်ခုမှ ပါဝင်ခဲ့ကြောင်း CDC က ပြောသည်။

ကျန်းမာရေး အာမခံမထားရှိသော ကလေးများ၊ အစိုးရ ကျန်းမာရေး အာမခံထားရှိသော ကလေးများနှင့် ကျေးလက်နေ ကလေးငယ်များသည် မြို့ကြီး (သို့မဟုတ်) ယင်းအနီး နေထိုင်ပြီး ပုဂ္ဂလိကကျန်းမာရေးအာမခံထားရှိသော ကလေးများနှင့် နှိုင်းယှဉ်လျှင် ကာကွယ်ဆေးထိုးနှံနိုင်ခြေ ပိုမိုနည်းပါးကြောင်း ယင်းအစီရင်ခံစာက ဖော်ပြသည်။

ဆေးဖိုး မတတ်နိုင်သည့် မိသားစုများအတွက် ကာကွယ်ဆေး အခမဲ့ပေးသည့် 'ကလေးများအတွက် ကာကွယ်ဆေး' ဖက်ဒရယ်ရန်ပုံငွေ အစီအစဉ်ရှိသော်လည်း ကာကွယ်ဆေးထိုးနှံမှုမရှိသည့် ကွာဟချက် တိုးပွားလာသည်။

ကာကွယ်ဆေးမထိုးသည့် ကလေးဦးရေ နည်းပါးနေသော်လည်း တဖြည်းဖြည်းပုံမှန်တိုးပွားနေသည်။

—Ref: UPI

www.free4readers.com

DAY NEWS
Vol.17, No.32 · October 17 , 2018




ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်းဝင်သွားသော ဂျာနယ်လစ် ကာရှော့ဂီကို လုံခြုံရေးကင်မရာမှတစ်ဆင့် နောက်ဆုံးမြင်ရစဉ် VIA REUTERS

# ဂျာနယ်လစ်တစ်ဦး ပျောက်ဆုံးခြင်းနှင့် ဆော်ဒီအာရေးဗီးယား ရင်ဆိုင်နေရသည့် နိုင်ငံတကာ ဖိအားများ

ဇွဲရဲဝင့်

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဆော်ဒီအာရေးဗီးယား ကောင်စစ်ဝန်ရုံးသို့ အနက်ရောင် ကုတ်အင်္ကျီနှင့် လူတစ်ဦး ဝင်ရောက်ခဲ့သည်။ ယင်းသည် ဆော်ဒီအစိုးရကို ဆန့်ကျင်ရပ်တည်သည့် ဂျာနယ်လစ်တစ်ဦးဖြစ်သော ကာရှော့ဂီကို လုံခြုံရေး ကင်မရာမှတ်တမ်းများတွင် နောက်ဆုံးအကြိမ် သက်ရှိထင်ရှားမြင်လိုက်ရသော ပုံရိပ်လည်းဖြစ်သည်။ အောက်တိုဘာ ၂ ရက်ကတည်းက ကာရှော့ဂီကို မည်သူမျှ ထပ်မံရှာမတွေ့တော့ချေ။

ယခုတော့ ကာရှော့ဂီ ပျောက်ဆုံးမှုသည် တစ်ကမ္ဘာလုံး အာရုံစိုက် စောင့်ကြည့်နေသည့် ကိစ္စတစ်ခုအဖြစ် မီးခိုးကြွက်လျှောက် ကျယ်ပြန့်လာသည်။ ထို့အပြင် ဆော်ဒီအစိုးရနှင့် မဟာမိတ် အမေရိကန်အပါအဝင် နိုင်ငံတကာအသိုက်အဝန်းကြား ဆက်ဆံရေး ပြိုကွဲစေမည့် မီးပွားတစ်စသဖွယ်လည်းတောက်လောင်လာသည်။ ကာရှော့ဂီကို ဆော်ဒီအစိုးရက လက်စတုံးသုတ်သင်လိုက်သည်ဆိုသောစွပ်စွဲချက်များ ကျယ်ပြန့်လာပြီး ယင်းလုပ်ရပ်အတွက် ဆော်ဒီအပေါ် အရေးယူပိတ်ဆို့ပေးရန် နိုင်ငံတကာ တောင်းဆိုမှု၊ ဆန္ဒပြမှုများလည်း တရိပ်ရိပ် မြင့်တက်လာခဲ့သည်။

အသက် (၆၀)အရွယ် ကာရှော့ဂီသည် ဆော်ဒီတွင်သာမက ဘဲ အရှေ့အလယ်ပိုင်း ဒေသတစ်ခုလုံးတွင် လူသိများသည့် မီဒီယာသမားတစ်ဦးဖြစ်သည်။ ၎င်းသည် ဆော်ဒီဘုရင် ဆယ်လ်မန်နှင့် အိမ်ရှေ့မင်းသား မိုဟာမက်ဘင် ဆယ်လ်မန်တို့ကို ကလောင်သွား ထက်ထက်၊ လက်သံပြောင်ပြောင် ဝေဖန်လေ့ရှိခြင်းကြောင့် ဆော်ဒီ အစိုးရ၏ အတေးအမှတ်ထားခြင်းကို ခံခဲ့ရသည်။ ၎င်းသည် ယီမင်ပြည်တွင်းစစ်တွင် ဆော်ဒီ၏ ပါဝင်စွက်ဖက်မှုကိုလည်း ဝေဖန်ရေးသားခဲ့သူ ဖြစ်သည်။ ဆော်ဒီ အာဏာပိုင်များထံမှ ဖိအားများ ပိုမိုကြီးထွားလာသည့်နောက်ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင်မူ ၎င်းသည် ပြည်တွင်းမှ ထွက်ခွာလာခဲ့သည်။

အောက်တိုဘာ ၂ရက်တွင်မူ ကာရှော့ဂီသည် တူရကီနိုင်ငံသူ အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ရန်အတွက် လိုအပ်သော စာရွက်စာတမ်းကိစ္စများ ဖြေရှင်းရန် အစ္စတန်ဘူလ်ရှိ ဆော်ဒီကောင်စစ်ဝန်ရုံးသို့သွားရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းပျောက်ဆုံးနေကြောင်း တိုင်ကြားမှုကြောင့် တူရကီရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခဲ့သော်လည်း အဖြေရှာမရခဲ့ချေ။ အမည်မဖော်ပြသည့် အစ္စတန်ဘူလ်ရဲတပ်ဖွဲ့ အမှုထမ်းတစ်ဦးကမူ ကာရှော့ဂီသည် ကောင်စစ်ဝန်ရုံးထဲတွင်ပင် ဆော်ဒီလက်မရွံ့များ၏သုတ်သင်ပြီးအလောင်းဖျောက်ဖျက်ခြင်းကို ခံခဲ့ရခြင်းဖြစ်နိုင်ကြောင်း မှတ်ချက်ပေးခဲ့သည်။ ဆော်ဒီအစိုးရက ယင်းစွပ်စွဲချက်များကို ခါးခါးသီးသီးငြင်းဆန်ထားပြီးကာရှော့ဂီသည် ထိုနေ့က ကောင်စစ်ဝန်ရုံးမှ ပြန်ထွက်သွားခဲ့ကြောင်း ကြေညာခဲ့သည်။ သို့သော် လုံခြုံရေး ကင်မရာမှတ်တမ်းများတွင် ကောင်စစ်ဝန်ရုံးထဲ ကာရှော့ဂီ ဝင်သွားသည်ကိုသာ တွေ့ရပြီး ပြန်ထွက်လာသည့် အထောက်အထား လုံးဝမမြင်ရချေ။

လုံခြုံရေးကင်မရာမှတ်တမ်းများက ကာရှော့ဂီ ကောင်စစ်ဝန်ရုံးထဲ ဝင်သွားပြီး မကြာမီ အနက်ရောင် ဗင်ကားကြီးတစ်စီး မောင်းထွက်သွားပြီး ကောင်စစ်ဝန်နေအိမ်ထဲ ဝင်သွားကြောင်း ဖော်ပြနေသည်။

စာမျက်နှာ ၅၀ »




၂၀၁၈ စက်တင်ဘာလက လန်ဒန်မြို့တွင်ပြုလုပ်သော အခမ်းအနားတစ်ခု စကားပြောကြားနေသော ကာရှော့ဂီ MIDDLE EAST MONITOR/FILE/ REUTERS